# သုမ

KKTT

## ဂျာနယ်ကျော်မမလေး



Scanned by CamScanner

စာရေးဆရာတစ်ယောက်၏ စာပေမှတ်တိုင် ထူထောင်ရာ အမှတ်အသားတွင် 'သူမ' ဝတ္ထုသည် ဂျပန်ခေတ်၌ ရေးသားထုတ်ဝေခဲ့သော ဂျာနယ်ကျော်မမလေး၏ ပထမလက်ရာ အမှတ်အသား ဖြစ်ခဲ့သည်။ ဂျပန်ခေတ်၌ ဤဝတ္ထုကို စာပေမွေ့သူတိုင်း စွဲလမ်းနှစ်ခြိုက်ကာ လှိုင်းဂယက်ထကြွခဲ့သည်။ အမျိုးသမီးများ အိမ်ထောင့်တာဝန်နိုင်နင်းစေရန်၊ မိန်းမဟူ၍ စိတ်အားမငယ်တတ်ရန်၊ ကိုယ်အစွမ်းအစကို ပြရန် လမ်းညွှန်ထားသည်။ အမျိုးသားများသာမဟုတ်၊ အမျိုးသမီးများသည်လည်း သူ့နည်းနှင့်သူ အကျပ်အတည်း တစ်ခုကို ကြုံတွေ့ရရ ကျကျနနကြီး ကျော်နင်းကာ ဂုဏ်ဆည်နိုင်ခဲ့ပုံကို တင်ပြထားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

## ဂျာနယ်ကျော် ဦးချစ်မောင်၏ အမှာ

**အထူးမှာကြားချက်**။ ။ဝတ္ထုကောင်းတစ်ခုကို စိတ်အနှောင့်အယှက်မရှိဘဲ အေးအေးဖြောင့်ဖြောင့် ဖတ်လိုသူများသည် ဤနိဒါန်းကို ကျော်၍သွားနိုင်သည်။ ထမင်းစားပြီးစ ဘယ်လမ်းကိုမဆို ဘယ်လို ယာဉ်ကြမ်းမျိုးဖြင့်ပင် သွားရ သွားရ မတုန်မလှုပ်ဘဲ သွားနိုင်သည့် အဆောင့်ခံနိုင်ရည်ရှိသူများသာ ဤနိဒါန်းကို ပထမ ဖတ်ပြီးမှ ဝတ္ထုကို ဖတ်သင့်ပေသည်။

**ရွှေလင်းယုန်**

ယောက်ျားများသည် အကျပ်အတည်းကျလျှင် ကျားကျားလျားလျားမားမားမတ်မတ် ထ၍ ဆောင်ရွက်တတ်လျက် မိန်းမတို့မှာ အကျပ်အတည်းကျလျှင် ငိုဖို့သာ တတ်သည်ဟူ၍ လူအများစိတ်ဝယ် ထင်မှတ်နေကြလေသည်။ စင်စစ်သော်ကား ထိုသို့ မှတ်ထင်ယူဆသူများသည် သဘောတရားအစစ်အမှန်ကို နားမလည်သောကြောင့်သာ ထိုကဲ့သို့ မှတ်ထင်ယူဆကြခြင်း ဖြစ်လေသည်။ သဘောတရားအစစ်အမှန်ကိုတကယ်နားလည်သောအခါမိန်းမသည် ယောက်ျားထက် အဆပေါင်းများစွာ သန်မာ ဖွဲ့ကောင်း၍ ယောက်ျား ဖြစ်သူမှာ ၄င်းထက် သန်မာဖွဲ့ကောင်းသည့် မိန်းမဆိုသော အဖော်အလျော် မရှိလျှင် လူ့လောက၌ လူလို မနေဘဲ တိရစ္ဆာန်လို နေသူနေ၍ တောတောင်များ အကြားတွင် ရသေ့ရဟန်းလို နေသူတို့မှာ နေကုန်ကြမည်ကား အမှန်မုချပင် ဖြစ်လေသည်။ ထို့ပြင် လောကကြီး တစ်ခုလုံးပင် မြန်မြန်ဆိတ်သုဉ်းဖို့ ရှိနေလေသည်။

ယောက်ျားများသည် ကိုယ်လုံး ကိုယ်ထည်အားဖြင့် မိန်းမထက် သန်မာထွားကျိုင်းသောကြောင့်သာ မိန်းမများ၏ ရှေ့က ဟန်တစ်လုံးပန်တစ်လုံး လုပ်ကာ မားမားမတ်မတ် ရပ်လာခဲ့ခြင်း၊ ရပ်နေသေးခြင်း ဖြစ်လေသည်။

မိန်းမများမှာ ယောက်ျားများထက် ကိုယ်လုံးကိုယ်ထည်သေး၍ သွားလေရာ၌ ယောက်ျားများ၏ နောက်လိုက်ခြင်းဖြင့် မိမိထက် သန်မာထွားကျိုင်းသူကိုအသိအမှတ်ပြုကာအညံ့ခံသော်လည်း စိတ်ဓာတ်အရာတွင် ယောက်ျားကို မိမိထက် သန်မာထွားကျိုင်းသူဟု မထင်မှတ်ဘဲထားရကား တကယ့် အကျဉ်းအကျပ်၌ မိမိသာ တကယ် အနိုင်ရသူဖြစ်သည် ဟူသော အသိတရားသည် ယောက်ျားတို့၏ နောက်က လိုက်နေရသည့် ဗဟိဒ္ဓသဏ္ဍာန် ပုံပန်းကို သည်းခံအောင့်အည်းစေလေသည်။ ထိုအသိတရားသာ ခံမနေက မိန်းမများသည် တကယ်ရော ဟန်လုပ်ရောတွင်ပါ ယောက်ျားများ၏ ရှေ့က နေကြမည်သာ ဖြစ်လေသည်။

ဒိုင်နမိုတစ်လုံးသည် မြင်းအကောင် တစ်ကောင်၊ နှစ်ကောင်မှ စ၍ အကောင်အရာအထောင် အားအထိနှင့် ညီမျှလေသည်။ အရီးတော်ဆရာ မဟာထေရ်ဂကျော် ကန်တော်မင်ကျောင်းသည် မိန်းမတစ်ယောက်၏ အားကို ယောက်ျားတစ်သိန်း၏အားနှင့်အညီ ညှိ၍ သွားလေသည်။

‘တစ်သိန်းအားနှင့် ယူသော် မရ၊ တစ်ယောက်အားနှင့် ယူသော် ရ၏’ဟု ဆိုသော စကားသည် ယောက်ျားတစ်သိန်းနှင့် မိန်းမတစ်ယောက်၏ အားကို ညှိ၍ ပြသည် မဟုတ်ဟူ၍ ယောက်ျားပညာရှိတို့က ကိုယ်လိုရာ ဆွဲယူ ငြင်းဆိုကြမည့်အရေးကို မဟာထေရ်ကျော် ကန်တော်မင်ကျောင်းသည် ကောင်းကောင်းကြီး ကြိုတင်သိမြင်ထားသည့်အလား ထိုစာပိုဒ်နှင့် တစ်ဆက်တည်းပင် ရေးသားသွားတော်မူသည်ကား ‘ယောက်ျားကိုစေသော် မပြီးနိုင်၊ မိန်းမကိုစေသော် မခံနိုင်’ဟူ၍ ဖြစ်လေရာ ထိုစာပိုဒ်များ၌ ပြထားသော မိန်းမ၏ အင်အားကို မည်သည့် ဉာဏ်ကျယ်သော ယောက်ျားများ အတင်း လုမယူနိုင်ပြီ။

မဟာသုတကာရီတွင် ‘ဣတ္ထိရူပ၊ သဒ္ဒစသား၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာအပုံ၊ ဤအာရုံကား၊ မွေးထုံမောဟ၊ ဤလောကန္တိက်၊ ရာဂမကင်း၊ ကိုယ်တွင်းမဆိတ်၊ ယောက်ျားစိတ်ကို၊ မပိတ်ဆို့နိုင်၊ ယိမ်းယိုင်ကိုယ်လုံး၊ ကျုံး၍ပစ်သို့၊ ပြစ်ပြစ်ကုန်စင်၊ မွှေမမြင်အောင်၊ ဆင်ခြင်ဉာဏ်ကင်း၊ မကြွင်းစေကြောင်း၊ စိတ်ကောင်းဟူသမျှ၊ ပြုန်းပြုန်းကျ၏’ဟူ၍ လည်းကောင်း။

‘အက္ခဏာဝေဒီ၊ တတ်ခေါင်ထိသား၊ လေးကြီးအရာ၊ လိမ္မာလေ့ကျက်၊ လျှပ်တစ်ပြက်တွင်၊ အဆက်အဆက်၊ ခုနစ်ချက်နှင့်၊ ရှစ်ချက်လျင်လျား၊ ပစ်နိုင်အားသည့်၊ ယောက်ျားတို့လျက်၊ တစ်ချက်လွှတ်လျှင်း၊ မြားတစ်စင်းသာ၊ နှစ်စင်းပူးပြိုင်၊ မလွှတ်နိုင်ကြ၊ မိန်းမတို့မှာ၊ ရူပါသဒ္ဒ၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ကိလေသာရုံ၊ ဆိပ်ပုံငါးစင်း၊ တစ်ချက်ချင်းဖြင့်၊ မကင်းရာဂ၊ ပုရိသကို၊ ကျန်ရမဟဲ့၊ ကြွင်းမဲ့မရှောင်၊ ကုန်အောင်တစ်ပြိုင်၊ ရွယ်ဆိုင်ခဏာ၊ ပစ်နိုင်ကြ၏။ ဘာဝကိစ္စ၊ ထိုမိန်းမတို့၊ ကာမဝတ္ထု၊ အစုငါးပုံ၊ လိုမျိုးစုံအောင်၊ အာရုံ ငါးပါး၊ ကျင်းပထားပြီး၊ ယောက်ျားတို့ကို၊ အလိုသွေးဆောင်၊ တွေ့တိုင်းလှောင်၍၊ ရအောင်ဗန်းပြ၊ ရစ်နိုင်ကြတူ’ဟူ၍ လည်းကောင်း မန်လည်ဆရာတော်ဘုရားကြီးသည် မိန်းမနှင့်ယောက်ျား အင်အား မည်သူက တကယ်ကြီးမားသည်၊ မည်သည့်အတွက် ကြီးမားသည်ကို ထုတ်ဖော် ဝန်ခံထားလေသည်။

ယောက်ျားမှာ သတ္တိရှိ၏။ မိန်းမမှာ ဇွဲရှိလေသည်။ သတ္တိမှာ တစ်စုံတစ်ခုကို စ၍ လုပ်ကိုင်ဝံ့သော၊ လုပ်ကိုင်တတ်သော စိတ်ဓာတ်သာ ဖြစ်လေသည်။ ဇွဲမှာ စ၍ လုပ်မိသော အလုပ်နှင့်တကွ ထိုအလုပ်၏ တာဝန်အရပ်ရပ်ကို အဆုံးတိုင် နောက်မဆုတ်ဘဲ ဇွတ်နှစ်၍ ဆက်လက်လုပ်ကိုင် ခံယူနိုင်သော အင်အား ဖြစ်လေသည်။

ယောက်ျားသည် သတ္တိသာရှိ၍ ဇွဲမကောင်း။ မိန်းမမှာ ဇွဲကောင်း၍ သတ္တိမရှိချေ။ ဤကား ယေဘုယျသဘော ဖြစ်လေသည်။ သတ္တိသမားသည် စရုံသာ စ၏၊ မဆုံးချေ၊ ဇွဲသမားသည် စ၍ မလုပ်၊ စပြီးသား အလုပ်ကို အဆုံးအထိ လုပ်လေသည်။

ယောက်ျားသည် မိန်းမယူသောအခါ သတ္တိရှိသောအလုပ်တစ်ခုကို လုပ်လေသည်။ သို့သော် သူ၏ သတ္တိသည် ကလေးမွေးသောအခါ ကလေး၏ ဒဏ်ကို ခံယူနိုင်သည်အထိ အစွမ်း မထက်ချေ။ အိမ်ထောင်ပြုပြီးသည့်အခါ အိမ်တွင်းရှိ အိမ်ထောင်ဝန်အမျိုးမျိုးကို ထမ်းနိုင်သည်အထိ အစွမ်း မရှိချေ။ သို့ဖြစ်၍ ပို၍ လွယ်သော အိမ်ပြင်ထွက်၍ စီးပွားရှာသောအလုပ်ကို လုပ်လေသည်။

မိန်းမများကား ဇွဲကောင်းသူများဖြစ်၍ တည်မိသော အိမ်ထောင်၏ တာဝန်အရပ်ရပ်ကို မရွေးချယ်ဘဲ ရဲဝံ့စွာ နေ့နှင့်အမျှ ထမ်းဆောင်နိုင်ခဲ့လေသည်။ မြို့ကြီးပြကြီးများ၊ နိုင်ငံကြီးများ၊ လူမျိုးများသည် ယောက်ျားများ၏

Scanned by CamScanner

သတ္တိကြောင့် ကြီးကျယ် ထွန်းကားကြသော်လည်း မိန်းမများ၏ဖွဲ့ မပါရှိလျှင် ထိုမြို့ကြီး၊ ပြကြီး၊ နိုင်ငံကြီးနှင့် လူမျိုးငယ်တို့မှာ အရှည်တည်တံ့နိုင်ဖွယ်ရာ မရှိချေ။

ယောက်ျားသည် ရှေ့သွားသူ ဖြစ်၏။ သို့သော် နောက်က ကပ်၍ လိုက်မည့်သူ မရှိလျှင် ရှေ့က သွားနေသော အလုပ်ကို အနေးနှင့်အမြန် ငြီးငွေ့ ကာ စွန့်လွှတ် ပစ်ပယ်လိုက်မည်သာ ဖြစ်လေသည်။

နောက်က ကပ်၍ လိုက်နေသူသည် မိမိထက် ညံ့သူ ဖြစ်သည်၊ မိမိထက် အားနည်းသူ ဖြစ်သည်၊ မိမိကိုသာ မှီခိုနေရသူ ဖြစ်သည် ဟူ၍ ၎င်း၏ စိတ်တွင် ပိုင်ပိုင်ကြီး ယူဆ သဘောပေါက်ပါမှလည်း ထိုယောက်ျားသည် ရှေ့က သွားသောအလုပ်ကို လုပ်မည် ဖြစ်လေသည်။ ရှေ့က သွားသော အလုပ်တွင် သာယာနိုင်မည် ဖြစ်လေသည်။

ထိုနည်းဖြင့် ထွက်ပေါ်ရရှိသည့် သာယာသော စိတ်ကလေးကြောင့်သာ ယောက်ျားတို့၏ ဖွဲ့ဆိုသော စကားမှာ ပေါ်လာရလေသည်။ ဤမျှလောက် စကားဖြင့် ယောက်ျားနှင့် မိန်းမတို့၏ သဘောတရားကို နားလည်သင့်နိုင်ပေပြီ။

ယောက်ျားတို့သည် ကမ္ဘာနှင့်တကွ ကမ္ဘာ့လုပ်ငန်းခွင်ကြီးများကို အုပ်ချုပ်ကြ၏။ ထိုသို့ ကမ္ဘာကို အုပ်ချုပ်သော ယောက်ျားများကို မိန်းမများ က နေအိမ်တွင် တစ်ဖန် အုပ်ချုပ်ကြပြန်လေသည်။

သူတစ်ပါးကို နှိပ်ပေးနေရသူသည် ထိုသို့ နှိပ်ပေးရသည့်အခါတိုင်း တွင် ကိုယ်တိုင် တစ်လှည့် အနှိပ်ခံကြည့်ချင်လေသည်။ ယောက်ျားများသည် ကမ္ဘာ့လူသူရေးရာတို့ကို နေ့စဉ် နှိပ်ပေးနေကြ၏။

သို့ဖြစ်ရာ ၎င်းတို့ကိုယ်တိုင် အလုပ်ခွင်မှ ပြန်၍ အိမ်သို့ ရောက်သောအခါ အနားယူသည့်သဘောနှင့် အနှိပ် ခံချင်ကြလေသည်။

သို့သော် ၎င်းတို့၏စိတ်တွင် မိမိတို့အား နှိပ်ပေးသူများသည် မိမိတို့နှင့် တန်းတူလူများ မဟုတ်၊ မိမိတို့ကို မှီခိုနေရသဖြင့် မိမိတို့အလိုအတိုင်း လုပ်ကိုင်ရသော အစေအပါး အသုံးတော်ခံများသာ ဖြစ်သည် ဟူ၍ ထင်မှတ် ယူဆလိုကြလေသည်။ ဤကား ယောက်ျားတို့၏ စိတ်ကြီးဝင်ခြင်းပင် ဖြစ်လေသည်။

သို့သော် ယောက်ျားတို့က ရှေ့က သွားနေသော လောက၌ မိန်းမတို့မှာလည်း ရှေ့က သွားရန် သတ္တိမရှိသော အချိန်တွင် မိန်းမများနှင့် ပတ်သက်၍ ယောက်ျားများ ပြောရာသည် တင့်တယ်နေလေသည်။

စင်စစ်အားဖြင့် ယောက်ျားသည် မိန်းမနှင့် ကင်း၍ မဖြစ်နိုင်၊ မိန်းမသည် ယောက်ျားနှင့် ကင်း၍ မဖြစ်၊ တစ်ယောက်ကို တစ်ယောက် အထောက်အပံ့ ကျေးဇူး အတုံ့အပြန် ပြုနေကြရသည်။ ထိုကျေးဇူးသည် နှစ်ဦးစလုံးအတွက် ကောင်းသည်ဟု မျှတစွာ ယူတတ်လျှင်၊ မိန်းမသည် ယောက်ျား၏ အကောင်းဆုံးအဖော်ဟု နားလည်လာကြလျှင် တစ်ဦးက တစ်ဦးထက် ဘာဖြစ်သည် ညာဖြစ်သည် ဆိုသော နိုင်ထက်စီးနင်း စကားမျိုး ရပ်စဲသွားကာ အသက်ရှင်နေသည့် အချိန် ကာလအတွင်း ခွန်းကြီး ခွန်းငယ် ပြောရသော စကားစစ် ပြေငြိမ်း၍ အိမ်ထောင်ချမ်းသာမှုကို ရကြလိမ့်မည်။

တိုင်းပြည်တစ်ပြည်သည် အိမ်ထောင်ပေါင်းများစွာ၏ စုဝေးရာပင် ဖြစ်ရာ အိမ်ထောင်ချမ်းသာမှုရလျှင် တိုင်းပြည်ချမ်းသာမှုကို ရနိုင်လေသည်။ လင်မယား ရန်ဖြစ်လျှင် နှစ်ယောက်စလုံးတွင် အစာကြေမည် မဟုတ်၊ ယောက်ျား အစာမကြေလျှင် ဝေဒနာရမည်။ ထိုဝေဒနာသည် ယောက်ျား၏ လုပ်ရိုးလုပ်စဉ် အလုပ်တာဝန်များကို ကောင်းကောင်းလုပ်၍ မရအောင် နှောင့်ယှက်ဖျက်ဆီးလိမ့်မည်။ ယောက်ျား၏တာဝန် ယွင်းပျက်လျှင် တိုင်းပြည်နိုင်ငံရေးရာ၌ ထိခိုက်လိမ့်မည်။ မိန်းမအစာမကြေလျှင် ဝေဒနာရမည်။ ထိုဝေဒနာသည် အိမ်ထောင်နှင့်ပတ်သက်သည့် လုပ်ရိုးလုပ်စဉ် အလုပ်တာဝန်များကို ကောင်းကောင်းလုပ်၍ မရအောင် နှောင့်ယှက်ဖျက်ဆီးလိမ့်မည်။ မိန်းမ၏တာဝန် ယွင်းပျက်လျှင် အိမ်ထောင်၌ ထိခိုက်လိမ့်မည်။ အိမ်ထောင်ထိခိုက်လျှင် တိုင်းပြည်လည်း ထိခိုက်လေသည်။

ကျောင်းလာခါနီး ဆရာကတော်နှင့် အိမ်က စကားများလာ၍ ကျောင်းသားများအား ဖိပြီး မာန်မဲ ကြိမ်းမောင်း ရိုက်နှက်သော ဆရာများကို ကျွန်ုပ်တို့က တစ်ကြိမ်တစ်ခါက ကိုယ်တိုင် မတွေ့ခဲ့ဖူးလျှင် ယုတ်စွအဆုံး တစ်ဆင့်စကား ကြားကောင်း ကြားဖူးခဲ့ကြပေလိမ့်မည်။

နိုင်ငံတော်သစ်တစ်ခု ထူထောင်ရာ၌ မိန်းမနှင့် ယောက်ျား၊ ယောက်ျားနှင့် မိန်းမ ကိုယ်စီ ကိုယ်စီ တာဝန်အရေးကြီးပုံကို နှစ်ဖက်စလုံးက သိမြင်၍ နှစ်ဖက်စလုံးက စိတ်ထားကောင်းကောင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားပါမှ အလိုရှိအပ်တောင့်တအပ်သော နိုင်ငံတော်ကြီးကို မြန်မြန်ကြီး ထူထောင်နိုင်မည့် အပြင် ကြာကြာကြီးလည်း တည်တံ့နေနိုင်မည် ဖြစ်လေသည်။ ယခုအထိ

Scanned by CamScanner

ထိုသို့ သဘောမပေါက်ကြသေး၍ မိန်းမများ၏ အစွမ်းကို ရှုတ်ချသူ၊ အထင်သေးသူ၊ အသုံးမပြုသူ၊ ရန်လုပ်သူတို့ အမြောက်အမြား ပေါ်ထွက်နေကြလေသည်။

ဤကို သဘောပေါက်ရန် မည်သူက တာဝန်ယူမည်နည်း။ မိန်းမကလော၊ ယောကျ်ားကလော။

ယခင်တစ်ခေတ်က နိုင်ငံရေး၊ တိုင်းပြည်ရေးတွင် မိန်းမများ၏ ဝိသေသ ထူးခြား စွမ်းအားများကို မည်သို့ အသုံးချနိုင်သည်ကို 'မမလေး' အမည်ခံ ဆောင်းပါးရှင်သည် ဂျာနယ်ကျော်တွင် မကြာ မကြာ ရေးသားလာခဲ့သည်ကို ကျွန်ုပ် သတိပြုမိပေသည်။ ထိုဆောင်းပါးများသည် အလွန်အရေးကြီးသည့်ဆောင်းပါးများ ဖြစ်သော်လည်း ယောကျ်ားတို့သာ ကမ္ဘာ့အရေးရှင်များ ဖြစ်သည်ဟု ယူဆနေသော မှောင်အတိကျနေသည့် မိုးကောင်းကင်တွင် လျှပ်စစ်ပြက်သကဲ့သို့ တစ်ချက် တစ်ချက်တွင်မှ ဝင်းလက်နိုင်ခဲ့လေသည်။

ယခင် တစ်ခေတ်က အနည်းငယ်သော ခြွင်းချက်မှတစ်ပါး ရုပ်ရှင်များ၊ ဝတ္ထုများ၊ ပွဲများတွင် မိန်းမသည် အရေးအကြောင်း တစ်စုံတစ်ခု ဖြစ်ပေါ်လာပါက ထိုအရေးအကြောင်းမှ လွတ်မြောက်ရန် တစ်စုံတစ်ရာအားမထုတ်ဘဲ ယောကျ်ားကို ဖက်ပြီး ငိုနေသည့် အကြောင်းကိုသာ သရုပ်ပေါ်အောင် ပြခဲ့လေသည်။ယောကျ်ားများ၏ပညာဖြင့်အကြံရကျပ်နေသော အကျပ်အတည်းမျိုးထဲမှ မိန်းမတစ်ယောက်၏ ဖြတ်ထိုးဉာဏ်ဖြင့် ထွက်ပေါက် တွေ့ရှိခဲ့သည့် ဇာတ်လမ်းမျိုးကား ဝေးစွ၊ မိန်းမများ၏ အကျပ်အတည်းကို ယောကျ်ားမပါဘဲ မိန်းမကိုယ်တိုင်က လွတ်မြောက်အောင် ကြံစည်ရုန်းထွက်သည့် ဇာတ်လမ်းမျိုးကိုပင် မဖတ် မကြား မတွေ့မမြင်ခဲ့ရပေ။

သို့ဖြစ်၍ ယခု ဤဝတ္ထုကလေးကို အမှာရေးရန်အတွက် ကျွန်ုပ်ကြိုတင် ဖတ်ရှုခွင့်ရသဖြင့် ဖတ်ရှုကြည့်ရသောအခါ များစွာ လိုအပ်သော ဝတ္ထုမျိုးဖြစ်နေသည်ကို တွေ့ရ၍ ဝမ်းမြောက်မိပေသည်။ ဤဝတ္ထုမျိုးကို ယခုထားရှိနေသော သဘောတရားများအရ မိန်းမတစ်ယောက်သာ ရေးနိုင်ပေမည်။ ယောကျ်ားတစ်ယောက်သာ ရေးရက မိန်းကလေး နှစ်ယောက်ရှိသည့် အနက်တစ်ယောက်ဖြစ်စေ၊ နှစ်ယောက်စလုံးဖြစ်စေ ရန်ကုန်အထိ လိုက်၍ ငိုပြလိုက်ရုံဖြင့် နှစ်ထောင့်ငါးရာ ကိစ္စပြီးသွားပေလိမ့်မည်။

ယခုသော် မိန်းမ တစ်ယောက် ရေးသည့်အတွက် မိန်းကလေးများမှာ အကျပ်အတည်းတစ်ခုမှ လွတ်မြောက်ရန် အကြံမယူရသေး၊ လမ်းမမြင်ရသေးစဉ်သာ ပူပန်မိကြသည်။ ထိုမှ့ဖြင့် မရပ်ဘဲ သာမန်မျှသာ စိတ်ကူးရှိသည့် စာရေးဆရာ တစ်ယောက် စဉ်းစား၍ ရနိုင်မည် မဟုတ်သော နည်းလမ်းဖြင့် အခက်အခဲမှ ဂုဏ်ယူနိုင်လောက်စွာ ကျော်နင်းလာနိုင်ခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ရှိရလေသည်။

ဤဝတ္ထုသည် စာရေးဆရာ မိန်းမ၏ ဉာဏ်စွမ်းသာ မဟုတ်၊ မိန်းမများ၏ ငုပ်နေသော အစွမ်းကိုလည်း ပြလေသည်။ မိန်းမသည်လည်း သူ့နည်းနှင့်သူ အကျပ်အတည်းတစ်ခုကို ဣန္ဒြေရရ ကျကျနနကြီး ကျော်နင်းကာ ဂုဏ်ဆည်နိုင်ခဲ့သည်ကို တွေ့ရပေလိမ့်မည်။ ဤဝတ္ထုပါ စိတ်ဓာတ်မျိုးဖြင့် မိန်းမများသည် တကယ်ဘဝတွင် အစွမ်းအစကို ပြကြမည်ဆိုက နိုင်ငံတော်တည်ထောင်မှု၊ ကမ္ဘာထူထောင်မှု လုပ်ငန်းကြီးများသည် ဦးထမ်း ပဲ့ထမ်းဖြင့် လွန်စွာလွယ်ကူ မြန်ဆန်လာပေလိမ့်မည်။

စာရေးသူက ၎င်း၏ ဝတ္ထုကို 'သက်သက်-သက်သက်'ဟူ၍ ပေးထားသော်လည်း ထုတ်ဝေသူများက ဤဝတ္ထုကို 'သူ(မ)'ဟူ၍ အမည်တပ်ချင်ကြလေသည်။ ကျွန်ုပ်ရေးသော 'သူ' ဝတ္ထုသည် ယောကျ်ားများ စိတ်ဓာတ်မွန်မြတ်ဖို့ အထူးသွန်သင်သော ဝတ္ထုတစ်ခုဖြစ်၍ ဤဝတ္ထုမှာလည်း မိန်းမများ စိတ်အား မယုတ်လျော့ဖို့၊ ကိုယ့်အစွမ်းကို ကိုယ် ကျကျနနကြီး ထုတ်ဖို့ အထူးလမ်းညွှန်ထားသောဝတ္ထုတစ်ခု ဖြစ်ရကား 'သူ(မ)'ဟု လိုက်၍ ပေးစားအမည်တပ်ခြင်းကို ကျွန်ုပ် မကန့်ကွက်လိုသည့်အပြင် များစွာ ပင် သဘောကျ နှစ်ခြိုက်မိပေသေးသည်။

'သူ'ဟူသော ယောကျ်ားဝတ္ထုသည် 'သူ(မ)'ဟူသော မိန်းမ ဝတ္ထုတစ်ခု အဖော်ရလာသောကြောင့် နှစ်ခုစလုံး ဖတ်ရှုရသော ပရိသတ်များအတွက် ပိုမို အဓိပ္ပာယ်ပြည့်စုံကာ လောကတာဝန်ကို ကျေပွန်စွာ လည်းကောင်း၊ ပြည့်စုံစွာ လည်းကောင်း ထမ်းဆောင်နိုင်ဖို့ ဖြစ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့် ရပေသည်။

'သူ'ဝတ္ထုထဲတွင် ပါရှိသည့် ဇာတ်လိုက် ကိုမြင့်မောင်လို ယောကျ်ားများများပေါ်ထွက်ဖို့လိုသလို ဤ 'သူ(မ)'ဝတ္ထုတွင်ပါရှိသည့် ဇာတ်လိုက်

Scanned by CamScanner

သက်သက်လို မိန်းကလေးမျိုးလည်း များများပေါ်ထွက်ဖို့ လိုအပ်ရကား ကိုမြင့်မောင်များ၊ သက်သက်များ များပြားလာသောနေ့တွင် ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီးသည် ထိပ်တန်းရောက်ရှိ၍ ထိုထိပ်တန်းတွင် ကြာရှည် မြဲမြဲ စွာ တည်တံ့နေနိုင်လိမ့်မည်ဟု မျှော်လင့် ယုံကြည်ရပေသတည်း။

ရွှေလင်းယုန်
ရန်ကုန်မြို့
၁၃၀၆-ခု၊ ဝါခေါင်လဆုတ် ၁၄ ရက်။

# ၁

လေကြောင်းရန် ကင်းရှင်းသည့် အချက်ပေး ဥသြသံသည် တရစပ် မြည်နေလေသည်။ အဆွဲအငင်ဖြင့် ဖျစ်ညှစ်၍ အော်မြည်နေသော ဥသြသံမှာ နားထဲမှ ရင်ထဲပေါက်အောင်ပင် စူးရှသည်။ အကာလ ညဥ့်အခါ၌ ရင်နှစ်ခြမ်း ကွဲအောင် ထ၍ အူနေသော ခွေးအူသံကြီးလိုပင် ဥသြသံသည်လည်း ဆိုးဆိုး ဝါးဝါး အတောမသတ် အူနေဆဲပင်။

မြေမှုန့်နှင့် မီးခိုးများ တစ်မြို့လုံး ဖုံးဝေနေလျက် လူများမှာ မြေကျင်း ထဲမှ လမ်းပေါ်သို့ အလျှိုအလျှို ထွက်လာကြသည်။ အချို့လည်း မီးလောင်ရာ ဘက်သို့ ဦးတည်၍ ပြေးသွားကြသည်။ လမ်းပေါ်တွင် လူတွေကို ရှောင်ရှား လျက် 'လှ'သည် စွတ်ပြေးလာကာ မြေကျင်းထဲသို့ ပြန်ဝင်သွားသည်။ အတန် ကြာမှ မြေကျင်းထဲက ထွက်လာတော့ကာ မောပန်းစွာဖြင့် ခေါင်းငိုက်စိုက်ချ လျက် လျှောက်လာသည်။ 'လှ'ခေါင်းမှ ဆံပင်များမှာ ဖွာလန်ကြဲလျက် ပုံပန်း ပျက်လျက် နေသည်။ မြေမှုန့်များလိမ်းကျံပေစွန်းလျက်ရှိသော အင်္ကျီ ထဘီတို့မှာ ချော်လဲလာသူကဲ့သို့ လူမြင်မကောင်း သူမြင်မကောင်း ဖြစ်နေသည်။

လမ်းမပေါ်၌ အဆက်မပြတ်မြင်ရသော မြေကြီးကိုသာ ငုံ့စိုက်ကြည့် လာလျက် ရင်ထဲ၌ တဒိတ်ဒိတ်ခုန်နေသည်။ ခြေထောက်တို့ကို အနိုင်နိုင်လှမ်း ၍ လျှောက်ရ၏။ လျှောက်လာရင်း လှသည် ဆို့ကျပ်လာသောရင်ကို ပေါ့ပါး သွားအောင် ငိုချလိုက်ချင်သည်။ အားရပါးရ စိတ်ရှိလက်ရှိ အော်ဟစ်၍သာ ငိုပစ်လိုက်ချင်သည်။ 'လှ'အဖို့၌ ဘေးပတ်ဝန်းကျင်ကို ငဲ့နေရသည်။

မျက်ရည်များ ပြည့်လျှက်ရှိသော မျက်လုံးကို လူမြင်မှာလည်း စိုးရသည်။ ပတ်ဝန်းကျင်ရှိ အရာအားလုံးတို့သည် ကွယ်ပျောက်သွားကြကုန်လျက် လှ လျှောက်နေသော မြေနီလမ်းနှင့် လှသာလျှင် ဤလောကကြီး၌ရှိကာ တစ်သက်ပတ်လုံး မဆုံးနိုင်အောင် လျှောက်နေလိုက်ချင်မိသည်။

အိမ်နှင့်နီးလာလေလေ ရင်လေးသထက် လေးလေလေ၊ မျက်လုံးတွင် တွဲလဲခိုလိုက်လာကြသော မျက်ရည်ဥများကို ဆတ်ခါချလိုက်ကာ ခေါင်းကို ပင့်၍ ရှေ့သို့ လှမ်းမျှော်၍ ကြည့်လိုက်သည်။

လမ်းတစ်ဖက်၌ မြောင်းကို တံတားကလေးထိုးလျက် ဝါးထရံကာ သွပ်မိုး တစ်ထပ်အိမ်အိုကလေးရှိသည်။ ခေါင်းရင်းဘက် အခန်းမှ စေ့ထားသော အိမ်တံခါးပေါက်ကို မြင်ရသည်။ ခြေရင်းခန်းမှာ အိမ်ရှင် ဈေးထွက်၍ သော့ ခတ်ထားလေသည်။ အိမ်က အထွက် စေ့ထားခဲ့သော တံခါးပေါက်မှာ ဖွင့်သူ ဝင်သူ ရှိပုံ မရ၊ စေ့၍ပင် နေလေသည်။ လှမှာ ပိတ်စေ့ထားခဲ့သော တံခါးကို လှမ်းကြည့်ကာ မျက်ရည်များ ဝဲလာသည်။

အိမ်ရှေ့ရောက်၍ လမ်းကူးတံတားကလေးကို ဖြတ်နင်းမိလျှင် မျက်ရည်စင်အောင် မျက်တောင်တဖျပ်ဖျပ်ခတ် ခါချလိုက်ကာ လက်ခုံနှင့် ပွတ်သုတ်လိုက်သည်။ ခြေသံမမြည်အောင် အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်။ တံခါးကို အသာကလေး တွန်းဖွင့်ဝင်လိုက်ကာ အသံမမြည်အောင် ပြန်စေ့ ခဲ့ပြီးမှ ခြေဖျားထောက်ကာ အတွင်းသို့ ဝင်သွားသည်။

အိမ်ရှေ့ခန်းကို ဝါးထရံနှင့် ကာခြားထားကာ အတွင်းဘက် အခန်း ထောင့်၌ 'သက်သက်'မှာ အညာစောင်ကို ခေါင်းမြီးခြုံလျက် ပက်လက်လှန် လျက် အိပ်နေသည်။ ခြေသံကြား၍ မျက်နှာပေါ်မှ စောင်ကို ဆွဲလှစ်လိုက် ကာ လှကို အားယူကာ စိုက်ကြည့်သည်။

"စိတ်ပူလိုက်တာ သက်သက်ရယ်၊ အဖျားတက်နေခိုက်နဲ့ ကြုံနေ သလားလို့ ပူလိုက်ရတာ၊ လေယာဉ်ပျံတွေလာတော့ ကျင်းထဲဆင်းနေရဲ့လား ဟင်..."

လှသည် မျက်စိမျက်နှာ ပျက်ပျက်ဖြင့် သက်သက်၏ မျက်နှာကို မရဲတရဲ ကြည့်၍ ပြောသည်။ သက်သက်မှာ အဖျားမကျသေးချေ။ ဖြူဝင်းနေ သည့် မျက်နှာကလေးမှာ ညစ်ထပ်ထပ်နှင့် နီညိုးနေသည်။ မျက်တောင်များ



စင်းကျလျက်ရှိသော မျက်လုံးများမှာ မပွင့်တပွင့်ဖြင့် အရောင်အဆင်းပင် မရှိသလောက် မှိန်ဖျော့နေသည်။

"မထနိုင်တာနဲ့ ကျင်းထဲ မဆင်းတော့ဘူး၊ ဗုံးတွေကြဲတော့ လှနဲ့ ဘယ်နေရာများ တွေ့နေပါ့မလဲနဲ့ ပူလိုက်ရတာ၊ ဥဩသံ ကြားကတည်းက လှအတွက် ထိတ်သွားတာပဲ"

သက်သက်သည် ချည့်နဲ့နဲ့အသံကလေးဖြင့် တစ်လုံးချင်းပြောလျက် လှ မျက်နှာကို မျက်တောင်ပင့်၍ စိုက်ကြည့်လိုက်ပြန်သည်။ လှမလာခင် လှအတွက် တစ်ချိန်လုံး စိတ်ပူနေရှာမှာကို လှက သိလေသည်။ 'လှ'မှာ လေကြောင်းရန် ဥဩသံကြားလျှင် နေစရာ မရှိအောင် သတိလစ်မတတ် အကြောက်မှန်တတ်သူဖြစ်သည်။ လေယာဉ်ပျံလာလျှင် အိမ်အောက်ဆင်းပြေး ရန် အိမ်ပေါ်ကအဆင်း အိမ်ခေါင်မိုးနှင့် လူနှင့် မလွတ်ဘူးထင်ပြီး ခေါင်းနှင့် မြေကြီးနှင့် ထိမတတ် ကုန်းထွက်ကာ ဆင်းပြေးသည်အထိ အကြောက်မှန် သည်။ ကျင်းထဲ၌လည်း သက်သက်ကို တအားဖက်ထားကာ ဆတ်ဆတ် တုန်နေတတ်သည်။ သက်သက်က မကြောက်ရန် အထပ်ထပ်အားပေးနေရ သည်။ လှအတွက် ကြောက်အားကြီးပြီး ဒုက္ခဖြစ်မှာကိုပဲ စိုးပူနေရသည်။ တစ်ယောက်က တရားလွန် သိပ်ကြောက်နေ၍ မိမိပါ အတူကြောက်နေရန် မဖြစ်တော့ဘဲ လှအတွက် လှရှေ့တွင် မကြောက်သလို သတ္တိဆောင်ကာ အကြောက်မှ သက်သာပါစေတော့ဟု ရဲပြနေရခြင်းဖြင့် တစ်စစ တကယ်ပင် သက်သက်မှာ ရဲသွားတော့သည်။ ရဲလွန်းအားကြီး၍ လှကပင် အပြစ်တင်ရ တော့သည်။

"ထင်သားပဲ၊ လှမရှိရင် သက်သက် ကျင်းထဲဆင်းမှာ မဟုတ်ဘူး။ ဆင်းလိုက်ရောပေါ့ သက်သက်ရယ်၊ ဒါလောက်တောင် အတင့်မရဲပါနဲ့"

သက်သက်သည် လှအား မျက်တောင်မခတ် စိုက်ကြည့်နေလျက် စကားဆုံးအောင် နားထောင်ပြီးမှ 'ဒါနဲ့ နေရာကျခဲ့တယ် မဟုတ်လားလှ'ဟု မေးလိုက်သည်။

လှမှာ 'နေရာကျခဲ့တယ် မဟုတ်လား'ဟု မေးလိုက်သော မေးခွန်းကို ရုတ်တရက် မပြောရက် မဖြေရက်နိုင်ချေ။ ရုတ်တရက် မဖြေရက်၍ တွဲလောင်း ကျနေသော ခြင်ထောင်စကို လှမ်းဆွဲသိမ်းကာ ခြင်ထောင်မိုးပေါ်သို့ လုံးထွေး တင်ရင်း လည်လာသော မျက်ရည်စကို သက်သက်မမြင်စေရန် ထိုခြင်ထောင်

Scanned by CamScanner

စနှင့် မျက်နှာကို ပျာယီးပျာယာ တို့သုတ်ပစ်လိုက်သည်။ သုတ်ပြီးမှ သက်သက်ဘေး၌ ထိုင်လိုက်ကာ 'နေရာမကျခဲ့ဘူး ဆိုပါတော့ သက်သက်ရယ်'ဟု ခြေကုန်လက်ပန်းကျလာသော မောသံဖြင့် ပြောပြသည်။

လှ၏ အသံမှာ သိသာစွာ ပျက်နေလျက် ငိုသံပါ ရောစွက်နေခြင်းကြောင့် သက်သက်မှာ ဘယ်လို ဖြစ်မှန်းမသိ ထိတ်ခနဲ ထင့်သွားသည်။

"အရောင်းအဝယ် မဖြစ်ခဲ့ဘူးပေါ့"

လူကသာ အားနည်းနေသလောက် သက်သက်၏ အသံမှာ အလွန်သွက်လက်သောအသံ၊ မျက်ခုံးနှစ်ဖက်ပင့်လျက် မပွင့်တပွင့် မျက်လုံးကို ပွင့်အောင် ဖွင့်လှန်ထားကာ လှအား မျှော်လင့်ဇောဖြင့် မျက်တောင် မခတ်ကြည့်၍ နေသည်။

"အရောင်းအဝယ်ဖြစ်တဲ့အထိတောင် မရောက်တော့ပါဘူး သက်သက်ရယ်…"

"အို…ဘာဖြစ်လို့လဲ၊ ဦးမြကြီးက မယူတော့ဘူးတဲ့လား၊ ဒါမှမဟုတ်လည်း မလှအေးတို့က မရောင်းတော့ဘူးတဲ့လား၊ ဘယ်လိုကြောင့်လဲ ဟင်"

လှက ထိုကဲ့သို့ပြောလျှင် ဤကဲ့သို့ ပြန်လည် မေးလိမ့်မည်ကို အသိ ဖြစ်၏။ မေးလျှင် သက်သက် စိတ်မထိခိုက်အောင် ဖြေရန် တစ်လမ်းလုံး စဉ်းစားလာခဲ့ရာ သက်သက်နှင့် မျက်နှာချင်းဆိုင် ပြောဆိုရသည့် အချိန်သို့တိုင်အောင် စဉ်းစား၍ မရ၊ အဖြေ မပေးရဲသလောက် အခက်ကြီး ခက်နေသည်။ လူမမာ စိတ်မထိခိုက်အောင် မပြောဘဲ မဖြေဘဲ ဖုံးဖိထား၍လည်း မဖြစ်။

"ဒုက္ခကြီး ရောက်နေကြရတဲ့အထဲမှာ နောက်ထပ် ဒုက္ခရောက်လာပြန်ပြီ သက်သက်ရယ်"

လှသည် သက်သက်၏ မျက်နှာကို မကြည့်ရက်တော့ဘဲ ခေါင်းကိုသာ တွင်တွင် ငုံ့လျက် ပြောပြနေသည်။ လှမှာ မကြည့်ရက်၍ လွှဲနေသည့်တိုင် သက်သက်၏ မျက်လုံးအစုံသည် လှထံမှ ခွာလိမ့်ဦးမည် မဟုတ်ဟု တွေးမိကာ လှမှာ မျက်နှာကို မမော့ဝံ့ဘဲ ဖြစ်နေသည်။

"ဘယ်လို ဖြစ်ခဲ့လို့လဲ…လှ ဟင် …လှ"

သက်သက်၏ အသက်မရှူဘဲ မေးနေသံကြောင့် လှမှာ ပူထူသွားကာ တော်တော်နှင့်ပင် မပြောနိုင်ချေ။ ပြောနိုင်အောင် စိတ်ကို တင်းရသေး၏။



အသံမတုန်ရီစေချင်ခါမှ လှအသံမှာ သိသိသာသာ တုန်တုန်ရီရီကြီး ထွက်သွားသည်။

"ဦးမြကြီး ပေးလိုက်တဲ့ ငွေထုပ်ကြီး ကျပျောက်သွားတယ် သက်သက်ရယ်"

"ဟင်…"

သက်သက်၏ အသံသည် နာကြည်းသဖြင့် ဆွေးမြည့်နေသော အက်သံမျိုးဖြင့် ရှည်လျားစွာပင် ဆွဲမြည်သွားသည်။ ကြေကွဲစရာ ပိုကောင်းနေ၏။

လှမှာ ဖွင့်မပြောရခင်ကသာ မငိုမိအောင် ချုပ်တည်းထားနိုင်လျက် ဖွင့်ပြောလိုက်ပြီးသည့်နောက် တစ်စက်ကလေးမျှ ချုပ်တည်း၍ မရနိုင်ဘဲ မျက်ရည်များ တပေါက်ပေါက်ကျလာကာ ခေါင်းကို ငုံ့မြဲပင် ငုံ့ထားရင်း ရှိုက်၍ ငိုနေသည်။

လှငိုနေတော့မှ သက်သက်သည် လှထံမှ မျက်လုံးကို ခွာလိုက်ကာ လေးလံစွာဖြင့် ပြန်မှိတ်ထားလိုက်သည်။ အမှန်စင်စစ် လှနှင့်သာ အတူတူရော၍ သက်သက်ပါ ငိုလိုက်ချင်သည်။ ဖြစ်လာသည့် အဖြစ်က ငိုချင်စရာကောင်းလှသည်။ တစ်ပူပေါ် နှစ်ပူဆင့်လာသော ဒုက္ခကြီးမှာ ငိုဖို့ရာပင် ရှိတော့သည်။ ငိုရမှာလည်း အခက်၊ ပိုမို စိတ်မကောင်းမှာ မဖြစ်စေချင်ခြင်းကြောင့် လှနှင့်ရော၍ မျက်ရည်မကျမိစေရန် အောင့်အည်းချုပ်တည်းနေရသည်။ အတွင်းကျိတ်ကြိတ်မှိတ် ပူဆွေးခံစားနေရသော အသွင်မှာ ပေါ်နေကာ တစ်မျက်နှာလုံး ညှိုးမည်းနေသည်။

သက်သက်မှာ တစ်စုံတစ်ရာ မပြောဘဲ တိတ်ဆိတ်သွားခြင်းကြောင့် လှသည် ဖျတ်ခနဲ သက်သက်ကို မော့ကြည့်လိုက်သည်။ စိတ်မချမ်းမသာဖြစ်သွားရာကာ ငြိမ်သက်တိတ်ဆိတ်စွာ ဆွေးလောင်နေသော ပုံပန်းကို ကြာရှည် မကြည့်ရက် မရှုရက်လျက် 'သက်သက်ရယ်…'ဟု လှမ်းခေါ်လိုက်ကာ ပူချစ်နေသော လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

သက်သက်၏ မျက်လုံးများသည် မပွင့်တပွင့် ပြန်ပွင့်လာသည်။ ခြေရင်းဘက်သို့ ခပ်စင်းစင်း စိုက်ထားလျက် ငြိမ်သက်စွာ ဖြစ်နေပြန်သည်။ ရင်တစ်ခုသာ နိမ့်ချည်မြင့်ချည် လှုပ်ရှားလျက် ရှိသည်။ စိုက်မိစိုက်ရာ စိုက်ထားသော အသက်ထွက်လုထွက်ခင် လူမမာရုပ်နှင့် တူနေသည်။

Scanned by CamScanner

လှသည် သက်သက်ကို သေသေချာချာ ကြည့်လျက် ရှိုက်လိုက်လေသည်။

“ဘာလဲ…လှ”

သက်သက်ထံမှ အသံကြားရမှ လှမှာ မပြောနိုင် ပြောနိုင်ဖြင့် ရှိုက်ရင်း ငိုရင်း လျှောက်ပြောပြသည်။

“လှ…ဦးမြကြီးဆီ အရင်သွားတယ်။ မော်တော်ကားကို သူတို့ကြိုက်ပြီးသားမို့ အိမ်ကိုသာ မောင်းခိုင်းခဲ့ပါတော့လို့ ပြောပြီး ငွေ နှစ်ထောင့်ငါးရာကို စက္ကူနဲ့ ထုပ်ပေးလိုက်တယ်။ လှလည်း ဝမ်းသာအားရနဲ့ ငွေထုပ်ယူလာပြီး မလှအေးတို့ အိမ်ကို သွားတာပဲ။ လှတို့အတွက် ငွေငါးရာ ရမယ်လို့ ဝမ်းသာအားရ ဖြစ်လာတုန်း ကြိုးတံတားကြီးလည်းကျော်ရော ဥသြမှုတ်သံကြားပြီး လေယာဉ်ပျံတွေ လာတာပါပဲ။ လူတွေ ပြေးကြ လွှားကြနဲ့၊ လှလည်း လူတွေပြေးတဲ့နောက် စွတ်ပြေးတာပဲ။ ပထမကျတဲ့ ဗုံးသံဟာ လှတို့ စုပြုံဝင်ကြတဲ့ အေးကျင်းနဲ့ သိပ်နီးတာပဲ။ အေးကျင်းထဲမှာလည်း တစ်ယောက်ပေါ် တစ်ယောက် ထပ်နေကြတာပဲ။ ဘယ်လောက် မနီးတယ် နီးတယ် ဝပ်နေတဲ့လူတွေကို မြောက်တက်သွားတာပဲ၊ လှဖြင့် သေရော အောက်မေ့တာ၊ နောက်တော်တော်ကလေး အသံစဲသွားတော့ ကျင်းနဲ့ နီးတယ်ဆိုပြီး လူတွေ အတင်းထွက်ပြေးကြပြန်တော့ လှလည်း ဘယ်နေခဲ့မလဲ၊ သူတို့ပြေးရာနောက် လိုက်ပြေးတာ ပြေးနေရင်းပါပဲ လေယာဉ်ပျံက ခေါင်းပေါ်ရောက်လာတာနဲ့ ကြောက်ကြောက်လန့်လန့်နဲ့ ကွမ်းယာဆိုင်အောက်ဝင်ပြီး ဝပ်လိုက်တယ်”

သက်သက်၏ တစ်ချိန်လုံး တွေစိုက်နေသော မျက်လုံးကလေးသည် လည်လာလျက် လှဘက်သို့ ထောင့်ကပ်လျက် ကြည့်လိုက်သည်။ လှ ဘယ်လောက် ကြောက်လိုက်မလဲဟု တွေးမိသော အသိဖြင့် ညှိုးငယ်စွာ ကြည့်ရှုနေသည်။

“ဖြစ်ရလေ လှရယ်၊ ငွေထုပ်ပျောက်တာ ဘယ်တော့မှ သိသလဲ”

“ရန်ကင်းတဲ့ ဥသြ ဆွဲတော့မှ သိရတယ်၊ သတိရတော့ လက်ထဲမှာ ငွေထုပ် မရှိတော့ဘူး၊ သိသိချင်း ဝင်ခဲ့တဲ့ ကျင်းထဲ ပြန်ပြေးရှာတာလည်း မတွေ့တော့ဘူး။ ကွမ်းယာဆိုင်အောက်မှာလည်း ရှာတာပဲ မတွေ့တော့ဘူး၊ လှ ကြောက်အားလန့်အားနဲ့ ဘယ်လွှတ်ချလိုက်မိမှန်း မသိတော့ဘူး…”

လှသည် ရှေ့ဆက်၍ မပြောနိုင်အောင် တိုးလျက်ရှိုက်ငိုလျက် ရှိသည်။

“လူတွေ့လို့ ကောက်ယူသွားမှာပေါ့ လှရယ်”



သက်သက်က ဝင်ပြောလိုက်သည်။ သက်သက်မှာ ဆက်မပြောနိုင်တော့ဘဲ ငိုင်မှိုင်သွားသည်။

သက်သက်သည် လှ ဝင်လာကတည်းက ပျော်ပျော်ပါးပါး ဆူဆူညံညံ ပြေးဝင်မလာ၍ နေရာမကျခဲ့ခြင်းကို ရိပ်မိသော်လည်း ငွေထုပ်ပါ လုံးလုံး ကျပျောက်ခဲ့လိမ့်မည်ဟု မတွေးမထင်မိခဲ့ချေ။ လှကိုလည်း အပြစ်မတင်လိုပေ။ အကြောက်ကြီး ကြောက်ပြီး လူပါ အန္တရာယ်မဖြစ်သွားတာပင် တော်ပါသေးရဲ့ဟု အောက်မေ့ရတော့သည်။ မိမိတို့နှစ်ယောက်စလုံး၏ ကံတူအကျိုးပေး၊ ဘဝဆိုး၊ အဖြစ်ဆိုးကိုသာ အကြောင်းချလျက် တစိမ့်စိမ့်ကြေကွဲလျက် ရှိသည်။

“ရှာလို့ မတွေ့တော့လေ စိတ်ညစ်လိုက်တာမှ သက်သက်ရယ် သေချင်ရော။ စောစောက ဗုံးထဲ ပါသွားရင်လည်း အကောင်းသား”

“အို…လှရယ်၊ ဘယ်လို ပြောလိုက်တာလဲကွယ်”

လှ၏ ရှိုက်သံ ငိုသံတို့သည် ရင်ထုမနာကြီး ဖြစ်သွားသော သက်သက်၏ အသည်း နှလုံးကို လာ၍ ရိုက်ခတ်နေကြသည်။ သက်သက်သည် ရင်ကို လက်ဖြင့် ဖိလျက် လှဘက်သို့ စောင်းလိုက်သည်။

“ဦးမြကြီး မျက်နှာကို လှ မကြည့်ဝံ့ဘူး သက်သက်ရယ်၊ သူ့မျက်နှာကို ဘယ်လို ကြည့်ပြီး ဘယ်လိုလုပ် ပြောရမှာလဲ၊ ဒါကြောင့် သေချင်တာပါ”

“ဒါဖြင့် သူတို့အိမ်ကို လှ ဒီအကျိုးအကြောင်း သွားမပြောရသေးဘူးပေါ့”

“ဘယ်လို ပြောရမလည်း သက်သက်ရယ်၊ လှဖြင့် စဉ်းစားလို့ မရတော့ဘူး၊ ယုံမှ ယုံပါ့မလားလို့ ဆိုတာကလည်း တစ်ချက်၊ ယုံပါရင်လည်း သူတို့မှာ ဘာမှ ရှိရှာတာ မဟုတ်ဘူး၊ ဒီအဘိုးကြီး ရိုးသားတာ ယုံကြည်လွန်းလို့သာ ရန်ကုန်က လူတွေက ဝယ်ထားပါဆိုပြီး ငွေပေးလိုက်ကြတာ၊ လှတို့ ဘယ်လိုလုပ် စိုက်လျော်ကြမလဲ၊ လှတို့မှာ…”

လှမှာ ရှေ့သို့ မဆက်နိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေးလျက်နေသည်။

သက်သက်မှာ လှကို မမြင်တော့ဘဲ လှငိုသံကို မကြားတစ်ချက် ကြားတစ်ချက်နှင့် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားသည်။

Scanned by CamScanner

သက်သက်၏ မှိတ်လိုက်သော မျက်လုံးထဲဝယ် ကွယ်လွန်သွားကြသော မိဘနှစ်ပါးကို ရှေးဦးစွာ မြင်လာ၍ ပူလောင်သွားသည်။

သက်သက်မိဘများနှင့် လှမိဘများမှာ အိမ်ချင်းကပ်လျက် ဆွေမျိုးမက ချစ်ခင်ရင်းနှီးကြသည်။ သက်သက်ကလည်း တစ်ဦးတည်းသော သမီး၊ လှကလည်း တစ်ဦးသော သမီး ဖြစ်သည်။ သက်သက်နှင့်လှမှာ ညီအစ်မလားဟု မသိသူတိုင်းက အောက်မေ့ရသည်။ ဆယ်တန်းအောင်ကြမှ ဆရာမလုပ်ချင်သော လှက ဆရာဖြစ်သင်ကျောင်းသို့၊ သက်သက်က ကောလိပ်ကျောင်းသို့ လမ်းခွဲလိုက်ကြသည်။ ရန်ကုန်မှ ကျောင်းပိတ်တိုင်း အတူချိန်း၍ အိမ်သို့ ပြန်ကြသည်။

စစ်ဖြစ်လာခဲ့သည့်အခါတွင် နှစ်အိမ်ထောင်စလုံး တလုံးတစည်းတည်း ပေါင်းကြကာ တောရွာကလေးတစ်ရွာသို့ စုရွှေ့နေကြလျက် ဂျပန်များဝင်လာကြမှ ပဲခူးအိမ်သို့ ပြန်နေကြသည်။

လှက ရန်ကုန် သွားလည်ချင်သည်ဟု ပူဆာလွန်း၍ နှစ်ယောက်သား ရန်ကုန်သို့ ခေတ္တ လာလည်နေကြခိုက် အိမ်ကြီးနှစ်အိမ်စလုံး ဗုံးထဲပါသွားကြလျက် မိဘများ၏ အလောင်းများပင် မမြင်လိုက် မတွေ့လိုက်ရတော့ဘဲ မီးလောင်ကျွမ်းထား၍ ပြာပုံအုတ်ပုံမည်းမည်းကြီးများသာ တွေ့ကြရတော့သည်။

ရန်ကုန်ခရီးအတွက် ယူသွားကြသော သားရေသေတ္တာကလေးတစ်ယောက် တစ်လုံးစီဖြင့်သာ တစ်သက်လုံး သွားရမည့် ဘဝခရီးအတွက် ကြွင်းကျန်ရစ်ခဲ့ကြသည်။ ဤအိမ်ခန်းကလေးကို ငှားရမ်းနေထိုင်လျက် ကိုယ်တွင် ဝတ်စားထားသော လက်ဝတ်လက်စားကလေးများကို တတိတိထုခွဲရောင်းချကြကာ စားသောက်နေကြရသည်အဖြစ်မှ အလုပ်ရှာကြရင်း သက်သက်မှာ ငှက်ဖျားရောဂါစွဲကပ်ပြီး လဲရသည့်အခြေ ရောက်လေ၏။

လှမှာ မြို့ပေါ်တွင် ခေတ်ပျက်သူဌေးသမီးကလေးတစ်ယောက်ကို စာသင်ရသော အလုပ်ကို ကံကောင်းထောက်ပံ့၍ လခ ၅ဝိ/-နှင့်ရကာ လခ ၅ဝိ/-နှင့် သက်သက် မမာသည်ကို တစ်ဖက်က ပြုစုရင်း ဆင်းဆင်းရဲရဲ ခြစ်ခြုတ် နေထိုင်ကြရသော ဘဝ။

သက်သက်သည် ဗုံးထဲပါသွားကြသော မိဘများကို တသ ကြေကွဲလျက်မှ အားကိုးရာမရှိ ကံတူ အကျိုးပေး နှစ်ယောက်သား ကျန်ရစ်ခဲ့ရသည့် ဘဝ၊ ဒုက္ခတွေ ပင်လယ်ဝေနေရသည့်အထဲ ကြီးမားလှသည့် လှိုင်းလုံးကြီးက



ထပ်ဆင့်၍ ပုတ်ရိုက်လိုက်ခြင်း ဒဏ်ကို ရှန်းကန်နိုင်ကြပါ့မလားဟု စိတ်အားလျော့ကျသွားသည်။

မိမိက အားလျော့နေလျှင် 'လှ' မှာ ကိုးကွယ်ရာ မရှိအောင် အားငယ်၍ သွားပေတော့မည်။ နဂိုကလည်း စိတ်ပျော့ လူပျော့ ဖြစ်၏။ အရာရာတိုင်း သူ့အစွမ်း သူ့အစ မသုံးတတ်။ မိဘများ မရှိမှ ပို၍ အားငယ်နေတတ်လျက် သက်သက်ကိုသာလျှင် တွယ်တာ အားကိုးနေကာ အစစအရာရာ စိတ်ကူး စိတ်သန်း မရှိလှသည့် ကလေးတစ်ယောက်နှင့် မခြားနားဘဲ ဘဝ၏ ဖိနှိပ်မှုကို အရှုံးပေးမည့်သူကလေး ဖြစ်သည်။

'သက်သက်ရေ၊ မလှအေးတို့က သူတို့ကားကို နှစ်ထောင် ရရင်ရောင်းမယ်၊ အမြတ်ရအောင်စပ်လို့ ပြောထားတာလေ၊ ဟော…အခု ဦးမြကြီးနဲ့တွေ့ခဲ့တယ်။ ရန်ကုန်က သူ့ကျေးဇူးရှင်တွေက ကားလိုချင်နေသတဲ့၊ လှက နှစ်ထောင့်ငါးရာလို့ ပြောခဲ့ပြီ၊ ငါးရာ မြတ်တော့မှာ သေချာတယ်၊ သူနက်ဖြန် ငွေ သွားယူမတဲ့…"

ယမန်တစ်နေ့က ဝမ်းသာအားရကြီးဖြင့် ရွှန်းရွှန်းဝေပြောခဲ့သလောက် ယနေ့တွင် ဒူးပေါ်မေးကလေးတင်၍ တရှုပ်ရှုပ်ငိုကြွေးနေသော လှအဖြစ်မှာ သနားစရာ ကောင်းနေတော့သည်။ ဝမ်းသာစရာရှိလျှင် သူ့လောက် ဝမ်းသာတတ်သူ မရှိ၊ ဝမ်းနည်းစရာရှိလျှင် သူ့လောက် ဝမ်းနည်းတတ်သူလည်း မရှိ၊ လှသည် တရှုပ်ရှုပ်ငိုနေရာမှ သွားလေသူ မိဘများကို တမ်းတကာ အားရပါးရ ငိုကြွေးနေသည်။

"တိတ်ပါ လှရယ်၊ ကံစီမံတဲ့ အတိုင်းပဲပေါ့၊ လှ ငိုနေတော့ သက်သက် ဘယ်လို ကြံရမှန်းတောင် မသိတော့ဘူး"

လှသည် မျက်ရည်များကို သုတ်လျက် ရှိုက်ကာ ရှိုက်ကာဖြင့် "ဦးမြကြီးကို လှ ဘယ်လို ပြောရမှာလဲဟင်" ဟု မေးလိုက်သည်။

"လှချည်း သွားပြောလို့ မဖြစ်ပါဘူး၊ သက်သက်ပါ လိုက်ပါ့မယ်"

"သက်သက် ထမှ မထနိုင်ဘဲဟာ ဘယ်လိုက်လို့ ဖြစ်မလဲ အအေးမိမှာပေါ့၊ လှ ဘယ်လိုပြောရမယ်ဆိုတာသာ လှကို သင်ပေးလိုက်ပါ"

သက်သက်မှာ လှကို တွေ၍ ကြည့်နေလျက် ပြီးမှ ပြုံးလိုက်သည်။

"လှ သွားလို့ မဖြစ်ပါဘူး၊ အရိပ်အဆင် ကြည့်ပြောရမှာ၊ သူတို့က

Scanned by CamScanner

ဘယ်လို ယူဆမယ်၊ ဘယ်လို ပြောမယ်ဆိုတာ နားထောင်ပြီးမှ ဒီကိစ္စ ကျေကျေနပ်နပ် ဖြစ်အောင် ပြောကြရမှာ၊ လှ ပြောတတ်မှာလား…လှနဲ့ မဖြစ်ပါဘူး”

လှမှာ ငိုင်နေ၏။ ကိစ္စပြေပြစ်အောင် မိမိထက် သက်သက်က ကြံနိုင်ဖန်နိုင်သည်မို့ သက်သက်နှင့်မှ ဖြစ်မည်ကို သိနေသည်။ သက်သက်မှာ ကိုယ့်ဘာသာကိုယ် အားကိုး၊ ကိုယ့်ဘာသာကိုယ်ကြံစည်လျက် အမြော်အမြင် ရှိသည်။ အဆင်ခြင်ဉာဏ်ရှိသည်။ သက်သက် မပါဘဲ မဖြစ်၊ သက်သက်ကို လိုက်စေချင်သည်က တစ်ဖက်၊ နေမကောင်းနေ၍ မခေါ်ချင်သည်က တစ်ဖက်…။

သက်သက်မှာ လှ ချီတုံချတုံ ငိုင်နေပုံကို ရိပ်စားမိကာ “ငှက်ဖျား ဟာ တက်တုန်းသာ မလှုပ်ချင်တာပါ၊ သက်သက် အဖျားကျပါပြီ၊ လိုက် ခဲ့မယ် ပြောလိုက်သည်။

“လှ ဦးမြကြီးကို ဒီခေါ်လာမယ်လေ၊ မကောင်းဘူးလား”

“ဘယ်ကောင်းမလဲ လှရယ်၊ သူ့ကို ကိုယ်က သွားပြီး တောင်းပန် ရမယ့်ကိစ္စ၊ သူ့ကို ကိုယ်က ခေါ်ပြီး တောင်းပန်လို့ ကောင်းနိုင်ပါ့မလား၊ သက်သက် ဖြည်းဖြည်း လျှောက်သွားမှာပေါ့၊ ထူ…ထူ သက်သက်ကိုထူပေး”

လှသည် သက်သက်ကို ဖက်၍ ဖြည်းညင်းစွာ ထူပေးလိုက်သည်။ သက်သက်မှာ စိတ်တင်းလျက် ထ၍ ရပ်လိုက်ကာ တန်းတွင် တင်ထားသော ရှောစောင်ကလေးကို လှမ်းယူလိုက်သည်။ စောင်ကလေးကို ခေါင်းမှ သိုင်း ခြုံကာ အိမ်သော့ ခတ်လျက် နှစ်ယောက်သား ထွက်ခဲ့ကြသည်။

❐

## ၂

ဦးမြကြီး အိမ်ကလေးကို ခပ်လှမ်းလှမ်းမှ မြင်ရလျက် ဦးမြကြီး ကိုယ်တိုင် အိမ်ဝတွင် ထွက်ရပ်ကာ တစ်စုံတစ်ယောက်ကို မျှော်နေမှန်း တွေ့ကြရသည်။

သက်သက်မှာ မောဟိုက်လာသည်။ ခြေတစ်လှမ်းနှင့် တစ်လှမ်း ခွန်အားညှစ်ထုတ်ကာ လှမ်းသွားရသဖြင့် ကတုန်ကယင် ဖြစ်နေသည်။ မျက်လုံး များမှာ ပြာသွားလိုက်၊ ပြာသွားလိုက်၊ စိတ်နှင့် ဖွဲမှာ ကြိမ်နှင့်တို့နေသကဲ့သို့ နှေးကွေးတိုင်း တို့နှင်ပေးနေ၏။ လှက ဘေးမှဖေးမ၍ တွဲလာသည်။ အသက် ရှူသံပြင်းလာလျှင် လှခြေထောက်များမှာ တုံ့ဆိုင်းသွားသည်။ ညှိုးငယ်သော မျက်နှာလေးဖြင့် သက်သက်ကို ကြည့်လိုက်သည်။ သက်သက်က ဆက်၍ လှမ်းသည်။ သူ့ဟာသူလည်း စိတ်မကောင်း၊ သူဒုက္ခပေးတာဟု သက်သက် ကို သနားမိသည်။ လမ်းတွင် စကားတစ်ခွန်းမျှ မပြောကြ။

ကုက္ကိုပင်အနီးရောက်လျှင် သက်သက်သည် ခေတ္တရပ်နားမည်ပြုပြီး မဟန်နိုင်၍ ထိုင်ချလိုက်သည်။ အသက်ကို ပြင်းစွာရှူလျက် မောကြီးပန်းကြီး “လှ-ဟိုမှာ ဦးမြကြီး သွားသာခေါ်ချေတော့၊ သက်သက်မောပြီ၊ ဒီနားကို ခေါ်လာကွယ်’ဟု ကတုန်ကယင်ပြောရင်း ရင်ထဲက တလှပ်လှပ်ကြောင့် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

Scanned by CamScanner

"မူးသလား သက်သက် ဟင်…ရင်ခုန်သလား၊ လှ ရင်ဝကို ဖိပေးမယ်လေ"

လှမှာ ပျာယာခတ်နေသည်။

သက်သက်က လှလက်ကို တွန်းဖယ်၍ ဦးမြကြီး အိမ်ဘက်သို့ လက်ညှိုးထိုးပြကာ အသံ ဟူ၍ ထွက်မလာ၊ သွားခေါ်ရန် လက်ရိပ်ခြေရိပ်ဖြင့် တွင်တွင်သာ ပြနိုင်သည်။

လှသည် ဦးမြကြီးထံသို့ ခပ်သုတ်သုတ် လှမ်းလျှောက်သွားသည်။

ဦးမြကြီးမှာ အသက် ၆၀ ခန့်ရှိသည်။ ထိပ်လယ်တွင် ဆံထုံးပူစူးလေးထုံးထားကာ တစ်ခေါင်းလုံး ဖြူဖွေးနေသည်။ မျက်လုံးမျက်ဖန် ကောင်းသူဖြစ်၏။ သူ ပြုံးပုံမှာ ညင်သာသိမ်မွေ့လှသည်။ ပိန်ချုံးကာ ကုန်းနေသော ကိုယ်ရှိ၍ သူ့ကိုကြည့်ရသည်မှာ မန္တလေးတောင် တန်ဆောင်းထဲက တုတ်ကလေး ထောက်ရပ်နေသော သူအိုရုပ်နှင့် တူလှသည်။

လှ အနားရောက်လျှင် ပြုံးလိုက်သည်။

"လှ လာခဲလိုက်တာလို့ ဦး ထွက်ကြည့်နေတာ၊ ဟိုတစ်ယောက်က ဘယ်သူတုံး၊ သက်သက်များလား…ဟေ…ဘာပြုလို့ ထိုင်နေရစ်တာလဲ"

လှသည် သက်သက်ဘက်သို့ လှည့်ကြည့်လိုက်ကာ-

"သက်သက်ပဲ ဦးကြီး၊ မမာနေဘူး၊ သက်သက်က ဦးကြီးကို သွားဆီ ခေါ်ခဲ့ပါတဲ့"

ဦးမြကြီးမှာ ခေါင်းကြီးသွားသည်။ မျက်နှာမကောင်းဖြစ်လာသော လှကိုကြည့်လျက် ပို၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေကာ ချိုင့်ဝင်နေသော မျက်အိမ်ထဲမှ မျက်လုံးနှစ်လုံးသည် ရှေ့သို့ စူထွက်လာသည်။

"ဟေ…ဘယ်လို ဖြစ်လို့လဲ၊ ဘာဖြစ်လာကြသလဲ"

"ဟိုကျမှပဲ သက်သက် ပြောပါလိမ့်မယ်၊ လာပါဦး…"

ဦးမြကြီးသည် ခြေလှမ်းသွက်သွက်ကြီး လှမ်းသွားသည်။ လှမှာ သူ့ကို အမီ ခပ်သုတ်သုတ် လိုက်ရသည်။

"သက်သက် မမာဘူးဆို၊ ဘာဖြစ်လို့ လိုက်လာသလဲ"

သက်သက်သည် ဆောင့်ကြောင့် ထိုင်နေရာမှ ဦးမြကြီးကို မော့၍ ကြည့်လိုက်သည်။ မျက်နှာပျက်ကာ ပူပင်ထိတ်ပျာလာသော အဘိုးကြီး၏ အကဲကို ကြည့်လျက် ဝမ်းနည်းသွားမိတော့သည်။



"ဒုက္ခဖြစ်နေကြရတဲ့အထဲ ဒုက္ခတစ်ခု ပိုလာပြန်ပြီ ဦးရယ်"

"အင်း…ဘယ်လို ဖြစ်သလဲ"

ဦးမြကြီးသည် သက်သက်နှင့် မျက်နှာချင်းဆိုင်ဆောင့်ကြောင့်ထိုင်ချကာ သက်သက်၏ မျက်နှာကို ပြူးတူးပြဲတဲကြည့်၍ မေးသည်။

"ဦး လှကို ပေးလိုက်တဲ့ငွေဟာ မလှအေးတို့အိမ်ဆီ သွားတုန်းစောစောက ဗုံးလာကြဲတာ လမ်းမှာမိပြီး ကျောင်းထဲဝင်ပုန်းတာ၊ အနားနီးတာနဲ့ လှက နေရာရွှေ့ပြေးရင်း ငွေထုပ် ဘယ်ကျခဲ့မှန်း မသိဘူးတဲ့၊ ရှာလို့ မတွေ့တော့ဘူး ဦးရယ်"

ဦးမြကြီးမှာ ရုပ်သေးထဲက အရုပ်အတိုင်း ဇက်ကျိုးကာ ခေါင်းငိုက်စိုက်ကျသွားသည်။

သက်သက်ဘေး၌ ထိုင်နေသော လှမှာ မျက်ရည်တွေ ဝဲနေလျက် လက်ညှိုးကလေးနှင့် မြေကြီးကို တွင်တွင်ခြစ်ကာ ရင်ထဲ၌ ဖိုရှိုက်နေသည်။

သက်သက်သည် မျက်ခုံးနှစ်ဖက်ကို ချီကာ တုဏှိဘာဝေပြုလျက် ပေတစ်ရာကို ငေးစိုက်လျက် နေသည်။

ဦးမြကြီးသည် တစ်ခဏ ငြိမ်သက်လျက် ဇက်ကျိုးနေရာမှ မျက်နှာကို မော့၍ မျက်နှာတွင် စို့လာသောချွေးကို လက်ဖဝါးကြီးဖြင့် ပွတ်လိုက်၏။ ပြီးမှ ချောင်းဟန့်လိုက်သည်။

"စိတ်မကောင်းလိုက်တာ သက်သက်ရယ်၊ ဦးလည်း ဒုက္ခပါပဲ"

ဦးမြကြီးမှာ များစွာပင် အကျပ်ကြုံလျက် အခက်တွေ့သွားသည်။ လူကိုယုံလျက် ငွေထုတ်ပေးလိုက်သူတို့အား မျက်နှာအပြရခက်မည့်အကျပ်ကို ကလေးမတွေ သိပါလေစဟု အောက်မေ့မိသည်။ ကားဝယ်ပေးရန် ငွေထုတ်ပေးလိုက်သူများမှာ ဦးမြကြီး၏ ကျေးဇူးရှင်များ ဖြစ်ကြ၏။ ဆင်းရဲလှသော ဦးမြကြီးတို့ မိသားအိမ်ထောင်တစ်စုကို ငွေ ၂၀ဝိ/-မျိုး၊ ၃၀ဝိ/-မျိုး ငွေတိုးမယူ ထုတ်ပေးမစကြကာ သူတို့ ထုတ်ပေးသောငွေဖြင့် ဈေးရောင်း၍ အသက်မွေးနေကြရသည်။ ထုတ်ပေးသောငွေကို ပြန်ဖုံ့မဆပ်နိုင်အောင် ကသီလင်တနိုင်နေကြလျက် နောက်ထပ် ၅ဝိ/-မျိုး၊ ၁၀ဝိ/-မျိုး ထုတ်ပေးမစရန် တောင်းပန်ရဦးမည့် ဆဲဆဲမှာ ကားဝယ်ပေးရန် ယုံယုံကြည်ကြည် ထုတ်ပေးလိုက်သည့် ငွေ ၂၅၀ဝိ/-ပျောက်ကြောင်း သွားပြောရမည့် အဖြစ်လောက် ဆိုးရွားတာမရှိဟု တွေးလိုက်မိသည်။ သက်သက်တို့ ဘယ်နည်းနှင့်မျှ စိုက်မလျော်နိုင်

Scanned by CamScanner

မှန်းသိ၍ သာ၍ စိတ်ပျက်မိသည်။ သက်သက်နှင့်လှတို့မှာ မိမိမျက်စိအောက်တွင် ချမ်းချမ်းသာသာ ကြီးပြင်းလာခဲ့ကြကာ မမျှော်လင့်ဘဲ ဒုက္ခဘုံကြီးထဲသို့ ကျရောက်သွားကြလျက် ညှိုးငယ် ဆင်းရဲသွားကြပုံမှာ သေခါနီးအရွယ်မိမိ အဖို့ တရားရစရာကောင်း၍ သံဝေဂပင် ဖြစ်ခဲ့သည်။

လှသည် လက်ထဲက ခဲကလေးကို ပစ်လိုက်ကာ လက်ဝါးနှစ်ဖက်ကို ပွတ်လျက် ''ဦးကြီးကိုတော့ ရန်ကုန်ကလူတွေက ယုံတော့မှာ မဟုတ်တော့ပါဘူး''ဟု စိတ်မကောင်းဖြစ်သည့်အတိုင်း ပြောလိုက်သည်။

''ဟာ…မပြောနဲ့တော့ လှရယ်၊ ဦး ဘယ်လိုလုပ် ပြောရမယ်တောင် မသိတော့ဘူး၊ လှကိုလည်း အပြစ်တင်စရာ မရှိပါဘူး၊ ဒါပေမဲ့…''

ဦးမြကြီးသည် စကားကို မဆက်ဘဲ ရပ်လိုက်သည်။ ထို့နောက် မျက်နှာတစ်မျိုးပြောင်းသွားလျက် ''ဒီက နေပူပါတယ်ကွယ်၊ အိမ်ထဲမှာ အေးအေးဆေးဆေး ပြောကြ ကြံကြရအောင် လာကြကွယ်…''ခေါ်ကာ မတ်တတ် ထရပ်လိုက်သည်။ သက်သက်မှာ လှကိုတွဲလျက် မထနိုင် ထနိုင် ထလိုက်ကာ ဦးမြကြီး နောက်သို့ တရွတ်တိုက် လိုက်ပါသွားရသည်။

ဓနိတဲကလေးရှေ့သို့ ရောက်ကြသည့်အခါ ကလေးကလေးကို ခါးတွင် ခွင်လျက် ထဘီရင်ရှားထားသော ဦးမြကြီး၏ ဇနီး ဒေါ်ဖော့က ပျာပျာသလဲပင် ဖျာစုတ်ကလေး တစ်ချပ်ကို ခင်းပေးရန် ဆွဲယူလာသည်။

''လှတို့ပါလား၊ ကား နေရာကျခဲ့ရဲ့လား''

ဒေါ်ဖော့မှာ ဟောဟောဒိုင်းဒိုင်းကြီး ပြောတတ်ဆိုတတ်သူ ဖြစ်သည်။ သူ၏နက်ပြောင်သော မျက်လုံးကြီးသည် ပြူးကျယ်နေသည်။ ကြမ်းတမ်းသော ကိုယ်ကာယမှာ ဆင်းရဲခြင်းဒဏ်ကို ပယ်ပယ်နယ်နယ်ကြီး ခံထားရပုံရှိသည်။

လှသည် စကားမပြော၊ သက်သက်ကလည်း စကားမပြော လမ်းဘက်သို့ မျက်နှာမူထိုင်လိုက်ကြကာ ငြိမ်နေကြသည်။ ဦးမြကြီးက ဒေါ်ဖော့အား ဖြစ်ပုံ အကျိုးအကြောင်းစုံ အတိုချုံးကာ ပြောပြလိုက်သည်။

''အမယ်လေးတော်…ဖြစ်မှ ဖြစ်ရလေ၊ သူတို့လည်း ဒုက္ခပဲ၊ ကျုပ်တို့မှာလည်း ဒုက္ခပါပဲ လှရယ်၊ သေများ သေချင်ပါတယ်၊ သေသေချာချာ ရှာရဲ့ လားကွယ်…''



''ရှာပါတယ် အဒေါ်ရယ်၊ နှံ့နေတာပဲ…လှဖြင့် ရှာလို့မတွေ့တော့ ဖေဖေတို့၊ မေမေတို့လိုသာ ဗုံးထဲပါသွားချင်တော့တာပဲ''

အားလုံးမျက်နှာပျက်သွားကြသည်။ သက်သက်မှာ လှပြောပုံကို မနှစ်သက်ချေ။ သူသေသွား၍လည်း သည်အကျပ်အတည်းက ပြေသွားမှာတဲ့လားဟု အောက်မေ့လိုက်မိသည်။ သက်သက်မှာ မိမိတို့၏ အကြပ်အတည်းထက် ဦးမြကြီးတို့ အကျပ်အတည်းကို ရင်လေးမိသည်။ ဆင်းရဲနွမ်းပါးလှသော သူတို့ဘဝနှင့် ငွေ နှစ်ထောင့်ငါးရာကို တွဲဖက်၍မျှ မစဉ်းစားဝံ့သလောက်စာနာအားနာမိသည်။

ဦးမြကြီးက ''သေသေချာချာ ရှာရဲ့လား လှရယ်…''ဟု မကျေချမ်းသံကြီးဖြင့် ထပ်မေးပြန်သည်။

လှမပြောမီပင် သက်သက်က ''သူရှာလို့ ဘယ်ရတော့မလဲ၊ လူတွေ့လို့ ကောက်ယူသွားရောပေါ့ ဦးရယ်'' ပြောလိုက်သည်။

''မော်တော်ကားကို သူတို့ သိပ်လိုချင်တာ၊ သူတို့ဆီ ငွေကလေးသွားပြောရင်း ကားတစ်စီးလောက် လတ်လတ်ထဲက ရှာစမ်းပါလို့ ပြောလိုက်တာ အဆင်သင့်ဘဲ လှနဲ့တွေ့ပြီး လှက မအေးလှတို့ကား ရမယ် ပြောတာနဲ့ ချက်ချင်းလိုက်သွားပြီး ပြောပြတော့ ငွေ နှစ်ထောင့်ငါးရာ ထုတ်ပေးလိုက်ကြတာဘဲ၊ ဝယ်ပြီး သူတို့ဆီ လာအကြောင်းကြားပါတဲ့၊ သူတို့ ဓာတ်ဆီရှာပြီး လာယူမယ်လို့ ပြောလိုက်တာ၊ ခုပုံတော့ သူတို့ဆီ အကျိုးအကြောင်း သွားမပြောလို့လည်း မဖြစ်ဘူး''

''ပျောက်သွားတယ်လို့ သွားပြောလို့တော့ မဖြစ်ဘူးထင်တယ''

သက်သက်က ပြောလိုက်သည်။

ဦးမြကြီးကား အပြောရ ကျပ်နေဟန် ရှိနေရာ ဒေါ်ဖော့က ဝင်ပြောသည်။

''ပျောက်တယ်လို့ ပြောလို့တော့ ဘယ်ဖြစ်မလဲ သက်သက်ရယ်၊ သူ့အဖို့ ဒီလိုသွားပြောလို့ကော ကောင်းနိုင်ပါ့မလား၊ အခု အဒေါ်တို့စားနေတဲ့ထမင်းဟာ သူတို့ကျွေးတဲ့ ထမင်းပါပဲ၊ ဒီအဘိုးကြီးက ဒူလာထလို့ ဘာမှလုပ်နိုင်တာ မဟုတ်ဘူး၊ အဒေါ်ပဲ ခေါင်းပေါ် ဈေးဗန်းတင်ပြီး တစ်ပြုံလုံး ဈေးရောင်းကျွေးနေရတာ၊ ဒီကိစ္စ အလျော်အစား မပေးနိုင်ရင် နောက်ကို

Scanned by CamScanner

အဒေါ် တို့ကို ယုံကြည်တော့မှာလည်း မဟုတ်ဘူး၊ အဒေါ်တို့မလည်း သူတို့က လွဲပြီး ဘယ်သူမှ အားကိုးစရာရှိတာမဟုတ်…''

ဒေါ်ဖော့မှာ ပြောရင်းဆိုရင်း မျက်ရည်တွေ ကျလာသည်။ လှမှာ ငုံ့နေရာမှ ပို၍ ငုံ့သွားလေသည်။

သက်သက်မှာ အကြံရကျပ်အိုက်လျက် စိတ်ညစ်ညူးလှသည်။ ငွေ ၂၅၀၀/- လောလောဆယ် ရှာကြံရေးမှာ လမ်းစကို မမြင်ဘဲ ရှိ၏။ ချေးငှား ပေးစရာလည်း မမြင်။ ဆင်းရဲတာနှင့် တစ်ချက်တည်း အဖက်မလုပ်ချင်၊ အယုံအကြည်မရှိချင်ကြသော ဤလောက၌ မည်သူက ငွေနှစ်ထောင့်ငါးရာကို အသားလွတ်ချေးမည်နည်း။

ပေါင်စရာ၊ ရောင်းစရာပစ္စည်းဆို၍ 'လူ'ပဲပေါင်စရာ၊ ရောင်းစရာ ကျန်ရှိတော့သည်။ ခုနေများ လူကို အပေါင်ခံသည့်နေရာ၊ လူကို ဝယ်သည့် နေရာမျိုးရှိလျှင် ငွေ ၂၅၀၀/-သာလျှင်ရပါစေ ထိုနေရာသို့ ဘာမျှ မစဉ်းစားဘဲ တစ်ဟုန်တည်း ပြေးသွားချင်သောစိတ်ပင် ပေါက်သည်။

''ဦးကြီး၊ ရန်ကုန်ကို ဘယ်တော့ သွားမလဲ''

ဦးမြကြီးမှာ မျက်နှာပျက်လျက် အဖြေမပေးဘဲ ဆိတ်ဆိတ်လုပ်နေ သည်။

''ဖိန်းနွဲ့ခါလောက်မှ သွားပါ ဦးရယ်၊ ဒီနေ့တစ်ရက်၊ မနက်ဖြန် တစ်ရက်၊ သန်ဘက်ခါတစ်ရက် ဒီရက်မှာ သက်သက်တို့လည်း ကြံပါရစေဦး၊ သက်သက်တို့ အခက်အခဲထက် ဦးကြီးတို့ရဲ့ အခက်အခဲကို ပိုပြီး စိတ်မကောင်း ဖြစ်မိတယ်၊ သက်သက်တို့ တတ်နိုင်သမျှ ကြံပါဦးမယ်''

''ကြံပါ သက်သက်ရယ်၊ သက်သက်တို့မှာ မရှိပေမဲ့လည်း မျက်နှာ ကြီးတွေနဲ့ သိပါတယ်၊ အဒေါ်တို့ ဆိုတာကတော့ ဒီငွေမျိုး ဒီဘဝမှာ ဘယ်မှာ မှ ဆွဲလို့ လွဲလို့ ရမှာမှ မဟုတ်တာချည်း၊ ခုလို ဖြစ်ရတာလေ အဒေါ်နည်းနည်းမှ စိတ်မကောင်းဘူး၊ သက်သက်တို့ ဒုက္ခလည်း မကြည့်ရက်ပါဘူး၊ ဘုရားစူးပါစေရဲ့၊ အဒေါ်တို့မှာများ လျော်စရာရှိရင်လေ သက်သက်တို့၊ လှတို့ကို သက်ညှာပြီး လျော်လိုက်မှာပါအေ''

မျက်စိမလှ မျက်နှာမလှနှင့် တောင်းပန်တိုးလျှိုးလျက် တစာစာ ပြောနေသော ဒေါ်ဖော့အား စူးစိုက်ကြည့်လျက် လှမှာ အနေရ အထိုင်ရ



ကျပ်နေသည်။ သက်သက်မှာ သူ့ရှေ့တွင် ငုတ်တုတ်ကြီးထိုင်နေကာ စကား တစ်ခွန်းမျှ မပြောဘဲ ညှိုးမှိုင်နေသော ဦးမြကြီးကို ကြည့်ကာ စိတ်ထိခိုက် သွားသည်။

''ဟုတ်ကဲ့ အဒေါ်၊ သက်သက် ကြံပါ့မယ်၊ ရန်ကုန်က လူတွေ အပေါ်မှာ ဦးကြီးတို့၊ အဒေါ်တို့ မျက်နှာမပျက်ရအောင် သက်သက်ကြံပါ့မယ်၊ ရှာပါ့မယ်၊ သန်ဘက်ခါ ညနေကျရင် လှကို လွှတ်လိုက်ပါမယ်''

''အေးကွယ်၊ အားလည်း နာပါရဲ့၊ စိတ်လည်း မကောင်းတော့ဘူး သက်သက်ရယ်''

ဦးမြကြီးက ထိုအခါမှ ဝင်၍ ထိုစကားဖြင့် အဆုံးသတ်လိုက်သည်။

သက်သက်တို့ ထမပြန်မီ ဦးမြကြီးသည် နေရာမှ ထ၍ တန်းပေါ်က ပုလင်းကလေးတစ်လုံး ယူလာသည်။

''အင်္ဂလိပ်ဆေးတော့ မဟုတ်ဘူးကွယ်၊ ဗမာဆေး၊ ဆင်းရဲသားဆေး ပဲ၊ သင်္ဘောသီး အစိမ်းတစ်လုံးနဲ့ ဖော်ထားတာ၊ ငှက်ဖျားတော့ သူပဲနိုင်တယ်၊ ယူသွား သက်သက်ရယ်၊ သောက်ကြည့်စမ်း''

သက်သက်မှာ ပုလင်းထဲ၌ လက်တစ်လုံးလောက်သာ ရှိသော ဆေးမှုန့်ကို ကြည့်လျက် ယူရန် အားနာသွားကာ ''နေပစေ ဦးရယ်၊ သက်သက် ဆေးရုံမှာ ဆေးသွားထိုးနေတယ်၊ ဆေးပတ် မကုန်သေးဘူး၊ မသက်သာမှပဲ ယူမယ်နော်'' ငြင်းလိုက်ကာ ထပြန်လာခဲ့ကြသည်။

လမ်းတွင် သက်သက်ကို တွဲခေါ်လာသော လှက စကားအလျင်း မပြောသဖြင့် သက်သက်က ''လှ…စိတ်မကောင်းဖြစ်နေသလား''မေးလိုက် သည်။ ''ဖြစ်မနေနဲ့၊ လောကမှာ လူလုပ်ရင် အကြောင်းအမျိုးမျိုးကြုံရမှာပဲ၊ ကြုံလာရင် ကြံရမှာပဲ''ဟု ဆိုလိုက်သည်။

သက်သက်၏အသံမှာ စောစောကလောက် ချည့်နဲ့သည် မထင်ရဘဲ မောသံကလေးမှ အပ အားမာန်တက်သံလေး ဆောင်နေသည်။

''သက်သက်ရယ်၊ ဘယ်လို ကြံမှာလဲ၊ အပေါင် မရှိဘဲ ဘယ်သူမှ နှစ်ထောင့်ငါးရာ ချေးမှာ မဟုတ်ဘူး သက်သက်ရဲ့၊ ဦးမြကြီးကို ကတိပေးလိုက် တော့ လှဖြင့် စိတ်ကို ညစ်သွားတာပဲ၊ လှအတွက်နဲ့ သူတို့ရော၊ သက်သက် ရော ဒုက္ခများပြီ''

Scanned by CamScanner

"ဘယ်က လှအတွက်ချည်း ဟုတ်မလဲ၊ သက်သက် အတွက်ရော မပါဘူးလား လှရယ်၊ သက်သက်က မမာနေတော့၊ မရှာနိုင်တော့ ငွေပို ငွေလျှံရအောင်လုပ်တော့ သက်သက်အတွက်လည်း ပါပါတယ်ကွယ်၊ သက်သက် ဖြင့် လှ သွေးပျက်ပြီး ရူးမလာတာပဲ တော်ပါသေးရဲ့လို့ ဝမ်းသာနေရတယ်"

ထိုနေ့ညတွင် သက်သက်လည်း မအိပ်၊ လှလည်း မအိပ်၊ အတွေး ကိုယ်စီနှင့် ဘယ်ပြောင်းညာပြန် လူးနေကြသည်။ 'သက်သက်အိပ်လေ'ဟု လှကပြောလိုက်၊ တစ်ဖန် 'လှအိပ်တော့လေ'ဟု သက်သက်က ပြောလိုက်နှင့် နှစ်ယောက်စလုံး မအိပ်နိုင်ကြအောင် ဖြစ်နေကြသည်။

အရုပ်ထဲ၌ မအိပ်ကြသေးပေ။ စကားပြောသံ၊ ရန်ဖြစ်သံ၊ ကလေးချော့သံ တို့ကို လေသင့်သည့် အခါတိုင်း ကြားရသည်။ တစ်ဖက်ခန်းမှ စက်ချုပ်သည့် အပျိုကြီး ဒေါ်ထား၏ ဟောက်သံမှာ တစ်ချိန်လုံး မိုးမွှန်နေသည်။ သက်သက်မှာ မူးနောက်နောက် ဖြစ်လာသည်။ အသက်ရှူရ ကျပ်လာသည်။ ဝါးထရံကြားက တိုးနေသောလေမှာ အေးမြမြရှိသော်လည်း သက်သက်ကား ချွေးပြန်လျက် စို့ရွှဲနေသည်။

အသံဗလံတို့သည် တစ်စစ တိတ်ဆိတ်သွားကြသည်။ ကာလကြာစွာ တိတ်ဆိတ်နေပြီးနောက် သန်းခေါင်ကြက်တွန်သံသည် စူးရှစွာ ထွက်ပေါ်လာ သည်။ တောင်ပံခတ်သံပါ ကြားလိုက်ရသည်။ ရေနံဆီမီးအိမ်မှ မီးရောင်သည် အားနည်းကာ မှိန်လျော့နေသည်။

လှသည် သူ့အဖြစ်ကို တွေးရင်း တွေးရင်း ငိုချင်လာ၏။ မိဘနှစ်ပါး အား လွမ်းစိတ်ဆွေးစိတ်တို့သည် သူ့ရင်ထဲ၌ ပြည့်ကျပ်နေသည်။ မျက်ရည် များ စီးကျလာကာ အသည်းနှလုံးတွေ နာကျင်လာသည်။ လှမှာ သက်သက် နိုးသွားမှာစိုးကာ မငိုဝံ့ပေ။ ငိုချင်စိတ်ပျောက်မှ ပျောက်ပါစေတော့ဟု အိပ်ရာမှ ထကာ ခြင်ထောင်ပြင်ဘက်သို့ ထွက်လိုက်သည်။

"လှ၊ ရေတစ်ခွက်လောက် ပေးစမ်းပါ"

"အို…သက်သက် မအိပ်သေးဘူးလား၊ လှက အိပ်ပလားလို့"

သက်သက်သည် ထထိုင်လိုက်သည်။ လှကမ်းပေးလိုက်သော လှ လက်ထဲမှ ရေခွက်ကို လှမ်းယူပြီး မသောက်ခင် "အကြံရပြီလှ၊ နေရာကျမှာ ပါပဲ၊ မနက်ကျရင် စာသင်နေတဲ့အိမ်ကို ခွင့်တစ်ရက်တောင်းပြီး ထောက်ကြံ့



ကို မီရာကားနဲ့ လိုက်သွား၊ နေ့ချင်းပြန်လာခဲ့"ဆိုပြီးမှ ရေကို မော့သောက် လိုက်သည်။

"ဘယ်သူ့ဆီ သွားရမှာလဲဟင်"

"သက်သက်တို့ ကိုးကွယ်တဲ့ ဆရာတော်ဘုရားဆီကိုလေ"

"ဆရာတော်ဘုရားဆီ ဘာလုပ်တုံး သက်သက်ရဲ့"

လှမှာ မဆီမဆိုင်ဟု မတွေးတတ်အောင် ဖြစ်သွားသည်။ ရေခွက်ကို ကိုင်လျက် သက်သက်ရှေ့၌ ထိုင်ချလိုက်သည်။

"ဆရာတော်ဘုရားဆီမှာ ဖေဖေ မသေခင်က ဘုရားဌာနပနာဖို့ပေး ထားတဲ့ အရုပ်ကလေး ရှိတယ်၊ ဌာပနာရဦးမယ် မဟုတ်သေးဘူး၊ အဲဒါ သွားယူရမယ်၊ သွားယူပြီးတော့…"

"ဘာရုပ်တုံး သက်သက်ရဲ့၊ သက်သက် ဘာတွေ ပြောနေတာလဲ …ဟင်…"

လှသည် မျက်ခုံးနှစ်ဖက်ရှုံ့လျက် မျက်စိမှေးမှေးဖြင့် သက်သက်၏ မျက်နှာနားရောက်သွားအောင် ခေါင်းကို ရှေ့ထုတ်ပြီး ပြောလိုက်သည်။

"ဩော်…အရုပ်က ဒေါင်းရုပ်၊ ဒေါင်းရုပ်ကလေးလေ၊ ရွှေနဲ့ လုပ်ထားတာ၊ အမြီးကို မြနဲ့စိန်နဲ့ အကွက်ဖော်ထားတယ်။ ဖေဖေမသေခင်က ဆရာတော် အိမ်ကြွလာပြီး ဖေဖေ့ဇာတာကို တွက်ချက်ပြီး ဇာတာသိပ်ညံ့တယ်၊ ယတြာချေရမယ်၊ ယတြာက ဒေါင်းရုပ်ကလေးကို ရွှေနဲ့ထုပြီး စိန်တွေ မြတွေ ထည့်လုပ်ပြီး ဘုရားမှာ ဌာပနာရမယ်ပြောလို့ ဆရာတော်ပြောတဲ့အတိုင်း ပန်းထိမ် မှာ အပ်တယ်၊ ကိုယ်တို့ ရန်ကုန်မသွားခင် တစ်နေ့ပဲပေါ့၊ ပန်းထိမ်ကပြီးလို့ ဖေဖေကိုယ်တိုင် ဆရာတော်ဘုရားဆီ ယူသွားပြီး ရေစက်ချလှူတယ်၊ အဲဒီ အရုပ် ဆရာတော်ဘုရားဆီမှာ ပေးထားတယ်၊ ကျောင်းဝင်းထဲမှာ စေတီတောင် မတည်ရသေးဘူး ဖေဖေတို့ သေတာပဲ"

"အို…သက်သက်ရယ်၊ ဘုရားပစ္စည်းကို ရောင်းမလို့လား"

လှမှာ ငိုသံပါပါဖြင့်ပြောပြီး မျက်လုံးကို ပေကလတ် ပေကလတ် လုပ်လျက် မျက်နှာပျက်နေသည်။

"ဘုရားပစ္စည်းတော့ ဘုရားပစ္စည်းပဲ၊ ဌာပနာရသေးဘူးလေ၊ ဒါကို မရောင်းပါဘူး၊ ခဏယူမှာ"

"နို့…ယူပြီး ဘာလုပ်မှာလဲ"

Scanned by CamScanner

"ဒါကို အာမခံနဲ့ အပေါင်ပေးပြီး တစ်နှစ်၊ နှစ်နှစ် အတွင်းမှာ ငွေရှာပြီး ပြန်ရွေးမှာပေါ့၊ ဖေဖေလှူမယ်လို့ ရေစက်ချခဲ့တဲ့ အလှူကို လှူဖြစ်အောင်လှူမှာပေါ့လှုရဲ့..."

"သက်သက်ရယ်...ဒီလိုဆိုရင် ဒါက နှစ်ထောင့်ငါးရာ ထက်မက တန်ချင် တန်နေမှာပေါ့၊ အလွဲသုံးစား လုပ်ပစ်ကြရင် ဘယ့်နှယ့်လုပ်မလဲ..."

သက်သက်မှာ လှုသဘောကျအောင် ရှင်းပြရန် လိုအပ်နေပြန်သဖြင့် စိတ်ရှည်စွာပင် အာခေါင်ခြောက်ခြောက်ဖြင့် ရှင်းပြောပြသည်။

"ဒါကို သက်သက်စဉ်းစားပြီးပါပြီ၊ ဒါကြောင့် ဒီအရပ်ကို ဒီမှာတောင် မပေါင်ပါဘူး၊ ပိုက်ဆံထုတ်ပေးလိုက်တဲ့ ငွေရှင်တွေဆီဘဲ အလျော်အစားသဘောနဲ့ အပေါင်ထားမယ်စိတ်ကူးတယ်၊ ဒါကို အလွဲသုံးစားမလုပ်အောင် ဘုရားပစ္စည်းဖြစ်ကြောင်း ပြောရမယ်၊ သွားလေသူရဲ့ အထမမြောက်ရတဲ့ အလှူပါလို့ ပြောရမယ်၊ ရောင်းလည်းမစားပါနဲ့၊ မထုခွဲပါနဲ့၊ တစ်နှစ်နှစ်နှစ်အတွင်း ဆက်ဆက် ငွေ ၂၅၀၀/-နဲ့ ကျသင့်တဲ့အတိုးနဲ့ လာရွေးပါမယ်လို့ ဦးမြကြီးကို သေသေချာချာ မှာလိုက်မယ်၊ သူတို့လည်း ချမ်းသာတဲ့လူတွေ၊ ဦးမြကြီးတို့ကို ငွေ အတိုးမယူဘဲ ငွေထုတ်မစတဲ့ လူတွေဆိုတော့ စိတ်သဘော သေးကြမယ်တော့ မဟုတ်ဘူး၊ သက်သက်တို့ မရွေးမချင်း သိမ်းထားကြမယ် လို့ ယုံကြည်တာပဲ၊ ဒါနဲ့မှ လုပ်ရက်ရင်လည်း မတတ်နိုင်ဘူး၊ ဒီလို လုပ်မယ်လို့လဲ မထင်ဘူး လှုရယ်..."

လှုသည် ဘာမပြော ညာမပြော ချုံးပွဲချ၍ ငိုလိုက်သည်။

"မငိုပါနဲ့လှုရယ်...ဖြစ်လာမှ လုပ်ရမှာပဲ၊ ဦးမြကြီးအတွက် စဉ်းစားကြည့်စမ်း...ဘာမှ မပေးနိုင်ဘဲ လွှတ်လိုက်ရင် သူ့အပေါ်မှာ ဟိုက အယုံအကြည်ကင်းမဲ့ပြီး ရှေ့အလားအလာတွေ အကုန်လုံးပိတ်သွားမှာ မစိုးဘူးလား။ ဒီတော့ သက်သက်ဘယ်လောက်မြတ်နိုးတဲ့ ပစ္စည်ဖြစ်ဖြစ် အခြေအနေအရ ဒီလိုဘဲ လုပ်ရမှာပဲ၊ အဆုံးထားမှာမှ မဟုတ်ဘဲ ပြန်ရွေးမှာ၊ တိတ်ကွယ် မနက် ကို အဖြစ်အပျက် ဆရာတော့်ဆီ စာရေးပေးလိုက်မယ် မီရာကားနဲ့ လိုက်သွား နော်"

"တစ်နှစ် နှစ်နှစ်အတွင်းမှာ ဒီငွေ နှစ်ထောင်ငါးရာကို ရပါ့မလား သက်သက်ရယ်..."ဟု လှုက ရှိုက်ကာရှိုက်ကာ ငိုရင်းမတ်တတ် ပြောဆိုနေသည်။



"ရအောင်လုပ်ရမှာပေါ့..."

သက်သက်သည် အိပ်ရာပေါ်သို့ ပြန်လှဲကာ နဖူးပေါ်လက်တင်လျက် ခပ်ပြတ်ပြတ်ပြန်ပြောလိုက်သည်။

"သက်သက်ရယ် လှု စိတ်လေးလိုက်တာ၊ ဒီပစ္စည်းတော့ မလုပ်ပါနဲ့ သက်သက်ရယ်နော် မလုပ်ပါနဲ့"

"ခက်တယ်ကွယ် လှုကလည်း အခြေအနေအရ လုပ်တယ်ဆိုရင် နားလည်မှပေါ့၊ ရအောင် ပြန်ရွေးမှာပေါ့၊ နှစ်နှစ်ဆိုတဲ့ အချိန်ဟာ နည်းသလားကွယ်၊ နောက်တရားကို နောက်ထားလိုက်စမ်းပါ၊ ဒါကလေးကို သတိရတာပဲ သက်သက်မှာ ဘယ်လောက် ဝမ်းသာရသလဲ၊ ဖေဖေတို့ မသေခင် ဗေဒင်ဟောတဲ့ ဆရာတော်ကိုပဲ ကျေးဇူးတင်ရသေးတယ်၊ သူဟောပေလို့ လုပ်ဖြစ်ပြီး ကျန်ခဲ့တာ၊ နို့မို့ရင် အခုလောလောဆယ် ဦးမြကြီးကို လျော်ဖို့ဟာ ဘယ်လိုမှ မကြံတတ်ဘူး"

လှုမှာ သက်သက်ကို ဆင်ခြေဆင်လက်တက်၍ မရမှန်းလည်း သိ၏။ မလွှဲသာ မရှောင်သာ၍သာ ခုလို လုပ်မှန်းလည်း သိ၏။ လုပ်သာ လုပ်ရသည် သက်သက် ဘယ်လောက်များ စိတ်ထိခိုက်ပြီးမှ လုပ်ရသည်ကို ပို၍ သိလေသဖြင့် လှုမှာ ယူကျုံးမရ ဖြစ်ရသည်။

သက်သက်မှာ သူ့အဖေကို အချစ်ဆုံးဖြစ်သည်။ စာရေးစားပွဲပေါ်တွင် စာရွက်ဖိသည့် ကျောက်တုံးကလေးကို မီးလောင်ပုံထဲမှ ကောက်ခဲ့ကာ ဖေဖေ သုံးတဲ့ ပစ္စည်းကလေးဟု မျက်ရည်စက်လက်ဖြင့် ပြောလျက် သူ့ခေါင်းရင်းတွင် ကျောက်တုံးကလေးကို အမြတ်တနိုး ကိုးကွယ်၍ ထားသူ ဖြစ်သည်။ မကြာခဏ ကျောက်တုံးလေးကို တယုတယဆုပ်ထားတတ်ကာ အစွဲအလမ်းကြီးကြီးဖြင့် 'ဖေဖေပေးခဲ့တဲ့ အမွေ'ဟု ပြောတတ်သည်။

'လူ့စိတ်ဆိုတာ တစ်သမတ်တည်း နေတာမဟုတ်ဘူး။ စိတ်နေစိတ်ထား အင်မတန် ပြောင်းတတ်တာ၊ ဟောဒီ ကျောက်တုံးကလေးလို မာကျောနိုင်မှ အပြောင်းအလဲနည်းပြီး တည်တည်တန့်တန့်နိုင်မာမှာ'

လှုမှာ သက်သက်လက်ထဲက ကျောက်တုံးကလေးကို ငေးကြည့်လျက် သူပဲ ကြံကြံဖန်ဖန် ပြောတတ်ပလေတယ်ဟု ထင်ခဲ့မိသည်။ ကျောက်တုံးကလေးကို ဆွမ်းတော် မတင်ရုံတစ်မည် ဤမျှလောက် စွဲလမ်းလျက် ရှိသေမြတ်နိုး တန်ဖိုးထားနေသူက လက်လွှတ်စပယ် သူများလက်ထဲ ထည့်

Scanned by CamScanner

လိုက်ရမည့် ရွှေဒေါင်းရုပ်ကလေးအတွက် ဘယ်လောက်များ စိတ်ထိခိုက်မည် ဆိုတာ မတွေးဝံ့သလောက်ဖြစ်၍ လှမှာ အတော်ပင် စိတ်ပင်ပန်း နွမ်းနယ် သွားရှာသည်။

အသီးသီး အိပ်ရာထဲသို့ ပြန်ဝင်ကြသည်။ လှသည် မျက်နှာကို ခေါင်းအုံးတွင် အပ်ကာ ကျိတ်၍ ငိုနေသည်။ သက်သက်ကား စောင်ကြီးကို ခေါင်းမြီးခြုံလိုက်ကာ တစ်ညလုံး ခေါင်းမဖော်တော့ချေ။

❒

# ၃

မွန်းတည့်ပြီး တဖြည်းဖြည်း နေစောင်းလာ၍ သက်သက်မှာ အိပ်ရာမှထပြီး အိမ်ပေါက်ဝသို့ ထွက်ခဲ့သည်။ လမ်းနှင့်အိမ်ကူးရန် ခင်းထားသော တံတားကလေးပေါ်၌ စောင်ကလေးခြုံထိုင်ကာ လှလာမည့် လမ်းဘက်သို့ လည်တဆန့်ဆန့် ဖြစ်နေသည်။

ယနေ့တစ်နေ့လုံး လေယာဉ်ပျံများ မလာကြ။ ဥသြသံ မကြားရ၍ လှအတွက် စိတ်အေးရသည်။ ထောက်ကြံ့သို့ လှကို လွှတ်သာလွှတ်လိုက် ရသည် စိတ်မချ။ သို့ရာတွင် အမြဲတမ်း နို့သက်ခံစို့မည့် ကလေးတစ်ယောက် လို မဖြစ်စေချင်။ သည်လို တစ်ယောက်တည်း သွားလာပေးမှလည်း သူ့အတွက် ကောင်းတယ်ဟု စိတ်ပူစိတ်ကို လှည့်ဖြေနေရသည်။

လမ်းသွား လမ်းလာများသည် အိမ်ရှေ့မှ ခပ်သုတ်သုတ်လျှောက်သွား ကြသည်။ ဂျပန်စစ်ကားများမှာ ဥဒဟိုဖြတ်မောင်းနေကြသည်။ စစ်သားတွေ ကြည့်ရသည်မှာ စုတ်စုတ်ပြတ်ပြတ်နှင့် ညစ်ပတ်လှသည်။ သူတို့တစ်တွေ ရက်စက် ကြမ်းကြုတ်ကြပုံ၊ နိုင်ထက်ကလူ ပြုကြပုံများမှာ သူတို့ အင်္ကျီရုပ် တွင် အကွင်းသား ထင်းနေလျက် မျက်နှာပေါက် ဆိုးကြသည်။ မြင်းလှည်းများ၊ လန်ချားများ လူသွားလူလာများ ဖြတ်၍လာတိုင်း လှများပါလာမလား၊ လှ များ ဖြစ်နေမလားနှင့် လည်တိုင်ကလေးကို ဆန့်ကာ လှမ်း၍ ကြည့်သည်။

အနားရောက်ပြီး ဖြတ်ကျော်သွားကြ၍ ပါမလာမှ သက်ပြင်းကြီးချလျက် လည်ဆန့်ကာ မျှော်ပြန်လေသည်။

လှမှာ မနေ့က ရောက်သင့်ပါလျက် ပြန်ရောက်မလာချေ။ သည့်အတွက် တထင့်ထင့် ဖြစ်နေရသည်။ ဒီနေ့ မရောက်မှာကို တွေးပူစိုးရိမ်နေမိသည်။ ဘာများ ဖြစ်ပြန်ပါလိမ့်၊ ဘာပြုလို့ မနေ့က မလာပါလိမ့်ဟု ပူပင်သောက ရောက်ကာ စိတ်မောလှသည်။

"သက်သက်"

သက်သက်သည် လန့်လန့်ဖျပ်ဖျပ် လှည့်ကြည့်လိုက်သည်။ ကျောခိုင်းထားသော နောက်၌ ဘယ်အချိန်က ဦးမြကြီး ရောက်နေသည် မသိ။

"ဦးပါကလား"

"အေးကွယ်၊ ဒီနေ့ ညနေ လှကို လွှတ်မယ်ဆိုပေမယ့် ဦးပဲ လာခဲ့တယ်၊ ဘယ့်နှယ်လဲ သက်သက်၊ အကြောင်းများ ထူးမလား"

"ဟုတ်ကဲ့၊ ဒီနေ့ညနေ အကြောင်းပြန်ဖို့ပဲ၊ လှကို မနေ့က ဒီကိစ္စနဲ့ ထောက်ကြံ့လွှတ်လိုက်တာ မနေ့က ပြန်မလာဘူး၊ ကားမမီလို့လား၊ ဆရာတော်ဘုရား မရှိလို့လားနဲ့ စိတ်ပူပြီး ထွက်မျှော်နေတာပဲ"

"ဟော…လှ မရှိဘူးလား၊ ရန်ကုန်က ကားတွေတော့ တစ်စင်းပြီး တစ်စင်း ဝင်နေတာပဲ"

"ဒီကနေ့တော့ သူ လာမှာပါပဲ အကြောင်း ညီညွတ်ညွတ်၊ မညီညွတ်ညွတ် သူ ပြန်လာမှာပါဘဲ"

"ဟော-ပြောရင်းဆိုရင်း ဟိုက လာနေတာ လှ မဟုတ်လား"

သက်သက်သည် လှည့်ကြည့်လိုက်သည်။ မြင်းလှည်းပေါ်မှ ဆင်းလာသော လှ၏ မျက်နှာမှာ နီရဲလာလျက် မျက်နှာမကောင်း၍ နေရာမကျခဲ့ဘူးလားဟု ရင်ထဲတွင် ထိတ်ပျာသွားသည်။

"လှရယ်၊ မနေ့က ပြန်မရောက်လာလို့ သက်သက်ပူလိုက်ရတာ၊ ဦးတောင် လာစောင့်နေပြီ၊ ကဲ-အိမ်ထဲ ဝင်ကြရအောင်"

လှမှာ မျက်နှာပျက်ပျက်ဖြင့် တိတ်ဆိတ်စွာပင် နောက်မှ ဝင်လိုက်ခဲ့သည်။ ဦးမြကြီးကို နေရာထိုင်ခင်းပေးပြီးမှ ဦးမြကြီးမမြင်အောင် သက်သက်က မျက်စချီ၍ မေးထိုးပြလိုက်သည်။ ထိုအဓိပ္ပာယ်မှာ 'ပါရဲ့လား' ဟူသော အဓိပ္ပာယ်ဖြစ်ကြောင်း သိ၍ လှမှာ ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြလိုက်သည်။



ထိုအခါ သက်သက်မှာ ရင်ခေါင်းထဲသို့ အလုံးကြီး ပြန်ကျသွားလေကာ ဦးမြကြီးဘေးတွင် ဝင်ထိုင်လိုက်သည်။

"သက်သက် အဖျားတက်သေးသလား ဟင်"

"မတက်ဘူး လှ၊ ပြောပါဦး မနေ့က ဘာပြုလို့ မလာသလဲ"

"ဆရာတော် လှည်းကူးကြွနေလို့ ကျောင်းမှာ တစ်ညစောင့်အိပ်ရတယ်၊ မနက်ကမှ ပြန်ကြွလာလို့၊ ပြောဆို လျှောက်ထားပြီး ကပျာကယာ ပြန်ခဲ့ရတာ"

ဦးမြကြီးမှာ သက်သက် မျက်နှာတစ်လှည့်၊ လှကို တစ်လှည့် ကြည့်ကာ စိတ်ထဲ၌ သူ့ကိစ္စ ချော၊ မချော သိပ်သိချင်လျက် တကြောင့်ကြကြ ဖြစ်၍ နေသည်။

"သွားလေသူတွေအတွက် ဆရာတော်ဘုရား စိတ်မချမ်းသာတဲ့ အကြောင်း ပြောလိုက်တာ မဆုံးနိုင်ပါဘူး၊ ဆရာတော်လည်း ကြွလာမလို့ ဆဲဆဲဘဲ၊ ကောင်းကောင်း မမာတာနဲ့ ဆိုင်းနေတာတဲ့၊ နောက်ပြီး ဒါကို ကိစ္စပြီးရင် ဆက်ဆက်ပြန်ပေးဖို့ သက်သက်ကို ပြောလိုက်တယ်"

လှသည် ပြောပြီး လွယ်အိတ်ထဲမှ နှိုက်၍ စက္ကူဘူးကလေးကို ထုတ်ကာ သက်သက်ကို ကမ်းပေးလျက် သက်သက်နားတွင် ဝင်ထိုင်လိုက်သည်။

ဦးမြကြီးမှာ အကြောင်း ဘာမှန်းမသိ ဖြစ်လျက် နေတုန်းပင်၊ ငွေထုပ်ကိုသာ မြင်လိုစဉ် ငွေထုပ်မဟုတ်ဘဲ စက္ကူဖြင့် ပတ်ထားသော စက္ကူထုပ်ကလေးကို မြင်ရလျက် မိမိကိစ္စနှင့် ဆိုင်မည်၊ မဆိုင်မည် မစဉ်းစားတတ်သလောက် ဖြစ်နေသည်။

သက်သက်သည် စက္ကူဖတ်များကို ဖြည်းလေးစွာ ခွာယူနေသည်။

လှသည် ခေါင်းငုံ့ချလိုက်သည်။ ဦးမြကြီးမှာ ငုံ့သွားနေသော လှကို တစ်လှည့်၊ သက်သက် ဖြေနေသောဘူးကို တစ်လှည့် အသက်မရှုဘဲ ကြည့်လိုက်သည်။

လှမှာ ငုံ့နေပြီး မျက်ရည်များ ဖျာပေါ်သို့ တတောက်တောက် ကျဆင်းနေသည်ကို တွေ့ရပြန်၍ ဘာများပါလိမ့်ဟု ပို၍ အနေရခက်လာသည်။

သက်သက်က စက္ကူဘူးကလေးကို ဖွင့်လိုက်သည်။ စိန် တစ်လက်လက် မြတလက်လက်ဖြင့် ဘူးထဲမှ ခုန်ထွက်လာသော ရွှေခေါင်းရုပ်ကလေးကို မြင်မြင်ချင်း ဦးမြကြီးမှာ အံ့အားကြီး သင့်သွားသည်။

Scanned by CamScanner

“ဦးကြီး…”

“ဘာတုံး သက်သက်”

“သက်သက်တို့တော့ ငွေမပေးနိုင်ပါဘူး ဦးကြီးရယ်၊ ဒီအရုပ်ကလေးဘဲ ယူသွားစေချင်တယ်၊ ဒီအရုပ်ကလေးဟာ နှစ်ထောင့်ငါးရာ ထက်မက တန်ပါတယ်၊ ဒီအရုပ်ကလေးကို ဖေဖေမသေခင်က သူ့ဗာတာညံ့လွန်းလို့ ဆရာတော် အမိန့် ရှိတဲ့အတိုင်း ယတြာချေရအောင် ဘုရားမှာ ဌာပနာလှူဖို့ လုပ်ခဲ့တာ၊ စေတီ မပြီးသေးလို့ အလှူတောင် အထမမြောက်သွားရှာဘူး၊ ပစ္စည်းဆိုလို့ သက်သက် တို့မှာ ဒါပဲ လျော်စရာရှိတယ် ဦးကြီးရယ်”

“ဟာ-သက်သက်ရယ်”

ဦးမြကြီးမှာ ရင်တွေပန်းတွေ တုန်သွားလျက် ဆို့လာလေသည်။ လှမှာ တရှုပ်ရှုပ် ငိုနေလေသည်။

“ဒါနဲ့ အလျော်စားပေးတာ မဟုတ်ပါဘူး ဦးကြီးရဲ့၊ သက်သက်တို့ငွေ နှစ်ထောင့်ငါးရာ မပေးနိုင်ခင် စပ်ကြား အပေါင်သဘောမျိုး ထားရမှာပါ၊ အတိုးလည်း ယူပေါ့၊ ဒီကြားထဲ ငွေမြန်မြန်ရှာပြီး ပြန်ရွေးပြီး ဘုရားမှာ လှူလိုက်မှာပါ၊ တခြားမှာလည်း မပေါင်ချင်ဘူး ဦးကြီးရဲ့၊ ရန်ကုန်က လူတွေက စိတ်ကောင်း ရှိကြတယ် မဟုတ်လား”

ဦးမြကြီးသည် ခေါင်းကို ဖြည်းဖြည်းမော့ကာ ခြောက်သွေ့လှသော အသံဖြင့် ပြန်၍ ပြောသည်။

“စိတ်ကောင်းရှိပါတယ် သက်သက်ရယ်၊ မအေကြီးက ဘုရား၊ တရားနဲ့ နေတာပါ၊ အင်မတန် စိတ်သဘောဖြူစင်တယ်၊ ဦးကိုလည်း အင်မတန် ခင်ကြ၊ အင်မတန် သနားကြတယ်”

“ဒီလိုကြားရတာ ဝမ်းသာလိုက်တာ ဦးကြီးရယ်၊ ယူသာသွားပါ၊ အဖြစ်အပျက်လည်း ပြောပြပေါ့၊ ဒီတော့မှ ဦးကြီးအပေါ်လည်း ယုံကြည်ကျေနပ်သွားမယ်၊ တစ်နှစ်၊ တစ်နှစ်ခွဲအတွင်းလောက် ဥစ္စာရှင်က လာရွေးရင် ပေးဖို့ အကြောင်းသာ ဆက်ဆက် တောင်းပန်ပေးပါ”

ဦးမြကြီး၏ တစ်ကိုယ်လုံးမှာ ကျဉ်စက်၍ သွားသည်။ ဝိုင်းဝိုင်းလည်နေသော မျက်လုံးတွင် မျက်ရည်များ ပြည့်လာသည်။ ငိုသံပါကြီးနှင့် ပြန်ပြောမိသည်။



“ဒါကတော့ သက်သက်ရယ်၊ ဖြစ်တဲ့အကြောင်း ပြောပြရင် သူတို့ မထုခွဲပါဘူး၊ သူတို့လည်း စိန်ပေါင်၊ ရွှေပေါင် ခံနေကြတာပဲ၊ သူတို့ချမ်းသာကြပါတယ်၊ ဦးက ဒါကို သက်သက်ဆီက ယူသွားဖို့ အတော် စိတ်မကောင်းဘူး”

“ယူသာ သွားပါဦးရယ်၊ ယူသွားလို့ သက်သက်တို့ကို မညှာမတာပြုရာ မရောက်ပါဘူး၊ နှစ်ဖက်စလုံး ကောင်းရာကောင်းကြောင်း လုပ်ကြတာပဲ၊ သက်သက် ရွေးမှာပါ၊ စိတ်ချပါ”

ဦးမြကြီးမှာ တွေဝေငေးမောကာ စိတ်မချမ်းမသာ ဖြစ်လှပုံပေါ်နေသည်။

သက်သက်သည် လှ၏ ကျောကို သပ်လိုက်ကာ “လှရယ် မငိုနဲ့လေ၊ သက်သက် ပြန်ရွေးမှာပေါ့”ဟု ညင်သာစွာ ချော့ပြောလျက် “ဦးရယ် သက်သက် သွားရွေးရင် ပေးပါတယ်နော်” ဟု စိတ်ချရအောင် ထပ်မေးလိုက်ပြန်သည်။

“ဒါကတော့ စိတ်ချပါ၊ မပေးမဲ့ လူစားတွေ မဟုတ်ပါဘူး၊ ဦးအာမခံပါတယ်၊ ဒီအဖြစ်အပျက် သိသွားရင် ယူတောင် ယူကြပါ့မလား မသိဘူး”

“ဦး ဒီအဖြစ်အပျက်တော့ ဖွင့်ပြောပြလို့ မဖြစ်ဘူးထင်တယ်။ ဒီလို လုပ်ကြရတာ သူများသိလို့လည်း မတော်ပါဘူး၊ ဦးကြီးပြောတဲ့အခါမှာ သက်သက်တို့တစ်တွေရဲ့ နာမည်တွေတောင် ထုတ်ဖော်ပြီး မပြောစေချင်ဘူး၊ လိုးလွဲပြီး ပြောဖို့ရာတော့ ဦးကြီးကို မှာပါရစေ၊ အပေါင်ခံဖို့ရာလည်း ပြောပေါ့၊ ဖေဖေတို့ ဘယ်သူဘယ်ဝါရယ်လို့ မပြောခဲ့ပါနဲ့ ဦးကြီးရယ်”

ဦးမြကြီးက တာဝန်ခံသည်။

“မပြောစေချင်ရင် မပြောပါဘူး သက်သက်ရယ်၊ သက်သက် ပြန်ရွေးရင် သူတို့ ပြန်ပေးဖို့တော့ ဦးကြီးတာဝန်ထားပါ”

သက်သက်သည် ဒေါင်းရုပ်ကလေးကို စက္ကူဘူးထဲထည့်လျက် စက္ကူနှင့် ပြန်ပတ်ထုပ်ရင်း “သူတို့နေတာက ရန်ကုန် ဘယ်လမ်းမှာလဲဦး” မေးကြည့်လိုက်သည်။

“ဒေါ်သီ ကုက္ကိုင်း၊ ခြံနံပါတ် ငါးဆယ်ဆိုရင် ရောက်ပါတယ်”

သက်သက်သည် စက္ကူဘူးကို ဦးမြကြီးသို့ လှမ်းပေးလိုက်သည်။

Scanned by CamScanner

ဦးမြကြီးမှာ နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်လျက် အသံလည်း ထွက်မလာ။ စိတ်မချမ်းမြေ့စွာ ယူကျုံးမရဟန် ရှိသည်။ မျက်ရည်များ ဝဲလျက်ဖြင့် တုန်တုန်ယင်ယင်နှင့် လှမ်းယူလိုက်သည်။

"သက်သက် မှာတာတွေ မှာသလိုဖြစ်ဖို့ ဦးကြီး ဂရုစိုက်ပါနော်"

လှသည် မျက်ရည်များသုတ်ပြီး မှာကြားနေသည်။

"စိတ်ချ လှ၊ အားလုံး စိတ်ချပါ၊ သက်သက်မှာတဲ့အတိုင်း ဖြစ်ရစေမယ်၊ မနက်စောစော လိုက်သွားပြီး ညနေ ပြန်ခဲ့မယ်"

စက္ကူဘူးကလေးကို အိတ်ထဲသို့ ထည့်လျက် ကြယ်စေ့တပ်ကာ ထလေ၏။

"ကိုင်း-သွားမယ်နော်၊ စိတ်ချပါ သက်သက်"

ဦးမြကြီးက နှုတ်ဆက်ပြီး ထွက်သွားသောအခါ လှမှာ ဦးမြကြီးကို မျက်လုံးထဲမှ ပျောက်ကွယ်သွားသည်အထိ မျက်စိတစ်ဆုံး ငေး၍ ကြည့်နေသည်။

နောက်တစ်နေ့ ညနေတွင် လှသည် စာသင်ရာ အိမ်မှ အိမ်သို့ တန်းမပြန်ဘဲ ဦးမြကြီးတို့အိမ်သို့ တန်းသွားသည်။ ခရီးရောက်မဆိုက်ဖြစ်နေသော ဦးမြကြီးကို ပက်ပင်း၌ပင် သွားတွေ့သည်။

"လှ…လာ…လာ"

"ဦး နေရာကျခဲ့လား"

"ကျခဲ့တယ်"

"မထိုင်တော့ဘူး ဦးရယ်၊ ဒီလိုဆိုရင် သက်သက်ကို လိုက်ပြောပါဦး"

"ဟုတ်ပါတယ်တော်၊ သွားပြောလိုက်ပါဦး၊ သူ့ခမျာ ဘယ်လောက် သိချင်ရှာမလဲ၊ ခုပဲရောက်တာလှရဲ့"

ဒေါ်ဖြောသည် လှတို့ ထွက်သွားသည့် အနောက်မှ "ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေလို့ သက်သက်ကို ဆုတောင်းတယ်လို့ ပြောလိုက်ပါ လှရယ်" ဟု လှမ်းမှာပြောလိုက်သည်။

သက်သက်သည် အိပ်ရာမှ ထလိုက်ကာ အနားလာထိုင်သော ဦးမြကြီးအား ပြုံးလျက် "ဦး နေရာကျခဲ့လား…"ဟု မေးလိုက်သည်။



"ကျပါတယ်ကွယ်၊ ဦးကလည်း သက်သက်မှာတဲ့အတိုင်း ကြည့်ပြောရတယ်။ ငွေကို ပွဲစားလက်ထဲထည့်လိုက်တာ ဖုံးကြဲတာနဲ့ ခမျာမျာလည်း ပြေးရင်း လွှားရင်း ငွေထုပ် ကျပျောက်တယ်။ ဒီတော့ ခင်ဗျားတို့ ဒီလိုပြောရုံနဲ့ မပြီးဘူး။ ကျုပ်ကို ယုံကြတော့မှာ မဟုတ်ဘူး။ အလျော်အစားမပေးရင် မဖြစ်ဘူးလို့ ပြောတော့ ငွေမလွယ်လို့ ဒီအရုပ်ကလေးပဲ ခမျာမျာ ပေးလိုက်တယ်။ ဒီအရုပ်ဟာ သူ့အဖေမသေခင်က ဘုရားလှူဖို့လုပ်ထားတာ၊ ကိုယ်တိုင် မလှူ ဖြစ်သွားဘူး။ အဲဒါက သူက လှူမယ့်ဆဲဆဲ ငွေမလွယ်လို့ ပေးလိုက်ပါတယ်။ အပေါင်ထားပြီး ထုံးစံအတိုင်း အတိုးလည်းယူပါ၊ တစ်နှစ်၊ နှစ်နှစ် အတွင်း အကြာဆုံးထားမှာပါ၊ သူတို့ ပြန်ရွေးပါလိမ့်မယ်။ ပြန်ပေးဖို့ အာမခံပါ ဆိုလို့ ကျုပ်လည်း အာမခံပြီး ယူလာခဲ့တယ်လို့ ပြောပြလိုက်တယ်"

"ဒီတော့ ဘာပြောသလဲ"

လှက မေးလိုက်သည်။ သက်သက်မှာ တွေ၍ ငေးငိုင်နားထောင်လျက် နေသည်။

"ဒီတော့လား၊ ဒီတော့ မအေကြီးက စိတ်မကောင်းရှာဘူး၊ ဒီအရုပ်ဟာ ဘုရားနဲ့ပဲ ထိုက်ပါတယ်တဲ့၊ ယူတောင် မယူရက်ပါဘူးတဲ့။ ဒါပေမဲ့ ကားဝယ်ဖို့ ပေးလိုက်တဲ့ငွေက သူတို့ငွေ မဟုတ်ဘူးတဲ့လှရဲ့။ သူတို့မိတ်ဆွေ တစ်ဦးက ကားလိုချင်တယ် ဆိုလို့ သူ့မိတ်ဆွေဆီက တောင်းပြီး ပေးလိုက်ရတဲ့ ငွေတဲ့"

"သြော်…ဒါဖြင့် ငွေရှင်က တစ်ဦးပေါ့"

"အေး…လှရဲ့၊ ငွေရှင်က တစ်ဦး၊ ဒါကြောင့် အမယ်ကြီးက ဒီအရုပ်ရှင်ကို ပြောလိုက်ပါတဲ့၊ ဒီအရုပ်ကို သူတို့ပဲ ယူထားပြီးသိမ်းထားမယ်၊ ဥစ္စာရှင်ကို သူတို့ကဘဲ ငွေစိုက်ပေးလိုက်မယ်တဲ့၊ နောက်ပြီးအတိုးလည်း မလိုချင်ဘူးတဲ့၊ ငွေရင်းအတိုင်းပဲ မြန်မြန်ရွေးပါ၊ ပြန်ပေးပါ့မယ်တဲ့"

"ဝမ်းသာပါတယ် ဦးရယ်၊ သက်သက် စိတ်အေးပါပြီ"

ဦးမြကြီး ထပြန်သွားသောအခါ သက်သက်သည် အိပ်ရာပေါ်တွင် လှဲချလိုက်သည်။ ခေါင်းရင်းက ကျောက်တုံးကလေးကို လှမ်းယူလိုက်ကာ လက်ထဲတွင် အကြာကြီး ဆုပ်ကိုင်၍ ထားသည်။ ကျောက်တုံးကလေး၏ စွမ်းအင် တန်ခိုးသည် သက်သက် စိတ်ကို တည်ငြိမ်စေသည်။ သက်သက်

Scanned by CamScanner

စိတ်ကို တင်းနိုင်စေသည်။ စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းသမျှကို သည်းခံနိုင်အောင် အားပေးနိုင်စွမ်း ရှိသည်။

❐

# ၄

ဆောင်းဦးသို့ ရောက်လာပြီ ဖြစ်၏။ အေးမြသော လေသစ်သည် လွင့် တိုက်လာသည်။ ပန်းနံ့များမွှေးထုံ၍ လာလေသည်။ သစ်လွင်လာသည့် နေ့ရက် တို့သည် တစ်နေ့ထက် တစ်နေ့ ကြည်လင်တောက်ပလျက် ရှိတော့သည်။ သက်သက်မှာ အိမ်ရှေ့၌ နေစာလှုံနေသည်။ နေခြည်များ ထိုးဖောက်ကျရောက်နေသော သစ်ပင်၊ သစ်ကိုင်းတို့သည် စိမ်း၍ ဝင်း၍ နေကြသည်။

အဖျားပြတ်ကာ နာလန်ထစ စားဝင်အိပ်ပျော်ဖြစ်လာမှ အားအင်များလည်း ပြည့်တင်းလာသည်။ နေ့စဉ်နေ့တိုင်း ဒေါင်းရုပ်ကလေးကို ရွေးယူရေးကိစ္စမှာ ခေါင်းထဲက မထွက်။ မပြတ်မလပ် ကြံစည်အားထုတ် တွေးတောလျက်သာ နေခဲ့သည်။ သက်သက်မှာ နေရောင်ခြည်ထဲတွင် ထိုင်နေလျက် တောင်တွေး မြောက်တွေးဖြင့် စိတ်ကူးဉာဏ်ပေါ်လာကာ ရန်ကုန်သွား၍ အလုပ်ရှာရန် စဉ်းစားနေသည်။

လှအတွက် လှကိုထားခဲ့ကာ ခွဲနေကြလျှင် လှအားငယ်နေရှာမည်ကို တွေးမိလျက် သနားသွားပြန်သည်။ မခွဲမခွာဘဲ ပဲခူး၌ပင် အလုပ်ရှာလုပ်ရန်မှာ အလုပ်ရရန်မလွယ်၊ အရောင်းအဝယ်လုပ်ရန်ကလည်း အရင်းအနှီး မရှိကြ၊ လှ လုပ်စာကလေးနှင့် ငွေစုဆောင်းမိရန် မဖြစ်နိုင်။ သက်သက်သည် ရန်ကုန်သွားမှပဲဟု နောက်ဆုံး ပိုင်းဖြတ်လိုက်သည်။

Scanned by CamScanner

သက်သက်က လှကို ရန်ကုန်တွင် အလုပ်ရှာမည့်အကြောင်း ပြောပြလိုက်သည်။ လှမှာ သက်သက် ရန်ကုန်သွား အလုပ်ရှာရန် သဘောမတူနိုင်ဘဲရှိ၏။ စာသင်ပေးရမည့် အိမ်နှစ်အိမ် နောက်ထပ်တိုးလာ၍ စုစုပေါင်း ၁၅ဝိ/-ရမည့် ဝင်ငွေအနက်မှ လစဉ် ၁ဝဝိ/-စုသွားလျှင် တစ်နေ့ အရပ်ကို ရွေးနိုင်မည်ဟု သက်သက် မသွားရန် တားမြစ်သည်။

"ဒီအရပ်ကို မြန်မြန်ရွေးချင်တယ်၊ လှက တစ်ရာစုပြီး၊ ငါးဆယ်သုံးမယ်ဆိုတာ ငါးဆယ်နဲ့ လောက်ကြတာလည်း မဟုတ်ဘူး။ ဘယ်လောက်ကျပ်တည်းသလဲ၊ ဈေးတွေကလည်း တစ်နေ့တခြား ခုန်တက်နေတာ။ ဂျပန်ပိုက်ဆံငါးဆယ်ဟာ ဘာများ သုံးနိုင်လို့လဲ လှရယ်၊ ရှေ့လေးငါးလဆိုရင် ကြည့်နေ အခု ရမယ့် တစ်ရာ့ငါးဆယ် ဟာ အခု သုံးနေကြတဲ့ ငါးဆယ်ထက် ကျပ်လိမ့်ဦးမယ်၊ ဘယ်နည်းနဲ့မဆို လေးငါးဆဈေးတက်ဦးမှာ၊ ဒီတော့ တစ်ရာ့ငါးဆယ်နဲ့လည်း နှစ်ယောက် လောက်မှာ မဟုတ်ဘူး။ သက်သက် သွားပါရစေ"

"သက်သက်က ဘယ်အလုပ်ရှာမှာလဲ"

"ဘယ်အလုပ်ဖြစ်ဖြစ်ပေါ့၊ စားတဲ့သောက်တဲ့စရိတ်အပြင် တစ်လကို တစ်ရာ့ငါးဆယ်လောက်၊ နှစ်ရာလောက် မှန်မှန်ကြီး စုသွားနိုင်မယ့် အလုပ်မျိုး သက်သက် လုပ်ချင်တာပဲ"

လှမှာ မဖြစ်နိုင်တာကြီးကို သက်သက်စိတ်ကူးနေတယ်ဟု တွေးထင်မိသည်။ စားစရိတ်၊ နေစရိတ်တွေအပြင် ၁၅ဝိ၊ ၂ဝဝိ အသားတင် ပိုက်မိသည့်အလုပ်မှာ တစ်လ သုံးလေးရာခန့်ရမှ ဖြစ်နိုင်မည့်အတွက် သည်လခမျိုး ရဖို့ ခဲယဉ်းမှန်း သိလေသည်။

"ခက်သားပဲ သက်သက်ရယ်"

"ဘာဖြစ်လို့လဲ"

"အလုပ်တိုက်တွေ၊ အလုပ်ရုံးတွေမှာ အများဆုံးပေးလှရင် တစ်ရာ၊ တစ်ရာ့ငါးဆယ်ပဲ၊ ဒီအထဲ စားစရိတ် နေစရိတ် နှုတ်ရင် သက်သက်ပြောသလို ဘယ်ငွေ တစ်ရာ့ငါးဆယ်၊ နှစ်ရာပိုမှာလဲ၊ တစ်လ သုံးလေးရာရမယ့် အလုပ်တော့ မရနိုင်ဘူး ထင်တယ် သက်သက်ရယ်"

"မလွယ်ဘူးဆိုတာတော့ တွေးမိပါရဲ့၊ ဒါပေမဲ့ ဒီလိုနေလို့လည်း မဖြစ်ဘူး လှရဲ့၊ အလုပ်တော့ ရှာမှပဲ၊ ဒီမှာ အလုပ်ရဖို့က ခဲယဉ်းတယ်၊ သွားပါရစေ လှရယ်"



"လှတစ်ယောက်တည်း သက်သက်ရယ်"

လှမှာ မျက်ရည်များဝဲလာကာ မျက်နှာပျက်သွားသည်။ မလွဲမရှောင်သာ၍ သက်သက် ခွဲသွားဖို့ ကြံရွယ်ရသည့်အတွက် ငွေဖျောက်ပစ်ခဲ့သော မိမိအပြစ်ကို မိမိပေါ်သာ ပုံချလျက် မချိတင်ကဲ ဖြစ်မိသည်။

"ဒါကို သက်သက် စဉ်းစားပါတယ်၊ လှကိုပါ ခေါ်သွားရင် နှစ်ယောက်စရိတ်ဖြစ်နေလို့ ခဲယဉ်းတာ တွေ့နေရပြန်တယ်၊ ဒီတော့ ခေတ္တခဏ ခွဲနေကြရတဲ့ အတွင်းမှာ လှကို ဟိုဘက်ခန်းက ဒေါ်ထားနဲ့ အပ်ခဲ့မယ်။ လှရတဲ့ လခနဲ့ လှ ဖန်တီးပြီးနေ၊ သက်သက်ကလည်း ရှာလို့ရတဲ့ အလုပ်နဲ့ နေ၊ တစ်နှစ်၊ နှစ်နှစ်လောက်ခွဲလုပ်ကြရင် သက်သက်တို့ ရည်ရွယ်ချက်ဟာ ဖြစ်ရမှာပဲထင်တာပဲ"

"အကြာကြီးပဲ သက်သက်ရယ်၊ ခွဲနေရမှာကလဲ"

"ရန်ကုန်နဲ့ ပဲခူးဟာ အိမ်ဦးနဲ့ ကြမ်းပြင်ပါလှရယ်၊ သက်သက်ကလည်း လာကြည့်နိုင်တယ်၊ လှကလည်း လာကြည့်နိုင်တယ် မဟုတ်လား"

လှမှာ ဆက်မတားနိုင်တော့ပေ။ သက်သက်က ခွဲချင်၍ ခွဲသွားခြင်းမဟုတ်ဘဲ မိမိကြောင့် ခွဲသွားရသူအား အတားအဆီး အနှောင့်အယှက် လုပ်နေရန် မသင့်သောကြောင့်သာ နှုတ်ဆိတ်နေလိုက်ရသည်။

"လှ နားထောင်မယ် မဟုတ်လားကွယ်"

လှသည် သက်သက်၏ မျက်နှာကို တစ်ချက်ကြည့်လျက် ပါးပေါ်ကျလာသော မျက်ရည်စတွေကို သုတ်ပစ်လိုက်သည်။ ထို့နောက် နှပ်တစ်ချက်ရှုံ့လိုက်ပြီး မဲ့ပြုံးကလေး ပြုံးလိုက်သည်။

"နားထောင်ဆိုရင်လည်း ထောင်ပါ့မယ်…"

သက်သက်၏ မျက်လုံးထဲတွင် မျက်ရည်များ စို့လာ၍ မဝဲနိုင်အောင် အနိုင်နိုင်ချုပ်တည်းထားလိုက်ရသည်။ လှမှာ မိဘလက်ထဲနေစဉ် ကလေးငယ်ကလေးပမာ ပြုမူပြောဆိုနေတုန်းပင် ဖြစ်သည်၊ လှသဘောတူသွား၍ စိတ်နှလုံးပေါ့ပါးသွားရသည်။ သက်သက်သည် လှကိုဖက်လိုက်သည်။

"လှတော့ ရတဲ့ တစ်ရာ့ငါးဆယ်ကို ငါးဆယ်ပဲ သုံးမှာပဲ၊ ဘာပဲဖြစ်နေနေ တစ်ရာတော့ စုမှာပဲ၊ အရပ်ရွေးဖို့ လှလည်း စုပေးမယ်။ အဲသလို မလုပ်ရဘူး၊ လက်မခံဘူးဆိုရင်၊ လှလည်း ဒီမှာ မနေဘူး လခ များများရမယ့် ရန်ကုန်မှာ အလုပ်သွားရှာမယ်"

Scanned by CamScanner

လှက နှုတ်ခမ်းကလေးစူလျက် မျက်နှာမဲ့မဲ့ဖြင့် ပြောနေသည်။ သက်သက်သည် လှ၏ လက်မောင်းကလေးကို ဖျစ်ညှစ်လိုက်လျက်

"ကဲ...ကဲ တစ်ရာတော့ မစုနဲ့၊ ငါးဆယ်စု တစ်ရာကိုသုံး၊ တစ်လ ငါးဆယ်စုရင် ဆယ်လ ငါးရာ ရမယ်။ သက်သက်က ဆယ်လ နှစ်ထောင်များ စုနိုင်ခဲ့ရင် တစ်နှစ်လောက်ပဲ အရေးကုန်ကြာမှာပဲပေါ့"

လှသည် မျက်နှာ မအိုတော့ဘဲ ရွှင်လန်းလာပုံရကာ မျက်နှာလေး ကြည်ကြည်သာသာနှင့် ပြုံးရယ် ခေါင်းညိတ်၍ နေသည်။ သက်သက်မှာ မိမိ အလိုသို့ လိုက်ကာ မျက်နှာလေးကြည်သာလာသော လှကိုကြည့်လျက် နေပူထဲ၌ ရေအေးအေး တစ်ခွက်ကို ကျိုက်ချလိုက်ရသကဲ့သို့ ရင်ထဲ၌ အေးမြသွားမိသည်။

"ရန်ကုန်သွားတော့ သက်သက် ဘယ်မှာ တည်းမှာလဲ"

"သက်သက်တော့ သန်းသန်းတို့အိမ်ကို မသွားချင်ပါဘူး၊ ကရင်မလေး ရိုစီဆီမှာပဲ တည်းမယ် စိတ်ကူးတယ်၊ အခုဆိုရင် ဆေးရုံမှာ 'စစ္စတာ' များ ဖြစ်နေပြီလား မသိပါဘူး"

"ကောင်းပါတယ် သက်သက်ရယ်၊ သူက သိပ်ရိုးတာ၊ ဟန်ကြီးပန်ကြီး မလုပ်ဘူး၊ သက်သက်ကိုလည်း သိပ်ခင်တာဘဲ၊ သူ့ဆီမှာ တည်းပြီး အလုပ်ရှာပေါ့"

သက်သက်သည် တစ်ဖက်ခန်းမှ ဒေါ်ထား ဈေးပြန်ချိန်စောင့်ကာ သက်သက်သွားလျှင် လှကို ဒေါ်ထားနှင့် တစ်ခန်းတည်းနေရန် အပ်နှံလိုက်သည်။ ဒေါ်ထားမှာ ဈေးထဲတွင် အထည်ဆိုင်တစ်ဆိုင်၌ စက်ချုပ်သော အလုပ်နှင့် လှတို့အိမ်ခန်း လခနှင့် ခပ်ကုပ်ကုပ်နေသူ ဖြစ်သည်။ စကားများတာ တစ်ခုပဲ ပြောစရာရှိလျက် စိတ်ကောင်း သဘောကောင်းရှိကာ မည်သူ့ကိုမျှ အဖော်မလုပ်၊ တစ်ကိုယ်တည်း နေတတ်သူ ဖြစ်သည်။

"တစ်ယောက်တည်းပဲဟာ၊ ပေါင်းနေတာပေါ့၊ အခန်းတော့ငှားလိုက်မယ်၊ ခုနေခါ အစစအရာရာ ကျပ်တည်းနေတာ၊ ဆီတစ်ပုံး တစ်ရာတဲ့၊ ဆင်းရဲသားတွေ ဘယ်လိုလုပ်စားမလဲ၊ အခုအထည်ကြမ်းကြီးတွေတောင် ဈေးတက်ပြီ၊ ကြက်သွန်ဆိုတာလည်း မြင်တောင် မမြင်ရဘူး၊ ဂျပန်လာမှ လူတွေလည်း အစုတ်နဲ့၊ အပြဲနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေကြတာပဲ"



သက်သက်မှာ ဒေါ်ထားနှင့် စကားပြောလျှင် သူ့စကားဆုံးအောင် စောင့်နေရစမြဲပင်။ စကားပြောမိသည်နှင့် တော်တော်နှင့် မဆုံးတော့၊ တတွတ်တွတ် ပြောနေသဖြင့် စမိသည့်အတိုင်း မပြီးမချင်း အောင့်အည်းကာ စောင့်ရသည်။

"ဂျပန်မယားတွေပဲ ဆီတို့၊ သကြားတို့ လှိုင်ဘောလည်အောင် သုံးနိုင်ကြတာ၊ ထန်းလျက်နဲ့ ကော်ဖီ သောက်ရတဲ့ ခေတ်ကြီး၊ ထန်းလျက်ဈေး၊ ကြံသကာဈေးတွေကလည်း တက်လိုက်တာ၊ အေး-ကြာရင် လူတွေ ထမင်းရည် သောက်နေရမလား မဆိုနိုင်ပါဘူး"

ဒေါ်ထားသည် သူ့ခြေထောက်တွင်ရှိသော ဝဲနာများကို လက်နှင့် စုံကုတ်လျက် စကားအမျှင် ပြတ်သွားခိုက် သက်သက်က 'သက်သက် နက်ဖြန်ပဲ ရန်ကုန်သွားမယ် ဒေါ်ဒေါ်၊ ဟိုမှာ အလုပ်ရှာရမယ်၊ လှအတွက်တော့ စိတ်ချပါရစေ၊ သူ့အိုးကလေးနဲ့သူ ချက်စားမှာပါ၊ သမီးလေးလို အောက်မေ့ ပါနော်" ဟု လိုရင်းရောက်အောင် လုပြောယူရသည်။

လှမှာ သက်သက်အတွက် အဝတ်အစား သားရေသေတ္တာကလေးကို ပြင်ဆင်ထည့်ပေးကာ သူ့အဝတ်အစားတွေပါ ပိုပိုမိုမို ထည့်ပေးလိုက်သည်။ "လှက နေ့တိုင်း စာသင်ထွက်ရတာ၊ လှ ထဘီတွေ မထည့်နဲ့"ဟု ပြောလို့တားလို့လည်း မရချေ။ သက်သက်မှာ ပြောမရ၍ လှကျေနပ်အောင် ကြည့်နေလိုက်ရသည်။

နောက်တစ်နေ့ နံနက်စောစော သက်သက်သည် ပဲခူးမှ ဘတ်စ်ကားနှင့် ရန်ကုန်သို့ ထွက်လာခဲ့သည်။ နေလုံးသည် တစ်စစပြူထွက်လာကာ စိမ်းစိုသော လယ်ကွက်များကို နေရောင်ဖြင့် ပက်ဖြူးထားသည်။ ကားပေါ်မှ ခပ်သိမ်းသော မြင်မြင်သမျှ အရာတိုင်းသည် အဝေးတွင် ကျန်ခဲ့ကြကာ ရှေ့က ကောင်းကင်နှင့် မြေကြီးတို့ ထိစပ်ရာနေရာသို့ ကားဦးတည်လျက် တရိပ်ရိပ် ပြေးနေသည်။

တရိပ်ရိပ်ကျန်ရစ်ခဲ့သော လယ်ကွက်များသည် လည်းကောင်း၊ တရိပ်ရိပ် ကျန်ရစ်ခဲ့သော လမ်းတစ်လျှောက်ပေါက်နေကြသော သစ်ပင်တွေသည် လည်းကောင်း၊ ဘုရား ငုတ်တိုစေတီတို့သည် လည်းကောင်း နံနက်ခင်း မြင်မြင်သမျှသည် သာယာစွာ အရောင်စုံ တောက်ကြူးလျက် နေကြသည်။

ကျေးငှက်တို့ကား သစ်ပင်ထက်၌ မြူးလျက် ရှိကြသည်။ စိမ်းပြာပြာ အရောင်တောက်သော ငှက်ကလေးတစ်ကောင်မှာ လမ်းလယ်ကောင်တွင် ခုန်ဆွ ခုန်ဆွ လှည့်ပတ်နေရာ အရှိန်နှင့် ပြေးလာသော ကားသည် သူ့အနားသို့ ရောက်လုနီးမှ သူ့အတွက် အန္တရာယ်ဖြစ်စေမည့် အရာမှန်း သိသွားကာ ရှုးရှုးဝါးဝါးအော်မြည်လျက် တစ်ဟုန်ထိုးပျံပြေးလေသည်။ ပျံပြေးသွားသော ငှက်ကလေးကို ငေးစိုက်လျက် သက်သက် စိတ်ထဲတွင် တလှိုက်လှိုက် ဖြစ်သွားကာ ဒေါင်းရုပ်ကလေးကို အမြန်ဆုံး ပြန်ရွေးယူချင်လှသည့်စိတ်သည် ရင်ထဲတွင် တဖွားဖွား ဖြစ်လာခဲ့သည်။

⁂

ရိစီ ဆေးရုံသို့ ထွက်သွားပြီဖြစ်၍ သက်သက်မှာ ကရင်မကြီးတစ်ဦး နှင့်အတူ သူ့အခန်းတွင် စောင့်နေရသည်။ နေ့လယ်စာ စားချိန်မှ ရိစီပေါက်လာ သည်။ မိမိထင်ခဲ့သည့်အတိုင်း ရိစီမှာ ထဘီအစိမ်းလေးနှင့် ဆေးရုံ'စစ္စတာ' ဖြစ်နေလေပြီ။

ရိစီသည် သက်သက်ကို အားရဝမ်းသာ ပွေ့ဖက်ကာ "လှတစ်ယောက် ကောကွဲ့၊ ကိုယ်ဖြင့် သက်သက်တို့အကြောင်း ကြားရတာ စိတ်မကောင်း လိုက်တာဟယ်"ဟု ဝမ်းသာ ဝမ်းနည်းမှုရာဖြင့် လှိုက်လှိုက်လှဲလှဲ နှုတ်ဆက် သည်။

ရိစီမှာ သက်သက်ထက် သုံးလေးနှစ်ကြီးသည်။ လူလုံးကိုယ်ထည် ကြီးခိုင်ကာ ဗမာစကားပြောလျှင် အသံလေးမှာ ပိုမို၍ သာကာ ဝဲနေသည်။

"လှနေရစ်ခဲ့တယ်၊ သက်သက် အလုပ်လာရှာတာပဲ၊ သက်သက်တို့ အဖြစ်တော့ ပြန်ပြီး တွေးတောင် မတွေးဝံ့ပါဘူး ရိစီရယ်"

"ဖြစ်တာတွေ မေ့လိုက်ပေါ့ကွယ်၊ ဘုရားသခင် အလိုတော် အတိုင်းပေါ့၊ အလုပ်က ဘယ်မှာ လျှောက်မှာလဲ၊ လျှောက်ပြီးပလား"

သက်သ'က်က ခေါင်းကို ယမ်းလျက် "မလျှောက်ရသေးပါဘူးရိစီ ရာ၊ သက်သက် လုပ်ချင်တဲ့အလုပ်က လခ သုံးလေးရာရတဲ့ အလုပ်မျိုး လုပ်ချင်တယ်၊ ဒါမှလည်း ဖြစ်မယ်"



"ခုနေ သုံးလေးရာရဖို့ဆိုတာ သိပ်ခက်တာပေါ့၊ ဘာကြောင့်လဲ ဟယ်...သက်သက်ရယ်၊ ဒီလောက်ရမှ ဖြစ်မယ်ဆိုတာ"

"သြော်...အကြောင်းတစ်ခုရှိတယ်၊ ငွေ နှစ်ထောင့်ငါးရာပေးရမယ်၊ ရက်ချိန်း မလွန်အောင် ငွေစုပေးဖို့ အရေးကြီးနေလို့ပါ၊ ဒီလောက်မရလည်း ရတဲ့အလုပ် ရသလောက်နဲ့ လုပ်ရမှာပဲ"

"လက်ရေးတိုတို့၊ လက်နှိပ်စက်တို့ သင်ပြီးပလား"

"ဘယ်...ရိစီရယ်...ကျောင်းနေရက်တန်းလန်းကြီးက စစ်ဖြစ်လို့ ထွက်ခဲ့ရတာ ဘယ်မှာ သင်ရမလဲ၊ အိုင်အေ အထက်တန်းတောင် မဖြေရ သေးဘူး၊ ဒါမတတ်ရင် အလုပ် မရနိုင်ဘူးလား"

"အေး-အဲဒါ မတတ်ရင်တော့ အလုပ်မြန်မြန်ရဖို့ မလွယ်ဘူး။ အဲဒါ တတ်ရင်တော့ ရုံးတွေမှာ တစ်ရာ-တစ်ရာ့သုံးဆယ် လောက်နဲ့တော့ လွယ်လွယ် ရမှာပါပဲ၊ အဲဒါ သင်ပါဦးလား၊ သင်ပြီး အောင်တော့မှ အလုပ်လျှောက်ပေါ့"

သက်သက်မှာ စိတ်အိုက်သွားသည်။ မိမိမှာ လက်ရေးတိုနှင့် လက်နှိပ်စက်ကျောင်း တက်လာသည် မဟုတ်၍ အချိန်ကုန်ခံလျက် သင်ချင်စိတ် ရှိပင်ရှိငြား အချိန်မပေးနိုင်သူ ဖြစ်သည်။ အလုပ်က အခုရမှ ဖြစ်မည်ကြောင့် အခြား အသိမိတ်ဆွေများထံသို့ သွားကာ စုံစမ်းမေးမြန်းရန် စိတ်ကူးလိုက်သည်။

သက်သက်မှာ ရိစီထံတွင် တစ်ပတ်ခန့်ရက်ကြာလာသည်။ ဘယ်နေရာ ဘယ်ဌာနမှ အလုပ်ရှာမရဘဲ ဖြစ်နေသည်။ ရိစီကိုလည်း အားနာလာသည်။ လခ ၁၀၀ဝိရမည့်အလုပ်ပင် သတင်းကြား၍ လိုက်လျှင် ခန့်ပြီးသားဖြစ်နေသည်။ မှန်းခြေမပေါက်သဖြင့် စိတ်က ညစ်ညူးလာသည်။ ဒေါင်းရုပ်ကလေးနှင့် ပတ်သက်၍ အသည်းနှလုံးတို့မှာ မီးအုံးထားသကဲ့သို့ ရှိခဲ့ရာ လှနှင့် နေစဉ်က အငွေ့မထွက်အောင် ဖုံးအုပ်ထားရသဖြင့် တငွေ့ငွေ့သာ လောင်ခဲ့လျက် ယခုမျှော်လင့်ချက်နှင့်ဝေးတော့မှပင် အပူတပြင်း တဟုန်းဟုန်း မြိုက်လောင် လျက် ရှိနေသည်။

သက်သက်သည် သံခုတင်ကလေးပေါ်တွင် လှဲလျက် ခြေပစ် လက်ပစ်ကြီး ဖြစ်နေသည်။ တစ်နေ့လုံး လျှောက်လိုက်ရတာ ဒူးတွေဆာနေကာ နေစောင်းမှပင် ပြန်ရောက်လာသည်။ ပါလာသည့် ပိုက်ဆံကလေးကို ချွေတာ သုံးစွဲလျက် ခြေထောက်အားကိုးပြီး နေထွက်က နေဝင် အလုပ်အတွက်

တလည်လည်ဖြင့် မောသာလာခဲ့တော့သည်။ အားတက်စရာ မျှော်လင့်စရာ ဟူ၍ မရှိတော့ဘဲ စိတ်ပင်ပန်းခြင်းကြီးစွာသာ ဖြစ်နေရသည်။

သက်သက်သည် မောပန်းစွာဖြင့် မျက်လုံးများ မှိတ်ကာ ရင်ဘတ်ကို လက်နှင့် ဖိထားသည်။ နာလန်ထ အားမရှိ၍ ရင်ထဲ၌ တဒိတ်ဒိတ် ခုန်နေသည်။ နေဝင်ဖျိုးဖျ မှောင်လာ၍ ကရင်မကြီး မီးလာဖွင့်သည်ပင် မသိလိုက်ပေ။

"သက်သက် လာပြီလားဟင်၊ သက်သက်ရေ…သက်သက်"

ရိစီ၏ ဖိနပ်ရှပ်တိုက် ပြေးဝင်လာသော အသံကို ကြားမိသည်။ သို့ရာတွင် မျက်လုံးကို မဖွင့်ချင်သဖြင့် သည်အတိုင်းပင် မှိတ်နေကာ အသက်ကို ဖုတ်လှိုက် ဖုတ်လှိုက် ရှူနေလေသည်။

"ဟေး…သက်သက်…"

ရိစီက ဆွဲလှုပ်မှ မျက်လုံးဖွင့်လိုက်သည်။

"ဝမ်းသာစရာသတင်း ပြောမယ်၊ သက်သက် အလုပ်လုပ်ချင်တာ အလုပ်တစ်ခုရမယ် သိလား"

သက်သက်သည် တအားကျုံး၍ ငေါက်ခနဲ ထထိုင်လိုက်သည်။

"အေးဟယ်…ဘုရားသခင်ကျေးဇူးပဲ၊ သက်သက်လိုချင်တဲ့ လခ တော့ ပေးမယ် ထင်တာပဲ၊ အလုပ်ကလည်း သိပ်မဆိုးဘူး"

"ဘာအလုပ်လဲ ရိစီရဲ့၊ ပြောပါဦး"

ရိစီမှာ ဝမ်းသာအားရဖြင့် မှုန်နေသော သက်သက်မေးတော့မှ သူ့ဟာ သူ ရယ်လိုက်သည်။ 'အေး…အေး…အေး…ပြောမယ်' ဆိုလျက် ခုတင် ပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ဒီလို…ဒီလို၊ ဟို…အစကပြောပြမယ်၊ ဆေးရုံမှာ ပညာရေးဝန်ကြီး ဆေးရုံလာတက်နေတယ်၊ တစ်ပတ်လောက်ရှိပြီ၊ ရိစီက အဲဒီမှာ စပယ်ရှယ် ဂျူတီကျနေတယ်၊ ဒီနေ့ညနေရိစီ သူ့အခန်းထဲဝင်သွားတော့ သူ့အတွင်းဝန်နဲ့ သူနဲ့ စကားပြောနေကြတယ်၊ ရိစီလည်းဝင်သွားရော သူ့အတွင်းဝန်က ဒီဆရာမ ကို မေးကြည့်ပါလားဗျလို့ ပြောလိုက်တယ်၊ ဒါနဲ့ ဝန်ကြီးက ခင်ဗျားပဲ မေးဗျာလို့ ခိုင်းတယ်၊ ဒီတော့ သူ့အတွင်းဝန်က ရိစီကို ပြောတယ်၊ ကျုပ်တို့ ဝန်ကြီးက လက်မထပ်ရသေးဘူး၊ အခု အိမ်မှာ လူတွေလည်း လေးငါးယောက် ရှိတယ်။ ဘယ်သူမှ စည်းကမ်း မရှိကြဘူး၊ အိမ်ဟာ ရှုပ်ပွနေတာပဲတဲ့၊ တစ်လကို ထောင့်ငါးရာ ရတာ ဘာတွေကုန်မှန်းလည်း မသိဘူးတဲ့၊ နိုင်ငံရေး



ညွှဲ့သည် တွေကလည်း တရုန်းရုန်းနဲ့ အိမ်ကြီးဟာ သာလာယံဇရပ်ကြီးလိုပဲ၊ ဝန်ကြီးက အိမ်နဲ့ မတူလို့ သိပ်စိတ်ညစ်နေတယ်၊ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း နေတတ်တာ၊ ဒါကြောင့် ကျုပ်က အကြံပေးတယ်၊ အိမ်ကို ထိန်းသိမ်းကြည့်ရှု အုပ်ချုပ်မဲ့ မိန်းမတစ်ယောက် ရှာဖို့ အကြံပေးတယ်။ ကျုပ်တို့…ဘီလပ်မှာ စာသင်နေတုန်းက ဒီလိုပဲ အိမ်ကြည့်ရှုဖို့ မိန်းမတစ်ယောက်ကို လခပေးထား ရတယ်တဲ့၊ အိမ်ကို ကောင်းကောင်းထိန်းသိမ်းအုပ်ချုပ်နိုင်မယ့် မိန်းမတစ်ယောက် ကရင်ထဲကပဲဖြစ်ဖြစ် ဆရာမရှာမပေးနိုင်ဘူးလားတဲ့…အဲသလိုမေးတယ်"

သက်သက်မှာ အသက်ပင် မရှူနိုင်၊ ရိစီအား မျက်တောင်မခတ် ငေးစိုက်၍ ကြည့်နေလျက် ပြီးမှ သက်ပြင်းကြီး ချလိုက်ကာ "ထမင်းချက်ဖို့၊ အဝတ်လျှော်ဖို့လား ရိစီရယ်"ဟု စိတ်မကောင်းသံလေးဖြင့် မေးလိုက်သည်။

"မဟုတ်ဘူးပေါ့၊ အစက ရိစီလည်း ဒီလိုပဲ ပြောနေတယ် ထင်တယ်။ နောက်မှ ဝန်ကြီးက ဆက်ပြောတယ်။ အစေခံတွေ အားလုံး အစုံထားပေးမယ် တဲ့၊ အစေခံတွေပေါ်မှာ အုပ်ချုပ်ပြီးတော့ အိမ်နဲ့တူအောင် ကြည့်ရှုစီမံပေးဖို့ ပဲတဲ့၊ လခ ကောင်းကောင်းပေးမယ်တဲ့၊ အစားလည်းစား၊ အခန်းလည်းပေးမယ်တဲ့ အစေခံအလုပ် မဟုတ်ဘူး"

သက်သက်မှာ ငေးငိုင်၍ သွားပြန်သည်။ အစေခံအလုပ် မဟုတ်ဘဲ အိမ်ကို စနစ်တကျဖြစ်အောင် ထိန်းသိမ်းကြည့်ရှု အုပ်ချုပ်ပေးရမည့်အလုပ် ဖြစ်၍ သိပ်တော့ မဆိုးဘူးဟု တဖြည်းဖြည်း သဘောပေါက်လာသည်။

"အိမ်မှာ ယောကျ်ားတွေချည်းပဲတဲ့လား"

"အင်း…ယောကျ်ားတွေချည်းပဲပေါ့"

"ဖြစ်ပါ့မလား ရိစီရယ်…"

သက်သက်က တွန့်သွားသလို ပြောလိုက်သည်။

"ယောကျ်ားတွေရော ဘာဖြစ်သလဲ၊ လူတွေပဲ၊ ကိုက်စားမှာလား၊ ရိစီ့အလုပ်လည်း ယောကျ်ားလူနာတွေကို နေ့တိုင်း လုပ်ပေးနေရတာပဲ၊ ယောကျ်ား ဆရာဝန်တွေနဲ့ နေ့နေ့ညည အတူတူ အလုပ်လုပ်ကြရတာပဲ၊ အလုပ်လုပ်စဘဲ ယောကျ်ားပဲ မိန်းမပဲရှိတယ်၊ နောက်တော့ အားလုံးလူချည်းပဲ၊ ဒါ ဘာဖြစ် သလဲ၊ သူတို့အိမ်မှာ လာနေတာ သူတို့ မဟုတ်တရုတ် ဘယ်လုပ်မလဲ၊ ဝန်ကြီးအိမ်ပဲ မဟုတ်လား၊ ကြမ်းပိုးအိမ်မှ မဟုတ်ဘဲ၊ ကြောက်စရာမရှိပါဘူး"

မိန်းမနှင့်ယောကျ်ားဟူသည် အသွင်အပြင်မတူ အဖိုနှင့်အမပါတကား ဆိုသော အသိက သက်သက်ကို ရုတ်တရက် ရှုံ့စေကြောက်စေသည်။ လေးလေးနက်နက် စဉ်းစားလိုက်သည့်အခါတွင် ကရင်မလေးရိစီ စိတ်ကဲ့သို့ သဘောထားနိုင်မှသာ ဤအလုပ်နှင့် မိမိနှင့်ကိုက်မည် ဖြစ်သည်။ ရိစီ၏သဘောထား မှန်ကန်သည်၊ မမှန်ကန်သည်သာ စင်စစ် လိုရင်း ဖြစ်သည်ဟု တွေးမိသည်။

"ရိစီက ဘယ်လို အကြောင်းပြန်လိုက်သလဲ"

"ကျွန်မ ရှာပေးမယ်၊ ရှာပြီး ရရင် ကျွန်မ ပြောမယ်လို့ ပြောလိုက်တယ်၊ သက်သက်စဉ်းစားလေ၊ သက်သက်လိုချင်တဲ့ လခနဲ့ ဒီထက်ကောင်းတဲ့ အလုပ် မရှိဘူး"

သက်သက်မှာ တစ်ညလုံး အိပ်မပျော်နိုင်ဘဲ ဖြစ်နေလေသည်။ ယောကျ်ားများက အန္တရာယ်မပြုကြလျှင် သူတို့နှင့်အတူတကွ ရောနှောနေထိုင်ဖို့ရာ မဖြစ်နိုင်စရာ မရှိဟု ထင်မြင် ယုံကြည်မိသည်။ မိမိကိုယ် မိမိ မိန်းမတစ်ဦးဟု အစဉ်သတိရှိနေလျှင် အန္တရာယ်ကိုလည်း အစဉ်သတိရှိနေမည်သာ ဖြစ်သည်။ အန္တရာယ်ရှိနိုင်၊ မရှိနိုင်၊ အကယ်၍ အန္တရာယ်ရှိလာခဲ့သော်၊ ရှိဖို့မြင်သော် အန္တရာယ်မရောက်အောင် ရှောင်ရှားနိုင်စရာ၊ တားဆီးနိုင်စရာ လမ်းတွေ ရှိသည်လည်း သိမြင် စဉ်းစားမိသည်။

သက်သက်မှာ အတက်တက်မှ ချိန်ကာ ဤအလုပ်ကို မိမိမှန်း မသိအောင် ဇာစ်မြစ်ဖျောက်ကာ လက်ခံလုပ်ကိုင်ဖို့ရန် တွေးမိသည်။ ဒေါင်းရုပ်ကလေးကို ရွေးနိုင်ပါစေတော့ဟု နောက်ဆုံး စိတ်ညစ်ညစ်ဖြင့် လက်ခံရန် စွန့်စွန့်စားစား ဆုံးဖြတ်လိုက်တော့သည်။

နောက်တစ်နေ့ ရိစီသည် သက်သက်မှာကြား သင်တန်းပေးလိုက်သည့် အတိုင်း ပြောဆိုရန် ဝန်ကြီး အခန်းထဲသို့ ဝင်သွားသည်။

ပညာရေးဝန်ကြီး ဦးမင်းဟန်မှာ အသက် ၃၀ ခန့်သာ ရှိသေး၏။ အသားညိုညို၊ ပိန်ပိန်ပါးပါး၊ မျက်နှာတည်တည်၊ အတွေးအခေါ် ရင့်သန်သော မျက်လုံးမျိုးဖြင့် လေးလေးနက်နက် ကြည့်တတ်သည်။ မာနမရှိ၊ စိတ်သဘောကောင်း ရှိသည်။

ဖြူဖွေးသော ခုတင်ပေါ်၌ ပိတ်ဖြူကို တစ်ပိုင်းခြုံကာ ခုတင်ခေါင်းရင်းကို ခပ်လျှောလျှော မှီလျက် စာဖတ်နေသည်။ စစ္စတာရိစီ ဝင်လာလျှင်



စာအုပ်ကိုချလိုက်ကာ ကိုယ်ကို အိပ်ရာပေါ်သို့ စန့်အောင် လျှောချလိုက်သည်။

ရိစီသည် ပြုံး၍ နှုတ်ဆက်လိုက်ကာ ပြဒါးတိုင်ကလေးကို ပါးစပ်ထဲသို့ ထည့်သွင်းလိုက်သည်။ မြှောက်ပေးသော လက်ကို ကိုင်လျက် လက်ကနာရီကို ငုံ့ကြည့်ကာ တစ်မိနစ်ခန့် သွေးစမ်းကြည့်နေသည်။ ပြီးမှ ပြဒါးတိုင်ကို ဆွဲယူကာ ခါလိုက်သည်။

'ဒါထက် မနေ့က ကျွန်မကို ဝန်ကြီး ပြောထားတဲ့ကိစ္စဟာ မိန်းမတစ်ယောက်နဲ့ တွေ့လို့ သူနဲ့ သင့်တော်တာနဲ့ ကျွန်မ မေးကြည့်တယ်။ သူက အိမ်နဲ့ ပတ်သက်ပြီး သူလုပ်မယ့် သူ့စည်းကမ်းကို ဝန်ကြီးက အစ တစ်အိမ်လုံး လိုက်နာမှ သူ လုပ်နိုင်မယ်လို့ ပြောတယ်"

"ဪ…ဟုတ်လား၊ တွေ့သလား၊ ဒါကတော့ သူအုပ်ချုပ်နေတုန်း သူ့စည်းကမ်းကို ကျွန်တော်တို့ လိုက်နာရမှာပေါ့၊ သူက ကရင်လား"

"ကရင်အစစ်တော့ မဟုတ်ဘူး၊ သူ့နာမည် မေရီ၊ သူက လခ နှစ်ရာတောင်းတယ်"

"သူ့မှာ အရည်အချင်းရှိတယ်ပေါ့၊ စစ္စတာ ထောက်ခံသလား"

ရိစီသည် ပြုံးလိုက်သည်။ ရင်ထဲတွင် တုန်နေ ခုန်နေ၍ သက်သက်မှာသည့်အတိုင်း စကားမမှားရန်၊ မလွဲရန် အတော် သတိထားပြီး ပြောရသည်။

"အရည်အချင်းရှိတယ်၊ အင်္ဂလိပ်စာလည်းတတ်တယ်၊ အင်္ဂလိပ်အသုံးအဆောင် စည်းကမ်းတွေလည်း နားလည်တယ်၊ သိပ်စည်းကမ်းကြီးတယ်၊ သိပ်သန့်ရှင်းတယ်၊ ကောင်းကောင်း သူ အုပ်ချုပ်နိုင်ပါတယ်၊ အင်္ဂလိပ်မတွေနဲ့ နေဖူးတာကြောင့် ကျွန်မ ထောက်ခံပါတယ်"

"ဒီအလုပ်မျိုး သူ နောက်တုန်းက လုပ်ဖူးသလား"

ရိစီမှာ ဘယ်လို ဖြေရမှန်း ရုတ်တရက် မသိ၍ ခွကျနေသည်။ နောက်မှ ဣန္ဒြေဆည်ကာ မယုတ်မလွန် ဖြေလိုက်ရသည်။

"ဒီလိုတော့ မလုပ်ဖူးဘူး၊ ဒါပေမဲ့ သူ နားလည်ပါတယ်"

"သူ ဘာလုပ်သလဲ"

"သူ အခု အလုပ်မရှိဘူး၊ ဒါကြောင့် ကျွန်မ သူ့ကို ဒီအလုပ်လုပ်ဖို့ ဝန်ကြီးအတွက် တိုက်တွန်းရတယ်။ သူက သူတောင်းတဲ့လခ ပေးရင်၊ သူ့စည်းကမ်း လိုက်နာနိုင်ရင် သူ လက်ခံမယ် ပြောတယ်"

"အစကကော သူ ဘာလုပ်သလဲ…"

ဦးမင်းဟန်က မျက်ခုံးတွန့်၍ မေးပြန်သည်။

ရိုစီသည် အသက် နှစ်ခါလောက် ရှူပြီးမှ…"ကျောင်းဆရာမ လုပ်တယ်" ဟု သင့်တော်အောင် ကြည့်ဖြေလိုက်သည်။

ဝန်ကြီးဦးမင်းဟန်သည် ခေတ္တခဏ ငြိမ်၍ စဉ်းစားလျက်နေ၏။ ထို့နောက် ချောင်းဟန့်လိုက်ကာ…"အရည်အချင်း ရှိတယ်လို့ စစ္စတာ ထောက်ခံရင် သူတောင်းတဲ့လခ ပေးရတာပေါ့…"

"ဒီလိုဆိုရင် သူ ဘယ်တော့ အလုပ်ဝင်ရမှာလဲ"

"အလုပ်ဝင်ဖို့လား၊ ဟာ…မဖြစ်သေးဘူး၊ ကျွန်တော် ဆေးရုံက ဆင်းမှ ဖြစ်မယ်။ နောက်တစ်ပတ်လောက်ကြာမှ ကျွန်တော် ဆင်းရမှာ၊ ကျွန်တော် ဆင်းသွားတော့မှ စစ္စတာဆီကို ကျွန်တော် သူလာရမယ့်နေ့ကို ရုံးက တယ်လီဖုန်းဆက်လိုက်မယ်၊ မကောင်းဘူးလား"

"ကောင်းပါတယ်…ဒါဖြင့် ကျွန်မသူ့ကို ဘယ်မှာမှ အလုပ်မဝင်ခိုင်းဘူး…ဟုတ်လား"

"အင်း…အင်း…မဝင်ခိုင်းနဲ့၊ ကျွန်တော့်ဆီမှာ ရပြီလို့ ပြောထားပါ"

ရိုစီက ဝန်ကြီးနှင့်သူ အချီအချပြောခဲ့ကြပုံကို သက်သက်အား လုံးစေ့ပတ်စေ့ ပြန်ပြောပြသည်။ သက်သက်မှာ ရိုစီ၏ ဟန်ပန်ကိုကြည့်လျက် ချစ်ခင်စွာ ပြုံးနေသည်။

"သက်သက်ရယ်၊ ရိုစီကို မေးခွန်းတွေ ထုတ်တော့လေ ခြေဖျားလက်ဖျားကို အေးတက်လာတာပဲဟယ်၊ ကရင်အစစ်မဟုတ်ဘူးလို့ ပြောတော့လေ သူက ဆက်မမေးလို့ တော်ပါသေးရဲ့၊ ဆက်မေးရင် ရိုစီ မပြောတတ်ဘူး"

ရိုစီမှာ ထမင်းစားရင်း သူ့ဟာသူ ထပ်မနား ပြောပြောပြီး ရယ်၍သာ နေသည်။ သက်သက်မှာလည်း ရိုစီပြောတိုင်း ရယ်နေရသည်။

"ဒီဝန်ကြီးက ဘာရောဂါနဲ့ ဆေးရုံတက်နေတာလဲ"

"ရောဂါကတော့ သိပ်ထွေထွေထူးထူး မရှိပါဘူး၊ ခေါင်းအေးအောင် အပန်းဖြေ အနားဖြေ တက်ကြတာပေါ့။ မကြာသေးဘူး၊ ဗိုလ်ချုပ်အောင်ဆန်းတောင် တက်သွားသေးတယ်။ လာတက်ရင်း ဆရာမနဲ့တောင် ရသွားပြီ၊



ဘီအိုင်အေ စစ်ဗိုလ်တွေရော၊ ဝန်ကြီးတွေရော တစ်ယောက်ဆင်း တစ်ယောက် တက်ကြတာပဲ"

"နောက်တစ်ပတ် စောင့်ရဦးမယ်ဆိုရင် သက်သက် လှဆီကို ပြန်လိုက်ဦးမယ်၊ တစ်ပတ်ကြာတော့မှ သက်သက်ပြန်လာခဲ့မယ် ဘယ့်နှယ်လဲ"

"သွားလေ သွား၊ တစ်ပတ်ထက်တော့ ပိုမနေနဲ့နော်၊ လေးငါးရက်နေပြီး ပြန်လာရင် ပိုကောင်းမယ်၊ တော်ကြာ တယ်လီဖုံးဆက်ပြီး အခုလွှတ်ပါဆို အခက်၊ စစ္စတာ ဒုက္ခများနေမယ်၊ ဟုတ်ဘူးလား"

သက်သက်မှာ ရိုဆီအား လေးငါးရက်ပဲ နေမည်ဟု ပြောဆိုကာ နောက်တစ်နေ့ နံနက်တွင် ပဲခူးသို့ ပြန်ခဲ့လေသည်။

❐

Scanned by CamScanner

# ၅

လှမှာ တထိတ်တလန့် ဖြစ်ဟန်ဖြင့် သက်သက်ကို ပြူးတူးပြဲတဲ ကြည့်လိုက်သည်။

"အို…သက်သက်ကလည်း မဟုတ်တာချည်း၊ ဘယ့်နှယ် ဒီအလုပ် လုပ်ရမှာလဲ၊ မဟုတ်တာချည်း"ဟု အော်ပြောလိုက်လေသည်။

လှသည် သက်သက်က ခရီးရောက်မဆိုက် အလုပ်ရခဲ့ကြောင်း၊ အလုပ်လက်ခံခဲ့ကြောင်း ပြောခဲ့စဉ်က ဤအလုပ်မျိုးဟု နည်းနည်းမျှ မထင်ချေ။ ဒေါ်ထား ဈေးသွား၍ နှစ်ယောက်တည်းရှိမှ ကျိတ်ပြီး အလုပ်အကြောင်းကို ရှင်းလင်း ပြောပြရာတွင် မယုံကြည်နိုင်အောင် အံ့အားသင့်သွားကာ အော်လိုက်မိသည်။

သက်သက်မှာ ပြောပြီး တုဏှိဘာဝေလုပ်လျက် လှကို စိုက်ကြည့် နေသည်။

"အစေခံအလုပ်ကြီး သက်သက်ရယ် ဖြစ်မှ ဖြစ်ရလေ"

သက်သက်က အေးစက်စက် အမူအရာဖြင့် ငြိမ်သက်နေသည်။

"ပြောပါဦး သက်သက်ရဲ့၊ အစေခံ အလုပ်ပဲ မဟုတ်လား"

သက်သက်က မလှုပ်၍ အတင်း မရမက မပြော ပြောအောင် လှုပ်မေးနေပြန်သည်။ လှ၏ အသံမှာ ငိုသံပါနေသည်။

"အစေခံ အလုပ် မဟုတ်ပါဘူးဆိုတာကို၊ လှက အစေခံအလုပ်ကြီး ဆိုတော့ သက်သက် ဘယ်လိုလုပ် ပြောတော့မလဲ၊ ကြားစက သက်သက်လည်း



ဒီလိုပဲ မှတ်တယ်၊ နောက် ရိုစီက ရေရေလည်လည် ပြောပြတော့မှ အိမ်မှာ အစေခံတွေ လိုသလောက် ထားပေးမယ်တဲ့၊ တစ်အိမ်လုံးကို စည်းကမ်းတကျ အုပ်ချုပ်စီမံခန့်ခွဲပေးဖို့ပါ၊ ဒါ အစေခံအလုပ်လား လှရဲ့"

"ဘယ်လို အုပ်ချုပ် စီမံခန့်ခွဲရမှာလဲ၊ ဘယ်လို အလုပ်လည်း သက်သက် ရယ်"

"ဒါကတော့ လှရယ်၊ မိန်းမတစ်ယောက် အလုပ်မို့ မခက်ပါဘူး။ တစ်အိမ်လုံးရှိ ပစ္စည်းနဲ့ အိမ်နဲ့ပတ်သက်တဲ့ သုံးငွေကို သက်သက် ထိန်းပေး ရမှာပဲ၊ အစေခံအလုပ်သမားတွေကို စနစ်တကျ ခိုင်းတတ်ဖို့၊ စနစ်ပေးတတ် ဖို့လည်း လိုတယ် လှရဲ့၊ အိမ်ရှေ့က အစ နောက်ဖေးအထိ အစစအရာရာ သူ့နေရာနဲ့ သူ စည်းကမ်းတကျ နေရာတကျ သပ်သပ်ရပ်ရပ် အကုန်ဖြစ်နေရမယ်၊ သန့်သန့်ရှင်းရှင်း ရှိနေရမယ်၊ တစ်အိမ်လုံး ပြောင်လက်နေရမယ်ကွယ်။ အိမ်ရှင် တွေ့ရဲ့ စိတ်ချမ်းသာရေး၊ ကိုယ်ချမ်းသာရေး ဆိုပါတော့ကွယ်၊ အနေအထိုင် အစားအသောက် ချမ်းသာအောင်၊ ကောင်းအောင်၊ အစစ အဆင်သင့်ချည်း ဖြစ်နေအောင် သက်သက် တတ်နိုင်သလောက် ဆောင်ရွက်စီမံလုပ်ကိုင်ပေးရ လိမ့်မယ်၊ နောက်ပြီး သုံးငွေမှာလည်း စာရင်းနဲ့အင်းနဲ့ ကုန်သင့်တာကို ကုန်လိုက် ဖို့၊ မကုန်သင့်တာကို မကုန်ဖို့၊ တစ်ခုစီ လျှောက်ပြောရရင်တော့ အိမ့်ဗာဟီရ ကိစ္စတွေ မကုန်နိုင်ဘူးပေါ့၊ လုပ်တဲ့အခါကျတော့မှ မျက်စိနဲ့ မြင်ပြီး၊ ခေါင်းနဲ့ စိတ်ကူးပြီး၊ ပါးစပ်နဲ့ခိုင်းပြီး ကျနအောင် လုပ်သွားရမှာ…"

သက်သက် ရှင်းပြောပြစဉ် လှမှာ ငေး၍ နားထောင်နေသည်။ သက်သက်အဖို့ သည်အလုပ်မျိုး နိုင်နိုင်နင်းနင်း လုပ်နိုင်မှန်းကို ယုံကြည်လာ သည်။

မိဘများရှိစဉ်က လှတို့အိမ်နှင့် သက်သက်တို့အိမ်မှာ အနေအထိုင် ချင်းမတူ ကွာခြားကြသည်။ ဘယ်တော့မဆို လှတို့အိမ်၌ ဖုန်နှင့် အမှိုက်နှင့် ညစ်ပေရှုပ်ထွေးလျက်နေသည်။ ပစ္စည်းအသုံးအဆောင်လည်း ရှင်းရှင်းလင်းလင်း သပ်သပ်ရပ်ရပ် မရှိကြ၊ ကိုင်သည့်နေရာချ၊ တောင်ထိုးမြောက်ထိုးနှင့် ဗရပွ နေခဲ့ကြသည်။ ရှုပ်ပွေ ညစ်ပတ်ပါလားဟု ဘယ်သူ့ မျက်စိမှလည်း အနှောင့် အယှက် မဖြစ်၊ မျက်စိ အသားကျကာ ပရမ်းပတာချည်း နေတတ် ထိုင်တတ် ကြသည်။

သက်သက်တို့ အိမ်၌ နေ့စဉ် နေ့တိုင်း အိမ်ရှေ့ နောက်ဖေး တစ်အိမ်လုံး ကြမ်းတိုက်ဆေးကြောလျက် သူ့နေရာနှင့်သူ သပ်ရပ် သန့်ရှင်းနေသည်။ သက်သက်၏ မိခင်မှာ စည်းကမ်း အလွန်ကြီးသည်။ သက်သက်မှာ ပစ္စည်းချမ်းသာကြွယ်ဝသော်လည်း ပေါ်ကြော့ မနေခဲ့ရချေ။ ကျောင်းတက်ချိန်မှတစ်ပါး အိမ်အလုပ်နှင့် လက်နှင့် မပြတ်အောင် လုပ်နေရသည်။ အိမ်သိမ်းတတ်သည်။ ကျကျနန ချက်တတ် ပြုတ်တတ်သည်။ အိမ့်အလုပ်ကို အလွန်ဝါသနာပါကာ စိတ်ဝင်စားသူ ဖြစ်သည်။

သက်သက်က လှတို့ အိမ်သို့ ကူးသွားလျှင် လယ်နားချောင်းနားရှိ ပေရေညစ်ပတ်နေသော တောက အိမ်ကြီးတစ်အိမ်ထဲ ရောက်သွားရသလို မှတ်ထင်မိသည်။ လှက သက်သက်တို့ အိမ်ဘက်သို့ ကူးလာလျှင် မျက်နှာဖြူ အိမ်လိုလို ဗိုလ်အိမ် တစ်အိမ်လိုလို ထင်ယောင် မြင်ယောင်ရှိအောင် မှတ်ထင်ရသည်။ လှတို့ မိဘများကား လှေကြီးထိုး ရိုးရိုး ခေတ်မျက်စိမရှိ၊ တစ်ဦးတည်းသော သမီးကို မအေကလည်း မသင်ပြတတ်၊ မအေကိုယ်တိုင်ကလည်း အိမ်ကို သနေရန် သန့်နေရန် ပျင်းလေသည်။

"ဂျပန်ပြည်မှာ အိမ်ရှင်မ အတတ်သင်ကျောင်းရှိတယ် လှရဲ့၊ ဗမာပြည်မှာသာ မရှိတာ၊ နိုင်ငံတစ်နိုင်ငံမှာ...ယောကျ်ားတွေ အရေးပါသလို မိန်းမတွေလည်း အရေးကြီးတာပဲ၊ အိမ်တစ်အိမ်မှာ မိန်းမနေရာကျမှ ဒီအိမ်နေရာကျတော့မှာ၊ အိမ်ပေါင်းစုဝေးထားတဲ့ ရွာလည်း ဒီလိုပေါ့၊ ရွာပေါင်းစုဝေးထားတဲ့မြို့လည်း ဒီလိုပေါ့၊ မြို့ရွာနိုင်ငံကို အုပ်ချုပ်နေတဲ့ ယောကျ်ားတွေဟာ အိမ်ကို အုပ်ချုပ်နိုင်တဲ့ မိန်းမကောင်းကောင်းနဲ့မှ ဖြစ်တာ၊ မိန်းမညံ့ညံ့နဲ့ ပစ်စလက်ခတ် ပရမ်းပတာ အိမ်နဲ့ နေသားကျနေရင်၊ နေတတ်နေရင် နိုင်ငံအုပ်ချုပ်နေတဲ့အခါမှာ သူတို့ စနစ်ကြီးကြီးလုပ်တတ်ပါဦးမလား၊ သူတို့ကိုယ်၌ကိုက နေသားကျနေပြီ။ အခုကြည့်၊ ဝန်ကြီးလုပ်ပြီး အိမ်နဲ့မတူလို့ စိတ်ညစ်နေရပြီ၊ ဒီဝန်ကြီးက ဖြစ်သလို မနေတတ်တဲ့ ဝန်ကြီးမို့ပဲ၊ အိမ်တစ်အိမ်မှာ မိန်းမအရေးပါတယ်ဆိုတာ သူ သိတယ်လေ"

သက်သက်မှာ မိန်းမဘဝကို လူ့လောက၌ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ထားလျက် ပိုင်နိုင်စွာ၊ ယုံကြည်စွာ ပြောပြနေသည်။ မိန်းမသားဟာ မိန်းမပီသမှပါကလားဟုလည်း ဘဝကို ကြည်ကြည်လင်လင် ပိုင်းခြား၍ မြင်ထားသူ ဖြစ်သည်။ မိန်းမသားများ၏ဂုဏ်ရည်ကို နှစ်လိုမြတ်နိုးမိသည်။



သိမ်မွေ့သော သဘော၊ ကြင်နာသနားတတ်သော စိတ်တို့နှင့် ချစ်ခြင်းမေတ္တာကြီးမားနိုင်ပါဘိကာ ချမ်းသာသုခရအောင် တတ်နိုင်ရှာကြသော လူသတ္တဝါအပေါင်းတို့ရဲ့ မိခင်တွေပါကလား...ဟု ကိုယ့်ဘဝကို ကိုယ်လေးစားမြတ်နိုးသူလည်း ဖြစ်သည်။

"သူ့အိမ်မှာ ယောကျ်ားတွေချည်းပဲလား"

လှက စိတ်ပူသလို ပြောလိုက်သည်။

"အင်း...ယောကျ်ားတွေချည်းပဲ၊ မိန်းမဆိုလို့ တစ်ယောက်မှ မရှိဘူးတဲ့"

"ဖြစ်မလား သက်သက်ရဲ့၊ မဟုတ်တာချည်း"

"ဖြစ်တယ်"

လှမှာ သက်သက်ကို မချင့်မရဲကြည့်လျက် "ဘယ်လိုဖြစ်တာလဲ၊ လှကို ပြောစမ်းပါဦး"ဟု ဆိုလိုက်သည်။

"ကိုယ်ဖြစ်ချင်တဲ့နည်းကို ဖြစ်အောင် လုပ်ယူရင် ဖြစ်တာပေါ့၊ စည်းဆိုတာ လှသိတယ်မဟုတ်လား၊ ဘောင်ခတ်ပြီး စည်းသားထားရမှာပေါ့၊ ကိုယ်လည်း ကိုယ့်စည်းက မကျော်နဲ့၊ သူတို့လည်း ကိုယ့်စည်းထဲ လာမကျော်စေနဲ့ ဒါ ဖြစ်တာပေါ့၊ သူတို့က စည်းကျော်လာရင် မဆက်ဆံရုံဘဲ၊ အလုပ်ကထွက်ရုံပဲ"

"သွေးမတော် သားမတော် ယောကျ်ားတွေနဲ့ တစ်မိုးထဲ တစ်အိမ်ထဲ နေရမှာများ ကြောက်ပါရဲ့ သက်သက်ရယ်"

လှမှာ ကိုယ်ကလေးကို ဆတ်ဆတ်တုန်လျက် ပခုံးတွန့်၍ ပြောလိုက်သည်။

"ကြောက်မယ်ဆိုလည်း ကြောက်စရာပေါ့ လှရဲ့"

"နို့ ဘာပြုလို့ သက်သက် မကြောက်တာလဲ"

"သက်သက်မှ မကြောက်ဘဲ"

"ဘာဖြစ်လို့ မကြောက်တာလဲ"

"သြော်-မကြောက်စရာလည်း တစ်ဖက်ကရှိလို့ မကြောက်တာပေါ့ လှရဲ့၊ အားလုံး လူရိုင်းတွေချည်းပဲလား လှရယ်၊ လူယဉ်ကျေးတွေရော မရှိနိုင်ဘူးတဲ့လား"

''ကဲ-အဲဒီလူ့ယဉ်ကျေးတွေကပဲ မယဉ်ကျေးလာဘူး ဆိုရင်ကော''

''မယဉ်မကျေး ဖြစ်မလာအောင် စည်းရိုးလုံလုံကလေး ကာထားရမှာပေါ့၊ လူပေါ်မှာလည်း တည်တယ်လှရဲ့၊ နောက်ပြီး မိန်းမဆိုရင် ဖျက်ဆီးလိုက်မယ်၊ စော်ကားလိုက်မယ်၊ အဲသလိုလူချည်းပဲလို့ လူတိုင်းလည်း မမှတ်ပါနဲ့၊ အစားစားရှိတယ်၊ သက်သက် သူတို့နဲ့ တွေ့ရင် သူတို့ ဘယ်အစားဆိုတာ ချက်ချင်း သိမှာပေါ့၊ အကဲခတ်နိုင်မှာပေါ့''

''လှတော့ ယောကျ်ားဆိုရင် မုန်းတာပဲ၊ ကြောက်တာပဲ''

''အေး-မိန်းမဆိုရင် ကြောက်တဲ့ ယောကျ်ားတွေ၊ မုန်းတဲ့ယောကျ်ားတွေလည်း ပြည့်လို့''

''လှတို့ မုန်းတာက သူတို့ကို ကြောက်ပြီး မုန်းတာ၊ သူတို့ မုန်းတာက လှတို့ကို နှိမ်ချပြီး မုန်းတာ၊ မိန်းမဆိုရင် ခွေးထီးလောက်မှ မမြတ်ဘူးတဲ့၊ ရှုတာ၊ မုန်းတာတင် မကပါဘူး သက်သက်ရယ်၊ မိန်းမဆိုရင် စက်ဆုပ်ကြတယ်''

''ဒါက သူတို့ စိတ်ထဲမှာ စွဲနေတဲ့ ဥပါဒါန် လှရဲ့၊ ဒီအစွဲအလမ်းကို ပျောက်အောင် ဖျောက်ရမယ်၊ မိန်းမတွေဟာ လောကကြီးရဲ့ မိခင်တွေဆိုတာ အမြတ်တနိုး ထားရမှန်း သိလာအောင် လုပ်ပြရမှာပေါ့''

''သက်သက် ယောကျ်ားတွေကို မမုန်းဖူး ဖူးလား''

''မမုန်းဖူးပါဘူး''

''ကဲ-သူတို့ကို လန့်တဲ့စိတ်ရော တစ်ခါမှ မဖြစ်ဖူးလား''

''ဖြစ်တာပေါ့လှရဲ့၊ ရိုစီပြောခါစက သက်သက် အတူတူနေရမှာ လန့်သွားသလိုပဲ၊ ရိုစီက 'လူ'တွေပဲလို့ ကရင်ပြော ပြောတော့မှ သက်သက်ဖြင့် အမိပွာယ်တော်တော့ကို ပေါက်သွားပြီး မလန့်တော့တယ်''

''သက်သက်ကို အဲဒီအိမ်မှာ အသိတွေက တွေ့မြင်သွားရင် ဘယ့်နှယ် လုပ်ပါ့မလဲ သက်သက်ရယ်''

သက်သက်မှာ စဉ်းစားနေလေ၏။ ရန်ကုန်ကတည်းက စဉ်းစားခဲ့သည်။ ဇာစ်မြစ်ဖျောက်ပြီး လူမမှတ်မိအောင် ဘယ်လို ရုပ်ပြောင်းရပါ့မလဲ၊ ရုပ်ဖျောက်ရမလဲဟု အချိန်ရှိသ၍ စဉ်းစားနေခဲ့သည်။ လှ မေးတော့လည်း စဉ်းစားကြည့်ပြန်သည်။ စဉ်းစား စဉ်းစားရင်းမှ ဖျတ်ခနဲ အကြံတစ်ခု ခေါင်းထဲသို့ ရောက်လာသည်။ သက်သက်သည် အားရစွာ ပြုံးလိုက်သည်။

''အသိတွေ့သွားရင် ပြောပါဦး''



လှက ဆင့်လိုက်ပြန်သည်။

''သက်သက် မေရီလို့ နာမည် ပြောင်းထားခဲ့ပြီ၊ အလုပ်ဝင်တော့ သက်သက် အလုပ်ချိန်မှာ အဝတ်တစ်မျိုး ဝတ်ဖို့ အကြံရတယ်''

''ဘယ်လိုလဲ''

''ခေါင်းမှာ စစ္စတာ ရိုစီ ခေါင်းအုပ်မျိုးလိုပေါ့၊ ဒါပေမဲ့ ဒါက တစ်မျိုး၊ ဆေးရုံစတိုင်မျိုး မဟုတ်ဘူး၊ အင်္ဂလိပ် မဂ္ဂဇင်းတွေထဲမှာ အိမ်အလုပ်လုပ်ကြတဲ့အခါ ခေါင်းကို အဝတ်ဖြူနဲ့ ပတ်ပြီး ခါးမှာလည်း အဝတ်ဖြူစရှေ့က တစ်ဝက်ချထားတယ် မဟုတ်လား၊ အဲဒီ စတိုင်မျိုး ကိုယ်နဲ့ ကြည့်ကောင်းအောင် အတုခိုးပြီး အသွင်တစ်မျိုး ပြောင်းလုပ်မှ ဖြစ်မယ်''

''ကြံကြံဖန်ဖန် သက်သက်ပဲ စိတ်ကူးရတယ်''ဟု လှက နားထောင်ရင်းမှ သက်သက်ကို အသာတွန်း၍ ပြောလိုက်သည်။ သက်သက်က ပြုံးနေလေသည်။

''ဒါဖြင့် 'စစ္စတာ'တွေ ဝတ်သလို လုံချည်တစ်ရောင်တည်း ဝတ်ပါဦးလား''ဟု လှက ငေါ့ငေါ့ကလေး ပြောလေသည်။

သက်သက်သည် လှကို ငေးငေးကလေး ကြည့်နေဆဲမှာ ပြုံးလိုက်သည်။

''ဟန်လိုက်လေ လှရယ်၊ ဟုတ်တယ် ဟန်တယ်၊ လုံချည် အစိမ်းရောင်ဖြစ်ဖြစ်၊ အနီရောင်ဖြစ်ဖြစ် အလုပ်ချိန်မှာ အဲဒီ ပုံစံအတိုင်း နေ့စဉ် ဒါချည်း ဝတ်ရမယ်၊ ကဲ-ဒီအတိုင်း ရုပ်ဖျောက်လိုက်ရင် သက်သက်ကို ဘယ်သူက သက်သက်ပဲလို့ ထင်ကြဦးမလဲ''

သက်သက်မှာ သူ့စိတ်ကူးနှင့်သူ သဘောကျ ကျေနပ်လျက် မချိုမချဉ် မျက်နှာပေးဖြင့် ခေါင်းကို တညိတ်ညိတ်လုပ်၍နေသည်။ လှမှာ သက်သက် ပြောင်နောက်နေတာများလား၊ တကယ်များလားဟု သံသယဖြစ်လာသည်။

''သက်သက် တကယ် ဝတ်မယ်လား''

''ဩော်-ကျပ်ပါဘိ၊ တကယ်ပေါ့ လှရဲ့''

''အလိုလေး-လှ လိုက်ကြည့်ချင်လိုက်တာ''

သက်သက်သည် မျက်နှာပိုးသတ်လျက် ''အို…လှလာလို့ ဘယ်ဖြစ်မလဲ၊ သက်သက်ဆီကို လှ မလာရဘူး၊ လှ အကြောင်းရှိလို့လာရင် ရိုစီဆီကို

Scanned by CamScanner

သွားပါ၊ ရှိစီကတစ်ဆင့် သက်သက်ကို အကြောင်းကြားလိမ့်မယ်၊ လာလို့တော့ မဖြစ်ဘူး''

သက်သက်က ခပ်တည်တည်ကြီး ပြန်ပြောလိုက်သည်။

လှမှာ သက်သက် ဒီအလုပ်ကို တကယ်လုပ်တော့မှာပါလားဟူသော ယုံကြည်မှုဖြင့် ရင်ထဲ၌ တစ်မျိုးတစ်မည်ကြီး ဖြစ်သွားသည်။

''လှ စိတ်မကောင်းလိုက်တာ သက်သက်ရယ်''

သက်သက်မှာ မျက်နှာ ညှိုးသွားသည်။ သက်သက်မှာ အရုပ်ကလေးအတွက် ရင်ထဲတွင် တလှိုက်လှိုက်မချိတင်ကဲ ဖြစ်နေရသည်ကိုလည်းကောင်း၊ ဖခင်၏ မျက်နှာကို မျက်စိထဲတွင် တရေးရေး မြင်ယောင်နေရသည့်အဖြစ်ကိုလည်းကောင်း ပြေပျောက်သက်သာစေရန်မှာ ဒီဒေါင်းရုပ်ကလေးကို မြန်မြန်ရွေးနိုင်မှ ဖြစ်မည်ဖြစ်၍ မလွှဲမရှောင်သာ၍ လူနှင့်ရင်းကာ ရွေးယူရမည့်အဖြစ်ကြောင့် သူများအိမ်သွား အလုပ်လုပ်ရမည့် မိမိအဖြစ်သည် အိပ်မက်ဆိုးဆိုးကြီးနှင့် တူနေပါကလားဟု တွေးတော အောက်မေ့မိသည်။

''ဒီပြင်မှာရော အလုပ် မရနိုင်ဘူးလား သက်သက်ရယ်''

သက်သက်မှာ ဤမေးခွန်းကို နှုတ်ဖြင့် မဖြေချင်လှပေ၊ အကယ်၍များ ခြေထောက်တွေက စကားပြောတတ်ကြမည်ဆိုလျှင် သည်အဖြေကို သူတို့နှင့် လွှဲလိုက်ချင်သည်။

''ရှာတာတော့ နေရာအနှံ့အပြားပဲ၊ ခြေကို တိုနေတာပဲ၊ မရလို့ပေါ့''

''သက်သက် မသွားခင်က ပြောသွားတဲ့ ငွေလိုချင်တဲ့ဆန္ဒတော့ ပြည့်လာပါရဲ့၊ ဒါပေမဲ့…''

လှသည် စကားကို မဆက်ဘဲနေ၏။ မဆက်နိုင်ခြင်းမှာ ငါ့အပြစ်ကြောင့်ဟု သိသောအသိက မဆက်နိုင်အောင် ရင်ထဲ ဆို့သွားသည်။

''သက်သက်က ဘယ်လောက် ကြာမှာလဲ''

''လက်ထဲမှာငွေ နှစ် ဒီနေ့ ပြည့်ရင် ဒီနေ့ ဒီအလုပ်က ထွက်မှာပဲ''

လှမျက်နှာပေါ်၌ မျက်ရည်များ ပေါက်ပေါက် ပေါက်ပေါက်ကျလာသည်။ ထို့နောက် ရှိုက်ကြီးတငင်ဖြင့် ရှိုက်ကာ ရှိုက်ကာ ငိုရင်းပြောနေသော စကားသံများမှာ လေတစ်ဆက်တည်း မဟုတ်ဘဲ ပြတ်တောင်း ပြတ်တောင်းကြားနေရသည်။

''လှလည်း ရွေးပါရစေ၊ လှ တစ်လ တစ်ရာ တစ်ရာ စုမယ်၊



လှမစားဘူး၊ သက်သက် မြန်မြန် ဒီအလုပ်က ထွက်နိုင်အောင် တစ်လ တစ်လ တစ်ရာထည့်မယ်''

သက်သက်သည် လှကို သနား၍ ချက်ချင်းပင် သဘောတူလိုက်သည်။ ငွေဖျောက်ခဲ့သူမှာ လှဖြစ်၍ တစ်ဖက်က လှ စိတ်ချမ်းသာဖို့ရန်လည်း အလိုရှိလေသည်။

''ထည့်လေ၊ ကဲ-တစ်လတစ်ရာစု၊ သက်သက်အဖို့က အစားအသောက်အတွက် တစ်ပြားမှ မကုန်ဘူး၊ လှက တစ်လ ငါးဆယ်နဲ့ သိပ်များ ဆင်းရဲသွားမလားလို့ ပူပင်ရမှာ တစ်ခုပဲ၊ ဒါပေမဲ့ စု စု၊ တစ်ရာစု၊ ဒီတော့ သက်သက် တစ်နှစ်တောင် ကြာမှာ မဟုတ်ဘူး၊ မြန်မြန် ငွေပြည့်ရင် မြန်မြန် ထွက်ရတာပေါ့၊ နော် လှ''

လှ၏ အဆက်မပြတ်ရှိုက်သံသည် ခံသာရာ ရသကဲ့သို့ စဲသွားလေလျက်၊ သက်သက်၏ ဖိုလှိုက်လျက်ရှိသောရင်သည် နိမ့်ချည် မြင့်ချည် ဖြစ်လျက် ရှိနေသည်။

❐

## ၆

သက်သက်သည် ပဲခူး၌ ငါးရက်နေခဲ့ပြီးနောက် ရန်ကုန်သို့ ပြန်လာခဲ့သည်။

သက်သက် အိမ်ထဲသို့ ဝင်လာလာချင်း ရိုစီက ဆီးပြောလိုက်သည်။

"တော်ပါသေးရဲ့ သက်သက်ရယ်၊ ကြိုပြန်လာပေလို့ပဲ၊ ဒီမှာ စစ္စတာ ရိုစီ ကိစ္စများနေတယ်"

"ဘာဖြစ်လို့လဲ ရိုစီ"

"သက်သက်ပြန်ပြီး နောက်တစ်နေ့ပဲ၊ ဝန်ကြီးလည်း ဆေးရုံက ဆင်းသွားတယ်ကွဲ့၊ အရေးကြီးတဲ့အလုပ်တွေ ပေါ်လာလို့တဲ့၊ အဲ-ဆင်းသွားပြီး နောက်တစ်နေ့ ရိုစီဆီကို မေရီလွှတ်ဖို့ ရုံးက တယ်လီဖုန်း ဆက်တာပဲ၊ ရိုစီက ဝန်ကြီး ဆေးရုံက တစ်ပတ်ကြာမှ ဆင်းမယ်ဆိုလို့ သူ တောခဏပြန်သွားတယ်၊ တစ်ပတ်ကြာရင် လာမယ်၊ လွှတ်လိုက်မယ်လို့ ပြောလိုက်ရတယ်"

သက်သက်က ပြုံးလျက် "ဘယ် 'တော' လဲလို့ကော စစ်တယ် မဟုတ်လား"ဟု ဆိုလိုက်သည်။

"အေး-မေးတယ်၊ ရိုစီလေ ပဲခူးလို့ ပြောတော့မလို့၊ နောက်မှ သတိရပြီး တညင် ကျောက်တန်းလို့ ပြောလိုက်ရတယ်"

"တော်သေးတာပေါ့"



သက်သက်သည် သားရေသေတ္တာကို အခန်းထဲသို့ ဆွဲသွင်းသွားသည်။ ရိုစီက နောက်မှ ထက်ကြပ် လိုက်ဝင်လာသည်။

"သက်သက် ဒီညနေ သွားကွယ်"ဟု ရိုစီက ပြောလိုက်သည်။

သက်သက်သည် သေတ္တာကို ချလျက်-

"ဒီညနေ မသွားဘူး၊ တစ်ပတ်ဆိုတာ တစ်ပတ်ပဲပေါ့၊ သက်သက် တစ်ပတ် ပြည့်တဲ့နေ့ ညနေမှ သွားမယ်"

"သူက မြန်မြန်လာစေချင်နေတာ"

"အို-နှစ်ရက်ပဲ ရှိတော့တာ"ဟု သက်သက်က ညည်းပြောလိုက်သည်။

သက်သက်မှာ နှစ်ရက်အတွင်း လိုအပ်သည့် အရာများကို ဝယ်ခြမ်းစီစဉ်၍ နေ၏။ လက်ထဲက ဆင်မြီးလက်စွပ်ကလေးနှင့် ပယင်းကြယ်စေ့မှ ရွှေကွင်းကလေးကို ရောင်းလိုက်ကာ လုံချည်အစိမ်းဖြောင် သုံးထည်နှင့် ခေါင်းပတ်ရန် ပိတ်နှင့် ဇာများ ရှာဝယ်လိုက်သည်။ ခေါင်းပတ်ရန် အဝတ်ကို ရိုစီနှင့် နှစ်ယောက် စိတ်ကူးထွင်ကြလျက် ရိုစီကိုယ်တိုင် လှပစွာ ချုပ်ပေးလိုက်သည်။ ပိုးထဘီ အစိမ်းတစ်ထည်လည်း မျှလိုက်သည်။ ဒီဂရီမရှိသော မျက်မှန်တစ်လက်ကိုလည်း ရိုစီကပင် ဝယ်၍ လက်ဆောင်ပေးလိုက်သည်။

တစ်ပတ်စေ့သည့်နေ့၌ ရိုစီက ဝန်ကြီးထံသို့ မေရီ ညနေ လာလိမ့်မည့်အကြောင်း တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်သည်။ သက်သက်သည် ညနေဘက်တွင် ရိုစီ ပေးလိုက်သည့် လိပ်စာအတိုင်း မြင်းလှည်းနှင့် ရွှေတောင်ကြားလမ်းသို့ ထွက်လာခဲ့သည်။

ရွှေတောင်ကြားလမ်းမှာ မြို့ထဲနှင့်မတူ သစ်ပင်ကြီးများ အုပ်ဝေကာ အရိပ်အာဝါသ ကောင်းလျက် တိတ်ဆိတ် ငြိမ်သက်နေသည်။ လှပခမ်းနားစွာ ဆောက်လုပ်ထားသော အင်္ဂလိပ် အိမ်ကြီးများမှာ ကျယ်ဝန်းသော ပန်းခြံကြီး တွေထဲတွင် ရှိကြသည်။ အင်္ဂလိပ်များ ပြေး၍ ဗမာ့တပ်မတော်က အိမ်များကို သိမ်းကာ ဂျပန်ခေတ်ဝန်ကြီးများ၊ စစ်ဗိုလ်များ နေထိုင်ရာ ရပ်ကွက်ကြီးတစ်ခု သီးခြား ဖြစ်နေသည်။

ရေကန်ကြီးတစ်ကန်ထဲ၌ ကြာပန်းကြာပွင့်များ ဖုံးအုပ်လျက် ရှိကာ ကန်ထဲမှာ ရေပင် မမြင်ရချေ။ ကုက္ကိုရွက်များကား ပိုက်ကွန်ကြီးဖြင့် အုပ်မိုး ဖြန့်ထားသကဲ့သို့ လမ်းနှစ်ဖက် ယှက်အုပ်ဝေနေကာ နေပြောက်ပင် မထိုးသာ

Scanned by CamScanner

တော့ချေ။ မြင်းလှည်းလေးမှာ ချုံသံတညံညံနှင့် ခပ်မှန်မှန် ပြေးဆွဲနေသည်။ သက်သက်သည် မြင်းလှည်းအဖီမှ ကိုင်းကို ကိုင်လျက် ကိုယ်ကိုကုန်းကာ ခြံနံပါတ်တွေကို ကြည့်ရှာ လိုက်လာသည်။

"ရပ်တော့ရှင် ရပ်တော့"

"အထဲ မဝင်ရဘူးလား"

မြင်းလှည်းသမားက ခေါင်းကို သမင်လည်ပြန် လှည့်မေးလိုက်ကာ မြင်းဇက်ကို တုံ့ဆွဲလိုက်သည်။

"ရှင် ဒီက စောင့်နေပါ၊ ကျွန်မ ပြန်ခဲ့မယ်"

သက်သက်သည် မြင်းလှည်းပေါ်မှ ဆင်းကာ ခြံဝင်းထဲသို့ ဝင်လာခဲ့သည်။ ခြံထဲရှိ ဆင်ဝင်နှစ်ထပ်တိုက်မှာ ခြံဝင်းနှင့်အလှမ်းဝေးဝေး ဆောက်ထားသည်။ အိမ်၏ မျက်နှာစာတွင် မြက်ခင်းကြီး ရှိ၏။ ပြုပြင်မွမ်းမံခြင်း၊ ရေလောင်းခြင်းရှိပုံ မရ၊ အချို့နေရာများတွင် ကွက်ဝါနေကာ အချို့နေရာ၌ မြက်နုလေးများမှာ ခြောက်သေနေကြသည်။ ပန်းပင်များလည်း ဟုတ်တိပတ်တိ မရှိ။ ခြံထောင့်ရှိ စိန်ပန်းပင်၊ အလှစိုက်ထန်းပင်၊ အုန်းပင်၊ သရက်ပင်၊ မရန်းပင် အစရှိသည့် အပင်ကြီးများသာ မသေဘဲ ရှင်နေကြသည်။ ပန်းအိုးဟောင်းလောင်းများကို အိမ်ဝအနီးအနား၌ တွေ့ရ၏။ လဲသည့်အိုးကလဲကာ ကွဲနေသည့်အိုးကကွဲလျက် ဖရိုဖရဲ ဖြစ်နေကြသည်။ သက်သက်မှာ ခြံကို ကြည့်လျက် မာလီ မထားမှန်း သိလိုက်သည်။

အိမ်ဝ၌ တိတ်ဆိတ်နေလေ၏။ အထဲတွင် လူမှ ရှိရဲ့လားဟု ထင်ရသည်။ အိမ်ဝတံခါးကြီးလည်း ပွင့်နေသည်။ သက်သက်သည် အိမ်ဝ၌ ရပ်ကာ အထဲသို့ ကဲကြည့်လိုက်သည်။ သက်သက်ရပ်နေသည့် နေရာမှ တစ်ဖက်ရှိ လက်ဝဲဘက် အခန်းမကြီးကား ဧည့်ခန်းဆောင်ဖြစ်လျက် တစ်ဖက်ရှိ ညာဘက် အခန်းမကြီးကား ထမင်းစားခန်း ဖြစ်သည်။ အိမ်ပေါ်တက်သည့် လှေကားတစ်ဆစ်ချိုးမှာ သက်သက်ရပ်နေသည့် မျက်နှာမူရာ တည့်တည့်၌ ရှိသည်။

သက်သက်သည် အိမ်ထဲသို့ လှမ်းမဝင်ဘဲ ဧည့်ခန်းဆောင်ဘက်သို့ ခေါင်းကဲ၍ လှမ်းကြည့်လိုက်ရာ အံ့အားသင့်သွားသည်။ ဧည့်ခန်းမှာ အမြင်မတော် ဆင်တော်နှင့် ခလောက်ကဲ့သို့ အမြင်မတော်အောင် ဖြစ်နေသည်။ လှပသော အစိမ်းနှင့်အဖြူခက် အဝတ်ဖုံး ဆိုဖာကြီးများ၏ ခေါင်းမှီနေရာတွင် ဆီချေးများ ကွက်မည်းနေပုံမှာ အကွက်လိုက် ထင်းထင်းညစ်ညစ်ကြီး



ဖြစ်သည်။ ဆိုဖာပေါ်တွင် ပေရေသည့်ခြေထောက်တွေကို တင်၍များပင် ထိုင်ကြသလား၊ ဆောင့်ကြောင့်များပင် တက်ထိုင်ကြသလားမသိ ခြေရာကွက်များဖြင့် မည်းညစ်နေ၏။ နှစ်ယောက်ထိုင် ဆိုဖာကုလားထိုင်ကြီး၏ ဖင်ထိုင်နေရာမှာ အောက်သို့ ခွက်လျက် ကြမ်းနှင့်ထိလုနီး ကျွံကျနေကာ အောက်တွင် ပေါက်ပြဲလျက် အုန်းဆံများ ပြူထွက်နေကြသည်။ ဧည့်ခန်းအလယ်တွင် ရှိသော စားပွဲနိမ့်ပေါ် ၌ ဆေးလိပ်ခွက်မှာ ပြာများလျှံကျလျက်၊ ဆေးပြင်းလိပ်၊ ဆေးလိပ်တိုပေါင်းများစွာ ခုံပေါ်၌ လိမ့်ကျနေကြသည်။ ကြမ်းပေါ်၌ ခင်းထားသော ကော်ဇောမှာ အဆင်းအရောင် မပေါ်၊ ဖုန်နှင့် သဲနှင့် နင်းချင်တိုင်း နင်းထား၍ ရွံစရာ ကောင်းအောင် ညစ်မည်းလှသည်။ ဧည့်ခန်းထိပ် စန္ဒရားတစ်ခြမ်းကို လှမ်းမြင် ရသည်။ စန္ဒရားမှာ အဖုံးလှပ်ထားသည်။ လေတိုက်၍ လွင့်လာသော သစ်ရွက်ခြောက်ဝါများမှာ စန္ဒရားခလုတ်ပေါ်တွင် ရှပ်တိုက်ပြေးလွှားလျက် ရှိနေကြသည်။ ကော်ဇောဘေးရှိ သစ်သားကွက်တုံး ခင်းထားသည့် ကြမ်းခင်းမှာ လက်တစ်လုံးလောက် ကြေးတင်လျက် အကွက်အဆစ်ထုံးကလေး တွေကိုပင် ကြည့်နိုင်မှ မြင်ရတော့သည်။

သက်သက်မှာ မျက်နှာဖြူများ နေစဉ်က ဖိတ်ဖိတ်တောက်နေမည့် ကြမ်းခင်းကို ပြေးမြင်ယောင်လိုက်မိသည်။

တက္ကသိုလ်တွင် သက်သက် နေစဉ်က ပထမနှစ်၌ အဆောင်အခန်း မရ၍ သက်သက်၏ ဦးလေးတော် ဝတ်လုံတော်ရ တစ်ဦးက စီစဉ်ပေးသည့် အတိုင်း မျက်နှာဖြူမ၊ အင်္ဂလိပ်စာပြ ကထိက ဆရာမ အပျိုကြီးအိမ်တွင် နေခဲ့ရသူ ဖြစ်သည်။ မျက်နှာဖြူတို့၏ အနေအထိုင် ဓလေ့စည်းကမ်းကို ကောင်းစွာ တတ်သိနားလည် ကျွမ်းကျင်ခဲ့သည်။

ဤအိမ်ကြီး၏ အတွင်း၌ မည်မျှပင် ပုံပန်း ပျက်လျက် ပစ်စလက်ခတ် ဖြစ်နေကြစေကာမူ အနောက်တိုင်း၏ အငွေ့အသက်မှာ မကုန်သေးဘဲရှိ၍ သက်သက်၏ မျက်စိထဲ၌ မျက်နှာဖြူတွေ နေစဉ်က ရှိမည့် ပုံသဏ္ဍာန်ကို သပ်သပ်ရပ်ရပ် မြင်လျက်သား ဖြစ်နေသည်။

တစ်ဖက် ထမင်းစားခန်းထဲ၌ သားနားသော စားပွဲခုံကြီးနှင့် ပန်းကန်တင်စင်၊ ပန်းကန်ထည့် ဗီရို၊ ရေခဲသေတ္တာ၊ ကုလားထိုင်များ စသည်တို့ကား မွဲခြောက်ခြောက်နှင့် ဖုန်အလိမ်းလိမ်းတက်ကာ ကျုပ်တို့ အဖိုးတန်ပစ္စည်းတွေ

Scanned by CamScanner

ပါ၊ သူတို့ မသုံးတတ်လို့ ညစ်ပတ်နေတာပါဗျာ'ဟု သက်သက်ကို ဆီး၍ အစီရင်ခံနေကြသကဲ့သို့ပင် ထင်ရလေသည်။

သက်သက်မှာ 'အိမ်ကြီးနှင့် ပစ္စည်းတွေကိုမှ အားမနာကြပါကလား' ဟု စိတ်ထဲက ရေရွတ်လိုက်စဉ် လှေကားမှ လူဆင်းသံကြားလိုက်၍ ကိုယ်ကို တည့်တည့်စန့်စန့် ပြင်ရပ်လိုက်သည်။

ချည်လုံချည် အကွက်နှင့် ဓားမောက်ဘိနပ် စီးထားသော ဒူးပိုင်းကို အရင် မြင်လိုက်ရ၏။ လှေကား အလယ်တွင် လူလုံး ပေါ်လာလေသည်။ ရှိစီပြောပြသည့် အင်္ကျီရပ်နှင့်ဆင်၍ ဝန်ကြီးပဲဟု ထင်လိုက်သည်။

ဦးမင်းဟန်သည် စွပ်ကျယ် ကုပ်ပြဲနှင့် စာအုပ်ကို ချိုင်းညှပ်ကာ ဆင်းလာလျက် မေရီအား အံ့အားသင့်သလို ဖြစ်သွားသည်။ မိမိတွေ့ရသော မိန်းမပျိုမှာ အသားဖြူဖြူ၊ ချောမောလှပလျက် မျက်နှာပုံပန်း ကြည့်ရသည်မှာ သိက္ခာအလွန်ရှိကာ တည်နေသည်။

"ဘာကိစ္စရှိပါသလဲ"

သက်သက်အား လှမ်းမေးရင်း လှေကားခြေရင်း၌ ရပ်လိုက်သည်။

"ဝန်ကြီး ဦးမင်းဟန်ကို တွေ့ချင်လို့ပါ"

"ကျွန်တော်ပါပဲ"

"ကျွန်မ မေရီပါ၊ အလုပ်အတွက် လာပါတယ်"

"ဪ"

ဦးမင်းဟန်မှာ စောစောကထက်ပင် အံ့အားသင့်သွားပြန်သည်။ လှေကားမှ အဆင်း မိန်းမပျိုကိုတွေ့၍ ဘယ်က လာပါလိမ့်၊ ဘာကိစ္စနှင့် လာပါလိမ့် ဟု အံ့အားသင့်ကာ 'မေရီ'ဟူ၍ နည်းနည်းမျှ မထင်၊ ယနေ့ညနေ မေရီလာမည် သိသော်လည်း ဒီဂိုက်မျိုး၊ ဒီပုံပန်းမျိုးဟု စိတ်ထဲ၌ မကူးမိ၊ ရုပ်ရည်သန့်သန့်၊ အထက်တန်းကျကျ ရုပ်မျိုးလည်း မထင်မိ၊ ရွက်ကြမ်းရေကျို အသက်အရွယ်ကြီးကြီးထဲက ကရင်မတစ်ယောက်ပဲဟု စိတ်ထဲ၌ သာမန်ကာ လျှံကာပင် မှတ်တမ်းတင်ထားမိသည်။

ဝန်ကြီးမှာ ဘာဆက်ပြောရမှန်း မသိသကဲ့သို့ ကြောင်သွားကာ လှေကားခြေရင်းနှင့် မနီးမဝေးတွင် ရှိသော ကြိမ်ကုလားထိုင်ကို ဆွဲထိုင်လိုက်သည်။

မေရီသည် အိမ်ထဲသို့ ဝင်ရုံမျှဝင်ကာ တံခါးနား၌ ရပ်လိုက်သည်။



"စစ္စတာက ဒီနေ့ညနေ လာမယ်ဆိုလို့ ကျွန်တော်လည်း ရုံးက စောစောပဲ ဆင်းခဲ့တယ်၊ ကျောက်တန်းက ဘယ်နေ့က ပြန်ရောက်ပါသလဲ"

"ကျွန်မ ရောက်နေတာ နှစ်ရက်ရှိပါပြီ၊ ကိစ္စလေးတွေ ရှိနေသေးတာနဲ့"

"အလုပ်ကော ဒီနေ့ ဝင်မယ်လား"

ဝန်ကြီးသည် သက်သက်၏ တည်ငြိမ်ချောမွေ့သော ရုပ်ဆင်းအရှိန်ဖြင့် မေးရသည်ပင် အားနာဟန် ရှိသလိုလို ရဲရဲတင်းတင်း မမေးဝံ့ပေ။

"ကျွန်မ မနက်ဖြန် ညနေမှာ လာခဲ့ပါ့မယ်၊ သန်ဘက်ခါ ဒီဇင်ဘာလ တစ်ရက်နေ့က စပြီး အလုပ်ဆင်းပါ့မယ်၊ ကျွန်မနေဖို့ အခန်းကို တစ်ဆိတ် ကြည့်ခွင့်ပေးပါ"

ဦးမင်းဟန်သည် ကုလားထိုင်မှ ထလိုက်ကာ-

"ကြည့်ပါ၊ ကြည့်နိုင်ပါတယ်'

ပြောပြောဆိုဆို လှေကားအောက်မှ အခန်းကို ဖွင့်ပြသည်။ သက်သက်သည် ဖြည်းဆေးစွာ လှမ်းဝင်သွားလျက် မိမိနေရမည့် အခန်းကို အပေါက်ဝက လှမ်းကြည့်လိုက်သည်။

"ဝင်ပါ၊ အထဲဝင်ကြည့်ပါ ခင်ဗျာ"

သက်သက်သည် အခန်းထဲသို့ ဝင်လိုက်သည်။ ဝန်ကြီးက အဝ၌ ရပ်ကြည့်နေသည်။

အခန်းထဲ၌ တစ်ယောက်အိပ် သစ်သားခုတင်တစ်လုံး၊ ဗီရိုမှန်ခုံ တစ်လုံး၊ စားပွဲခုံကလေးနှင့် ကုလားထိုင်တစ်လုံး ရှိသည်။ အခန်းထဲ၌ ပင့်ကူအိမ်နှင့် ကျပ်ခိုးများ တွဲလောင်းဆိုင်းလျက် ကြမ်းပေါ်တွင် ပိုးဟပ်များ ပြေးလွှားနေကြသည်။

သက်သက်သည် အနောက်ဘက် ပြတင်းပေါက် တံခါးမှ ချက်များကို သေသေချာချာ လိုက်ကြည့်သည်။ ထို့နောက် အခန်းထဲဝင်သော တံခါးမကြီးမှ ချက်ကန့်လန့်များကို လှမ်းကြည့်ကာ အပြင်သို့ ပြန်ထွက်လိုက်သည်။

"ကျွန်တော့် အိမ်ကတော့ လူနေတဲ့ အိမ်နဲ့တောင် မတူဘူးဗျာ၊ သိပ်ကို ညစ်ပတ်တာ၊ သန့်အောင်တော့ အတော် လုပ်ယူရမှာပဲ"

ဝန်ကြီးမှာ စိတ်ညစ်ဟန်ဖြင့် ညည်းတွားပြောလိုက်သည်။

"ဟောဒါက ဧည့်ခန်း"

Scanned by CamScanner

"ဟုတ်ကဲ့၊ ခုန ဟိုအဝက မြင်ရပါပြီ"

"ဟောဒီဘက်က ထမင်းစားခန်း"

သက်သက်သည် ထမင်းစားခန်းထဲသို့ ဝင်သွားကာ ဟိုကြည့် သည်ကြည့် ကြည့်လျက် ဗီရိုကို လှပ်ဖွင့်လိုက်သည်။ ဗီရိုထဲတွင် လှပသော တိုက်ပန်းကန်စုံများ၊ လက်ဖက်ရည် ပန်းကန်စုံများ ဖန်ခွက်များ ပြွတ်သိပ်ထိုးထားသည်။ ဗီရိုအံဆွဲထဲ၌ ငွေခက်ရင်း၊ ငွေဇွန်း၊ ငွေဓားများမှာ လေးဆယ်ခန့်ရှိလေသည်။ ရေခဲသေတ္တာကြီးကို ဖွင့်ကြည့်လိုက်ရာ စိမ်းစားဥတွဲကြီးကို တွေ့ရသည်။

"ကျွန်တော်တို့ ဒီအိမ်သိမ်းတော့ ဟောဒီစားပွဲပေါ်မှာ လက်ဖက်ရည်စားပွဲဟာ ပြင်ထားတဲ့ အတိုင်းပဲ ခင်ဗျ၊ မျက်နှာဖြူတွေ သုတ်ခြေတင်ပြေးကြတာ၊ သောက်စားသွားပုံတောင် မရဘူး၊ မီးကင်ထားတဲ့ပေါင်မုန့်တွေဟာ ခြောက်မာနေတာပဲ"

ဦးမင်းဟန်သည် ပြောပြီး ရယ်မောလိုက်သည်။

"အပေါ်မှာ အိပ်ခန်း ဘယ်နှခန်း ရှိပါသလဲ"

သက်သက်က ဝန်ကြီးနှင့်အတူ လိုက်၍ ရောနှော ရယ်မောခြင်း၊ ပြုံးရွှင်ခြင်း မလုပ်ဘဲ မျက်နှာတည်တည်နှင့်ပင် မေးလိုက်သည်။

"အပေါ်မှာ အိပ်ခန်း သုံးခန်းပဲ၊ တစ်ခန်းကတော့ ကျွန်တော့်အခန်း၊ တစ်ခန်းက ကျွန်တော့်မိတ်ဆွေတွေ နေကြတယ်၊ နောက်ဘက်က အခန်းကတော့ ဧည့်သည်တွေလာရင် တည်းကြတာပဲ၊ တက်ကြည့်ပါလား"

"နေပါစေတော့၊ ကျွန်မ အလုပ်ဝင်မှ တက်ပါတော့မယ်၊ ဝန်ကြီးနဲ့ နေတဲ့ မိတ်ဆွေက ဘယ်နှဦးပါလဲ၊ သူတို့ ဘယ်လို အလုပ်အကိုင်များ လုပ်ပါသလဲ"

"အားလုံး ရုံးသမားချည်းပါပဲ၊ သူတို့ရုံးက မလာကြသေးဘူး။ ပေါင်း လေးယောက်ပဲ"

"သူတို့ရော ကျွန်မ စီမံခန့်ခွဲတာကို သဘောကျပါ့မလား၊ နောက်ပြီး ကျွန်မကို အစေခံလိုများ ဆက်ဆံ သဘောထားနေကြမှာလားရှင်"

သက်သက်သည် အိမ်ကထွက်လာကတည်းက သူ့ကိုယ်သူ ရဲဆေးတင်လာခဲ့သည်။ သက်သက်၏ မူရာဟန်ပန် အားလုံးမှာ ဘယ်တုံးကမှ သူ၌ မရှိဘူးသော သတ္တိထူးကို မွေးမြူတပ်ဆင်လာခဲ့သည့်အတိုင်း သူ့အသံ



ဘယ်လိုထားရမည်၊ သူ့မျက်နှာဘယ်လိုရှိရမည်။ သူ့ပုံပန်းဘယ်လိုဖြစ်ရမည်၊ ပုံစံကျရန် တစ်စက္ကန့်မျှ မမေ့အောင် သူ့ကိုယ်သူ သတိကြီးစွာ ထားလျက် ပြောဆိုနေသည်။

"သူတို့အတွက်တော့ စိတ်ချပါ၊ ပြီး ဒီလူတွေဟာ ဟော့ဟော့ရမ်းရမ်းတွေ မဟုတ်ကြဘူး၊ လူကောင်းတွေပါ၊ စီမံအုပ်ချုပ်မှာကို သဘောမကျစရာ မရှိပါဘူး။ အစေခံရယ်လို့များတော့ ကျွန်တော်က အစ တစ်အိမ်လုံးက သဘောမထားပါဘူး။ ကျွန်တော်တို့အိမ်ကို စီမံအုပ်ချုပ်သူလို့ နားလည်ကြပါမယ်"

သက်သက်၏ မျက်နှာကို ဝန်ကြီးက စိုက်ကြည့်လျက် တစ်ဖက်သားစိတ်ရှင်းအောင် စိတ်ရော ကိုယ်ပါ ပြောပြနေရာ သက်သက်မှာ စိတ်ထဲ၌ ကျေးဇူးတင်သွားသည်။

"မီးဖိုကရောရှင်"

"မီးဖိုက နောက်ဘက်ခန်းမှာပါ"

"ထမင်းချက်ရှိပါသလား၊ ဒီအိမ်မှာ အလုပ်လုပ်တဲ့ အလုပ်သမား ဘယ်နှယောက် ရှိပါသလဲ"

"ထမင်းချက် ကုလားအဘိုးကြီး တစ်ယောက်ပဲ ရှိတယ်၊ အိမ်လှည်းတာကျင်းတာတော့ ဒီကုလားကြီး အားတဲ့အခါ လှည်းထင်ပါရဲ့"

"ဒီလိုဆိုရင် နောက်ထပ် ဘွိုင်ကုလားတစ်ယောက်နဲ့ ဂျာဒူးတော့ လိုပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် နက်ဖြန် ရှာပြီး ငှားထားလိုက်ပါ့မယ်"

သက်သက်သည် တစ်စုံတစ်ခုကို ပြောမည်ဟန်ပြင်ပြီးမှ ချိန်ဆစဉ်းစားသလို တွေ၍ သွားသည်။ ဝန်ကြီးက "ဒိပြင်ရော…ဘာပြောချင်ပါသေးသလဲ"ဟု မေးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မ မိန်းမသား တစ်ဦးအနေနဲ့ ပြောရတာပါရှင်၊ ဒီအိမ်မှာ မိန်းမဆိုလို့ ကျွန်မတစ်ယောက်ပဲရှိလို့ ကျွန်မအတွက် စိတ်ချချင်ပါတယ်"

"ဟာ-စိတ်ချပါ၊ တစ်အိမ်ထဲ နေကြတာ နှမကလေးတစ်ယောက်လို စောင့်ရှောက်ပြီး သဘောထားကြပါမယ်"

"မောင်နှမလို နေတာမျိုးလည်း ကျွန်မ မကြိုက်ပါဘူး"

Scanned by CamScanner

ဝန်ကြီးမှာ ဘယ့်နှယ် ပြောရမှန်း မသိသကဲ့သို့ သက်သက်အား ခပ်စိန်းစိန်းကြည့်လိုက်ကာ မျက်နှာပိုးသတ်သွားသည်။ သက်သက်သည် ပြောပြီး ဣန္ဒြေကြီးကြီးထားလိုက်ကာ ခပ်တောင့်တောင့်ပင် ရပ်လျက်နေသည်။

"နို့-ဘယ်လို ကြိုက်ပါသလဲ၊ ဘယ်လို သဘောထားရမလဲ"

ဝန်ကြီးက သူ့မျက်နှာကို ပြင်၍ ခပ်ဖြည်းဖြည်း မေးလိုက်သည်။

"ကျွန်မကို အလုပ်ရှင်နဲ့ အလုပ်သမားလိုပဲ သဘောထားပြီး ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေကြဖို့ပါပဲ"

"ဪ-ဪ-ကောင်းပါပြီ"

သက်သက်သည် တစ်ချိန်လုံး ဝန်ကြီးအား အကဲခတ်ကြည့်နေသည်။ သဘောကောင်းပုံ အကဲခတ်၍ရသည်။ သူ့နေရာနှင့် နေရာ မကောင်းဘဲ နေရာတကာ သဘောကောင်းမည့်ပုံလည်း ပေါက်နေသည်။ မိမိနေစဉ် မိမိနှင့် ရင်းနှီးခင်မင်သွားမှာလည်း နည်းနည်းမှ အလိုမရှိချေ။ ခပ်စိမ်းစိမ်းနေရန်သာ အလိုရှိ၍ ရတတ်ရက်ရသော အကြံဉာဏ်ဖြင့် စွတ်ပြောထည့်လိုက်သည်။

"ကျွန်မအလုပ်ဝင်ဖို့ သဘောကျပါပြီ။ တစ်ခုတော့ ပြောဖို့ ကျန်ပါသေးတယ်။ ကျွန်မ အလုပ်ဝင်တဲ့အခါမှာ ကျွန်မကို 'ကျွန်တော်''၊ ခင်ဗျား'နဲ့ ပြောဆိုဆက်ဆံဖို့ မလိုပါဘူး၊ 'ကျုပ်'နဲ့ ပြောနိုင်ပါတယ်"

"ကောင်းပြီ...ကောင်းပြီ"

ဝန်ကြီးထံမှ 'ကောင်းပြီ...ကောင်းပြီ'ဟု နားထောင်လိုက်ရသော စကားသံမှာ သက်သက်စိတ်တိုင်းကျ ဖြစ်သွားလေသည်။ ဝန်ကြီးမှာ ဟန်ကြီးပန်ကြီးမလုပ်သူ၊ သဘောကောင်းသူတစ်ယောက်ဖြစ်၍ မိမိနှင့်ဆက်ဆံရေးမှာ ခပ်တည်တည် ခပ်မှန်မှန် ဆက်ဆံဖို့ရာ အရေးကြီးသည်ဟု အရေးတကြီး တွက်မိသည်။

"ကျွန်မ သွားပါဦးမယ်၊ နက်ဖြန်ညနေ ဒီအချိန်လောက် ကျွန်မ ပြောင်းလာပါ့မယ်"

"ဟုတ်ကဲ့"ဟု ဆိုပြီးမှ သတိရသဖြင့်'ကောင်းပြီ'ဟု ဆိုကာ "ဘာနဲ့ လာသလဲ"ဟု မေးလိုက်သည်။

"ကျွန်မ မြင်းလှည်းနဲ့ လာပါတယ်"

သက်သက်သည် ပြောပြီး တစ်ချက်တည်း လှည့်ထွက်လာခဲ့သည်။ ဦးမင်းဟန်မှာ ခြံထဲတွင် လျှောက်သွားသော သက်သက်ကို အိမ်ဝ



က စူးစိုက်၍ ကြည့်နေသည်။ မိမိက ကားနှင့် ပို့ရန် စိတ်ရှိလျက် နှုတ်မှ မထွက်သာအောင် ပြုမူ ဆက်ဆံသွားသော 'မေရီ'အား 'တစ်မျိုးပဲ'ဟု စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်၍ ကျန်ရစ်ခဲ့သည်။

ခြံရှေ့၌ မြင်းလှည်း၏ ချူသံ၊ ခွာသံကလေးကို သဲ့သဲ့ကြားလိုက်ရကာ မြင်းလှည်းထွက်သွားသည်။

ဦးမင်းဟန်သည် ဧည့်ခန်းထဲသို့ ဝင်လာခဲ့၏။ ဆိုဖာပေါ်၌ ထိုင်လျက် 'မေရီ'ကို စဉ်းစားနေသည်။ မေရီနှင့် တစ်ယောက်တစ်ခွန်းပြောကြဆိုကြပုံကို ပြန်လှန်စဉ်းစားနေခိုက် အိမ်ထဲဝင်လာသော လူသံကို ကြားလိုက်သည်။

ဝင်လာသူမှာ အသားဖြူဖြူ၊ ပုပု၊ ကတုံးဆံတောက်နှင့် နှုတ်ခမ်းမွှေးရေးရေးရှိသူ ကိုထွန်း ဖြစ်သည်။

ကိုထွန်းမှာ ဝန်ကြီးအိမ်တွင်နေသော ဝန်ကြီး၏ တိုင်ပင်ဖော် တိုင်ပင်ဖက် မိတ်ဆွေလည်း ဟုတ်၏။ အင်္ဂလိပ်ခေတ် သခင်ဘဝက နိုင်ငံရေးလုပ်ဖက်ကိုင်ဖက်လည်း ဖြစ်သည်။ လွယ်အိတ်ကို မလွယ်ဘဲ ဆုပ်ကိုင်ယမ်းခါလျက် လေချွန်လာရင်း ခြေလှမ်းသွက်သွက်ဝင်လာသည်။ အိမ်ပေါ်တက်ရန် လှေကားနားသို့ ရောက်ပြီးမှ ဝန်ကြီးကို ဧည့်ခန်းထဲ၌ ရိပ်ခနဲ မြင်လိုက်၍ ဧည့်ခန်းထဲသို့ လှည့်ဝင်ခဲ့သည်။

"ဘယ့်နှယ် ကရင်မကြီး မလာသေးဘူးလားဗျ"

ဝန်ကြီးနှင့်အတူ နေသူများမှာ ယနေ့ညနေ မေရီလာမည်ကို ဝန်ကြီးက ပြောပြ၍ သိထားကြသည်။

ဝန်ကြီး၏ မျက်နှာသည် မပြုံးမရယ်ကြီး ရှုတည်လျက် ရှိသည်။ သူသည် သူ့မေးကို လက်နှင့် ပွတ်နေသည်။ သူ့ပေါင်ပေါ်၌ စာအုပ် တင်ထားသည်။

ကိုထွန်းသည် ဝန်ကြီးနှင့် မျက်နှာချင်းဆိုင် ဆိုဖာပေါ်၌ ကိုယ်ကို ပစ်ဆောင့်ထိုင်ချလိုက်ရာ စပရိန်များ ညွတ်ခွေကျသွားသည်။

"ခုနက လာသွားပြီဗျ"

ဝန်ကြီးက ခပ်အေးအေးပင် ပြောသည်။

"ဘယ့်နှယ်လဲ ဟန်ပုံပေါ်ရဲ့လား၊ ဘယ်အရွယ်လောက် ရှိပြီလဲ အဖွားကြီးလား"

Scanned by CamScanner

ဝန်ကြီးသည် ပြုံးလိုက်သည်။ သူ့မျက်လုံးများမှာ လက်လာကြသည်။ စိတ်လက်ရွှင်ပျ ကြည်လင်သည့်အခါများတွင် ဝန်ကြီး၏ မျက်နှာမှာ ဝင်းထိန်ကြည်လင်နေတတ်သည်။

“အဘွားကြီး မဟုတ်ဘူးဗျ၊ အသက် နှစ်ဆယ့်ငါးနှစ်လောက် ရှိဦးမယ်၊ တော်တော့်ကို လှတယ်”

“ဗျာ”

ကိုထွန်း၏ မျက်ခုံးများသည် အပေါ်သို့ မြောက်တက်သွားလေကာ နဖူးတစ်ခုလုံး တွန့်ရှုံ့သွားသည်။ ဟောင်းလောင်း ဟနေသော ပါးစပ်တွင် သူ့မေးစေ့ ချွန်ချွန်မှာ အောက်သို့ ကျနေသည်။

“ဟန်လွန်းလို့ ခက်နေတယ်ဗျာ၊ ကျွန်တော်တောင် သူ့ကို စကား ပြောရတာ ကျပ်ကျပ်ပဲ”

“အင်း…အင်း…ဆိုစမ်းပါဦး၊ ဘယ်လိုပြောကြ ဆိုကြလို့လဲ”

ကိုထွန်း ကုလားထိုင် အစပ်နားသို့ရောက်အောင် သူ့ကိုယ်ကို ရွှေ့လိုက်သည်။ ဦးမင်းဟန်သည် သူ့ရင်ဘတ်ကို လက်နှင့်ပွတ်လျက် ပြုံးပြုံးပင် ပြောပြသည်။

“ကျွန်တော် အိမ်ပေါ်က ဆင်းလာတော့ အိမ်ဝမှာ သူရပ်နေတယ်၊ ကျွန်တော်က သူ့ကို ဒီအိမ်မှာ အလုပ်လာလုပ်မယ့် မေရီလို့ မထင်ဘူးဗျာ၊ ဂိုက်ဆိုက်က တော်တော်ရုပ်ဖြောင့်ပြီး ချောတာလား…ရုံးကိစ္စနဲ့ လာတဲ့ ကျောင်းဆရာမလေးလား…ဘာလားအောက်မေ့မိတယ်၊ သူက ကျွန်မမေရီပါပဲ ဆိုတော့မှ အံ့အားကိုသင့်သွားတာပေါ့”

“ကရင်လား”

“ကရင်နဲ့ နည်းနည်းမှ မတူဘူးဗျ၊ ကျွန်တော်တော့ တွေးလို့ကို မရဘူး”

“ကရင် မဟုတ်ရင် အင်ဂလို ကပြားထဲက ဖြစ်မှာပေါ့ဗျ”

“ကပြားရုပ်လည်း မဟုတ်ပါဘူးဗျ၊ ဗမာရုပ်ကလေး”

“ကဲ…ကဲ…ပြောစမ်းပါဦး…ဘယ်လို ပြောသလဲ”

“အေးဗျာ…သူက သူနေရမယ့် အခန်းကြည့်ချင်တယ်ဆိုတော့ ကျွန်တော်က လှေကားအောက်က အခန်းကို ပြတယ်၊ အဲဒါ…ဝင်ကြည့်ပြီး



ထမင်းစားခန်းထဲလည်း ကြည့်တယ်၊ အပေါ်ထပ်တော့ သူလာမှပဲ ကြည့်မတဲ့၊ အိမ်ရှိ လူတွေကို စစ်တာပေါ့ဗျ…”

“အမယ်-ဘယ်လိုစစ်တာလဲ”

ကိုထွန်း၏ မျက်နှာသည် ပြောင်ချော်ချော် မျက်နှာပေးဖြင့် စပ်ဖြဲဖြဲ ဖြစ်သွားသည်။

“သူတို့ ဘာအလုပ်လုပ်သလဲ၊ လူပေါင်း ဘယ်နှယောက်လည်းပေါ့ဗျ၊ အမေးတော်တော် လိမ္မာတာကို သူပြန်သွားမှ ကျုပ်ပြန်စဉ်းစားမိတယ်၊ ကျုပ်က ရုံးသမားတွေ ဟော့ဟော့ရမ်းရမ်း မဟုတ်တဲ့အကြောင်း ရှင်းပြောပြရတယ်၊ ပြီးတော့…သူပေးမယ့် စည်းကမ်းကို သဘောမကျများဖြစ်ကြမလားတဲ့”

“သူက ကျွန်တော်တို့ကို ပဋိညာဉ်စာချုပ် ချုပ်နေတာပေါ့”

ကိုထွန်းက ပြောပြီး သူတစ်ယောက်တည်း ပွဲကျသလို ဝါးခနဲ ရယ်မောလိုက်သည်။

“ခင်ဗျားတို့တင် မဟုတ်ဘူးဗျ၊ ဆေးရုံမှာ စစ္စတာ ကျွန်တော့်ကို ပြောစက သူပေးမယ့်စည်းကမ်းကို ဝန်ကြီးက စလိုက်နာမှ သူ ဒီအလုပ် လက်ခံနိုင်မယ်လို့ ပြောတယ်ဆိုတော့ ကျွန်တော် ဒီစကားကို သတိမူလိုက်သား၊ တော်တော်များ စည်းကမ်းကြီးသလားလို့ တွေးမိတယ်၊ အခုတော့ ကျွန်တော် ထင်တာထက်တောင် စည်းကမ်းကြီးလိမ့်ဦးမဗျို့”

“ခပ်ပြက်ပြက်ထဲကလားဗျာ”

“ခပ်ပြက်ပြက် မဟုတ်ဘူးဗျ၊ ခပ်တည်တည်မှ ခပ်တည်တည်ဗျ”

“ဗမာက ဒီအလုပ်မျိုး မလုပ်ပါဘူးဗျ”

“အင်း-ကျွန်တော်လည်း စဉ်းစားနေတယ်၊ နောက်ပြီး သူက ပြောသေးတယ်၊ ဒီအိမ်မှာ မိန်းမဆိုလို့ သူတစ်ယောက်တည်း ရှိတာမို့ သူ့အတွက် စိတ်ချပါရစေတဲ့”

“ဒါဗမာသဘောဗျ၊ ဗမာက စိုးရိမ်တတ်တယ်”

ကိုထွန်းမှာ မျက်လုံးများ တောက်လျက် စိတ်ဝင်စားနေသည်။

“ဟုတ်လိမ့်မယ်၊ ကျွန်တော်က အာမခံလိုက်ရတာဗျာ၊ သူ စိတ်ချပါရစေတော့လို့ ကျွန်တော်တို့ နှမကလေးလို အောက်မေ့ပါ့မယ်ပြောတော့ ဒီ နှမလေးလို သဘောထားမှာလည်း သူ မကြိုက်ဘူးတဲ့ဗျ”

Scanned by CamScanner

ဝန်ကြီးသည် လေသံခပ်ရှင်ရှင်ဖြင့် ပြောကာ အသံလွင်လွင်ဖြင့် ရယ်လိုက်သည်။

''ဗျို့...ခင်ဗျားက ဘယ်လို ပြန်ပြောလိုက်သလဲ''

''ဘယ်လို သဘောထားရမလဲလို့ သူ့ကို မေးရတာပေါ့ဗျ၊ အလုပ်ရှင်နဲ့ အလုပ်သမားလို သဘောထားပါတဲ့''

''အမယ် အလာကြီးပဲ''

ကိုထွန်းက တစ်လုံးစီပြောကာ မှတ်ချက်ချသည်။

''သူ့ကြည့်ရတာ ကျွန်တော်တို့နဲ့ ရောရောနှောနှော ပလူးပလဲ ဆက်ဆံချင်တဲ့သဏ္ဌာန် မရှိဘူး။ ကျွန်တော်က မိန်းမသားလေးရယ်လို့ အရေးတယူပြုတာ၊ ယဉ်ယဉ်ကျေးကျေး လုပ်တာလည်း မကြိုက်ဘူးဗျ၊ သူ့ကို ကျွန်တော်နဲ့ ခင်ဗျားနဲ့ စကားမပြောပါနဲ့တဲ့၊ ကျုပ်နဲ့ ပြောနိုင်ပါတယ်တဲ့''

ဧည့်ခန်းထဲ၌ ဝေါခနဲ ရယ်သံကြောင့် အိမ်ထဲသို့ နောက်ထပ် ဝင်လာသောသူ သုံးဦးသည် ဧည့်ခန်းဝမှ အတွင်းသို့ ခေါင်းသုံးလုံးထပ် ပြူကြည့် လိုက်ကြသည်။

''ဟေ့လူတွေ၊ လာကြ...လာကြ၊ ခင်ဗျားတို့ကို အချုပ်ထဲချုံမယ့် ဝါဒင့် အကြောင်းကို လာနားထောင်ကြစမ်း''

ကိုထွန်းသည် အာပေါင်အာရင်းသန်သန်ဖြင့် လှမ်းအော်ပြောလိုက်သည်။

ညင်သာ တိုးတိတ်သော အသံဖြင့် အရပ်မြင့်မြင့် ခပ်နွဲ့နွဲ့ အသက် အစိတ်ခန့်ရှိသော ကိုသန်းအေးက 'ဘာများလဲဗျာ'ဟု ဆိုကာ ရှေ့က ဝင်လာသည်။ သူ့နောက်မှ အသားညိုညို တုတ်တုတ်၊ ဗလကောင်းကောင်း၊ ကာယဗလလိုက်စားသူ ဘောလုံးသမား ကိုဝင်းမောင်နှင့် ကျန်တစ်ဦးမှာ ဗိုလ်ကေကို လက်နေအောင် ဖြီးထားကာ လူရည်သန့်သန့် ရုပ်ဖြူလက်ရှည်၊ ကာကီဘောင်းဘီရှည်၊ ဘွတ်ဖိနပ်အသစ်နှင့် လက်ဆွဲသားရေအိတ်ကြီးဆွဲလာသော ကိုဘစိုးတို့ ဖြစ်ကြသည်။

''ကျုပ်တို့အိမ်ကို လာအုပ်ချုပ်မယ့်''အိမ်ရှင်မက မိုးကျရွှေကိုယ်လေးဗျို့ ''

ကိုဘစိုးသည် ကိုထွန်းစကား မဆုံးမီ သူ့ဝါသနာအတိုင်း ရွှင်ပျသွားသော မျက်နှာဖြင့် 'ဟာ စွံတာပဲဗျို့'ဟု ဆိုလိုက်ရာ ဝါးခနဲ ရယ်လိုက်ကြသည်။



ဦးမင်းဟန်မှာ သူ့လူတွေကို ကြည့်လျက် ပြုံးရယ်နေသည်။

''သူ့ပဲ ကျပ်တည်းရမှာပဲ''ဟု ကိုထွန်းက ကိုဘစိုးကို လက်မနှင့် ထိုးရင်း ဝန်ကြီးကို အတည်ပေါက်မျက်နှာဖြင့် ပြောလိုက်ရာ ဝေါခနဲ ရယ်ကြပြန်သည်။

''မေရီက သိပ်ချောဆိုပဲဗျ၊ အသက် နှစ်ဆယ့်ငါးနှစ်လောက် ရှိသေးသတဲ့၊ ကိုယ်တော့ မတွေ့လိုက်ရသေးဘူး။ ကိုမင်းဟန်နဲ့တွေ့တာ၊ ယောကျ်ားတွေနဲ့ သူနေမှာမို့ သူ့အတွက် စိတ်ချပါရစေဆိုလို့ ကိုမင်းဟန် အထပ်ထပ် အာမခံ လိုက်ရသတဲ့၊ ခင်ဗျားတို့ဟာ ဟော့ဟော့ရမ်းရမ်း မဟုတ်ဘူးလို့ ပြောထားတာနော်''

ကာယဗလကို လိုက်စားသော ကိုဝင်းမောင်က ရှုတည်တည်ဖြင့်-

''ဟုတ်တာပေါ့ဗျာ၊ မိန်းမဆိုတော့ ယောကျ်ားတွေနဲ့ နေရတော့ စိုးရိမ်ပူပန် မှာပေါ့''ဟု ဆိုလိုက်သည်။

''အဲသလို လူမျိုး စိုးရိမ်ရတာပဲ''ကိုဘစိုးက စွက်လိုက်ရာ အားလုံး ရယ်ကြပြန်သည်။

''ခင်ဗျားတို့ သူလာတဲ့နေ့ကစပြီး စတိုင်နဲ့ နေရ၊ စားရမှာပဲ၊ သူ့ကို စိတ်အနှောင့်အယှက် မလုပ်ကြရင် ပြီးတာပါပဲဗျာ''

ဦးမင်းဟန်သည် လေသံအေးအေးဖြင့် မျက်နှာခပ်တည်တည် ထား၍ ပြောလိုက်သည်။ လေးဦးစလုံး ဦးမင်းဟန်ကို စိုက်ကြည့်ကြလျက် စောစောက မျက်နှာမျိုး မဟုတ်ဘဲ ကိုယ်ရှိန်သတ်သွားကြသည်။

''ကျွန်တော် အကဲခတ်ရသလောက်တော့ ဒီမိန်းကလေးဟာ ဒီအိမ်ကို ကောင်းကောင်းအုပ်ချုပ်နိုင်မယ့် မိန်းကလေးပဲ၊ ဣန္ဒြေသိက္ခာရှိတယ်၊ အကင်းပါးပြီး ဖျတ်လတ်တယ်ဗျ၊ ကျွန်တော်လည်း သူ့ကို အရောဝင်လို့ ရမှာ မဟုတ်ဘူး။ ဘယ်သူနဲ့မှလည်း ရောရောဝင်ဝင်နေမယ့်ပုံ မရှိဘူး။ ကျွန်တော်အကဲခတ်ရသလောက်တော့ ဒါပဲ''

ဝန်ကြီးစကားဆုံးလျှင် ကိုထွန်းကဆက်၍ စောစောက ဝန်ကြီးနှင့် မေရီတို့ တွေ့ကြပြောကြပုံကို တစ်ဆင့်ပြန်၍ နောက်ရောက်သူတို့အား ဖောက်သည်ချ ပြောပြလိုက်သည်။

မေရီအကြောင်းကို အသီးသီး စိတ်ဝင်စားလျက် တွေးခေါ်စဉ်းစားကာ တစ်ခဏ တိတ်ဆိတ်နေကြစဉ် ''သူ့ကို ခင်ဗျားတို့က အစေခံလို့များ သဘော

Scanned by CamScanner

ထားနေမှာလားလို့ မေးလို့၊ ကျွန်တော်ကအစ ဘယ်သူကမှ အစေခံလိုသဘော မထားပါဘူး၊ အိမ်လာအုပ်ချုပ်တဲ့ သူလို သဘောထားပါမယ်လို့၊ ဝန်ခံ လိုက်ရသေးတယ်ဗျ''ဟု ဝန်ကြီးက ဆက်ပြောလိုက်သည်။

''သူ့နေရာနဲ့သူ သတ်မှတ်တာပဲ၊ ပြောတာတွေ နားထောင်ရသလောက်တော့ ဒီအလုပ်ကို အရဲစွန့်ပြီး လာလုပ်တာ သိပ်ထင်ရှားနေတာပဲ''

''အဲ-ဟုတ်ပြီ၊ သဘောတရားရေးဆရာကြီး လုပ်စမ်းပါဦးဗျာ''

ကိုထွန်းက အသံတုန့်နှေးနှေးဖြင့် ပြောနေသော ကိုသန်းအေးကို နောက်လိုက်သည်။ ကိုသန်းအေးသည် ပြုံးရယ်လိုက်လေသည်။ ကိုသန်းအေးမှာ ရယ်ချင်သည် ဖြစ်စေ၊ မရယ်ချင်သည် ဖြစ်စေ သူ့ကို ဘာပြောပြော ပြုံးရယ်တတ်သူ ဖြစ်သည်။

''အရဲစွန့်တာ ဘယ်လို ထင်ရှားတာလဲဗျ''

ကိုဘစိုးက ထောက်လိုက်သည်။

''ဒီအလုပ်မျိုး သူလုပ်နေကျ မဟုတ်ဘူးဗျ၊ လုပ်နေကျ မဟုတ်လို့သာ သူ့အတွက် စိတ်ချပါရစေ ပြောတာပေါ့ဗျ၊ ယောကျ်ားတွေနဲ့ နေတဲ့အခိုက်မှာ သူ့ကိုယ်သူ ဘယ်လိုထိန်းရမယ်၊ ကျွန်တော်တို့ကိုလည်း ဘယ်လို ထိန်းရမယ်ဆိုတာ မနေခင်ကတည်းက ပြင်ဆင်လာတာသာကြည့်တော့၊ မဟုတ်မှလွဲရော အရဲစွန့် လာလုပ်တာ''

ကိုသန်းအေးသည် အချို့ယောကျ်ားများကဲ့သို့ မိန်းမသားတွေကို နှိမ့်ချကာ သရော် ပြောင်လှောင်လျက် ရယ်စရာဖြစ်အောင် လုပ်လေ့ ပြောလေ့မရှိ၊ ညှာတာစိတ် အမြဲ ရှိတတ်သူ ဖြစ်သည်။

''သူက စည်းနဲ့ကမ်းနဲ့နေတော့လည်း ကျွန်တော်တို့ကလည်း စည်းနဲ့ကမ်းနဲ့ နေကြရမှာပေါ့ဗျာ''

ဝန်ကြီးက သူ့လူတွေအတွက် စိတ်ချရသထက် ချရအောင် သဘောဖြင့် ကြိုတင်၍ ပြောထားလိုက်သည်။

အားလုံး၏ စိတ်ကူးထဲ၌ မေရီမှာ ဆန်းနေကြသည်။ ထိုနေ့ညသို့ ဝန်ကြီးတစ်အိမ်လုံးရှိ လူကုန်ပင် မေရီမှအပ ဘယ်အကြောင်းအရာကိုမျှ စိတ်မဝင်စားကြတော့ချေ၊ အထူးသဖြင့် ဦးမင်းဟန်၏ မျက်စိထဲတွင် မေရီမှာ ထင်းထင်းကြီး ရပ်ပေါ်နေသည်။



နောက်တစ်နေ့ ဦးမင်းဟန်သည် ရုံးသို့ စောစောထွက်လာခဲ့သည်။ ရုံးခန်းထဲသို့ရောက်လျှင် မင်းစေအား အတွင်းဝန်ကို ခေါ်ခိုင်းလိုက်သည်။ အတွင်းဝန်မှာ စောစောရုံးတက်ခြင်း မရှိသော ဝန်ကြီးကို ထူးဆန်းနေကာ အခန်းဝမှာ အံ့အားသင့်သလို ကြည့်လိုက်သည်။

''ထိုင်ဗျာ၊ ကိစ္စပေါ်လာလို့ စောစောလာခဲ့ရတယ်''

အတွင်းဝန် ဦးဘချော်မှာ အိုင်စီအက်စ်ဖြစ်သည်။ အင်္ဂလိပ်ခေတ်က အရေးပိုင်လုပ်ခဲ့သူ ဖြစ်သည်။ အင်္ဂလိပ်များ မရှိမှ စိတ်ကျလျက် ပင်နီအင်္ကျီနှင့် ချည်လုံချည်ဝတ်ကာ သခင်ဝန်ကြီးတွေ၊ သခင်စစ်ဗိုလ်တွေနှင့် အလိုက်အထိုက် ရောနှောပေါင်းသူ ဖြစ်သည်။ အင်္ဂလိပ်ခေတ်က သခင်တွေကို အထင် သေးခဲ့သော်လည်း ဝန်ကြီး ဦးမင်းဟန်နှင့် နီးနီးကပ်ကပ် အလုပ်လုပ်ရမှ အရည်အချင်းရှိမှန်းသိ၍ လေးစားကာ ခင်မင်စိတ်လည်း ရှိသည်။

''ကျွန်တော်တော့ ခင်ဗျားပဲ အပူကပ်ရမှာပဲ၊ ခင်ဗျား မေရီ မနေ့ညနေက ရောက်လာတယ်။ အဲဒါ ဘွိုင်တစ်ယောက် ရှာခိုင်းတယ်ဗျာ၊ ခင်ဗျားကတော့ ဘွိုင်ကောင်းကောင်း အဆက်ရှိတဲ့သူမို့ ဒီနေ့ရအောင် ရှာပေးနိုင်ရင် ရှာပေးစမ်းပါဗျာ''

''အို…ရောက်လာပလား၊ ဘယ့်နှယ်လဲ၊ အလုပ် ဟန်ကျရဲ့လား''

''အလုပ်က ဒီညနေဝင်မှာ၊ ကရင် မဟုတ်ဘူးဗျ၊ ဗမာနဲ့တူတယ်၊ ငယ်ငယ်ပဲ ရှိသေးတယ်''

''ဟိုက်-ဒါဖြင့် ဝန်ကြီးရဲ့ ဝန်ကြီးကတော်လောင်းကလေးကတော့ ဒေါ်ဖောင်းတော့မှာပဲ''

ဦးဘချော်သည် ပြောပြီး ခပ်ညက်ညက်ကလေး ရယ်နေသည်။

ဦးမင်းဟန်နှင့် စေ့စပ်ကြောင်းလမ်းထားသော မိန်းကလေးမှာ အသက် ၁၆-နှစ်ရှိ ရီရီဆိုသော မိန်းမပျိုကလေးဖြစ်၍ အတွင်းဝန်က ဝန်ကြီးကတော်လောင်းကလေးဟု နောက်လိုက်ခြင်း ဖြစ်သည်။ ဦးမင်းဟန်မှာ ရီရီ၏ဖခင်ကို ဦးမင်းအရင်းသဖွယ် ရင်းနှီးချစ်ခင်သည်။ အင်္ဂလိပ်ခေတ် တို့ဗမာအစည်းအရုံးတွင် နိုင်ငံရေးလုပ်နေခိုက် ရီရီ၏ မိခင်၊ ဖခင်များမှာ ဦးမင်းဟန်၏ ညှဉ်းဖတ် ဖြစ်လေသည်။ ဦးမင်းဟန်၏ဒဏ်ကို အတော်ခံကြရကာ ငွေကို ငွေတွင်းထဲက နှိုက်ပေးရသလို အချိန်မရွေး တောင်းသလောက် အကူအညီ ပေးကြသည်။ ရီရီ၏ဖခင် ကွယ်လွန်သွား၍ ရီရီ၏ မိခင်က သမီးလေးကို

Scanned by CamScanner

ဦးမင်းဟန်နှင့် ပေးစားချင်ကြောင်း ဖွင့်လှစ်ပြောဆိုသည့်အခါ အားနာနာနှင့် မငြင်းဆန်သာဘဲ ယူပါမည့် အကြောင်း လိုက်လျော ဝန်ခံထားလိုက်သည်။

ဦးမင်းဟန် ဝန်ကြီးဖြစ်သောဘဝ၌ ရီရီက ငယ်သေး၍ အသက် ဆယ့်ရှစ်နှစ်ပြည့်မှ ပေးစားရန် မိန်းကလေးဘက်မှ လူသိနတ်ကြား စေ့စပ် ကြောင်းလမ်းထားကာ အချိန်စောင့်ဆိုင်းနေကြသည်။

“ဒေါ်ဖောင်းစရာ အကြောင်း မရှိပါဘူးဗျာ၊ ဒီညနေတော့ ဝင်ပြော ရဦးမယ်”

“ဘယ့်နှယ် ရုပ်ချောသလား”

“ရုပ်လား၊ ချောသားပဲ”

“ချောရင် ဝန်ကြီးတော့ ကိစ္စများတော့မယ်”

“ဘာပြုလို့လဲဗျ”

ဦးမင်းဟန်က ခပ်တည်တည် ပြန်မေးလိုက်သည်။

ဦးဘချောသည် စားပွဲခုံကို လက်နှင့်ပွတ်ကာ ပြုံးစိ ပြုံးစိ လုပ်နေ သဖြင့် ဦးမင်းဟန်က မျက်နှာရဲရဲဖြင့် ‘မလုပ်ပါနဲ့ဗျာ’ဟု ပြောရယ်လိုက် သည်။

“ဘွိုင် ဒီနေ့ ရပါတယ်၊ ကျွန်တော့်အိမ်က ဘွိုင်ကုလားကို ခေါ်ခိုင်းပြီး ပြောလိုက်မယ်၊ လူကောင်းကောင်း သူရှာပေးနိုင်ပါလိမ့်မယ်၊ နို့-ကျွန်တော် ရှာပေးတဲ့ ကုလားအဘိုးကြီးရော”

“အဲဒီ ထမင်းချက် ကုလားကြီး အပြင် သူက နောက်ထပ် ဘွိုင်ရယ်၊ ဂျာဒူးရယ် ရှာခိုင်းတာ”

“သြော်…သြော်…ဘတ်တလာ သဘောပေါ့လေ၊ ရပါလိမ့်မယ်” ဟု ဆိုကာ နေရာမှထလျက် “နောက်တနင်္ဂနွေနေ့မှာ ကျွန်တော် ဝန်ကြီးအိမ် လာကြည့်ဦးမယ်”ဟု ရယ်မော ပြောဆို ထွက်သွားသည်။

ဦးမင်းဟန်သည် ညနေ သုံးနာရီ၌ ရုံးက ဆင်းခဲ့သည်။ အိမ်သို့ အပြန် သူ့ကားကို ရီရီတို့အိမ်ဘက်သို့ ကွေ့မောင်းလာလေသည်။

ရီရီကို အဝေးကပင် မြင်ရ၏။ ခြံထောင့်ရှိ ဖုံးခိုကျင်းကြီးနားတွင် ရှိသော ဒန်းပေါ်၌ အရှိန်ဖြင့် လွှဲစီးနေသည်။ ခြံထဲသို့ ကားဝင်လာလျှင် ဒန်းပေါ်မှ ခုန်ချလိုက်ကာ ပြေး၍ လာလေသည်။



ရီရီသည် နား၌ စိန်နားဆွဲကလေးဆွဲထားကာ ပခုံးနှစ်ဖက်ပေါ်တွင် ကျစ်ဆံမြီး နှစ်ဖက်ချလျက် ကွန်ဗင့်ကျောင်းမှ ဂါဝန်အပြာကို ဝတ်ထားလေရာ အပျိုပေါက်စအရွယ် ကလေးအသွင်ကလည်း လုံးဝ မပျောက်သေးချေ။

ကားတံခါးကို ရီရီက ဆွဲဖွင့်ပေးလိုက်သည်။

“အစ်ကိုကြီး၊ မေမေ မရှိဘူး၊ အဒေါ်လေး ရောက်နေတယ်”

ပြောလိုက်ကာ အိမ်ထဲသို့ အတူယှဉ်ဝင်လာကြသည်။

“ဒေါ်ဒေါ် ဘယ်သွားသလဲ”

“ဒေါ်လေး မနေ့က ရောက်လာလို့ အိမ်စောင့်ရှိတာနဲ့ မနက်ကပဲ မော်တော်သမ္ဗန်နဲ့ ဆန်စက် လိုက်သွားတယ်၊ သုံးလေးရက်ကြာလိမ့်မယ်”

“ဘယ်သူများလဲလို့၊ မောင်မင်းဟန်ပါကလား”

မိန်းမဝဝတစ်ယောက် အိမ်ထဲမှ ထွက်လာကာ‘လာကြ လာကြ’ဟု ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

“ဒေါ်လေးတင် ဘယ်နေ့ကရောက်သလဲ”

ဦးမင်းဟန်သည် နှစ်ယောက်ထိုင် ဆိုဖာတွင် ရီရီအနား၌ ဝင်ထိုင် ကာ မေးလိုက်သည်။

“မနေ့ကပေါ့ကွယ်၊ ကတဲမှ မီးရထားစီးရတာ ဆင်းရဲလိုက်တာ၊ ဂျပန်တွေ မောင်းချမှာ စိုးလိုက်ရတာ၊ တထိတ်ထိတ်ပဲ၊ တောင်ငူနဲ့ ဒီကို သုံးညအိပ်လာရတာ၊ ကိုယ့်အစ်မဆီမရောက်တာကြာသွားလို့ မှာလွန်လွန်းလို့ လာရတာ၊ အဲဒါ ညည်းရှိတုန်း ငါ့စက်ထဲ သွားပါရစေဆိုပြီး ဟိုဘက်ကမ်း နှစ်ညအိပ် သွားလေရဲ့”

ဒေါ်လေးတင်က မျက်ခုံး၊ မျက်စချီလျက် ပြောလေသည်။ မျက်ခုံး ကိုချီလိုက်သည်တွင် ကော့ပျံတက်သွားသော မင်တောင့်နှင့် ဆိုးထားသည့် မျက်ခုံးမွေးကြီးမှာ တော်တော်နှင့် ပြန်မကျ၊ စကားပြောခိုက် လုံးနေသော မေးစေ့မှာ လိမ့်နေလေသည်။

“တောင်ငူမှာ ဂျပန်စစ်တပ်တွေ တော်တော်များသလား”

“မပြောပါနဲ့တော့၊ လမ်းတကာ့လမ်း သူတို့ချည်းပဲ၊ လမ်းတောင် မထွက်ရဲဘူး၊ အိမ်ကဟာက အိမ်တံခါးကို အမြဲ ပိတ်ထားတာပဲ၊ မင်းတို့ ပင့်လာတဲ့ ဘုရားတွေကို မျက်စိရှုပ်လွန်းလို့၊ ရန်ကုန်နေရတာက တော်သေး တယ်၊ ဖုံးလည်း ဒီလောက် မကြဲပါဘူး”

Scanned by CamScanner

"ဒီမှာလည်း ဖုံးကြဲတယ် ဒေါ်လေးတင်၊ အခု လေး ငါးရက်ပဲ လေကြောင်းသံ မကြားရတာ၊ တစ်လောက မြို့ထဲ ကြွသွားလိုက်တာ လူတွေ တော်တော်သေတယ်"

ရီရီသည် နေရာမှထလိုက်ရာ 'ဘယ်လဲ'ဟု ဒေါ်လေးတင်က မေး၍ 'အစ်ကိုကြီးဖို့ ကော်ဖီ'ဟု ဆိုကာ အိမ်ထဲသို့ ပြေးဝင်သွားသည်။

"ကြည့်တော့၊ လင်ပဲယူတော့မယ်၊ ခုထက်ထိ ကလေးစိတ်မပျောက်သေးဘူး၊ ကျန်းမာရေး လေ့ကျင့်လိုက်ရတာကလည်း အမောပဲ၊ တစ်နေ့တစ်နေ့ ခုန်ပေါက်ပြီး ပျံနေတာပဲ"

ဦးမင်းဟန်မှာ ပြုံးရယ်လျက် "တစ်နေ့က ကျွန်တော့်ကို သံလုံးမချင်တယ်ပြောလို့ မိန်းကလေး သံလုံး မဖို့ မတော်ဘူး ပြောရတယ်"ဟု ပြောလိုက်သည်။

"အေး...မင်းက သိပ်အလိုမလိုက်နဲ့၊ ဒီကလေးမ ကလေးစိတ်မကုန်တာက ခက်တယ်၊ စိတ်ကောက်ချင် ကောက်နေတာ၊ သူလိုချင်တာ မရရင် စူဆောင့်နေတုန်းပဲ၊ မအေက ခပ်ရိုးရိုးကြီး၊ သမီးက ခေတ်ဆန်ဆန် သူတို့သားအမိတော့ ခက်ပါတယ်ကွယ်၊ လင်ပေးစားမယ့်ဟာပဲ ပေးစားလိုက်တာ မဟုတ်ဘူး၊ ငယ်သေးသလေး ဘာလေးနဲ့၊ သူ့သမီးကို မျက်စိအောက်က အပျောက်ခံနိုင်တာ မဟုတ်ဘူးကွဲ့၊ စိတ်လည်း မချဘူး၊ ခုထက်ထိ သူမပါဘဲ ဘယ်လမ်းမှ မသွားရဘူး၊ မင်းနဲ့စေ့စပ်ထားတာတောင် မင်းလာရင် အနားမှာ စောင့်နေလိုက်ပါတဲ့ မှာသွားသေးတယ်၊ အဲဒီအထိ"

ဦးမင်းဟန်မှာ အစ်မကွယ်ရာတွင် အတင်းပြောနေသော ဒေါ်လေးတင်ကို ကြည့်ကာ ပြုံးရယ်၍ နေသည်။ ညီအစ်မ နှစ်ယောက် တစ်ဘာသာစီပဲဟု တွေးမိသည်။

"ဒေါ်ဒေါ်က သိပ်ရိုးတာပဲ"

ရီရီသည် ကော်ဖီပန်းကန်ကို ယူလာကာ ဦးမင်းဟန်လက်သို့ ကမ်းပေးလိုက်သည်။

"ဟဲ့-လက်သုတ်ပဝါရော"ဟု ဒေါ်လေးတင်က မေး၏။

"အစ်ကိုကြီးအိတ်ထဲမှာ လက်ကိုင်ပဝါပါတယ်"

"ကြည့်စမ်း၊ ညည်းဟာလေ မကြီးမငယ်နဲ့ ပြောင်ပြောင်နောက်နောက်ပြောနေတယ်၊ သွားယူ"ဆိုမှ တစ်ခေါက် ပြန်ယူလာကာ စားပွဲပေါ်တင်လျက်



ဦးမင်းဟန်ဘေး၌ ထိုင်ချလိုက်သည်။

"ဘယ့်နှယ့် မင်းအိမ်လည်း ဧည့်ပရိသတ်ပေါင်းစုံပဲလားဟင်၊ အခု ဘယ်သူ ရှိသလဲ ချက်တာပြုတ်တာ"

ဦးမင်းဟန်သည် ကော်ဖီသောက်ပြီး ပန်းကန်ကို ရီရီလက်သို့ ကမ်းကာ "ကျွန်တော့်အိမ်တော့ ထုံးစံပေါ့၊ တရုန်းရုန်းနဲ့၊ ထမင်းချက်တဲ့ ကုလားပဲ ရှိတယ်။ ကျွန်တော်လည်း မျက်စိနောက်လွန်း စိတ်ညစ်လွန်းလို့ အခု အိမ်အုပ်ချုပ်ဖို့ မိန်းမတစ်ယောက် ငှားလိုက်တယ်"ဟု ပြောလိုက်သည်။

ရီရီသည် ပန်းကန်ကို ယူလျက် ဆိုဖာအောက်၌ ချလိုက်ကာ "ဘယ်က မိန်းမလဲဟင်"ဟု မေးလိုက်သည်။

ဒေါ်လေးတင်မှာ သိသိသာသာ မျက်နှာ ပျက်သွားသည်။ ပျက်သွားသော မျက်နှာကို ချက်ချင်း ပြန်ပြင်ကာ "မင်းနှယ်ကွယ် ကိုယ့်အိမ်က ယောကျ်ားတွေချည်းပဲ၊ ဘာပြုလို့ မိန်းမ ထားရမှာလဲ၊ ဒီမိန်းမက ဘယ်ကလဲ' ဟု မေးသည်။

ဦးမင်းဟန်မှာ ရီရီကို မဖြေခင် ဒေါ်လေးတင် စကားဆုံးအောင် စောင့်နေရသည်။ ရီရီမှာ သိချင်ဇောပြင်းပြစွာဖြင့်၊ မျက်နှာအိုအိုဖြင့် စောင့်၍ နေသည်။

"ရန်ကုန်ကပါပဲ၊ ဆေးရုံက စစ္စတာတစ်ယောက်က ရှာပေးတာပါ"

"လခ ဘယ်လောက်ပေးရသလဲ"

" နှစ်ရာ ပေးရတယ်"

"အောင်မယ် အိမ်ခိုင်းတဲ့ အစေခံမကို ပေးရတာ များလှချည်လားကွယ်"ဟု ဆို၏။ ဦးမင်းဟန်မှာ နားထဲတွင် ရင့်သီးသွားသည်။

"အစေခံ မဟုတ်ပါဘူး ဒေါ်ဒေါ်၊ အိမ်ကို အုပ်ချုပ်စီမံမယ့်သူပါ" ဟု ရှင်းပြောပြလိုက်သည်။

ဒေါ်လေးတင်၏ ပြူးကျယ်သွားသော မျက်လုံးနှစ်လုံးသည် ရီရီဆီသို့ ရောက်သွားကာ ရီရီအား အဓိပ္ပာယ်ပါပါ ကြည့်ပြလိုက်ပြီးမှ မျက်လုံးကို မှေးပစ်လျက် "ဩော်-ဩော် အိမ်အုပ်ချုပ်တဲ့သူဆို အိမ်ရှင်မကြီးပေါ့"ဟု ခပ်ငေါ့ငေါ့ လေသံမျိုးဖြင့် ပြောလိုက်သည်။

ရီရီက "အသက် ဘယ်လောက်ရှိပြီလဲ"ဟု ခပ်ဆတ်ဆတ်ပြန်မေး

Scanned by CamScanner

လိုက်သည်။ ဦးမင်းဟန်မှာ ဒေါ်လေးတင် ငေါ်သံကို ချဉ်ချဉ်ဖြင့် ‘ငယ်ငယ် ရှိပါသေးတယ်’’ဟု ခပ်အေးအေးပင် ပြန်ပြောသည်။

ဒေါ်လေးတင်မှာ ဟန်ဆည်၍သာ ထိုင်နေရ၏။ ဝမ်းထဲက သဘောထားကို ဘွားဘွားကြီး မပေါ်အောင် ကြိုးစားလျက် ဖုံးဖိနေငြား မကြိုက်သည့် မျက်နှာထားကြီးမှာ ဖုံးမရ ဖိမရ ဖြစ်နေသည်။

ရီရီမှာ မျက်နှာ ပျက်သွားသည်။ ထို့နောက် မျက်နှာထားကလေးဖြင့် ငေါက်ဆတ်ဆတ် ထပ်၍ မေးပြန်သည်။

‘‘သူက လှသလား’’

သည်ကလေးမကို မည်ကဲ့သို့ အဖြေပေးရမည်နည်းဟု ဦးမင်းဟန်က စဉ်းစားလိုက်သည်။ ဟုတ်သည့်၊ မှန်သည့်အတိုင်းပင် ပြောလိုက်တာက ရှင်းသည်ဟု ယူဆကာ ‘‘အင်း…အရုပ်မဆိုးပါဘူး လှသားပဲ’ဟု ဖြေလိုက်သည်။ တူအရီး နှစ်ယောက်စလုံး မျက်နှာပျက်သွားကြပြန်သည်။

ဦးမင်းဟန်မှာ စိတ်မကောင်းဖြစ်သွားသည်။ မိန်းမ မရှိသော မိမိအိမ်၏ အခက်အခဲကို မိမိသာသိလျက် စိတ်ညစ်နေရာ အိုင်စီအက်စ် အတွင်းဝန်က အကြံပေး၍ လူရှာမိသည်။ မိမိမှာ ချောမွေ့လှပသော မိန်းကလေးတစ်ဦးကို ရှာပေးရန် စီစဉ်ခိုင်းခဲ့သည် မဟုတ်၊ ‘ကရင်မကြီး’တစ်ဦးကိုသာ ရည်မှန်းမိသည်။ အခြေအနေအရ အသက်ငယ်ငယ်နှင့် လှလှချောချောကလေး ဖြစ်နေသည်ကို မိမိလည်း မတတ်နိုင်ချေ။ တူအရီးနှစ်ယောက် မျက်နှာပျက်နေကြသည်ကို အနေခက်ကာ စိတ်အနှောင့်အယှက် ဖြစ်လာသည်။

ရီရီသည် ဒေါ်လေးတင်အား မျက်စောင်းထိုးသကဲ့သို့ မျက်လုံးထောင့်စွေကာ အချက်ပြလိုက်ပြီးမှ ‘‘သိပ်ချောသလား အစ်ကိုကြီးရဲ့၊ နာမည်ကလေးက ဘယ့်နှယ်ခေါ်သလဲ’’ဟု ထပ်ဆင့်လိုက်ပြန်သည်။

ဦးမင်းဟန်မှာ တစ်ချိန်ထက်တစ်ချိန် အနေကျပ်လာသည်။ နံနက်က အတွင်းဝန်က ဒေါ်ဖောင်းမှာပဲဟု ပြောစဉ်က သည်လောက် ဖြစ်ကြလိမ့်မည်ဟု မထင်မိ၊ မျက်နှာထား ဆိုးလှသူတို့၏ ရှေ့မှောက်၌ အနေရကျပ်၊ အပြောရကျပ်ပုံမှာ စိတ်ကို ကျဉ်းမြောင်းသွားသည်။

‘‘နာမည်က မေရီ’’

ရီရီသည် မျက်နှာ စူပုပ်သွားလျက် ဆတ်ခနဲ ထလိုက်ကာ ဆောင့်အောင့်ထွက်သွားသည်။ ဦးမင်းဟန်မှာ သူ လက်ထပ်ယူမည့် မိန်းကလေးက



ယဉ်ကျေးသည့် အမူအရာ ရွေးစေမှု မရှိဘဲ သည်လောက် သူ့အပေါ်၌ အရုပ်ဆိုးစွာ ဆက်ဆံသည်ကို စိတ်ပျက်သွားမိသည်။

‘‘ဟဲ့…ဟဲ့ ရီရီ ဘယ်လဲ၊ ကဲကွယ်…ကြည့်တော့၊ သူမကြိုက်ဘူး၊ အဲဒီတော့ သူမကြိုက်တာလည်း မင်းက မလုပ်ပါနဲ့၊ မင်းတို့ လူသိနတ်ကြား စေ့စပ်ပြီးပြီ၊ ဒေါ်လေးလည်း မမလာရင် မြန်မြန် ပေးစားလိုက်ဖို့ ပြောပေးပါ့မယ်။ ရှုပ်ရှုပ်ယှက်ယှက် ဒီမဟာဝါကို မြန်မြန်သာ မောင်းထွတ်လိုက် ဟုတ်လား’’

ဒေါ်လေးတင်က ဦးမင်းဟန်အား မာသလို၊ ပျော့သလို၊ အကျပ်ကိုင်သလို၊ အာဏာဟန်ပြသလို၊ ပိုင်သလို၊ ဆိုင်သလို စုံလောက်အောင် ဟန်ပန် အမူအရာ မျက်နှာထား အမျိုးမျိုးဖြင့် ပြောလိုက်ခြင်းကြောင့် ဦးမင်းဟန်မှာ နည်းနည်းမျှ သည်းမခံနိုင်အောင် ဖြစ်လာမိသည်။

ဦးမင်းဟန်မှာ ဘယ်လိုပင် ဟန်လုပ်၍ ရုပ်ဆောင်နေရသော်လည်း မနှစ်သက်သည့် စိတ်ဖြင့် တစ်စ တစ်စ မျက်နှာပျက်၍ လာသည်။

‘‘ဒေါ်လေးတင်၊ ကျွန်တော် ပြောပါရစေ၊ မေရီကို ကျွန်တော် ခန့်ပြီးပြီ၊ မိန်းကလေးက သိက္ခာဣန္ဒြေလည်း ရှိပါတယ်။ သူ့စည်းကမ်းနဲ့သူ နေပါလိမ့်မယ်၊ ကျွန်တော် ဒီအကြောင်းကြောင့်တော့ သူ့ကို ပြန်မလွှတ်နိုင်ပါဘူး။ သူနဲ့ကျွန်တော် ရှုပ်ရှုပ်ရှက်ရှက်နေချင်လို့ မဟုတ်ဘူးဆိုတာ ဒေါ်လေးတင်တို့ ကျွန်တော့်ရဲ့စိတ်ကို မသိကြဘူးဆိုတာပဲ ဝမ်းနည်းပါတယ်၊ ရီရီမကြိုက်ဘူးဆိုတာ ကျွန်တော်အမှန်ပြောရရင် ဝမ်းနည်းပါတယ်၊ သူ့အကြိုက်လိုက်ပြီး ကျွန်တော် ခန့်ထားတဲ့ မေရီကို မဖြုတ်နိုင်ဘူး ဆိုတာ ဒေါ်လေးတင်ပဲ ပြောလိုက်ပါတော့’’

ဒေါ်လေးတင်မှာ ဒေါသအမျက် ခြောင်းခြောင်းထွက်သွားကာ တုန်ယင်လာသည်။ မျက်နှာကြီးမှာ နီရဲလျက် နှုတ်ခမ်းကို မသိမသာ ကိုက်ထားမိသည်။

ကိုယ်ယူမယ့်မယားလေးကိုမှ အရေးမထားဘဲ သည်မိန်းမ မဖြုတ်နိုင်ရတာ ဘာသဘောတုံးဟု ခံပြင်းသွားသည်။

‘‘အေး-ဒေါ်လေးတင်ကတော့ ကြားက အဒေါ်အနေနဲ့ မင်းတို့ နှာမပြဲရေးအတွက် ပြောရတာ၊ သူ့အမေလည်း ရှိသေးတယ်။ သူ့အမေလည်း မင်းအိမ်မှာ ဒီကောင်မ ထားမှာ ကြိုက်မှာ မဟုတ်ဘူး၊ စေ့စပ်ရေးတောင်မှ ထိခိုက်လိမ့်မယ် ထင်တယ်’’

Scanned by CamScanner

ဦးမင်းဟန်သည် နေရာမှ ထရပ်လိုက်သည်။

“ဒေါ်လေးတင်၊ ကျွန်တော် အများကြီး ဝမ်းနည်းပါတယ် ဒေါ်လေးတို့ ကျွန်တော့်ကို ပြောကြဆိုကြတာတွေ တော်တော်လွန်နေပါတယ်။ ဒါလည်း ကျွန်တော် သည်းခံနိုင်ပါတယ်၊ ကျွန်တော့်ကို သဘောမကျရင် မကျသလို လုပ်ဖို့ရာကို ကျွန်တော့်ကို ပြောဖို့ မကောင်းပါဘူး၊ ကျွန်တော် ပြန်ပါ့ဦးမယ်”

ဦးမင်းဟန်သည် မချမ်းမြေ့သော အသံကြီးဖြင့် ခပ်ဖြည်းဖြည်း ပြောလိုက်ကာ မျက်နှာပျက်ပျက်ဖြင့် ထွက်လာခဲ့လေသည်။

ခြံဝင်းထဲမှ ကားထွက်လာမှ ပင့်သက်ကြီးချလိုက်ကာ လက်ကိုင်ပဝါကို ထုတ်လျက် မျက်နှာကို ပွတ်သုတ်ပစ်လိုက်သည်။

ရင့်သီးစွာ ပြောဆို သုံးနှုန်းသော ဒေါ်လေးတင်၏ အသံမှာ နားထဲစွဲကာ ခါးလာသည်။

ရွှေတောင်ကြား လမ်းထဲသို့ ကားဝင်လာမှပင် အနှောင့်အယှက်ဖြစ်လာသော စိတ်များမှာ တစ်စစ ကြည်လာလေကာ မေရီများ ရောက်နှင့်နေပြီလားဟု နာရီကို ငုံ့ကြည့်လိုက်သည်။ လေးနာရီခွဲနေ၍ စောပါသေးတယ်ဟု အောက်မေ့လိုက်သည်။

အိမ်ရှေ့၌ ကားထိုးဆိုက်လိုက်သည်။ ကိုထွန်းတို့ လေးဦးသား ဧည့်ခန်းထဲမှ ထွက်၍ ပြုံးချိုစွာ ဆီးကြိုကြသည်။

“အောင်မယ် ခင်ဗျားတို့ အစောကြီး ရောက်နေကြသလား”

ဝန်ကြီးက ပြုံးပြောလိုက်သည်။ ကိုဘစိုးသည် မချိုမချဉ် မျက်နှာပေးဖြင့် ရွတ်လိုက်သည်။

“ရောက်ရတာပေ့ါ၊ ဒီနေ့ အိမ်ရှင်မကြီး လာမယ်ဆိုတော့ အိမ်စောစော ပြန်ကြပြီး အခန်းထဲက မြင်မကောင်း ရှုမကောင်းတဲ့ ပစ္စည်းတွေ ဖွက်ပြု သိမ်းဆည်း လုပ်ရသေးတယ်”

ကိုထွန်းက ဟက်ဟက်ပက်ပက် ရယ်လျက် “သူ့အတွင်းခံ ဘောင်းဘီအစုတ်အပြဲတွေကို လုံးထွေးပြီး ခေါင်းအုံးအောက်မှာ ဖွက်ထားတယ်ဗျ” ဟု ပြောလိုက်သည်။

ဦးမင်းဟန်မှာ ရယ်မောလျက် ဧည့်ခန်းထဲသို့ ဝင်လာကာ“ကျွန်တော့်အခန်းထဲလည်း ပွနေတာပဲဗျ”ဟု ဆိုလိုက်သည်။



“မပွတော့ပါဘူးဗျာ၊ ခုပဲ သဘောတရားရေး ဆရာကြီးက အကုန်လုံး သိမ်းဆည်း လုပ်ပေးထားပါတယ်၊ ဟောဟိုက ကာယဗလ ဆရာကြီးကလည်း အပေါ်ထပ်ရော၊ အောက်ထပ်ရော တံမြက်စည်းလှည်းလို့ဗျာ၊ ဒီနေ့ မိုးကြိုး၊ ပစ်မှာတောင် စိုးရတယ်”

ကိုဝင်းမောင်သည် ဟားတိုက်၍ ရယ်လိုက်ကာ “ခင်ဗျားကိုပဲ ပစ်လိမ့်မယ်”ဟု ကိုထွန်းအား ပြောလိုက်သည်။

“အင်း-ခင်ဗျားတို့လည်း အခုမှပဲ အိမ်ကို ပြန်လှည့်ကြည့်ကြတော့တယ်၊ ကောင်းပါ့ဗျား၊ ဒါထက် ဘွိုင် လာရဲ့လား”

“လာတယ်၊ ဖိုးစောက ခုနမှ လာတယ်၊ တံမြက်စည်းက ကျိုးနေလို့ တံမြက်စည်းတစ်ချောင်း သွားဝယ်ခိုင်းလိုက်တယ်၊ ဂျာဒူးလည်း သူရှာလာမယ်တဲ့”

ကိုဘစိုးသည် မြင်းလှည်းသံ ကြားသလိုလိုရှိ၍ လမ်းဘက်သို့ ထကြည့်လိုက်ရာ အားလုံးငြိမ်သွားလျက် ကိုဘစိုးအား စိုက်ကြည့်နေကြသည်။

“မဟုတ်ဘူးဗျို့၊ ဟိုဘက်မောင်းသွားတယ်”ဟု ဆိုလျက် ကိုယ်ကိုလှည့်လိုက်ကာ “ဟောဟိုက ဆိုဖာအပေါက်ကြီးက ဆိုးသဗျာ”ဟု ပြောလိုက်သည်။

ကိုသန်းအေးသည် ပြုံးရယ်ကာ “ဒီလူက ဒီနေ့မှ မြင်မျက်စိရှိတယ်” ဟု ဆိုလိုက်သည်။

ဦးမင်းဟန်မှာ ဆိုဖာအောက်၌ တွဲလောင်းကျနေသော အုန်းဆံများကို လှမ်းကြည့်ကာ “ရှိရှိသေသေ မထိုင်ကြဘဲ ခေါက်ဆွဲဆိုင်က ခွေးခြေလို ထိုင်ကြလို့ ပေါက်တာဗျ၊ အသစ်ကြီး ရှိသေးတယ်”ဟု ပြောသည်။

“ဒါထက် သူလာတော့ ကျွန်တော်တို့က ဘယ်မှာ နေရမလဲ၊ ဘယ်နေရာ ကောင်းမလဲ”

ကိုဘစိုးသည် ဝန်ကြီးအား မေးလိုက်ကာ လမ်းဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

“ခင်ဗျားတို့ အပေါ်က အခန်းထဲ တက်နေချင် နေကြဗျာ၊ ကျွန်တော်သူရောက်တော့ သူ့ကို ခေါ်လာပြီး မိတ်ဖွဲ့ပေးမယ်”

“ဟော…ဟော မြင်းလှည်းတစ်စီး ဝင်လာပြီ”

ကိုထွန်းတို့လူစုသည် နေရာမှ ထလိုက်ကြကာ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လျက် အပေါ်ထပ်သို့ လွှားခနဲ ခုန်လွှားပြေးတက်သွားကြသည်။

အိမ်ဝ၌ မြင်းလှည်း ဆိုက်လိုက်လျှင် ဝန်ကြီးသည် အိမ်ဝ၌ ထွက်ရပ်လိုက်သည်။

မေရီသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်ကာ ဦးမင်းဟာန်အား ပြုံးနှုတ်ဆက်လိုက်သည်။

"ဘွိုင်ငှားလို့ ရပါပြီလားရှင်"

"ရပြီ၊ တံမြက်စည်း သွားဝယ်နေတယ်၊ ဟောဟိုမှာ လာနေပြီ"

ခြံထဲသို့ ဝင်လာသော ဘွိုင်ကို မေရီက လှည့်ကြည့်ကာ မြင်းလှည်းနားသို့ ရောက်လာသည့် အချိန်အထိ စောင့်ရပ်ကြည့်နေလိုက်သည်။

ဘွိုင် မြင်းလှည်းနားရောက်လျှင် ပစ္စည်းတွေချရန် ဝန်ကြီးက အမိန့်ပေးမည်ကဲ့သို့ ပါးစပ်ပြင်လိုက်သည်။

မေရီက လက်ကလေးကာလျက် "ကျွန်မပြောမယ်"ဟု ပြောလိုက်ကာ "ဘွိုင် အစ်မ သေတ္တာနဲ့ အိပ်ရာလိပ်ကို ဟိုလှေကားအောက်က အခန်းထဲ သယ်သွားပါ'ဟု ပြောလိုက်သည်။

မေရီသည် လက်ကိုင်အိတ်ကလေးကို ဖွင့်ကာ မြင်းလှည်းသမားကို ပိုက်ဆံပေးပြီးနောက် အိမ်ထဲသို့ ဝင်လိုက်သည်။ ဘွိုင်ကုလားမှာ တံမြက်စည်းကို တိုက်နံရံ၌ ထောင်လိုက်ကာ သေတ္တာနှင့် အိပ်ရာလိပ်ကို မြင်းလှည်းပေါ်မှ ချယူပြီး အခန်းထဲသို့ ပို့ပေးသည်။

မေရီသည် အခန်းထဲသို့ ဘွိုင်နောက်မှ လိုက်ဝင်သွားသည်။ ပစ္စည်းများကို ခုတင်ပေါ်တွင် တင်ခိုင်းလိုက်သည်။ ဝန်ကြီးဦးမင်းဟာန်မှာ ရပ်နေသည့်နေရာ၌ပင် ရပ်ကာ အခန်းထဲ၌ ပြောဆိုနေသံများကို နားထောင်လျက် ထွက်လာမည့် မေရီကို စောင့်နေလေသည်။

"ဘွိုင်၊ အိမ်အလုပ်ကို ကောင်းကောင်း နားလည်သလား"

"အခြား မင်းဆပ် နားလည်တယ်၊ မစ္စတာမျိုးဆက်အိမ်မှာ ငါးနှစ်လုပ်ခဲ့တယ်၊ ဘွိုင်လုပ်တာ ဆယ်နှစ်ရှိပြီ"

'ကောင်းပြီ ကောင်းပြီ"

မေရီသည် ထွက်လာကာ "အိမ်ပေါ်ထပ်ကို ကျွန်မ ကြည့်ပါရစေ" ဟု ပြောလိုက်သည်။



"ကြည့်ပါ"

ဦးမင်းဟာန်က ရှေ့ကတက်သည်။ မေရီသည် နောက်မှ တက်ရန် ပြင်လျက် 'ဘွိုင်၊ လိုက်ခဲ့ပါ' ဟု ခေါ်၍ ဘွိုင်ပါ အတူတကွ တက်လိုက်လာသည်။

အပေါ်ထပ်၌ သဲရှပ်ရှပ်နှင့် ညစ်ပတ်ပေရေနေသော ကြမ်းကို မြင်ရသည်မှာ မသတီစရာကောင်းသည်။ ဦးမင်းဟာန်က ညာဘက်က အခန်းတံခါးချက်ဖုကို လှည့်ဖွင့်လိုက်ကာ ရှေ့ကဝင်သွားသည်။ မေရီနှင့်ဘွိုင်မှာ နောက်က ဝင်ကြသည်။

အခန်းထဲ၌ အိပ်ရာခုတင်တစ်လုံး၊ ခုတင်အောက်၌ ခင်းထားသော ကော်ဇောတစ်ချပ်၊ အဝတ်ဗီရိုကြီး နှစ်လုံး၊ မှန်တင်ခုံ၊ စာရေးစားပွဲ၊ လူတစ်ရပ်နီးနီးရှိ မီးအုပ်ဆောင်းတိုင်ကြီးနှင့် အခြားတိုလီမိုလီ အသုံးအဆောင် ပစ္စည်းများဖြင့် ပြွတ်သိပ်ထိုးနေသည်။ အခန်းအဝင်ဝရှိ အိပ်ရာခုတင်မှာ ကန့်လန့်ဖြစ်နေကာ သပ်ရပ်ခြင်း မရှိချေ၊ ကြေတွန့်နေ၏။ ခုတင်ပေါ်မှာ ခြင်ထောင်စမှာ တွဲလောင်းကျလျက် ရှိသည်။

"အခန်းထဲမှာ အမြဲရှုပ်နေတာ၊ ခုနက ကျုပ်မိတ်ဆွေများ လာရှင်းထားလို့ ဒါလောက် ကြည့်ပျော် ရှုပျော်ဖြစ်နေတာ၊ ခြင်ထောင်ဆိုတာ ဘယ်တော့မှ မတင်ဖြစ်ဘူး"

မေရီသည် အဝတ်ဘီရိုကြီးရှေ့၌ ရပ်လျက် ဘီရိုတွင် တန်းလန်းရှိသော သော့တွဲကို ကြည့်ပြောလိုက်သည်။

"ကျွန်မ ဖွင့်နိုင်ပါသလား"

ဦးမင်းဟာန်က မေရီကျောနောက်မှ 'ဖွင့်နိုင်ပါတယ်'ပြောလိုက်သည်။

"အဲဒီထဲမှာ ခုံခင်းတွေ၊ လက်သုတ်ပဝါတွေ၊ အိမ်ခန်းဆီးလိုက်ကာတွေ၊ အိပ်ရာခင်းတွေ၊ အမြောက်အမြားကြီးပဲ"

မေရီသည် သော့ချက်ကို လှည့်ဖွင့်လိုက်သည်။

ဗီရိုထဲ၌ အိမ်သုံးအဝတ်အထည်များ အထပ်လိုက်တွေ့ရသည်။ မေရီသည် ဗီရိုအဆင့် သုံးဆင့်ပေါ်၌ရှိသော အထည်တွေကို အထပ်လိုက် အခေါက်လိုက် မကြည့်လိုက်သည်။ အဖိုးတန် အကောင်းစား လုပသော အနောက်တိုင်းမှ အသုံးအဆောင်အဝတ်တွေဖြစ်၍ 'ဒီအိမ်ကြီး ဒါတွေနဲ့ ပြင်လိုက်ရင် လှသွားမှာပဲ'ဟု ကျေနပ်သွားသည်။ ကြည့်ရှုပြီး ဗီရိုကို ပြန်ပိတ်လျက် အခြားဗီရိုတစ်လုံးကို အခွင့်တောင်း၍ ဖွင့်လိုက်သည်။ ဦးမင်းဟာန်ဝတ်သော အဝတ်

Scanned by CamScanner

အစားများကို တွေ့ရသည်။ မေရီ လာခါနီးမှ ကိုထွန်းတို့ ထိုးကြိတ်ထည့်ထား၍ ပွရှုပ်နေသည်။

မေရီသည် ဘွိုင်ဘက်သို့ လှည့်လိုက်ကာ "ဘွိုင်၊ ဒီခုတင်ဟာ ဒီအခန်း ထဲမှာ ဘယ်နေရာမှာရှိရင် ကောင်းမလဲ'ဟု မေးလိုက်သည်။

ဘွိုင်သည် လက်နှစ်ဖက်ကို နောက်ပစ်လျက် ခါးကိုင်းကိုင်းရပ်နေရာမှ စဉ်းစားသကဲ့သို့ မျက်လုံးများ လည်နေကာ ခုတင်ချရန်နေရာကို တွေးဆနေသည်။

ဦးမင်းဟန်မှာ လက်ပိုက်လျက် ပြတင်းတံခါးနား သွားရပ်ကာ မေရီနှင့် ဘွိုင်ကိုတစ်ပြန်စီ ကြည့်ရှုနေသည်။ မေရီသည် ဘွိုင်အား အလုပ်ရည် ဝ၊ မဝ ပညာစမ်းနေမှန်း အကဲခတ်လိုက်မိသည်။

"ဒီခုတင်ဟာ ဟိုဘက်မှာ ဒီလို ထားတယ်နော်၊ ကောင်းတယ် မင်းဆပ်"

ဘွိုင်သည် သူ၏လက်တံရှည်ကြီးဖြင့် ခုတင်ထားရန်နေရာ အချိုးအစား ပုံပန်းလုပ်ပြရင်း လက်ညှိုးထိုးပြလိုက်သည်။ ဘွိုင်မှာ အသက်ငါးဆယ်ခန့်ရှိကာ နှုတ်ခမ်းမွေး တုံးတိနှင့် မြင့်မားသော အရပ်အမောင်းရှိ၏။ ဘွိုင်များ ဝတ်ဆင်သော အင်္ကျီဖြူ၊ ဘောင်းဘီဖြူ ဝတ်ထားသည်။ ဗမာစကား ကောင်းကောင်းပြောနိုင်သည်။ သူ၏ ကျိုးနွံသော အမူအရာမှာ အသားသေနေလေသည်။

"ကောင်းတယ်၊ အဲဒီဘက်မှာထားရင် ကောင်းတယ်၊ အခန်းကျယ်သွားတယ်"

ဘွိုင်မှာ သူ၏ အကြံဉာဏ်ကို လက်ခံသဖြင့် ကျေနပ်သွားလေကာ ပြုံးရယ်လိုက်ရာ ပါးစပ်ထဲမှ ငွေသွားမှာ လက်တောက်သွားသည်။

မေရီသည် အခန်းထဲတွင် ရပ်နေသော ဦးမင်းဟန်ကို တစ်ချက်မျှ လှည့်မကြည့်ဘဲ သူ့အလုပ်နှင့်သူ စိတ်ဝင်စား၍ နေသည်။

"ဗီရိုကြီး နှစ်ခုရော ဘယ်ကို ရွှေ့မလဲ ဘွိုင်"

ခုတင်ထားမည့်နေရာ တစ်ဖက်တွင် ကပ်ထားရန် လက်ဟန်ပြလျက် "ဒီလိုထားရင် ကောင်းတယ် မင်းဆပ်"ဟု ပြောသည်။

"ကောင်းတယ်၊ ဒါပေမဲ့ ဘွိုင်ကြည့်စမ်း၊ ဟိုတံခါးက အလင်းရောင်နဲ့၊ ဗီရိုတွေရဲ့အရိပ်ဟာ အိပ်ရာပေါ်မှာ လာမယ် မဟုတ်ဘူးလား"ဟု ပြော



လျက် မေရီသည် အခန်းထောင့်ဘက်သို့ နှစ်လှမ်း၊ သုံးလှမ်း လျှောက်သွားကာ "ဒီနေရာမှာ တစ်ခု၊ တစ်ခုက ဟိုနေရာမှာ ထားရင် ပိုမကောင်းဘူးလား" ဆိုလိုက်သည်။

ဘွိုင်သည် မေရီ လက်ညှိုးထိုးပြလိုက်သောနေရာကို ကြည့်နေသည်။ အခန်းနှင့် တွဲထားသော ရေချိုးခန်းဝင်သည့် အပေါက်နှင့် မလှမ်းမကမ်း တစ်ဖက်ထောင့်နေရာ၌ ဖြစ်သည်။

ဘွိုင်သည် သူ့မျက်လုံးဖြင့် စဉ်းစားလျာထားနေ၏။ သူ့မျက်လုံးနှင့် ဗီရိုကြီးတစ်လုံးကို ရွှေ့သယ်ကာ မေရီပြသော နေရာ၌ ချလိုက်သည်။ နောက်တစ်လုံးကို တစ်ခေါက် ပြန်သယ်လာလျက် တစ်ဖက်ထောင့်နေရာ၌ ချလိုက်သည်။ ချလိုက်သည့်နေရာ၌ ရှိနေမည့် ဗီရိုကြီးမှာ မျက်လုံးထဲတွင် နေရာတကျ ရှိသွားကာ မျက်မှောင်ကြုတ်လျက် စွေလိုက် စောင်းလိုက်ပင် ကြည့်လိုက်သေးသည်။

ဘွိုင်သည် ခေါင်းကို ဆတ်ညိတ်လိုက်၏။

"အခြား…မင်းဆပ် ဒီလိုထားတယ်နော် ပိုကောင်းတယ်၊ အခြား … အခြား…"

"မနက်ဖြန်ကျရင် ဒီအခန်းတွေကို ကောင်းကောင်း လုပ်ရမယ်၊ ကြမ်းကို ပေါလစ်တိုက်မယ်"

"အခြား…မင်းဆပ်"

မေရီသည် ဦးမင်းဟန်ကို လှမ်းကြည့်လိုက်ရာ မိမိအား ရွှန်းရွှန်းစားစား စူးစိုက်လျက်ကြည့်နေသည်နှင့် မျက်လုံးချင်းသွားဆုံသည်။ ဦးမင်းဟန်၏ မျက်နှာမှာ ချိုသာ၍ နေလေသည်။

"ဟိုဘက်ခန်းကို ပြပါ"

ဦးမင်းဟန်မှာ မေရီ၏ မျက်နှာကို သတိပြုလိုက်သည်။ အိမ်ထဲဝင်လာသော ရောက်ခါစက မျက်နှာမျိုး မဟုတ်တော့ချေ။ ရုံးတွင် အလုပ်လွှဲပြောင်းသည့်အခါ၌ အလုပ်တာဝန်နှင့် ဝတ္တရားကို လက်ခံနေကာ ပခုံးပြောင်းထမ်းလိုက်သူကဲ့သို့ မျက်လုံးအကြည့်နှင့် မျက်နှာလေးမှာ တာဝန်ရှိသော အသွင် ပေါ်နေကာ ရင့်တည်သွားသည်ဟုပင် ထင်ရလောက်သည်။

ဦးမင်းဟန်သည် တစ်ဖက်ခန်းထဲမှ လူတွေကို သတိပေးသည့်

Scanned by CamScanner

အနေဖြင့် တံခါးချက်ကို လှည့်မဖွင့်ဘဲ 'ကိုထွန်း'ဟု ခေါ်လိုက်ကာ တံခါးကို ခေါက်လိုက်သည်။

ချက်ခနဲ တံခါး ပွင့်သွားလေ၏။ တံခါးဖွင့်ပေးသူမှာ မျက်နှာကို မျက်နှာပိုးသတ်ထားသော ကိုဘစိုး ဖြစ်သည်။

မေရီသည် အခန်းထဲ၌ ဘွားခနဲ တွေ့လိုက်ရသော ယောကျ်ားလေးယောက်ကိုမြင်လျှင် တစ်စုံတစ်ရာ မထူးခြားဟန် မျက်နှာ နဂိုပကတိအတိုင်း ရှိမေရန် ကြိုးစား၍ သတိထားလိုက်သည်။ မိမိအား စူးရှစွာ လှမ်းကြည့်လိုက်ကြသော မျက်လုံးများ ရှေ့မှောက်တွင် ရင်ဖိုနေလှသော်လည်း ဣန္ဒြေမပျက်။

ဦးမင်းဟန်သည် သူ့နောက်မှ ဝင်လာသော မေရီဘက်သို့ လှည့်လျက် ခုတင်ပေါ်၌ ထိုင်နေသော ကိုထွန်းနှင့် မိတ်ဆက်ပေးရန် ဟန်ပြင်လိုက်သည်။ ကိုထွန်းသည် ခုတင်မှ ထလိုက်ကာ ခုတင်တိုင်ကို ကိုင်ရပ်၏။ ကိုသန်းအေးမှာ စာရေးစားပွဲခုံရှိ ကုလားထိုင်၌ ထိုင်နေကာ ဣန္ဒြေရရ ကြည့်နေသည်။ ကိုဝင်းမောင်နှင့် ကိုဘစိုးတို့မှာ ယှဉ်ရပ်နေကြသည်။

"သူက ကိုထွန်းပဲ၊ ဆည်မြောင်းဌာနဘက်က ရုံးဝန်ထောက်ပါပဲ" ဟု ဆိုလိုက်ကာ "သူက-မေရီပဲ" ဟု ကိုထွန်းဘက်သို့ လှည့်ပြောလိုက်သည်။

မေရီသည် မိတ်ဆွေခင်ပွန်း ဖွဲ့ပေးသည့် အခြေအနေမျိုး မရောက်စေဘဲ သည်အိမ်တွင် နေသည့် သူတစ်ယောက်ဟု မှတ်သားသည့် အဓိပ္ပာယ်ဖြင့် ပြုံးလည်း မပြုံး၊ မျက်နှာလှုပ်ရှားခြင်း မရှိ၊ နဂိုပကတိမျက်နှာဖြင့် ခေါင်းသာ ညိတ်လိုက်သည်။

ကိုထွန်းမှာ ပြုံးရမလား၊ ရယ်ရမလားမသိအောင် ခွကျသွားကာ နောက်ဆုံး သူက အိမ့်ရှင်အနေဖြင့် ပြုံးလိုက်သည်။

"သူကတော့ ကိုသန်းအေး၊ ပြန်ကြားရေးဌာနအရာရှိပဲ"ဟု ဆိုကာ ဦးမင်းဟန်သည် ပြုံးလျက် ကိုသန်းအေးကို လက်ညှိုးထိုး၍ ပြောသည်။ ကိုသန်းအေးသည် ပြုံးရယ်လျက် မေရီကို ဖျတ်ခနဲ ကြည့်ကာ မျက်လုံးတခြား လွှဲထားလိုက်သည်။

"သူတို့ကတော့… သူက ကိုဝင်းမောင် အာရှလူငယ်အစည်းအရုံးက ကာယဗလမှူး၊ ဟို…ကိုဘစိုးကတော့ ကျွန်တော့် အပေါင်းတော်မြဲပါပဲ"

မေရီသည် ကိုဝင်းမောင်နှင့် ကိုဘစိုးကို တစ်ချက်စီ ကြည့်လိုက်ကာ



ခေါင်းညိတ်လိုက်သည်။ ကိုဘစိုးတို့နှစ်ယောက်စလုံး မပြုံးမရယ် တည်တည်ကြီး လုပ်နေကြသည်။

မေရီသည် ဤအိမ်ရှိ လူမှတ်သားခြင်းကိစ္စပြီး၍ အခန်းကို ရှုကြည့်လိုက်သည်။ ဦးမင်းဟန်မှာ စားပွဲကို ခါးနှင့်မှီကာ လက်ပိုက်ရပ်လိုက်သည်။

အခန်းထဲ၌ အဝတ်ခုတင် နှစ်လုံးနှင့် တစ်ယောက်အိပ် သစ်သားခုတင်နှစ်လုံး ရှိသည်။ အိပ်ရာများကို ခင်းမထားဘဲ ခေါက်လိပ်ထားလေသည်။ ခြေရင်း၌ တန်းထားသော ကြိုးတန်းပေါ်၌ ပုဆိုးနှင့်မျက်နှာသုတ်ပဝါများက တစ်ထည်ပေါ်တစ်ထည်ထပ်နေကြသည်။ စီးကရက်အတို၊ ဆေးပြင်းလိပ်အတိုနှင့် အမှိုက်များကို စု၍ အခန်းထောင့်၌ ပုံထားကာ တံမြက်စည်း အကျိုးမှ အမြိတ်နှင့် ဖုံးဖိထားသည်။ သားရေသေတ္တာ၊ သံသေတ္တာများ ခုတင်အောက်၌ တချို့၊ ခုတင်ခေါင်းရင်း၌ တချို့ ရှိသည်။ အခန်းထောင့်၌ ဗီရိုတစ်လုံး ဟလျက်နေ၏။ အခန်း၏ အမိုးနှင့် နံရံတွင် ပင့်ကူအိမ်များ အုံဖွဲ့ကူးယှက်လျက် မင်းမူနေကြသည်။

မေရီသည် ဗီရိုဖွင့်ရန် ခွင့်တောင်းလိုက်ပြီး ဗီရိုကို သွားဖွင့်လိုက်သည်။ ဘွိုင်မှာ မေရီနောက်မှ ထက်ကြပ်လိုက်လျက် မေရီနောက်၌ ရပ်နေသည်။

ကိုဘစိုးနှင့် ကိုဝင်းမောင်မှာ တစ်ယောက်ကို တစ်ယောက် တံတောင် နှင့်တွက်လျက် ဗီရိုဆီသို့ သဲသဲမဲမဲ လှမ်းကြည့်နေကြသည်။

ကိုထွန်းမှာ ဝန်ကြီးအား ဗီရိုကို မျက်စပစ်ပြလျက် ပခုံးနှစ်ဖက်လှုပ်ကာ ပြုံးလိုက်ပြီး မျက်နှာပိုး ပြန်သတ်လိုက်သည်။ ကိုသန်းအေးသည် ကုလားထိုင်အမှီတွင် လက်ထောက်ကာ လက်ပေါ်၌ ခေါင်းကို စောင်းတင်လျက် ကြည့်နေလေသည်။ သည်လောက် ကြော့ရှင်းလှပတဲ့မိန်းကလေးတစ်ယောက် သည်အိမ်မှာ ဘာကြောင့် သည်အလုပ်လာလုပ်ပါလိမ့်ဟု စဉ်းစားသလို အတွေးမျက်စိဖြင့် ငေးကြည့်နေသည်။

ဗီရိုထဲ၌ တယောတစ်လက်။ ဖဲထုပ်၊ ကျား ကစားသည့် ကျားကွက်ပုံစံ စက္ကူအခေါက်နှင့် ကျားကောင်လုပ်သော ဘီလပ်ရည်ပုလင်းအဖုံးခွံများ၊ စာအုပ်များ၊ ခေါင်းလိမ်းဆီ ပုလင်း၊ ဘီး၊ ဆေးပုလင်းများ၊ အောက်ဆင့်၌ ဘောက်ဆင်ထိုးသည့်လက်စွပ်အိတ်၊ ဂျပန်ဦးထုပ်၊ ဂျပန်စစ်ဓား၊ အခန်းတပ်

Scanned by CamScanner

သည့် ခန်းဆီးအဝတ်စုံများ၊ မြေအောက် တော်လှန်ရေးနှင့်သက်ဆိုင်သော စာရွက် စာတမ်းများ ညှပ်တွဲထားသည့် ဖိုင်တွဲပုံကြီး။

မေရီသည် ဗီရိုပြန်ပိတ်လိုက်ကာ ဗီရိုကပ်သည့်နံရံနှင့် တစ်ဆက်တည်း ရှိသော ရေချိုးခန်းပေါက်ကို ခေါင်းပြူကြည့်လိုက်သည်။ မျက်နှာသစ်ကြွေခွက် မှာ ဝါကြင်လျက် ပေရေနေကာ ဘုံဘိုင်နှုတ်သီးခေါင်းမှာ ရေစက်စက်ကျ နေသည်။ နောက်ဖေး ကြွေအိုးမှာလည်း အရောင်အဆင်း ညစ်ညစ်ဖြင့် အိုးပေါ်မှ သစ်သားအဖုံးကျိုးလျက် ဘေး၌ ပြုတ်ကျနေသည်။

"ဘွိုင်၊ ဟိုအောက်မှာ ကျနေတဲ့အဖုံးကို မနက်ဖြန်ကျရင် ဂျာဒူးနဲ့ ပြန်တပ်ခိုင်းပါ"

မေရီက လက်ညှိုးထိုး ပြောလိုက်သည်။ ဘွိုင်ကုလားမှာ ခါးကို ကုန်းညွှတ်လျက် 'အခြားမင်းဆပ်' ဟု ပြန်ပြောလိုက်သည်။

မေရီသည် ဝန်ကြီးနားသို့ ပြန်လျှောက်လာကာ ကိုထွန်းကို ကြည့် လျက် "မနက်ဖြန်ကျရင် ဒီအခန်းကို ကျွန်မ ရှင်းခိုင်းရပါမယ်။ ဒီခုတင်ပေါ် က အိပ်ရာတွေကို ခုတင်ပေါ်ဖြန့်ခင်းထားနိုင်ပါသလားရှင်"ဟု မေးလိုက် သည်။

"ခင်းနိုင်ပါတယ်၊ သဘောကျသလိုပဲ လုပ်ခိုင်းပါ"

ကိုထွန်းက ခပ်ပြုံးပြုံး ပြောလိုက်သည်။

"မနက်ကို ရုံးသွားကြတော့ ဘယ်အချိန်မှာ ထမင်းစားကြပါသလဲ"

"ကျုပ်တို့ အားလုံး ကိုးနာရီခွဲ ဆယ်နာရီလောက် စားတယ်"

ကိုထွန်းကိုယ်စား ဝန်ကြီးဦးမင်းဟန်က ဝင်ပြောလိုက်သည်။

"ဒါဖြင့် မနက်လက်ဖက်ရည်ရော ဘယ်အချိန်မှာ သောက်ပါသလဲရှင်"

"ဒါကတော့ အိပ်ရာထနေမြင့်ရင်လည်း မသောက်ကြတော့ဘူး၊ စောရင်လည်း ဖျော်ပြီး သောက်ကြတယ်၊ မမှန်ပါဘူး"

ကိုထွန်းက ပြောသည်။

"ဒီလိုဆိုရင် ကျွန်မ ဒီလို လုပ်ပါရစေ၊ မနက် ခုနစ်နာရီခွဲမှာ အခန်းထဲကို ကော်ဖီပို့ခိုင်းလိုက်မယ်။ ၉ နာရီခွဲ၊ အောက်က စားပွဲမှာ ထမင်း အဆင်သင့် ရှိပါမယ်။ ရုံးပိတ်တဲ့နေ့ မနက် ရှစ်နာရီမှာ လက်ဖက်ရည်စားပွဲ အောက်မှာ ပြင်ပါမယ်၊ နေ့လယ် ဆယ့်နှစ်နာရီမှာ မနက်ထမင်း ပြင်ပါမယ်"



"ဟုက်ကဲ့ ခင်ဗျာ၊ ကောင်းပါပြီ"

ကိုထွန်းက ချိုသာစွာ ပြန်၍ပြောသည်။

"ဘွိုင်"

"မင်းဆပ်"

"မနက် ခုနစ်နာရီခွဲမှာ ဒီအပေါ်က အခန်းနှစ်ခန်း အတွက် ကော်ဖီ ပို့ရမယ် ဘွိုင်၊ ကိုးနာရီခွဲမှာ ထမင်းစားပွဲ အသင့်ရှိရလိမ့်မယ်"

ဘွိုင်မှာ ခေါင်းကို ညိတ်လျက် နာယူလိုက်သည်။ ကိုဘစိုး သော်လည်းကောင်း၊ ကိုဝင်းမောင် သော်လည်းကောင်း၊ ကိုသန်းအေးနှင့် ကိုထွန်းသော်လည်းကောင်း ယနေ့မှ ရောက်လာသော မေရီကို ယနေ့မှ ရောက်လာသောဘွိုင်၏ ပျပ်ဝပ်ရိုသေ နာခံနေရသည့်အကဲကို တစ်ချိန်လုံး မြင်နေကြရလျက် မေရီ၏ အသံမှာလည်း နားဝင်ချိုကာ တစ်ဖက်သား နာယူချင်ဖွယ်ရာ သြဇာညို့ဓာတ်များ ပါလေသလားဟု ထင်ရပေသည်။

"ကျွန်မကို မီးဖိုက ထမင်းချက်နဲ့ တွေ့ပေးပါဦး"

မေရီက ဦးမင်းဟန်ကို ပြောကာ ဦးမင်းဟန်ရှေ့ကပင် အခန်းထဲက ထွက်လိုက်သည်။ ဦးမင်းဟန်မှာ မေရီနောက်မှ လိုက်ထွက်လျက် ဦးမင်းဟန် နောက်မှ ဘွိုင်ကုလား ကပ်လိုက်သွားသည်။

ကိုဘစိုးသည် တံခါးကို ဆွဲပိတ်လိုက်သည်။

ကိုဝင်းမောင်သည် တံခါးကို ပိတ်လိုက်သော ကိုဘစိုးနောက်မှ အမှတ်မထင် ခါးကိုပွေ့၍ မြှောက်လိုက်လေသည်။ ကိုဘစိုးအား ကြမ်းပေါ် သို့ ပြန်ချပေးလိုက်သည့်အခါ ဆပ်ကပ်ထဲတွင် ပရိသတ်ကို ခါးညွတ်ကာ နှုတ်ဆက်လိုက်သော လူပြက်ဟန်ကဲ့သို့ လက်နှစ်ဖက်ကိုကားကာ ရှေ့သို့ ဆန့်ထုတ်လျက် နှစ်ကြိမ်၊ သုံးကြိမ်မက ကိုထွန်းတို့အား ခေါင်းငုံ့ကာ ကုန်းပြ နေလေသည်။

ကိုထွန်းသည် အသံမထွက်အောင် ကျိတ်ရယ်လျက် ခုတင်ပေါ်၌ ခေါက်ထားသော မွေ့ရာလိပ်ပေါ်သို့ ပစ်မှီလိုက်သည်။ ကျောင်းတွင် ပညာဝန် လာစစ်ဆေးပြီး အတန်းထဲမှ ထွက်သွားလျှင် မလှုပ်မရှား ငြိမ်သက်လျက် ဣန္ဒြေဆည်ကာ ကုပ်နေကြရသော ကျောင်းသားများ မြူးထူးကာ ထကြွ သောင်းကျန်းကြပုံနှင့် တူနေတော့သည်။

"အိုင်ဆေး၊ သဘောတရားရေးဆရာကြီး ဝေဖန်ပါဦး" ဟု ကိုဝင်းမောင်က ကိုသန်းအေး၏ ကုလားထိုင်ကို နှံ့၍ ပြောလိုက်သည်။

ကိုသန်းအေးမှာ ပြုံးရယ်နေလေသည်။

"ဂိုက်ကတော့ ကျောင်းဆရာမဂိုက်မျိုးလိုပဲဗျ၊ သူလက်ခံတဲ့ အလုပ်က ကျုပ်တို့အိမ်က ဝန်ကြီးရဲ့ရာထူးနဲ့ သူ့အလုပ်ကို တန်းတူရှိအောင် တင်စားထားတဲ့ဂိုက်ပဲဗျ၊ မဟုတ်ဘူးလား"

"ဟုတ်ပါပေ့ဗျာ"ဟု ကိုဘစိုးက ဆိုလိုက်သည်။

"သူ့မျက်နှာရဲ့ အရောင်အဆင်းဟာ တစ်မျိုးပဲဗျ၊ မှောင်ထဲမှာ ဓာတ်မီးထွန်းလိုက်သလိုပဲ၊ သူ့မြင်ရတာ မျက်စိထဲ လင်းသွားတယ်"ဟု ကိုထွန်းက ပြောလိုက်သည်။

ကိုသန်းအေးသည် လေအေးအေးဖြင့် "တည်ကြည် ငြိမ်သက် သိမ်မွေ့လျက် ဣန္ဒြေကြီးလှသော အကြင် မိန်းမပျို"ဟု ဆိုလိုက်၍ ဝါးခနဲ ရယ်ကြလေသည်။

"ဟုတ်တယ်ဗျ၊ အဆင်းလှတဲ့ မျက်နှာမှာ တည်ငြိမ်သိမ်မွေ့နေတဲ့ အရောင်ကလေး ဟပ်နေလို့သာ ခင်ဗျားရင်ထဲ ကြည်သွားတာပေါ့ဗျ၊ ဣန္ဒြေရှိပြီး အေးချမ်းလှတဲ့ လူတစ်ယောက်အသွင်ကို ခင်ဗျားမြင်ရင် ခင်ဗျားမျက်စိထဲ နောက်သွားမလား၊ လင်းသွားမလား"

"ဒါဖြင့် သူ့နှလုံးသည်းပွတ်ထဲမှာ အလွန်အေးမြတဲ့အကြည်ဓာတ်ကလေးနဲ့ အလွန်အားကောင်းတဲ့ အီလက်ထရစ်ဓာတ်ကလေး ရှိရမယ်"

ကိုဘစိုးက ရွတ်လိုက်သည်။ သူတို့သည် အတည်လိုလို၊ ရယ်စရာလိုလိုနှင့် အတည်မှန်း၊ ရယ်စရာမှန်း မသိအောင် တစ်ယောက်တစ်ခွန်း ပြောနေကြကာ တဟားဟား ရယ်နေကြသည်။

"စတိုင်ပဲဗျို့၊ မနက်စောစော အိပ်ရာထဲမှာ ကော်ဖီ လာပို့မယ်"

ကာယဗလ ကိုဝင်းမောင်က ပြောပြီး ကျေနပ်နေသည်။

လေးဦးသား တတွတ်တွတ်ပြောနေသည်မှာ မေရီအကြောင်းချည်း ဖြစ်သည်။ ကိုထွန်းသည် မွေ့ရာလိပ်ကို မှီအိပ်လိုက်၊ စိတ်က ထကြွသန်သည့် အခါတွင် ထထိုင်ပြီး ဝင်ပြောလိုက်နှင့် ထင်မြင်ချက် တစ်ယောက်တစ်မျိုးစီဖြင့် စကားလက်ဆုံကျကာ ပြော၍ မကုန်နိုင်အောင် ဖြစ်နေကြသည်။

❐

# ၇

နံနက်စောစော နှင်းတွေဝေနေ၍ အဝေးရှိ တိုက်အိမ်များကို ရေးရေးမျှသာ မြင်ရ၏။ ခြံထဲ၌ အုံ့ရီ အေးမြနေသည်။ ဥသြသံကလေးကို ကြားမိ၍ မေရီသည် ပြတင်းတံခါး၌ရပ်ကာ သရက်ပင်ပေါ်သို့ မော့ကြည့်လေသည်။ မျက်လုံးများတွင် မျက်ရည်တွေ စို့နေသည်။ ဤအိမ်တွင် ဤအဖြစ်နှင့် မိခင်၊ ဖခင်တို့ မြင်လေက ရင်ထုမနာ ဖြစ်ရှာလိမ့်မည်ဟု တွေးကာ တစ်သက်သက် ဆွေးမြည့်နေသည်။ မေရီသည် စိတ်အားကို တင်းလိုက်ရ၏။

မိမိသည် ဤအိမ်၌နေရစဉ်အခိုက် 'သက်သက်'မဟုတ်ဘူးဟု ကိုယ့်ဘဝကိုယ် မေ့ဖျောက်ထားလိုက်ရန် ကြိုးစားမှ ဖြစ်မည်ဟု တွေးမိသည်။ စိတ် အနှောင့်အယှက်ကင်းမှ လုပ်ရမည့် အလုပ်တာဝန်ဝတ္တရားများကို ရဲရဲကြီး ရင်ဆိုင်လုပ်ကိုင်နိုင်ပေမည်။ သက်သက်ရုပ်ကို ဖျောက်ကာ မေရီအဖြစ်နှင့် စိတ်ရော ကိုယ်ပါ အလုပ်ထဲတွင် နှစ်မြှုပ်ထားရန် ဖြစ်သည်။ သက်သက် အဖြစ်ကို ရုပ်ရော၊ စိတ်ရော ဖျောက်နိုင်မှလည်း စိတ်ကရဲပေလိမ့်မည်။ ရှက်နေကြောက်နေ၍ မဖြစ်။ မေရီသည် သူ့တွင် ရှိသမျှ သတ္တိကလေးကို ပေါင်းရုံးကာ ရဲဆေးတင်လိုက်ရသည်။ ရဲစိတ်ဝင်လာသော စိတ်ကလေးသည် ဘဝကို မျက်မှောက်ပြုရဲရန် ထောက်ကူ၍ ပေးလိုက်သည်။ မေရီသည် မှန်ခုံရှေ့၌ သွားရပ်လိုက်၏။

Scanned by CamScanner

မှန်ခုံပေါ်၌ အဆင်သင့်ပြင်ချထားသော ခေါင်းပတ်ကလေးကို လက်တုန်တုန်ဖြင့် ကောက်ယူလိုက်ကာ ခေါင်းနောက်မှ သိုင်းပင့်၍ အစနှစ်ဖက်ကို ထိပ်တွင် စိကြယ်စေ့များဖြင့် ဖိနှိပ်လျက် ခါးပတ်ကဲ့သို့ ပတ်လိုက်သည်။ ခေါင်းပတ်တွင် အထပ်လိုက် ထပ်ချုပ်ထားသော အဝတ်ထပ်ကြားများမှ အစအနလောက် ထွက်နေသော ဇာမြိတ် ဇာဖျားကလေးသည် အဆင့်ဆင့် အညီညီ ထပ်ထပ်သွားကာ ပိတ်ပေါ်တွင် ဇာလှိုင်းကလေးများ တွန့်လျက် ရှိနေသည်။

မေရီသည် ခေါင်းပတ်ပြီး မျက်မှန်ကလေးကို ကောက်တပ်ကာ မှန်ထဲတွင် ကြည့်လိုက်သည်။ မှန်ထဲတွင် မြင်လိုက်ရသော ရုပ်ပုံကို စိုက်ကြည့်နေလျက် 'မေရီ'ဟု စိတ်ထဲ၌ တခေါ်လျက်ရှိကာ ရုပ်ပြောင်း စိတ်ပြောင်းပစ်နေရသည်။

တဖြည်းဖြည်း မျက်ရည်တွေလည်ဝိုင်းလာသော မှန်ထဲက သူ့မျက်နှာကို ဆက်လက်၍ မကြည့်ချင်တော့သကဲ့သို့ သူ့ခေါင်းကို မှန်ခုံပေါ်၌ မှောက်ချထားလိုက်သည်။

ခုနစ်နာရီထိုးလျှင် အခန်းပြင်သို့ ထွက်ရတော့မည်။ အခန်းပြင်သို့ 'မေရီ'အဖြစ်နှင့် ထွက်ရမည်မှာ နက်ရှိုင်းလှသော ချောက်ကြီးပေါ်မှ အသည်းယားဖွယ်ရာ ခုန်ချရတော့မလောက် ကြောက်ရွံ့စိတ်များ ဝင်ရောက်နေသည်။

ဤခေါင်းပတ်နှင့် အခန်းမှ ထွက်ရမည့် မေရီ့အဖြစ်မှာ ဆိုးဝါးလှသည်ထင်ကာ အားငယ်စိတ်၊ ဝမ်းနည်းစိတ်၊ ရှက်ရွံ့စိတ်တို့သည် ပေါက်ကွဲထွက်ကုန်ရှေ့မတတ် ဖြစ်နေသည်။ သူ့ရင်ထဲ၌ လှုပ်ရှားနေသော ဆို့သိပ်စိတ်တို့ကို တင်း၍ တင်း၍ ပြန်လည် ထိန်းချုပ်ကာ အပြင်သို့ ထွက်ဝံ့သည့် သတ္တိထူးကို အားခဲ၍ မွေးမြူနေလေသည်။

"မင်းဆပ်..."

တံခါးခေါက်သံကြားရသည်။ မေရီသည် ခေါင်းထောင်လာကာ တံခါးချက်ကို လှည့်ဖွင့်ပေးလိုက်သည်။

ဘွိုင်သည် နဖူးပေါ်လက်တင်၍ ဆလံပေးလိုက်မှ မေရီကို စေ့စေ့မြင်မိ၏။ မနေ့က တွေ့ရသော မင်းဆပ်မှ ဟုတ်ပါလေစဟု မျက်တောင်ခတ် အမ်းသွားသော မျက်နှာဖြင့် ကြည့်လျက် လက်ကို ချလိုက်သည်။



မနေ့ ညနေက ဘရားဆပ် ဝန်ကြီးရှေ့တွင် မိမိအား အမိန့်ပေးနိုင်သော မေရီကို ဝန်ကြီးနှင့် ဘယ်လို သက်ဆိုင်သလဲဟု ရှင်းရှင်းလင်းလင်း မသိရ၊ ယနေ့နံနက်မှပင် ဤအိမ်က လူတွေနှင့် ခွဲခြားလျက် မိမိတို့အထက်က အုပ်ချုပ်မည့်သူတစ်ဦးဟု ရိပ်မိသလိုလို ရှိသွားသည်။

"ခုနစ်နာရီခွဲပြီ မင်းဆပ်၊ ကော်ဖီ အဆင်သင့် ရှိပြီ"

"ကောင်းပြီ၊ ဘရားဆပ် အတွက် ကော်ဖီဗန်းကို အရင်ယူခဲ့ပါ"

မေရီသည် အခန်းထဲမှ ထွက်ခဲ့ကာ တံခါးပိတ်လျက် သော့ခတ်လိုက်သည်။ သော့ကြိုးကွင်းကလေးကို လက်ကောက်ဝတ်တွင်လျှိုသွင်းလိုက်ကာ အိမ်ပေါ်သို့ တက်ခဲ့သည်။

ဘွိုင်က တံခါးခေါက်လိုက်ရာ ချက်ခနဲကြား၍ တံခါးပွင့်သွားသည်။ ဘွိုင်ကုလားသည် လက်ဖက်ရည်ဗန်းကို လက်ဝါးပေါ်တွင် တင်လျက် ရှေ့က ကွယ်နေ၍ ခေါင်းပတ်ဖြူကလေးနှင့် ရပ်နေသော မေရီကို နောက်မှ မြင်ရသည်။ ဦးမင်းဟန်မှာ ထူးဆန်းသလို စိန်းစိန်းစိုက်ကြည့်လိုက်မိသည်။ မေရီမှာ ခေါင်းပတ်ဖြူ၊ ထဘီစိမ်းကလေးနှင့် မျက်စိထဲ သေသေသပ်သပ် ကြည့်၍ပင် ကောင်းနေလေသည်။ သူ့ရာထူးကို သူ့ခေါင်းတွင် အမှတ်အသားပြထားခြင်းမှာ သူ့အား ဤအိမ်၌ အုပ်ချုပ်ခန့်ခွဲစီမံနေသော အလုပ်သမားတစ်ဦးဟု အသိအမှတ်ပြုခိုင်းခြင်းနှင့် တူနေသည်။

ဦးမင်းဟန် စိုက်ကြည့်လိုက်၍ မေရီမှာ မိမိအား ယနေ့သာ အဆန်းကြည့်ကြမည်၊ နေ့စဉ် မြင်လျှင် အသားကျသွားကြမည်ဟု အောက်မေ့ကာ စိတ်ကို ကြိတ်မှိတ်တင်းလျက် နဂိုပြကတော့ မျက်နှာနှင့်ပင် အခန်းထဲဝင်လိုက်သည်။

ဦးမင်းဟန်သည် နီညိုရောင် ဆွယ်တာအင်္ကျီကို ဝတ်ထား၏။ စာရေးစားပွဲခုံတွင် ထိုင်လိုက်ကာ ရေးလက်စရှိသောစာကို ဆက်ရေးရန် ပြင်လိုက်သည်။

ဘွိုင်ကုလားက ဗန်းကို စားပွဲပေါ် တင်ပေးလိုက်သည်။ လက်ဖက်ရည်ကရားအိုး၊ နို့ခွက်၊ သကြားခွက်၊ ကြက်ဥဖြင့် ပြင်ဆင်လာသည်။

မေရီသည် စားပွဲခုံနားလာရပ်ကာ "အိမ်သုံးစာရင်းဖွင့်ရမှာမို့ ကျွန်မ ငွေလိုချင်ပါတယ်"ဟု ပြောလိုက်သည်။

Scanned by CamScanner

ဦးမင်းဟန်သည် ကော်ဖီပန်းကန်လုံးကို လှန်လိုက်ကာ ကော်ဖီငှဲ့ထည့်ဖျော်ရင်း ''ဘယ်လောက် လိုချင်ပါသလဲ''ဟု မေးလိုက်သည်။

''ညက စတိုခန်းကို ကျွန်မ သွားကြည့်တာ ဘာမှ မရှိပါဘူး၊ လက်လီ ဝယ်သုံးတာ အင်မတန်ကုန်ပါတယ်၊ တစ်လစာဝယ်ထားမှ ဖြစ်ပါမယ်၊ နေ့စဉ် ဈေးဖိုးပါ သုံးရာလောက်ပေးထားပါ''

ဦးမင်းဟန်သည် စားပွဲအံဆွဲထဲမှ သားရေအိတ်ကြီးကို ထုတ်ယူလိုက်သည်။ မနေ့က လခထုတ်လာ၍ ဂျပန်ငွေစက္ကူအသစ်ကို ဆွဲထုတ်လိုက်သည်။

''ငါးရာ ယူထားပါ''

မေရီ၏ မျက်နှာကို မော်ကြည့် ပြောလိုက်သည်။ မေရီနှင့် မျက်နှာချင်းဆိုင် ကြာရှည်ဆိုင်ရန် ခက်သည်။ တစ်ဦးက မျက်နှာတည်ထား၍ မျက်လုံးကို မြန်မြန်လွှဲလိုက်ရသည်။

ဘွိုင်မှာ ဗန်းကိုချပြီး အောက်သို့ ဆင်းသွားကာ တစ်ဖက်ခန်းအတွက် ကော်ဖီဗန်းကြီး ယူတက်လာလျက်''မင်းဆပ်၊ ပို့ရမလား''အခန်းဝ၌ လာရပ် မေးသည်။

''ပို့လိုက်ပါ၊ အဝတ်ဟောင်းတွေကို အပြင်မှာ ထားခဲ့ဖို့ ပြောလိုက်ပါ''

မေရီက ဘွိုင်ကို လှည့်ပြောလိုက်ကာ ဦးမင်းဟန် ကမ်းပေးသော ငွေများကို တစ်ရာစီ စစ်ရေလျက် နေလေသည်။

ဦးမင်းဟန်သည် မေရီ ငွေရေနေခိုက် ကော်ဖီသောက်နေရင်း ''မေရီရော သောက်ပြီးပလား''ဟု မေးလိုက်သည်။

မေရီသည် ငွေရေခြင်းကို ရပ်လျက် မျက်လုံးကိုပင့်၍ ''ကိုယ့်အတွက်သာ ကိုယ်ကြည့်ပြီး ကျွန်မအတွက် မကြည့်ဖို့ ပြောထားပါရစေရှင်၊ ကျွန်မ မသောက်ရသေးပါဘူး''ဆိုကာ မျက်လွှာပြန်ချလျက် ငွေကို ဆက်ရေနေသည်။

ဝန်ကြီးမှာ အရောတဝင် မေးလား စမ်းလား ဂရုစိုက်လား မလုပ်စေချင်ပုံကို သတိရလျက် မေးမိတာမှားသွားပြီဟု တွေးနေသည်။ အလုပ်နှင့်ပတ်သက်သည့် အကြောင်းအရာက လွဲလျှင် အခြား အာလာပ သလ္လာပ စကားမျိုး မပြောချင်မှန်း ရိပ်မိသည်။ ဝန်ကြီးသည် ငြိမ်သက်လျက် မေရီအကြောင်းကို ဆက်လက် တွေးတောလျက်နေသည်။



မေရီသည် ငွေရေပြီး''မာလီတစ်ယောက် ငှားပါရစေ''ဟု ခွင့်တောင်းလိုက်သည်။

''ငှားပါ၊ အရင် ကျွန်တော်၊ အေးလေ ကျုပ် ငှားထားတယ်၊ မာလီ ကုလားဟာ မာလီအလုပ်ပဲ မလုပ်ရဘူး၊ ဟိုဟာခိုင်း၊ ဒီဟာခိုင်း၊ ဝိုင်းခိုင်းကြတော့ ကုလားက စိတ်ညစ်ပြီး ထွက်သွားတယ်''

မေရီသည် ငြိမ်လျက် နားထောင်နေသည်။

''အရင် မာလီကို လခ ဘယ်လောက် ပေးရပါသလဲ''

''သုံးဆယ် ပေးရတယ်''

''ဘွိုင်ကိုရော လခ ဘယ်လောက် ပေးရပါသလဲ''

''မပြောတတ်သေးပါဘူး၊ မနေ့ကမှ ကျုပ်အတွင်းဝန်က ပို့လိုက်တာ၊ မမေးရသေးဘူး၊ ဘယ်လောက် ပေးသင့်သလဲ''

''သူက ငါးဆယ် လိုချင်တယ်ပြောပါတယ်၊ ကျွန်မက လေးဆယ်ပေးမယ်၊ အလုပ်ကောင်းရင် တိုးပေးဖို့ ပြောပေးမယ်လို့ ပြောထားပါတယ်၊ ဂျာဒူးလည်း ဆယ့်ငါးကျပ် တောင်းပါတယ်''

''သင့်သလိုသာ ကြည့်စီမံပါ၊ ထမင်းချက်အဘိုးကြီးကို လေးဆယ်ပေးထားတယ်''

မေရီ တွက်ချက်ကြည့်လိုက်သည်။ မိမိလခ ၂၀၀ိ နှင့် အခြားအလုပ်သမားလခပေါင်း ၃၀၀ိ ကျော် ၃၅၀ိ ခန့်ရှိ၏။ စားစရိတ်နှင့်အိမ်စရိတ်ပေါင်း တစ်ထောင်လောက် ကုန်မည်ဟု ခန့်မှန်းကြည့်သည်။

''တစ်လကို တစ်ထောင်လောက်တော့ စရိတ် ရှိလိမ့်မယ် ထင်ပါတယ်''

ဝန်ကြီးက လက်ဖက်ရည်ပန်းကန်ကို ချကာ လေအေးအေးဖြင့်ပြန်ပြောသည်။

''တစ်ထောင်ဆို တော်သေးတာပေါ့၊ ကျုပ်မှာ လတိုင်း မလောက်လို့ ကြွေးတင်တဲ့ လချည်းပဲ၊ ထမင်းချက် ကုလားလည်း တောင်းသမျှ ပိုက်ဆံပေးရလို့ နောက်တော့ မတတ်နိုင်ဘူး၊ တစ်နေ့ သုံးဆယ်နဲ့ ပုတ်ပြတ် အပြီးအငြိမ်း လုပ်ထားရမယ်၊ စားရတာလည်း မကောင်းဘူး၊ ဟင်းမှာ ဆီ မမြင်ရဘူး၊ ခိုးလိုက်တာလည်း လွန်ရော''

Scanned by CamScanner

ဝန်ကြီးမှာ ညည်းတွားလျက် စိတ်ပျက်လက်ပျက် ပြောပြနေသည်။ အထိန်းအကွပ်ကင်းကာ ဖရိုဖရဲကြီးဖြစ်နေသော အိမ်အတွက် ဝန်ကြီး စိတ်ပျက်လည်း စိတ်ပျက်စရာပေပဲဟု မေရီက တွေးမိသည်။

ဘွိုင်က ကော်ဖီဗန်း လာယူသည်။ မေရီသည် ဝန်ကြီး ဗီရိုထဲက ရုံးဝတ်သွားရန် အဝတ်အစားများ ရွေးချယ်ထုတ်ထားခဲ့ကာ စားပွဲခင်းနှင့် လက်သုတ်ပဝါများ ယူထုတ်လာလျက် 'ကျွန်မတို့ ပြီးမှပဲ ဒီအခန်းရှင်းမယ်'ဟု ဆိုပြီး အောက်သို့ ဆင်းလာခဲ့သည်။

ဦးမင်းဟန်သည် မေရီ ဆင်းသွားမှ တစ်ဖက်ခန်းသို့ ကူးသွားသည်။

"ဟန်တယ် ကိုမင်းဟန်၊ ကျုပ်တို့တော့ ကျောင်းမှာ ဘော်ဒါ ပြန်နေရသလိုပဲ"

ကိုထွန်းက ဆီး၍ ပြောသည်။

"ကျွန်တော်တို့ အိမ်အတွက်တော့ စိတ်ချမ်းသာရလိမ့်မယ် ထင်ပါတယ်"

ဝန်ကြီးက အသံအေးအေးဖြင့် ပြောလိုက်သည်။

"ခုန ဆင်းသွားတာ မြင်လိုက်တယ်၊ ဆေးရုံက နာ့စ်မလေးလိုလို၊ စစ္စတာလိုလို ခေါင်းမှာ အဝတ်ပတ်ထားတာ ကြည့်ကောင်းသေးတော့ဗျာ"

ကိုဘစိုးက မချိုမချဉ် မျက်နှာပေးဖြင့် ဝေဖန်လိုက်သည်။

"သူ့ကို ဘယ်သူက မြင်မြင် ယောကျ်ားတွေ ကြားထဲမှာ တောင်ထင် မြောက်ထင် မထင်အောင် ဒီအိမ်က အလုပ်သမားဆိုတာ ခွဲခြားထားတာများလား မသိဘူး"

သဘောတရားရေး ဆရာကြီး ကိုသန်းအေးက ဝင်ပြောသည်။

"သူ့ကြည့်ရတာ ဒီအလုပ်ကို ဗိုလ်အိမ်တွေမှာ လုပ်ခဲ့ဖူးသလားမှ မသိဘဲ"

ကိုဝင်းမောင်က ထင်မြင်ချက် ပေးလိုက်သည်။

"မပြောတတ်အောင်ပါဘဲဗျာ" ဝန်ကြီးက ညင်းဆိုလိုက်သည်။

သူကိုယ်တိုင်တော့ ဘာမှ လုပ်မှာ မဟုတ်ဘူး၊ အစေခံတွေထားနိုင်းတာသာကြည့်၊ သူက စီစဉ်ပေးမှာပဲ"ဟု ကိုထွန်းက ပြော၍ "ဒါပေမဲ့ မလွယ်ဘူးဗျ၊ ကျွန်တော်တို့ ကိုယ်တိုင် မခိုင်းတတ်တာကြည့်လေ"ဟု ဝန်ကြီးက ပြောလိုက်သည်။



မေရီသည် ထမင်းစားခန်းထဲတွင် အလုပ်ရှုပ်လျက်ရှိသည်။ ဂျာဒူးကို ကြမ်းတိုက်ခိုင်းကာ စေ့စေ့စပ်စပ်စောင့်ကြည့်ပြောနေရသည်။ မီးဖိုဘက်သို့လည်း ကူးသွားကာ ထမင်းချက်ကို အချိန်မီစားပွဲပြင်နိုင်ရန် ကြပ်မတ်နှိုးဆော်နေရသည်။

ဘွိုင်မှာ ထမင်းစားပွဲကြီးကို ခင်းကျင်းပြင်ဆင်နေသည်။ ခွန်း၊ ခက်ရင်းသစ်များ၊ ပန်းကန်သစ်များဖြင့် ကျနအောင် ပြင်ခိုင်းထားသည်။

မေရီသည် ဧည့်ခန်းထဲသို့ ကူးသွားကာ ဆိုဖာများကို ခြံထဲသို့ သယ်ထုတ်စေလျက် နေရောင်ပြထားလိုက်သည်။ နေရောင်ပြူထွက်လာ၍ ခြံထဲ၌ ရောင်ခြည်တလွှင်လွှင် တောက်ပနေသည်။ ခြံဝင်းတစ်ဖက် တိုက်အိမ်အပေါ်ထပ်မှ မိန်းမတစ်ယောက်သည် လသာဆောင်မှထွက်ကာ မေရီကို အထူးအဆန်းငေးကြည့်နေသည်။

ဂျာဒူးကုလားမှာ ဧည့်ခန်းရှိကြမ်းခင်းကို ဆော်ဒါနှင့် တိုက်ဆေးကာ ကြေးချွတ်နေသည်။ ကြမ်းကြားမှ ထွက်လာသော ကြေးရေများကို ဂွန်အိတ်စုတ်နှင့် ပွတ်သုတ်ယူစေကာ သုံးလေးခါ ပြန်တိုက်ချွတ်ဆေးကြော ပွတ်သုတ်နိုင်တော့မှပင် ကြမ်း၌ ခင်းထားသော ဘုံးကွက်ကလေးများ ပေါ်လာသည်။ ဂျာဒူးမှာ အောက်ထပ်တစ်ထပ်လုံးရှိ ကြမ်းခင်းကို ဘုံးကွက်တွေပေါ်လာရန် ကြေးစင်အောင် တိုက်ချွတ်သုတ်သင်နေရလျက် ခါးချည့်နေလေသည်။

ဘွိုင်မှာ အဝတ်တစ်ခုနှင့် ထမင်းစားခန်းထဲမှ ပန်းကန်ဗီရိုနှင့် ဖန်ခွက်တင်စင်များ၊ ကုလားထိုင်များကို ပြောင်လာအောင် ပွတ်သုတ်တိုက်နေသည်။

မေရီသည် အောက်ထပ်၌ တစ်ခန်းဝင် တစ်ခန်းထွက်ကာ ပြေးလွှားကြည့်ရှုစီမံပေးနေရင်း နာရီကို ကြည့်လိုက်သည်။ ကိုးနာရီ ထိုးရန် ဆယ်မိနစ် အလိုတွင် ထမင်းပြင်ခိုင်းလျက် 'စားစရာ အဆင်သင့်ရှိပြီဖြစ်ကြောင်း' အပေါ်သို့ ဘွိုင်ကို အပြောလွှတ်လိုက်သည်။

ဝန်ကြီးမှာ ရေချိုးပြီး မေရီထုတ်ပေးထားခဲ့သော ရုံးဝတ်သွားရမည့် အဝတ်အစားများကို ဝတ်လိုက်သည်။ မိန်းမတစ်ယောက် ရွေးချယ် ထုတ်ပေးသော အဝတ်ကို ပထမအကြိမ် ဝတ်ဖူးခြင်းဖြစ်၍ စိတ်ထဲ၌ ဘာလိုလိုနှင့် နားထင်နားရင်းများ ပူသွားကာ စိတ်မလုံသလို ဖြစ်သွားသည်။ အပေါ်အင်္ကျီ

ကို ကုလားထိုင်၌ ချိတ်ထားခဲ့ကာ တစ်ဖက်ခန်းက လူများနှင့် အတူ အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။

သန့်ရှင်းသွားသော ကြမ်းခင်းကို လှေကားမှ အရင်မြင်ကြရ၏။ ဝန်ကြီးသာလျှင် ဖိနပ်စီးဆင်းလာလျက် ကိုထွန်းတို့မှာ အောက်ရောက်၍ ဖိနပ်စီးမည်လုပ်ပြီးမှ ဖိနပ်များ မသန့်၍ ကြမ်းကို အားနာကြကာ မစီးဘဲ ထမင်းစားခန်းထဲသို့ ဝင်ခဲ့ကြသည်။

ဦးမင်းဟန်သည် ထမင်းစားပွဲကြီးကို ကြည့်ကာ အင်မတန်မှ စိတ်ကြည်နူးသွားသည်။ အထက်တန်းကျသော အိမ်ကြီးတစ်အိမ်၌ ထမင်းစား ဖိတ်ခေါ်၍ သွားစားကြရသလို ပြင်ဆင်ထားပုံက ခမ်းနားလှသည်။

မိမိ၌ အင်္ဂလိပ်ပစ္စည်း အသုံးအဆောင်များ မကုန်ခန်းနိုင်အောင် ပေါများလျက် နေရာတကျ အသုံးမချခဲ့သဖြင့် မိမိအိမ်မှာ ထည်ဝါခြင်းမရှိခဲ့ချေ။ ယနေ့တွင်ကား နေရာတကျ ကျနစွာ ဖိတ်တောက်နေကြလျက် သန့်ရှင်းဖြူစင်သော ထမင်းစားပွဲကြီးကို မြင်တွေ့ရ၍ ကျေနပ်သွားတော့သည်။

မေရီသည် ဝင်လာကြသူတို့အား အသီးသီး သင့်တော်ရာနေရာရွေး ချပေးလိုက်သည်။ ကိုထွန်းတို့မှာ ဣန္ဒြေရရဖြင့် ဝင်ထိုင်လိုက်ကြသည်။ အားလုံးပင် ဧည့်သည်နှင့် တူနေလျက် ကိုယ်ရှိန်သတ်နေကြသည်။

ဘွိုင်ကို ကြီးကြပ်လျက် စားပွဲထိုးခိုင်းထားသည်။ ယမန်နေ့က 'ထမင်းထည့်ဦး၊ ဟင်းထည့်ဦးနှင့်' ထမင်းချက်ကို တကြော်ကြော် အော်ဟစ် ခေါ်နေကြရသည်။ ထမင်းချက်ကုလားကြီးမှာ မီးဖိုထဲမှ ပေပေရေရေနှင့် ထွက်လာ လုပ်ကိုင်ပေးသည်။ ယနေ့ ထမင်းချက် အဘိုးကြီး၏ မျက်နှာကို မမြင်ကြရတော့ချေ။

မေရီသည် ကိုဝင်းမောင်နှင့် ကိုဘစိုးတို့ ပန်းကန်ထဲသို့ ထမင်းထည့် ပေးရန် ဘွိုင်အား စောင့်ရပ်ညွှန်ပြ စေခိုင်းနေသည်။

မည်သူမျှ စကားမပြောဘဲ စားနေကြ၍ မေရီက စကားစပြောလိုက် သည်။

"ထမင်းချက်အဘိုးကြီးဟာ မညံ့ပါဘူး၊ ကောင်းကောင်း ချက်တတ် ပါတယ်"

"ဒီနေ့မှ သူ့လက်စွမ်းပြဟာ၊ ခါတိုင်းနေ့များ ဖြစ်ကတတ်ဆန်းပဲ"

ကိုထွန်းက ဝင်ပြောလိုက်သည်။ ကိုဝင်းမောင်က-



'ဘဲဥမဆလာ ချဉ်ရည်ဟင်းက ဂဒီး ဂဒီးပဲ'

ကိုထွန်း မျက်နှာကို ကြည့်ပြောကာ ရယ်မောနေလေသည်။

ကိုဘစိုးသည် မိမိပန်းကန်ထဲသို့ မေရီကိုယ်တိုင် လာထည့်ပေးနေသော ထမင်းကို လက်နှင့်ကာကာ "ကျွန်တော် မနက်တက် သိပ်မစားနိုင်ဘူးခင်ဗျာ၊ တော်ပါပြီ" ဟု တောင်းပန်လိုက်သည်။

ကိုသန်းအေးမှာ ခပ်ဖြည်းဖြည်းစား၍ နေသည်။ ယနေ့ထမင်းပွဲတွင် လေမပန်းကြဘဲ ဣန္ဒြေရရ သိမ်သိမ်မွေ့မွေ့ စားသောက်နေကြသော လူသိုက် အား ကြည့်ကာ သူ့စိတ်ထဲ၌ ရယ်ချင်နေသည်။ ဝန်ကြီးဦးမင်းဟန်မှာ ထိပ်ဆုံး က ထိုင်လျက် ထမင်းစားရင်း မေရီကို တစ်ချက် တစ်ချက် လှမ်းကြည့်လိုက် သည်။ မိမိနားမှ ဆောင့်အောင့်ထသွားသော ရီရီကို သတိရလာလေသည်။ ဒေါ်လေးတင်က 'ဒီကောင်မ' ဟု ရင့်ရင့်သီးသီးကြီး ပြောလိုက်ခြင်းအတွက် မေရီအား အားနာသလိုလည်း ဖြစ်မိသည်။

မေရီသည် စားသောက်နေသည့် တစ်ချိန်လုံး ထမင်းစားခန်းထဲ၌ ဘွိုင်နှင့်အတူပင် ရပ်စောင့်ကြည့်ရှုနေကာ စားပြီးကြ၍ စားပွဲမှ မထကြခင် ဧည့်ခန်းဘက်သို့ ကူးသွားလေသည်။

ဝန်ကြီး ဦးမင်းဟန်သည် မေရီထွက်သွားမှ ကိုထွန်းအား တိုးတိုး လှမ်း၍ ပြောလိုက်သည်။

"မနက်က ကော်ဖီသောက်ပြီးပလားလို့ ကျွန်တော် မေးမိတယ်။ အဲဒီလိုမေးတာ မကြိုက်ဘူးဗျ" ဟု ပြောကာ ဓာက်ကိုပု၍ ပြလိုက်သည်။

"စောစောက ကိုဘစိုးအောက်မှာ သတင်းစာ ဆင်းယူတော့ သူ့အခန်းထဲကို ဘွိုင်က ဗန်းနဲ့ သွားပို့တာ မြင်သတဲ့။ သူ့ဟာသူ ဘယ်သူနဲ့မှ မရောဘဲ သီးခြားပေါ့ဗျာ"

စားပွဲမှ မထကြခင် ထမင်းစားခန်းကို အနှံ့အစပ် လှမ်းကြည့်ကြ ရင်း တစ်ယောက် တစ်ခွန်း တိုးတိုး တိုးတိုးနှင့် သန့်ရှင်းပုံ၊ ပြင်ဆင်တတ်ပုံ၊ စနစ်ကျပုံကို ကျိတ်၍ ချီးမွမ်းနေကြသည်။ ယနေ့ နံနက် ဝင်းထိန်နေသော ဝန်ကြီး၏ မျက်နှာကို ကြည့်ကာ ပြုံးပြုံးကြီးလုပ်လျက် ကိုထွန်းက နောက်စရာ မရှိ နောက်ပြုံးပြနေသည်။

ထမင်းစားခန်းထဲက ထွက်ကြသောအခါ မေရီသည် ပန်းခြံထဲမှ

Scanned by CamScanner

ဆိုဖာကို အိမ်ထဲသို့ ဂျာဒူးနှင့် မ သယ်နေသည်ကို မြင်၍ ကာယဗလ ကိုဝင်းမောင်က ပြေးလျက် ကူသယ်ပေးလိုက်သည်။

မေရီသည် ထမင်းစားခန်းထဲသို့ဝင်ကာ ဘွိုင်ကို ခေါ်လျက် အိမ်ပေါ်သို့ တက်ခဲ့သည်။ ဝန်ကြီးက မေရီတို့နောက်မှ တက်လိုက်လာသည်။

"ရုံးကိုယူမယ့် စာခြင်းထဲမှာ ဒိပြင် ထည့်စရာများ ရှိပါသေးသလားရှင်"

"မရှိပါဘူး"

"ဘွိုင် ဒီခြင်းကို အောက်ချရမယ်" ဟု ဆိုကာ အောက်သို့ ဆင်းသွားသည်။ ဝန်ကြီးသည် အပေါ်အင်္ကျီကိုဝတ်ကာ ရုံးတက်ရန် ဆင်းလာခဲ့သည်။ ဝန်ကြီးမှာ ကားဒရိုင်ဘာ မထားဘဲ ကိုယ်တိုင် မောင်းလေသည်။ ကိုဘစိုးသည် ကားကို ဆင်ဝင်အောက်သို့ ထုတ်မောင်းလာသည်။ ဘွိုင်က စာခြင်းကို ကားထဲ သွင်းလိုက်သည်။ ဝန်ကြီးတက်သွားလျှင် ကိုထွန်းတို့အားလုံး လိုက်တက်ကြကာ ဘွိုင်က တံခါးကို ပိတ်ပေးလိုက်သည်။

မေရီသည် အိမ်တံခါးမကြီးကို ပိတ်လိုက်ကာ ဂျာဒူးနှင့် ဘွိုင်ကို ခေါ်၍ အိမ်ပေါ်ထပ်သို့ တက်ခဲ့သည်။

တစ်မနက်စာလုံး အိမ်ပေါ်ထပ်ကို ရှင်းရသည်မှာ ချွေးဒီးဒီးကျသည်။ ပင်ကိုကလည်း ဝါသနာကြီးကာ သူ့အိမ်ကဲ့သို့ စိတ်ပါလက်ပါ လုပ်၏။ ကြမ်းတွေကို တိုက်ချွတ်ခိုင်းပြီး ရေနံဆီ ဖယောင်းနှင့် အရောင်တင်လိုက်သည်။ ပြတင်းတံခါးမှန်များကို ပြောင်နေအောင် တိုက်ခိုင်းသည်။ စောင့်ကြည့် ပြောရသည်မှာ မောလှသည်။ သူများ ခိုင်းရတာ အားမရ၍ ကိုယ်တိုင်လည်း ဝင်တိုက်ပြလိုက်သေးသည်။ ဘွိုင်မှာ ချွေးတလုံးလုံးဖြင့် တံခါးလက်ကိုင်ဖုများကိုပါ မချန် လက်နေအောင် တိုက်ရသည်။

နေ့လယ် ၁၂ နာရီအချိန်အထိ လုပ်ကြကာ တစ်နာရီလောက် ထမင်းစားရန် အနားယူကြလျက် ပြန်လုပ်ကြရပြန်သည်။ ဗီရိုထဲမှ ခန်းဆီးများကို ထုတ်ကာ အပေါ်တစ်ထပ်လုံး ပြတင်းပေါက်အစေ့ တပ်လိုက်သည်။ ဝန်ကြီး ဦးမင်းဟန်၏ အခန်းမှာ သန့်ရှင်းပြောင်လက်သွားလျက် ပစ္စည်းတွေ နေရာပြောင်းရွှေ့လိုက်မှ ခမ်းနား သပ်ရပ်သွားသည်။ အိပ်ရာပေါ်၌ လှပသော အိပ်ရာဖုံးအပြာကြီးဖြင့် ဖုံးအုပ်ထားသည်။ အိပ်ရာခေါင်းရင်းနှင့်အနီး ပြာလဲ့လဲ့ မီးအုပ်ဆောင်းတိုင်ကြီးမှာ မားမားမတ်မတ် မိုး၍နေသည်။ ခုတင်အောက်က



ကော်ဇောနီကြီးမှာလည်း ဖုန်စင်သွား၍ ပြောင်ပြောင်ရောင်ရောင် ဖြစ်လာကာ ခုတင်နှင့် ပန်ရသွားသည်။ ပြတင်းပေါက် အထက် မျက်နှာစာတွင် ထင်းရှူးပြား တစ်ထွာခန့် ရှေ့ထုတ်ကာ ရိုက်ခွေပေါင်ကွပ်ထားသော နေရာတွင် ခန်းဆီးအတို အပိုင်းလေးများ နဖူးစည်းသဖွယ် ထည့်လျက် အတွင်းမှ နေ၍ ပြတင်းပေါက် အဆုံးအထိ ခန်းဆီးအရှည်ကြီး ချတပ်ကာ အလယ်မှ အနည်းငယ် ခွဲထားလိုက်သည်။ အပြာနုခံလျက် အဖြူပွင့်များ ခက်လိမ်ထား သော ခန်းဆီးများတပ်ပြီးမှ အခန်းမှာ ကျက်သရေအတိနှင့် ပို၍ သားနား ခံ့ညားသွားသည်။

မေရီသည် ဗီရိုထဲမှ ပစ္စည်းတွေကို စာရင်းနှင့် မှတ်ယူလျက် နေရာတကျ ရှင်းလင်း ထည့်သွင်းထားလိုက်သည်။

"ဘွိုင်၊ ဒီအတိုင်းလုပ်နော်၊ နေ့စဉ် ဒီလိုပဲ ရှိရမယ်"

ဘွိုင်က ခေါင်းညိတ်သည်။

ကြွေရောင်ခင်းထားသော ရေချိုးခန်းမှာ ကြွေရောင်များ ဖြူဖွေးလျက် လက်လာမှပင် တော်ခိုင်းသည်။ ဆပ်ပြာခွက်၊ သွားတိုက်ဆေးဘူး စသည့် ပစ္စည်းများကို မျက်နှာသစ်ခွက် အပေါ်မှ မှန်ချပ်ကလေး အောက်ရှိ စင်ပေါ်တွင် နေရာတကျ တင်ထားခိုင်းလိုက်သည်။

ဝန်ကြီး၏ အိပ်ခန်းကို သပ်ရပ်စွာ ပြင်ဆင်ပြီးခဲ့မှ တံခါးကို ပိတ်လျက် တစ်ဖက်ခန်းသို့ ကူးခဲ့သည်။ ခုတင်များကို ကြည့်ရှု၍ ကောင်းအောင် ရွှေ့လျက် အိပ်ရာများ အသစ်လဲပြင်ခိုင်းလိုက်သည်။ ပစ္စည်းများကို သပ်ရပ်အောင် ရှင်းထားကာ ခန်းဆီးများတပ်လျက် အိပ်ရာဖုံးများ ဖုံးပြီးသည့်အခါ၌ အခန်းမှာ စောစောကနှင့် မတူဘဲ လူမြင်သူမြင်ကောင်းအောင် သပ်ရပ် သားနားသွားသည်။

အနောက်ဘက်ရှိ ခြေရင်းခန်းကို ရှင်းလင်းကြပြီး အဝတ်ဟောင်းထုပ်ကြီးကို ယူခဲ့ကာ ဂျာဒူးကုလားအား ဒိဘီခေါ်ခိုင်းလိုက်သည်။

အိမ်ပေါ်ထပ်ပြီးစီးမှ အောက်ထပ်၌ ကြမ်းခင်းများကို အရောင်တင်ကြကာ ဧည့်ခန်းကို လှပအောင် မွမ်းမံပြင်ဆင်ကြပြန်သည်။ ဧည့်ခန်းထဲရှိ ဆိုဖာ အစွပ်တွေကို ချွတ်လျက် ခွက်သည့် ချိုင့်သည့်နေရာများကို မြင်ကောင်းအောင် ထုရိုက် ပြင်ဆင်ကြရသည်။ အဖုံးအစွပ် အသစ်လဲစွပ်လိုက်သည်။ နှစ်ယောက်ထိုင် ဆိုဖာမှ အပေါက်ကြီးကို အုန်းဆံများ သွတ်ထည့်၍ အဝတ်စဖြင့် ပိတ်ကာ သံမှိုကလေးနှင့် ရိုက်လိုက်ရာ အကောင်းပကတိပြန်ဖြစ်သွားသည်။

Scanned by CamScanner

ကော်ဇောကြီးကို နေပူထဲမှ ရုပ်ခိုင်းကာ ဖုန်ရိုက် ခါခိုင်းပြီးမှ ဧည့်ခန်းထဲ၌ ခင်းလိုက်သည်။ ထမင်းချက် အဘိုးကြီး တစ်ဖက်ခြံမှ ခူးယူ၍ ပေးသော ခရမ်းရောင် စက္ကူပန်းများနှင့် တိုက်ပန်းများမှာ လှပသော ပန်းအိုးတို့ဖြင့် ဧည့်ခန်း၊ ထမင်းစားခန်းထဲ၌ ဝေဝေဆာဆာ ဖြစ်နေ ကြသည်။

ညနေစောင်းလောက်မှပင် အိမ်အောက်ထပ်ကို ပြုပြင်မွမ်းမံခြယ်သ၍ ပြီးစီးသွားသည်။ မေရီသည် အခန်းတွေကို အရိပ်တကြည့်ကြည့်ဖြင့် ကြည့်ကာ မျက်နှာဖြူတွေ နေစဉ်က အတိုင်း အချိုးကျသွား၍ စိတ်ကြည်နူးသွားသည်။ မေရီသည် သူ့အခန်းကိုပါ တစ်လက်စတည်း သပ်ရပ်အောင် ရှင်းလင်းသုတ်သင် ပြီးစီးမှ မောမောဖြင့် ခုတင်ပေါ်တွင် လှဲ၍ ခေတ္တခဏ အပန်းဖြေရသည်။

လှကို ပြေး၍ သတိရမိသည်။ မိမိ လုပ်ကိုင်ပုံများ လှမြင်သွားလျှင် စိတ်ကောင်းနိုင်မည် မဟုတ်ဟု တွေးထင်မိသည်။ အိမ်ရှိလူတွေကို လူကောင်းတွေပဲဟု တွေးကာ စိတ်အေး ချမ်းသာသွားသည်။ လူလေးဦးအနက်မှ ကိုသန်းအေးကို လူအေးပဲဟု အကဲခတ်မိသည်။ ကိုထွန်းမှာ လူကြီးသူကြီး တစ်ယောက်နှင့်တူသော အင်္ဂါရုပ်ရှိသူ၊ ကိုဝင်းမောင်နှင့် ကိုဘစိုးမှာ လူငယ် စိတ်မပျောက် နောက်ရွှတ်ရွှတ်နှင့် ပျော်ပျော်နေတတ်ကြမည့်သူများဟု အကဲ ခတ်မိသည်။ မိမိမှာ နောင်ဘဝက ဝန်ကြီး ဦးမင်းဟန်၏ ကြွေးမြေနှင့်မှ ကင်းခဲ့ရဲ့လားဟု ရှာရှာဖွေဖွေ တွေးတော အောက်မေ့မိသည်။

ညနေ ငါးနာရီမထိုးခင် ဘွိုင်အား ဝန်ကြီး ပြန်လာလျှင် အဆင်သင့် အပေါက်ကစောင့်ရန် မှာလျက် အခန်းထဲသို့ ပြန်ဝင်ခဲ့ကာ အခန်းတံခါးကို ပိတ်ထားလိုက်သည်။

ညနေတွင် ကိုဝင်းမောင်၊ ကိုသန်းအေးနှင့် ကိုထွန်းတို့ အရင် ရောက် လာကြသည်။

ဘွိုင်တံခါးဖွင့်လိုက်လျှင် အိမ်ဝက အိမ်ထဲသို့ ပြူးတူးပြဲတဲ ကုန်းကြည့် ကြလျက် တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်လိုက်ကြသည်။

ကိုထွန်းက ကိုဝင်းမောင်နားသို့ ကပ်ကာ လေသံဖြင့် 'နိုပ်တယ်ဟေ့' ဆိုလိုက်သည်။ ကိုသန်းအေးက ခါတိုင်းလိုပင် ဖိနပ်နှင့်တက်မည်ပြု၍ ကိုထွန်းက ကိုသန်းအေး၏ ပုဆိုးစကို ဆွဲလိုက်ကာ ဖိနပ်ကို လက်ညှိုးထိုးပြလိုက်သည်။ သူတို့သည် အိမ်ဝ၌ ဖိနပ်ချွတ်ကြလျက် ဖိနပ်ကို ကောက်ယူကာ အိမ်ထဲသို့ ဝင်ခဲ့ ကြပြီး လှေကားခုံအောက်၌ ဖိနပ်စင်တွင် ဖိနပ်များ သွားတင်ထားလိုက်သည်။



ဧည့်ခန်းဝရှိ ခန်းဆီးကြီးကို ဖယ်၍ ခေါင်းပြူကြည့်လိုက်ကြသည်။ တစ်ဖန် ထမင်းစားခန်းဝမှ ခန်းဆီးကို ဖယ်ကာ အထဲသို့ ခေါင်းပြူကြည့်လိုက် ကြပြန်သည်။ ထည်ဝါနေသော အိမ်ကြီးသည် မိမိတို့ကို မော်ကြွား၍ ပြနေ သကဲ့သို့ မှတ်ထင်ကြသည်။

ဖြူဖွေးသော အင်္ကျီ၊ ဘောင်းဘီဖြင့် လက်သုတ်ပဝါကို ပခုံးပေါ် တင်ကာ အပေါ်၌ ရပ်နေသော ဘွိုင်နားသို့ သွားလျက် 'အခြား' ဟု ကိုထွန်းက လေသံဖြင့် ပြောလိုက်သည်။ ဘွိုင်က ငွေသွားများ ဖော်လစ်ကာ ပြုံးရယ် နေသည်။

"မင်းဆပ်ကော"

ကိုဝင်းမောင်က လေသံဖြင့် မေး၍ ဘွိုင်က အခန်းကို လက်ညှိုးထိုးပြ လိုက်သည်။ သူတို့သည် ပြောင်လက်နေသော လှေကားကြီးပေါ်၌ ခြေကို ဖော့နင်းလျက် တက်သွားကြသည်။

ကားဝင်လာသံကို ကြားရသည်။ ဘွိုင်သည် တံခါးကို ပြေးဖွင့်ကာ ဝန်ကြီးအား ရိုရိုသေသေ ဆလံပေးလျက် ကားတံခါးဖွင့်ပေးလိုက်သည်။ ကိုဘစိုးသည် ကားကို ဂိုဒေါင်ထဲသို့ သွားပို့သည်။

ဦးမင်းဟန်မှာ ခမ်းနားထည်ဝါသော အိမ်ကြီး၏ ကျက်သရေကို ကြည့်လျက် အေးမြသောအရိပ်အောက်သို့ ဝင်လိုက်ရသကဲ့သို့ ရှိလေသည်။ အိမ်ပေါ်က ပြေးဆင်းသွားကြသော မျက်နှာဖြူများကို မြင်ယောင် ထင်ယောင် ပင် ဖြစ်မိသည်။ ကြိမ်ကုလားထိုင်တွင် ထိုင်ကာ နောက်ပိတ်ဖိနပ်ကို ချွတ်လျက် ဘွိုင်ချပေးသော ညှပ်ဖိနပ်ကို ပြောင်းစီးကာ ဧည့်ခန်းမှ ဇာခန်းဆီးရှည်ကြီး ကို ဖယ်ကြည့်လိုက်သည်။ ဧည့်ခန်းမှာ ခါတိုင်းနှင့် လုံးဝ မတူတော့ဘဲ အတော်ကြီး သပ်သပ်ရပ်ရပ် ဖြစ်သွားကာ သန့်ရှင်းပြောင်လက်လျက် ကျက်သရေ ရှိနေသည်။ ခံ့ညား၍ နေသည်။ အိမ်ထောင်ပရိဘောဂများမှာ အကျအန ပြင်ဆင်ပေးထား၍ သူတို့အရှိန်အဝါနှင့် သူတို့ မျက်စိမပွင့်အောင် မင်းမူနေ ကြသကဲ့သို့ပင် ထင်ရသည်။ ထို့နောက် ဝန်ကြီးသည် ထမင်းစားခန်းထဲသို့ လည်း ခန်းဆီးဖယ်ကာ ကဲကြည့်လိုက်သည်။

"အလို့ တယ်ဟုတ်ပါလား"

ကိုဘစိုးသည် အိမ်ထဲအဝင် တောင်ကြည့်မြောက်ကြည့် ကြည့်လျက် ပါးစပ်က အသံထွက်သွားသည်။

Scanned by CamScanner

"ဆိုဖာအစုတ်တွေ၊ အချိုင့်တွေ ဘယ်လိုကောင်းအောင်လုပ်လိုက်သလဲ မသိဘူး"ဟု ဝန်ကြီးက ဆို၍ ကိုဘစိုးသည် ဧည့်ခန်းထဲသို့ ဝင်သွားကာ ဆိုဖာများကို ကုန်းကွ လျှောက်ကြည့်နေသည်။

ဝန်ကြီးမှာ ပြင်ဆင်ထားပုံတွေကို ကျေနပ်ကာ သဘောကျနေသည်။

ထမင်းစားခန်းထဲ၌ ခုံပေါ်တွင် လက်ဖက်ရည်စားပွဲပြင်ထားသည်။ ဝန်ကြီးမှာ ဆာလာ၍ အခန်းထဲ ဝင်ထိုင်မည်ပြုပြီးမှ အဝတ်လဲရန် သတိရ၍ အိမ်ပေါ်သို့ တက်သွားသည်။

အပေါ်မှ ဆီး၍ ကြိုနေကြသော ကိုထွန်းတို့လူစု မှီရသော မျက်နှာကြီးများဖြင့် လက်မနှစ်ဖက် ထောင်၍ ကိုယ်ကို မတ်ပြလိုက်ကြကာ ဝန်ကြီး၏ အိပ်ခန်းတံခါးကို လှည့်ဖွင့်လိုက်သည်။

ဦးမင်းဟန်မှာ အဝမှ အထဲသို့ စိုက်ကြည့်လိုက်သည်။ မျက်လုံးများမှာ စင်း၍ကျသွားကာ ရင်ထဲတွင် နွေး၍ သွားသည်။ ပန်းချီကားတစ်ချပ်ကို မမှိတ်မသုန် ရှုကြည့်နေသကဲ့သို့ သူ့အခန်းကို သူ တစ်ခဏ ရှုမောမိသည်။ သူ့အခန်းမှာ အသေးစိတ် ခြယ်မှုန်းထားသော ပန်းချီကားတစ်ကားနှင့်ပင် တူနေတော့သည်။ အခန်းထဲတွင် စုပေါင်းတောက်ပနေသော အရောင်တွေမှာ ပန်းချီသဘောပါလျက် အစပ်အတွဲ ဖက်မိလှသည်။ ကြည့်လေလေ စေ့စပ်သေချာသော လက်စလက်န လက်ရာကို အသေးစိတ် မြင်လေလေဖြင့် အိမ်ထောင်ထိန်းသိမ်းမှု အတတ်ပညာ တစ်ရပ်ပါလားဟု သတိပြုမိသည်။

"တကယ် တော်ပါတယ်ဗျာ၊ စိတ်ကြည်လင်စရာ သိပ်ကောင်းတာပဲ၊ ကျွန်တော်တို့ အခန်းလည်း စမတ်ကျနေတာပဲ"

ကိုထွန်းက ပြောလိုက်၍ ဝန်ကြီးသည် အခန်းထဲသို့ မဝင်သေးဘဲ ကိုထွန်းတို့အခန်းဝတွင် သွားရပ်ကြည့်လိုက်ပြန်သည်။

"အထက်တန်းကျကျ နေခဲ့ဖူးသလား၊ ဒါမှ မဟုတ်ရင်လည်း အထက်တန်းကျကျ ဗိုလ်အိမ်တွေမှာ အလုပ်လုပ်ခဲ့ဖူးသလား၊ အဲဒီနှစ်ခု တစ်ခုခုပဲဗျ"

ဝန်ကြီးက ပြောလိုက်သည်။

"ကျွန်တော့်အထင်ကတော့ ဒီလို သူ နေဖူး ထိုင်ဖူးခဲ့ရမယ်၊ ဒါမှ မဟုတ် မြင်ဖူးခဲ့ရမယ်၊ သူများအိမ် သွားလုပ်ဖူးတာမျိုးတော့ ဟုတ်မယ် မထင်ဘူးဗျာ၊ ဒီမှာ အလုပ်လာလုပ်တာတော့ တစ်ခုခုကြောင့်ပဲ ထင်တယ်"



ကိုသန်းအေးသည် သူ၏ တဖျပ်ဖျပ် အရောင်တောက်နေသော မျက်လုံးကို မှိတ်တုတ် မှိတ်တုတ် လုပ်ရင်း သူ့ထင်မြင်ချက်ကို မလျှော့တမ်း ပြောဆိုနေသည်။

ဝန်ကြီးသည် သူ့အခန်းထဲသို့ဝင်ခဲ့ကာ ထိကိုင် ထိတွေ့သမျှ နေရာပျက်၊ အလှပျက်သွားကုန်မှာ စိုးဘိသကဲ့သို့ မထိရက် မကိုင်ရက် စိတ်ဖြစ်လျက် အထူးသဖြင့် စိတ်ကြည်အေးကာ စိတ်ချမ်းမြေ့သော သုခကို အတိုင်းမသိ ခံစားလျက် ရှိသည်။

မေရီသည် အခန်းထဲမှ မိမိ ထွက်ရမည့်အချိန်ကို စောင့်ဆိုင်းလျက် ရှိသည်။ ခုနစ်နာရီထိုးမှ ထွက်မည်။ ယနေ့ စိတ်တိုင်းကျ ပြင်ဆင်ထားသော အိမ်ကြီး၏ အလှကျက်သရေကို သူတို့လည်း စိတ်တိုင်းကျ ဖြစ်ကြမှာပဲဟု စိတ်ချယုံကြည်လျက် ရှိသည်။

အလုပ်ခွင်နှင့် အလုပ်အားလပ်ချိန်ကို အိမ်ထဲ၌ နှစ်ပိုင်းခွဲကာ ခြားနားထားသည်။ သူ့အခန်းကလေးမှ သူထွက်သည့် အချိန်သည် သူ့အလုပ်ခွင် ဖြစ်စေ၍ သူ့အခန်းထဲ သူဝင်သည့်အချိန်မှာ သူ့အိမ်ကို သူပြန်လာသည့် အလုပ်အားလပ်ချိန် ဖြစ်စေဟု သတ်မှတ်ထားသည်။

ယနေ့နံနက် ခုနစ်နာရီက ဤအခန်းမှ မထွက်မီ သူရင်ဆိုင်ရမည့် သူ့လုပ်ငန်းနှင့် သူ့ဘဝကို တွေးကာ ခေါင်းမဖော်နိုင်အောင် ဝမ်းနည်းကြေကွဲခဲ့မိသည်။

ယခုလည်း မေရီသည် နာရီကို လှမ်းကြည့်ရင်း အပြင်ထွက်ကာ အိမ်ရှိလူတွေနှင့် ရင်ဆိုင်ရမည့်အရေးကို တွေးလျက် ပင့်သက် အဖြာဖြာ ရှူ၍ နေသည်။

နံနက် ခုနစ်နာရီက စ၍ တစ်နေ့လုံး သူ ခေါင်းပတ်ကလေး၊ သည်မျက်မှန်နှင့် ရုပ်ဖျောက်ကာ လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှ ပြန်၍ တစ်စ မကျန် စဉ်းစားကြည့်ကာ သူ့ကိုယ်သူ ပြန်၍ အံ့ဩလျက်သား ဖြစ်နေသည်။

ဝန်ကြီးကစ၍ အိမ်ရှိ လူအားလုံး သူ့ကို မည်ကဲ့သို့ ထင်မြင်လျက် ရှိကြမည်ကို သူ သိချင်မိသည်၊ ရှေးက သူတစ်ပါးအိမ်တွင် သည်ပုံစံမျိုးနှင့် လုပ်ကိုင်ခဲ့ဖူးသည် ထင်မှတ်ကြမှာပဲ ဟူ၍ တွေးမိသောအခါ၌ မေရီမှာ ရှက်သွေးဝင်ကာ ပူထူ၍ သွားသည်။

Scanned by CamScanner

နာရီအချိန်နီးတော့လည်း ထွက်ရမည်ကို တွန့်ရွံ့နေပြန်သည်။

မေရီကို အပြင်ထွက်ရဲရန် အားပေးစေ့ဆော်လျက်ရှိသူမှာ 'သက်သက်' ဟုပင် ဆိုရတော့မည်။

"သူ့အလုပ် လုပ်ပြီပဲဟာ၊ လုပ်သာ လုပ်ပါတော့၊ ကိုယ့်ကို ဘယ်သူသိတာလိုက်လို့၊ ထွက်မှာ ထွက်လေ၊ လုပ်လေ"

မေရီသည် သူ့ကိုယ်ထဲမှ သူ့အသံကို သူအားပြုကာ ခုနစ်နာရီထိုးလျှင်ထိုးချင်း ခေါင်းပတ်ကလေးကို ကောက်ယူတပ်လိုက်သည်။ တံခါးမဖွင့်ခင် သူ့မျက်နှာကို နဂိုပုံမှန်ဖြစ်အောင် ပြင်ပြီးမှ တံခါးဖွင့် ထွက်ခဲ့သည်။

မေရီသည် ထမင်းစားခန်းထဲသို့ ဝင်ခဲ့သည်။ ဘွိုင်မှာ ထမင်းစားပွဲပြင်နေသည်။ မီးဖိုဘက်သို့ ထွက်သွားကာ အသင့် ဖြစ်၊ မဖြစ်သွားရောက်ကြည့်ရှု စစ်ဆေးပြီး ထမင်းစားခန်းထဲသို့ ပြန်လာခဲ့သည်။

ဘွိုင်ပြင်ဆင်ထားသော ထမင်းစားပွဲ အခင်းအကျင်းမှာ မျက်နှာဖြူများ ညစာစားသော အခင်းအကျင်း ပြင်ဆင်နည်းဖြစ်၍ အပိုချ၍ထားသော ဓားနှင့် ခက်ရင်းများကို ရုပ်သိမ်းခိုင်းလိုက်သည်။

"ဘွိုင်၊ ဒီည ပဲထမင်း၊ ဘဲသားဝင်ဒါလူး၊ ခရမ်းချဉ်သီးနဲ့ ဆလတ်၊ ဘာလချောင်ကြော်၊ ပါပလာကျော်၊ ဟင်းချိုက ချဉ်ပေါင်၊ အချို နောက်ဆုံးက ပူတင်း ဒီအတိုင်းပြင်ပါ"

ဘွိုင်က အနောက်တိုင်း ထမင်းစားပွဲ အပြင်အဆင်ကို ရုပ်သိမ်းလျက် အရှေ့တိုင်းပြင်ပုံပြင်နည်း ပြန်၍ ခင်းကျင်းပြင်ဆင်သည်။

အချိန်စေ့၍ အဆင်သင့် ဖြစ်သောအခါ အိမ်ပေါ်၌ ရှိနေကြသောလူများ ကြားစေလောက်အောင် ဘွိုင်ကို ထမင်းစားခန်းထဲရှိ ငွေမောင်းကို ထုနှက်ခိုင်းလိုက်သည်။

ဝန်ကြီးက ရှေ့ဆောင်၍ ကိုထွန်းတို့လူစု ထမင်းစားခန်းထဲသို့ အလျှိုလျှို ဝင်လာကြသည်။

မျက်စိအားလုံးပင် မေရီကို တစ်ချက်စီစိုက်ကြည့်ကြသည်။ လူအသီးသီးပင် မေရီအား နှုတ်ဆက်ချင်သယောင် စိတ်ထဲက ပြုံးချင်ကြသော်လည်း ဘယ်သူ့ကိုမျှ မကြည့်ဘဲ စားပွဲခုံသာ သဲသဲမဲမဲ စိုက်၍ကြည့်နေသော မေရီ၏ ဣန္ဒြေကြောင့် မပြုံးမရယ်နိုင်ကြဘဲ ဣန္ဒြေရရ ကိုယ်စီ ကိုယ့်နေရာ ဝင်ထိုင်ကြရသည်။



ဟင်းမည်များ ဘွိုင်သယ်ယူမလာမီ မေရီက ယနေ့ညစာချက်ထားသော ဟင်းလျာကို အားလုံးသိအောင် ကြေညာသည်။

အသီးသီးပြုံး၍ ခေါင်းညိတ်၍ ပြကြရာမှ ကိုဘစိုးက မအောင့်နိုင်ဘဲ အသံထွက်သွားသည်။

"ပဲထမင်းတော့ ကျွန်တော့်အကြိုက်ပဲ ခင်ဗျ၊ မစားရတာ သုံးနှစ်လောက် ရှိသွားပြီ၊ အရသာတောင် မေ့တော့တော့ ဖြစ်နေပြီ"

ကိုဘစိုးအသံကို အကြောင်းပြုကာ အားလုံး နှစ်ခြိုက်စွာ ရယ်မောလိုက်ကြသည်။

ကိုဘစိုးမှာ သူတကာလို ဣန္ဒြေရရ တိတ်တိတ်ဆိတ်ဆိတ် မစားတတ်၍ မကြာခဏ သူ့အသံထွက်လာသည်။

"ကိုဝင်းမောင်၊ ဒီနေ့ကစပြီး ခင်ဗျားအလေးလျှော့မဖို့တော်သင့်ပြီ၊ အလေးမပြီး စားကောင်းသောက်ကောင်းတွေ နေ့တိုင်းစားရမယ်ဆိုရင် ခင်ဗျားဗိုက်ဟာ ဇူဇကာဖြစ်လိမ့်မယ်"

ကိုဘစိုး နောက်ပြောင်လိုက်မှ ရယ်မောသံထွက်လာကာ ထိုအသံမှာ တစ်ခဏသာဖြစ်လျက် 'မေရီ'အရှိန်ဖြင့် ပြန်၍ တိတ်ဆိတ်ငြိမ်သွားပြန်သည်။

မေရီသည် တစ်ချိန်လုံး ရုပ်စောင့်ကြည့်လျက် လိုအပ်သမျှ ဘွိုင်ကို အချက်ပြကာ စီမံပေးလျက်နေသည်။

အနား၌ ရုပ်စောင့်နေသော မေရီမှာလည်း အလုပ်တစ်ဖက်နှင့် သူ့ကိုယ်သူ ဘယ်နေရာရောက်နေပါလိမ့်ဟု မစဉ်းစားမိဘဲ မနေနိုင်သကဲ့သို့ပင်၊ ဝန်ကြီးကစ၍ လူအားလုံးပင် ခါတိုင်း သူတို့နေသည့်အိမ်မျိုး၊ အချိုးအစားမျိုး မဟုတ်ဘဲ ဘယ်လိုအိမ်မှာ ထမင်းစားရောက်နေကြပုံကို မစဉ်းစားမိဘဲ မနေနိုင်အောင် ဖြစ်နေကြသည်။

ထိုနေ့ည၌ ဝန်ကြီးမှာ အိပ်ရာထဲရောက်မှ စဉ်းစားနယ်ချဲ့နေ၍ တော်တော်နှင့် အိပ်မပျော်တော့ချေ။ ညက ထမင်းစားခန်းတွင် မပြုံးမရယ် ရှုတည်တည်ဖြင့် သူ့တာဝန်ကို ကျေပွန်စွာ ထမ်းရွက်လုပ်ကိုင်နေသော မေရီ၏ ဟန်အမူအရာကလေးတွေမှာ လှုပ်ရှားလျက်ရှိနေတုန်းပင်၊ မီးရောင်အောက်၌ ခေါင်းပတ်ဖြူနှင့် ထဘီစိမ်းမှာ ဖြူဖွေးစိမ်းလက်လျက်ရှိကာ ရှုမငြီးနိုင်သော ရုပ်ဆင်းသဏ္ဌာန်ကလေးကို တရေးရေးမြင်လျက် ရှိနေတော့သည်။

□

Scanned by CamScanner

## ၈

မေရီသည် စတိုခန်းကို ဖွင့်လိုက်သည်။ ထမင်းချက်အဘိုးကြီးမှာ စကောတစ်ချပ်နှင့် ပုလင်းတစ်လုံးကိုင်ကာ မေရီ့နောက်၌ ရပ်နေသည်။

စတိုခန်းထဲ၌ ဆန်အိုး၊ ဆီအိုး စသည့် အိမ်သုံးစားကုန်သောက်ကုန်များကို သိုလှောင်ထားသည်။ သစ်သားဖြင့် တန်းရိုက်ထားရာ အပေါ်ဝယ် ကြက်သွန်နီဥများမှာ အလုံးလိုက် စီရီလျက် ရှိကြသည်။ တန်းတစ်ဆင့်၌ ခရမ်းချဉ်သီးများ ဖြန့်ကျင်းထားရာ မှည့်ဝင်းနေသည်။ နို့ဆီ၊ သကြား၊ ထန်းလျက်၊ ကော်ဖီမှုန့်၊ ဆပ်ပြာ၊ မဲနယ် စသော ပစ္စည်းများကို သူ့နေရာနှင့်သူ သိုသိုသိပ်သိပ် သိမ်းဆည်းထားကာ သံပုံးတွေပေါ်၌ ဆပ်ပြာ၊ မဲနယ်၊ ဆော်ဒါဟု စာကပ်ထားသည်။

မေရီသည် ဤအိမ်၏ စားနပ်ရိက္ခာကို တစ်လစာ ခန့်မှန်းလျက် လိုလေသေး မရှိအောင် ဝယ်ထားသည်။ ကြက်သွန်အဖြူ၊ အနီဥတစ်လုံး၊ ပန်းဂေါ်ဖီတို့ကို ရှလကာရည် စိမ်ကာတစ်မျိုး၊ သရက်သီးသနပ်၊ သံပရာသီးသနပ်၊ သရက်သီးယို၊ မရန်းသီးယိုများကို ကိုယ်တိုင်ကိုယ်ကျ ပုလင်းကြီး၊ ပုလင်းငယ်များနှင့် ထည့်လျက် အိမ်တွင် လုပ်နေကျအတိုင်း စားချင့်စဖွယ် ပြုလုပ်ထားသည်။



မေရီမှာ ဟင်းခတ်မဆလာကိုပင် ကိုယ်တိုင်ဖော်ရမှ ကျေနပ်နိုင်သည်။ တတ်သလောက် မှတ်သလောက် အစွမ်းကုန်လက်စွမ်းပြကာ ကိုယ့်အိမ် ကိုယ့်ရာထက် ပို၍ စိတ်ပါလက်ပါ လုပ်ကိုင်ထားသည်။ သရက်သီးဆားစိမ်၊ မရန်းသီး ဆားစိမ်၊ ငံပြာရည်၊ ငါးပိထည့်ထားသော စဉ့်အိုးကလေးတွေမှာ စဉ့်ရောင် တပြောင်ပြောင်ဖြင့် ပတ္တလားစီထားသည့်အတိုင်းပင် သန့်သန့်ရှင်းရှင်းထားသည်။

ယနေ့ချက်မည့် ဟင်းမည်များအတွက် သုံးရမည့် ငရုတ်သီး၊ ကြက်သွန်၊ ပုစွန်ခြောက် စသည်တို့ကို စတိုခန်းထဲ၌ လိုအပ်သလောက် မှန်းဆလျက် ယူပေးသည်။

ကုလားအဘိုးကြီးမှာ စကောပေါ်၌ အတိုင်းအတာနှင့် တစ်ပုံစီပုံချ ပေးနေသော ကြက်သွန်၊ ငရုတ်၊ ပုစွန်ခြောက်ပုံကို ကြည့်ကာ နည်းသည်၊ များသည် ဆင်ခြေမတက်ရဲချေ။ ချက်တတ် ပြုတ်တတ်ရှိကာ သေချာနေစေပ်သော မိန်းမမှန်းသိ၍ ပြုံးကြည့်နေရသည်။ ခန့်မှန်းကာ ပုံပေးနေသမျှတို့မှာ မပို၊ မလို အလောတော်ဖြစ်၍ တတ်သိနားလည်ခြင်းကို လေးစားရသည်။

မေရီမှာ တနင်္ဂနွေနေ့ဖြစ်၍ ခါတိုင်းနေ့ထက် စားကောင်းသောက်ဖွယ် ဟင်းမည်များ စီစဉ်လေသည်။ တနင်္ဂနွေ၏ လက်ဖက်ရည်ချိန်၊ ထမင်းချိန်များမှာ နေ့စဉ်နှင့် မတူဘဲ ထူးခြားတတ်၍ အိမ်သားများက တနင်္ဂနွေနေ့ကို မျှော်ကြသည်။

မေရီ၏ နေ့စဉ် အလုပ်ဝတ္တရားမှာ နာရီလက်တံ လှည့်သွားသည့်အတိုင်း သူ့အချိန်နှင့်သူ နေ့စဉ် လုပ်ငန်းကို ဖယားချ အကွက်ချ၍ လုပ်လေသည်။ မေရီသည် အိပ်ရာထဲတွင် ကွေးကောင်းသည့် လင်းအားကြီး အချိန် နံနက် ငါးနာရီတွင် နာရီနိုးစက်ပေးကာ အိပ်ရာမှ ထ၏။

ဈေးစာရင်း စာအုပ်ထဲ၌ နေ့စဉ်ဝယ်သော ဟင်းအမည်စာရင်းကို တစ်ရွက်ပြီး တစ်ရွက် လှန်ကြည့်လျက် ဟင်းလျာရွေးစပ်ကြည့်ကာ နံနက်ဈေးမှာရန် အစီအစဉ်ရေးသားသည်။ ဟင်းလျာဈေးစာရင်း၊ စတိုစာရင်းဟု သူ့စာအုပ်နှင့်သူ ခွဲခြားထားသော စာရင်းများ ရေးသွင်းထားသည်။

အိမ်သုံးစာရင်းကြီးထဲ၌ ဝန်ကြီးထံမှ ရငွေနှင့် ဈေးစာရင်း စတိုစာရင်း သုံးငွေ၊ ကုန်ငွေကို အဝင်၊ အထွက် ရေးပြသည်။ နေ့စဉ် လက်ကျန်ငွေပြသော စာရင်းကို နံနက်စောစော အပြီးလုပ်သည်။ တစ်ပတ် တစ်ခါ အိမ်သုံးစာရင်းနှင့်

Scanned by CamScanner

လက်ကျန်ငွေ စာရင်းကို ရှင်းတမ်းကလေးလုပ်လျက် ဝန်ကြီး၏ စာရေးစားပွဲပေါ်၌ တနင်္ဂနွေနေ့တိုင်း တင်ထားစမြဲ ဖြစ်သည်။

နံနက် ခုနစ်နာရီခွဲ မေရီ အခန်းထဲက ထွက်လာသည်။ အိမ်ပေါ်သို့ ပို့ရန် ပြင်ထားသော လက်ဖက်ရည်ဗန်းတွေကို ကြည့်ရှုစစ်ဆေးကာ ပို့ခိုင်းလိုက်သည်။ နံနက် ခုနစ်နာရီခွဲမှ ကိုးနာရီအချိန်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖို၊ ခြံထဲသို့ ကူးသန်းနေလျက် စည်းကမ်းတကျဖြစ်အောင် အလုပ်သမားများကို ကြည့်ရှုခိုင်းသည်။

တစ်အိမ်လုံး တံမြက်စည်းလှည်း၊ ကြမ်းတိုက်သည့် အလုပ်ကို ဂျာဒူး ကုလားက လုပ်သည်။ ဖုန်သုတ်၊ အိမ်အလှပြင်သည့် အလုပ်မှာ ဘွိုင်က လုပ်ရသည်။ ဧည့်ခန်း၊ အိပ်ခန်း ထမင်းစားခန်း၏ အလုပ်များမှာ ဘွိုင့်အလုပ် ဖြစ်သည်။ မေရီမှာ ဤအိမ်ကြီးမှ ထွက်ခွာသွားသည့် တစ်နေ့၌ မိမိမရှိဘဲ ဘွိုင်နှင့်ပြီးရန် မျက်နှာလွှဲရအောင် ကြပ်မတ်သင်ပြပေးထားသည်။ ခြံထဲ၌ စိုက်ပျိုးရန် မြေပေါက်ခင်းလုပ်ပြုပြင်နေသော မာလီအလုပ်ကိုလည်း ပြေးဆင်း ကြည့်လိုက်သေးသည်။

နံနက် ကိုးနာရီခွဲ ထမင်းချိန်ပြီး၍ ရုံးသွားကြလျှင် အိမ်ပေါ်အလုပ်ကို နေ့ ၁၂ နာရီ၊ တစ်ခါတစ်ရံ နာရီပြန် တစ်ချက်အထိ လုပ်ကြကာ ၁၂ နာရီမှ ညနေ သုံးနာရီအထိ အနားယူကြသည်။ ညနေ သုံးနာရီမှ ငါးနာရီ၊ ညနေ ခုနစ်နာရီမှ ည ၁၀ နာရီအထိ အလုပ်ဝင်ကြရသည်။ မေရီနှင့် ဘွိုင်ကုလားမှာ ည ၁၀ နာရီထိုးမှ အလုပ်ပြီးစီးကြသည်။

မေရီမှာ ကိုယ့်အခန်းထဲ ဝင်နေချိန်မှ ခေါင်းပတ်နှင့် မျက်မှန်ကို ချွတ်လိုက်ကာ လွတ်လွတ်လပ်လပ်နေရလျက် အခန်းထဲက ထွက်ချိန်၌ ခေါင်းပတ်ဖြူနှင့် ထဘီစိမ်း မဝတ်ဘဲ ဘယ်နေ့မှ မထွက်ချေ။ မေရီ၏ နေ့စဉ် အဝတ်မှာ နေ့စဉ်မြင်နေကျ ရိုးမသွားကြဘဲ နေ့စဉ်နေ့တိုင်း သည်ပုံမှ လွဲ၍ မမြင်ကြရသည်ပင် ဆန်းနေကြသည်။

ဤနေ့ကား မေရီ အိမ်ရောက်၍ တစ်လပြည့်သည့် နောက်ဆုံး တနင်္ဂနွေနေ့ ဖြစ်သည်။

ထမင်းချက် ကုလားအဘိုးကြီးသည် ပုလင်းထဲသို့ ဆီခြင်ထည့် ပေးနေသော မေရီအား 'အမာ၊ ထောပတ်ထမင်းချက်ရင် ကောင်းမယ်' ဟု ပြောလိုက်သည်။



မေရီသည် အဖိုးကြီးကို ပြုံးကြည့်လိုက်သည်။

"ထောပတ် ဝယ်ရဖို့ခက်တယ်၊ ရှားတယ် အဖိုးကြီး၊ ဧည့်သည် အတွက် သိမ်းထားရတယ်၊ အုန်းထမင်းချက်ရင် မကောင်းဘူးလား"

ထမင်းချက် အဘိုးကြီးမှာ ဂျပန်ခေတ်တွင် သူ့လက်စွမ်းကို မေရီအား ပြချင်သလောက် မပြနိုင်ဘဲ ပစ္စည်းမစုံဘူးဟု ခဏ ခဏ ညည်းတွားနေသည်။ ပူတင်းဖုတ်ခိုင်းသည့်အခါ မညီအောင် ထည့်သော အမွှေးနံ့ဆေးရည် မရှိ၍ အားလပ်ချိန်၌ ဈေးတကာ့ဈေး လှည့်ရှာလျက် သူ လိုချင်သော ပစ္စည်းများကို မရမနေ လိုက်ရှာတတ်သည်။

မေရီသည် အုန်းသီးခြောက်တစ်လုံးကို အဘိုးကြီးအား ပေးလိုက်ကာ စတိုခန်းကို သော့ပိတ်လျက် ထမင်းစားခန်းထဲသို့ ထွက်လာခဲ့သည်။ အိမ်ရှေ့ ဆင်ဝင်အောက်၌ မြင်းလှည်းရပ်သံကြား၍ ထိတ်ခနဲ ဖြစ်သွားသည်။ မေရီ မှာ အိမ်သို့ ဧည့်သည်လာတိုင်း အမြဲထိတ်သွားတတ်ကာ အသိမဟုတ်ပါစေနဲ့ ဟု တွင်တွင် ဆုတောင်းရသည်။

အသက်ငါးဆယ်ကျော်ခန့်ရှိ အရပ်ပုပု၊ ဝဝဖိုင့်ဖိုင့် အဒေါ်ကြီး တစ်ယောက် မြင်းလှည်းပေါ်မှ ဆင်းလာသည်။ အိမ်ထဲသို့ ရဲရဲတင်းတင်းဝင်ခဲ့ ကာ ထမင်းစားခန်းအပေါက်တွင် တပ်ထားသော ခန်းဆီးရှည်ကြီးကို ဖယ်လျက် အတွင်းသို့ ကြည့်လိုက်သည်။

ရေခဲသေတ္တာနား၌ ရပ်နေသော မေရီနှင့် မျက်နှာချင်းဆုံမိကြသည်။ မေရီက စိုက်ကြည့်၏။ မျက်လုံးများ တောက်ပလျက် ညင်သာစွာ ပြုံးလိုက် သော အဒေါ်ကြီးကို ပြန်၍ မပြုံးမရယ်ဘဲ ကြေမြရရ ကြည့်နေသည်။

"မောင်မင်းဟန် ရှိသလားကွယ်"

"မရှိပါဘူး မနက် ရှစ်နာရီက အစည်းအဝေး ထွက်သွားပါတယ်၊ ဆယ်နာရီမှ ပြန်ရောက်ပါလိမ့်မယ်"

မေရီသည် အခန်းဝ လိုက်ကာနားသို့ လျှောက်လာသည်။ အဒေါ်ကြီး သည် ခပ်ပြုံးပြုံးမျက်နှာဖြင့် မေရီအား စူးစိုက်ကြည့်လျက် မေရီအနားရောက် မှ မေရီ ထွက်လာနိုင်ရန် ခန်းဆီးကို ကူညီဖွင့်ပေးလိုက်သည်။

"ဩော်-စည်းဝေးသွားသလား၊ အကြီးကတော့ အထူးဧည့်သည် မဟုတ်ပါဘူး၊ မောင်မင်းဟန်နဲ့ တူလို သားလိုနေတာပါ၊ စောင့်ဦးမယ်လေ"

Scanned by CamScanner

"ဧည့်ခန်းထဲကိုကြွပါ အကြီး"

မေရီက ဧည့်ခန်း၏ အဝင်ဝခန်းဆီးကို ဝင်သာအောင် ချဲ့ပေးလိုက်သည်။ အဒေါ်ကြီးမှာ ဧည့်ခန်းဆီသို့ ရုတ်တရက် မဝင်နိုင်သေးဘဲ လှပခန့်ညားစွာ ပြင်ဆင်ထားသော ဧည့်ခန်းကြီးကို စိုက်ကြည့်လိုက်ပြီးမှ ဝင်သွားသည်။

"ပြင်ဆင်ထားတော့လည်း အိမ်ကြီးက ကျက်သရေရှိလိုက်တာကွယ်၊ မေရီဆိုတာ သူငယ်မလား"

အဒေါ်ကြီးသည် ဆိုဖာပေါ်၌ ထိုင်လျက် မေရီကို ခပ်အေးအေး ပြောလိုက်သည်။ မေရီမှာ ဆိုဖာနားတွင် ရပ်နေသည်။

"ဟုတ်ကဲ့၊ ကျွန်မပါပဲရှင်"

မိမိနာမည်ကို သိနှင့်၍ ဦးမင်းဟန်နှင့် အတော်ရင်းနှီးရမည်ဟု တွေးထင်လိုက်သည်။ မေရီမှာ မျက်နှာခပ်ရဲရဲထားလျက်၊ ရင်ထဲ၌ တလှပ်လှပ် ဖြစ်လျက်နေသည်။ အဒေါ်ကြီးကို ကြည့်လျက် 'ဒီမျက်နှာကို မြင်ဖူးသလိုလို ရှိပါတယ်။ ဘယ်မှာများ မြင်ဖူးပါလိမ့်'ဟု တွေးကြည့်ရာ အစရှာမရအောင် ဖြစ်နေသည်။

အဒေါ်ကြီးက ခေါင်းညိတ်ကာ ပြုံးလိုက်သည်။

"အကြီးလည်း ဒီမရောက်တာကြာပါပြီကွယ်၊ မောင်မင်းဟန်လည်း အကြီးအိမ်ကို မရောက်တာ တစ်လလောက်ရှိသွားပြီ၊ အလုပ်များနေတယ် ထင်ပါရဲ့"

မေရီမှာ ဧည့်သည်ကို ဧည့်ခန်းထဲ၌ ထားခဲ့ကာ ပြန်ထွက်ခဲ့ချင်သည်။ ဤအိမ်ရောက်၍ တစ်လပြည့်သည့် အတောအတွင်း၌ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးကတော်သာ စိုက်ပျိုးရေးဝန်ကြီးနှင့်အတူ အိမ်သို့ တစ်ခေါက် ရောက်လာလျက် ယောကျ်ားဧည့်သည်များသာ တသဲသဲလာကြသည်။ မေရီမှာ ဧည့်သည်လာလျှင် ဧည့်ခန်းထဲပို့ကာ ပြန်လှည့်ထွက်ခဲ့နေကျအတိုင်း ထွက်လာချင်သည်။ မိန်းမချင်းဖြစ်လျက် စကားမပြတ်သေး၍ အားနာနာဖြင့် စောင့်နေရသည်။

"လာပါလိမ့်မယ်၊ အကြီး စောင့်နေပါ"

"သူငယ်မက ဘယ်ဇာတိလဲကွယ်"

မေရီသည် ပြောပြီး ထွက်ခဲ့ရန်ဟန်ပြင်ပြီးမှ အရှိန်သတ်လျက် 'ကျွန်မ ရန်ကုန်နဲ့ သိပ်မဝေးပါဘူး' ဟု ပြောလိုက်သည်။



အဒေါ်ကြီးမှာ မေရီထွက်သွားမည့် အမူအရာကို အကဲခတ်မိလျက် 'ရန်ကုန်နဲ့ သိပ်မဝေးဘူးဆိုတော့ ဘယ်အရပ်ကပါလိမ့် တူမကြီးရယ်'ဟု ဆင့်မေးလိုက်သည်။

မေရီမှာ စိတ်အိုက်သွားသည်။ မိမိအား စပ်စုနေသည်ဟု မထင်ရအောင် အဒေါ်ကြီး၏ မျက်နှာနှင့် အသံမှာ ချိုမြနေလျက် ဧည့်သည်က အိမ်ရှင်ကို ပြောရိုးထုံးစံ ခပ်အေးအေးဖြင့် ယဉ်ကျေးဟန်လည်း ပေါ်လေသည်။

မေရီမှာ ရိုစီကိုပြေးသတိရလိုက်ကာ 'ကျွန်မကျောက်တန်းကပါ'ဟု ရိုစီပြောထားသည့်အတိုင်းနှင့် ကိုက်ညီအောင် ပြောပြလိုက်ရသည်။ ပြောပြီး ခွင့်တောင်းဟန်အမူအရာပြလျက် 'ကျွန်မ ကော်ဖီဖျော်ခိုင်းလိုက်ပါဦးမယ်'ဟု ပြောပြောဆိုဆို လှည့်ထွက်မည်အပြု 'ကော်ဖီသောက်ခဲ့ပြီ တူမရယ်၊ နေပါစေ၊ မဖျော်ပါနဲ့၊ တူမကြီးမြင်ရတာ ချစ်စရာကောင်းလိုက်တာ၊ အသက်ဘယ်လောက် ရှိပြီလဲ'ဟု ထွက်မသွားနိုင်အောင် တားထားလိုက်သည်။

"ကျွန်မ နှစ်ဆယ့်ငါးနှစ် ရှိပါပြီ"

"သြော်-အကြီးက နှစ်ဆယ်လောက်ထင်တာ၊ အကြီးမှာလည်း သမီးလေး တစ်ယောက်ရှိတယ်၊ သားသမီးဆိုလို့ တစ်ယောက်တည်းမို့ ချစ်လိုက်ရတာ"

မေရီမှာ အချေအတင် စကားပြောနေရန် မိမိနေရာ မိမိအလုပ်မဟုတ်၍ စိတ်အိုက်အိုက်ဖြင့် စိတ်မပါဘဲ ဟန်ဆည်ကာ ပြုံးလျက်နေရသည်။ အဒေါ်ကြီးမှာ မေရီနှင့် မျက်နှာလွှဲလိုက်သော်လည်း စကားမဆုံးသေးချေ။

"တစ်ယောက်တည်းသမီးမို့ အသက်ကလည်း ငယ်သေးတော့ မောင်မင်းဟန်နဲ့ လူကြီးစုံညီ စေ့စပ်ထားတာတောင် ငယ်သေးလို့ တူမရယ်၊ လက်ထပ် မပေးရသေးဘူး"

စားပွဲပေါ်မှ နှင်းဆီခိုင်ကို ရွှင်ရွှင်လန်းလန်း အကြည့်ဖြင့် ကြည့်ရင်း ခပ်ပြုံးပြုံးကလေး ဆက်ပြောသွားကာ စကားဆုံးမှ မေရီ၏မျက်နှာကို မျက်တောင်မခတ် ပင့်၍ ကြည့်လေသည်။

မေရီမှာ ပြုံးလက်စနှင့် ဆက်လက်၍ ပြုံးရင်း မြန်မြန်စကားကြော ပြတ်သွားရန် အလိုရှိနေသည်။ အဒေါ်ကြီးမှာ မေရီကိုကြည့်လိုက်စဉ် အခန်းဝခန်းဆီးကြားမှ ကိုထွန်း၏ခေါင်း ဝင်လာ၍ ဧည့်ခန်းဝသို့ လှမ်းကြည့်လိုက်သည်။

Scanned by CamScanner

"အဒေါ်ကြီးပါလား၊ ဘယ်တုံးက ရောက်နေသလဲ"

"မကြာသေးပါဘူးကွယ်၊ မောင်မင်းဟန်နဲ့ တွေ့ချင်လို့လာခဲ့တာ၊ စည်းဝေးသွားတယ်ဆိုလို့ ဒေါ်ကြီး စောင့်နေတာ"

ကိုထွန်း ဧည့်ခန်းထဲဝင်လာ၍ မေရီသည် စိတ်သက်သာရာရကာ ပြုံးယောင်ပြုထားသော မျက်နှာဖြင့်ပင် အခန်းထဲမှ လစ်ခဲ့သည်။

ထမင်းစားခန်းထဲသို့ ဝင်သွားကာ စားပွဲကို လက်ထောက်လျက် တွေရပ်စဉ်းစားနေ၏။ ဒီအဒေါ်ကြီး ရိုးရိုးသားသား ပြောတာလား၊ သို့မဟုတ် မိမိအား သူ့သမီးနှင့် ဝန်ကြီးနှင့် စေ့စပ်ပြီးသားဆိုတာ သိထားအောင် ပြောတာများလားဟု တွေးနေလျက် မတွေးတတ် မထင်တတ်သလောက် ဖြစ်နေသည်။ တွေးရင်း တွေးရင်း ရှက်ရှက်ဖြင့် ပူထူလာသည်။

'ဒေါ်ကြီးပါလား'ဟု နှုတ်ဆက်သော ကိုထွန်း၏မျက်နှာ တစ်မျိုး ဖြစ်သွားပုံကိုလည်း ပြန်၍ သတိပြုမိသည်။ အမ်းသွားသော ကိုထွန်း၏မျက်နှာမှာ ပြန်ပေါ်လျက် မေရီမှာ ဘာမှန်းမသိ စိတ်ထဲ အနှောင့်အယှက်ဖြစ်သွားသည်။

ဧည့်ခန်းထဲ၌ ရယ်မောနေလျက် စကားပြောနေသံများကို မသဲမကွဲ ကြားနေရသည်။ မေရီသည် မသဲမကွဲရှိသော စကားပြောသံများကို နားခိုင်းလျက် အဒေါ်ကြီး၏ မျက်နှာကို ဘယ်မှာ မြင်ဖူးပါလိမ့်ဟု ပြန်တွေးနေရာမှ မီးဖိုခန်းသို့ ထွက်လာခဲ့သည်။

ဟင်းအိုးပြင်တော့မည့် ထမင်းချက်အဘိုးကြီးကို ဆိတ်သားအရိုးများ ဖယ်ခိုင်းလိုက်ကာ စွပ်ပြုတ်လုပ်ရန် ပြောဆိုမှာကြားနေခိုက် အိမ်ရှေ့မှ ကားဆိုက်သံကို ကြားလိုက်ရသည်။

ဦးမင်းဟန်သည် ရွှင်ပြုံးလျက် 'ဒေါ်ဒေါ် နေကောင်းရဲ့လား'ဟု ဧည့်ခန်းဝမှ နှုတ်ဆက်လိုက်သည်။ အဒေါ်ကြီးမှာ ဦးမင်းဟန်အား ဝမ်းသာဝမ်းနည်း မျက်နှာမျိုး ခပ်ညှိုးညှိုး ပြုံးလျက် ညင်သာစွာ ခေါင်းညိတ်ပြသည်။

"မပေါ်လာဘဲကိုးကွဲ့၊ ဒေါ်ဒေါ်ဖြင့် စိတ်တောင်မကောင်းပါဘူးကွယ်။ တစ်နေ့ တစ်နေ့ လာနိုးနိုး စောင့်နေတာ"

ညင်သာပျော့ပျောင်းသောအသံသည် အဖျားတွင် တိုးတိတ်သွားခြင်းကြောင့် အဒေါ်ကြီးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သော ဦးမင်းဟန်မှာ အားနာဟန်၊ စိတ်မကောင်းဟန်ဖြင့် ခေါင်းကို ငုံ့လျက် 'ခွင့်လွှတ်ပါ ဒေါ်ဒေါ်'ဟု ပြောလိုက်သည်။



"မစောတင် အကြောင်းလည်း မောင်မင်းဟန် သိသားပဲကွယ်၊ ဒေါ်ဒေါ်နဲ့ဆိုတာ စိတ်သဘောချင်း တခြားစီပါကွယ်၊ ဒေါ်ဒေါ် ပြန်ရောက်တော့ ဒေါ်ဒေါ့်ကို သူပြောပြပုံနဲ့ပဲ ဒေါ်ဒေါ် မကြိုက်ပါဘူး၊ မောင်မင်းဟန် ဒီလိုလူစား မဟုတ်ဘူးလို့ သိအောင် ပြောလိုက်ရတယ်၊ မင်းစိတ်ထဲ မျက်နေသလားလို့ မင်း မလာတာနဲ့ ဒေါ်ဒေါ်ကိုယ်တိုင် လိုက်လာရတာ"

ဦးမင်းဟန်သည် ငုံ့နေရာမှ ဆိုဖာကို မှီထိုင်လိုက်ကာ "မမျက်ပါဘူး ဒေါ်ဒေါ်၊ ဒေါ်လေးတင်နဲ့တွေ့ဖို့ စိတ်မကောင်းသေးတာနဲ့ ကျွန်တော် မရောက်တာပါ၊ ရီရီကော စိတ်ကောက်နေတုန်းပဲလား"ဟု ရယ်ပြုံးလျက် ပြောသည်။

ဦးမင်းဟန်မှာ မိမိတို့ပြောဆိုနေကြသော စကားကို မတော်တဆ မေရီကြားသွားမှာ စိုးရိမ်ပူပန်စိတ်ရှိနေသည်။ ကိုထွန်းမှာ အဒေါ်ကြီး စကားစကတည်းက နေရာမှထလျက် အပေါ်သို့ တက်သွားသည်။

"သူကတော့ ကလေးပဲကွယ်"

အဒေါ်ကြီးမှာ ပြုံးနေလေသည်။ ဦးမင်းဟန်၏ အပြုံးမှာ အနိုင်နိုင် ပြုံးရသောအပြုံး ဖြစ်သည်။ လူကြီးတွေကို အားနာသဖြင့် လိုက်လျောမိသည့် မိမိစေ့စပ်ရေးအတွက် နောင်တရစွာ ကိုယ့်အပြစ်ကိုယ်ခံရသော သဘောဖြင့် မချိတင်ကဲ ပြုံးသည်လည်း ဖြစ်၏။

ဦးမင်းဟန်မှာ ရီရီနှင့် မစေ့စပ်မီက ရီရီ့ကို ကလေးတစ်ယောက်လို သဘောထားခဲ့၏။ ကလေးအမူအရာကလေးကိုပင် သဘောကျသလိုလို၊ နှစ်သက်သလိုလို ရှိမိသည်။ မေရီရောက်မည့်အကြောင်း သွားပြောစဉ်က စူစူ ပုပ်ပုပ် မျက်နှာထားဆိုးဆိုးနှင့် ကောက်ချိတ်လျက် ဆောင့်အောင့်ထားသွားပုံမှာ ကလေးတစ်ယောက်၏ အပြုအမူဟု စိတ်က လက်ခံလို့ မရနိုင်အောင် ဖြစ်နေသည်။ မိမိနှင့် ယူရမည့် မယားအဖြစ်၊ မယားအရာထားရမည့် နေရာဘောင်ထဲသို့လည်း မဝင်ရောက်ဘဲ ဖြစ်နေသည်။ ရီရီမှာ သူ့အမေ စိတ်သဘောနှင့် လုံးလုံးမတူဘဲ သူ့အဒေါ်နှင့် သန္ဓေချင်းတူသည်ဟု ယူဆလိုက်သော အစွဲသည် ချိန်ခွင်ညှာတစ်ဖက်ထဲ၌ အလေး နှစ်လုံးထပ်ထားသကဲ့သို့ ရီရီပေါ်၌ ပိုမို၍ စိတ်ပျက်စရာကောင်းအောင် အလေးချိန်စီးနေသည်။

အဒေါ်ကြီးသည် သူ၏ ခန္ဓာကိုယ်ကြီးကို လှုပ်လျက် ဆိုဖာကုလားထိုင်အစပ်သို့ တိုးရွှေ့လိုက်ကာ အခန်းဝသို့ ကြည့်လိုက်ပြီးနောက် လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

Scanned by CamScanner

"ခုနက သူငယ်မလေးနဲ့တွေ့လို့ စကားပြောရပါတယ်၊ ဣန္ဒြေ သိက္ခာကလေးလည်းရှိတယ်၊ မိကောင်းဖခင်သမီးလေးနဲ့တူပါတယ်ကွယ်၊ ဆေးရုံက ဆရာမနဲ့လည်း ခပ်ဆင်ဆင်၊ အလုပ်အကိုင်လည်းတော်လိုက်တာနော် အိမ်ကြီးကို လှနေတာပဲ၊ ကရင်နဲ့လည်း မတူဘူးကွဲ့၊ ဗမာလား"

ဦးမင်းဟန်သည် လေသံတိုးလွန်း၍ စိုက်နားထောင်နေရစဉ် ထမင်းစားခန်းထဲမှ ဘွိုင်နှင့် မေရီတို့ စကားပြောသံကိုကြားလိုက်၍ အဒေါ်ကြီးကဲ့သို့ ကုလားထိုင် အစပ်နားသို့ ရောက်အောင် တိုးရွေ့သွားကာ "ဟုတ်တယ်၊ ဗမာ ထင်ပါတယ်၊ ကျွန်တော် မသိဘူး"ဟု ခပ်တိုးတိုး ပြန်ပြောလိုက်သည်။

"သူ ဝတ်စားထားပုံက ဘယ်သူကမှ သူ့ကို တစ်မျိုးတစ်မည်ထင်စရာ မရှိပါဘူးကွယ်၊ ရီရီ့ကို စိတ်ပြေသွားအောင် ပြန်မှ ပြောပြလိုက်မယ်"

အဒေါ်ကြီးက ပြုံးလျက် မျက်နှာကို ကြည်ကြည်လင်လင် ထားလိုက်သည်။ ဦးမင်းဟန်မှာ မိမိတို့အား လာ၍ အကဲခတ်ကာ စိတ်ရှင်းသွားသည့် အကြောင်းကို လူကြီးဆန်ဆန် ကြည့်ကောင်းအောင် ပြောနေမှန်း ရိပ်မိလိုက်၏။ မိမိကလည်း ကြည့်ကောင်းအောင် မပြုံးချင်ဘဲ ပြုံးလျက်သာ နေရသည်။

"မင်းနှမဆီလည်း လာဦးကွယ်၊ ဒေါ်ဒေါ်လည်း စိတ်ဆိုးပြေအောင် ပြောပါတယ်၊ မင်းက သူနဲ့အတူ လိုက်ပြီး စိတ်ဆိုးမနေပါနဲ့ကွယ်၊ မကောင်းလည်း မင်းလက်ထဲမှာပဲ၊ သူ့အပေါ်မှာ ဗွေမယူဖို့ရာ တောင်းပန်ပါရစေ မောင်မင်းဟန်ရယ်၊ အစကလည်း တောင်းပန်ထားတာပဲ၊ ဒေါ်ဒေါ်မှာ မင်းဦးကြီး မရှိတဲ့နောက် ဒီဝန်ထုပ်ကြီး ကျသွားမှ အေးရမှာဆိုတာ မင်းလည်း အသိပါကွယ်"

အဒေါ်ကြီး၏ အသံမှာ တုန်လာ၍ ဦးမင်းဟန်မှာ အားနာလာကာ 'ကျွန်တော် စိတ်မဆိုးပါဘူး ဒေါ်ဒေါ်၊ အားတဲ့နေ့ လာခဲ့ပါဦးမယ်"ဟု စိတ်ကောင်းအောင် ဖြတ်ပြောလိုက်မှ အဒေါ်ကြီးမှာ ရင်ထဲက အလုံးကြီး ကျသွား သကဲ့သို့ ပင့်သက်ကို ဖြည်းညင်းစွာ ချနိုင်လျက် 'အေးကွယ်'ဟု ဆိုလိုက်သည်။

"ဒေါ်ဒေါ် ထမင်းစားပြီးမှ ပြန်နော်"

ဦးမင်းဟန်မှာ စကားဖြတ်လျက် မျက်နှာချိုချိုဖြင့် ပြောလိုက်သည်။

"မစားပါဘူးကွယ်၊ မစောတင်လည်း မနက်ကပဲ ပြန်သွားပြီ၊ ရီရီ လေးတစ်ယောက်တည်းရယ်၊ စိတ်မချရဘူးကွယ်၊ ဒေါ်ဒေါ် ပြန်ဦးမယ်"



အဒေါ်ကြီးသည် ဧည့်ခန်းထဲမှ ထလာခဲ့သည်။ မေရီကို နှုတ်ဆက် မလို ထမင်းစားခန်းသို့ ခေါင်းပြူကြည့်ခဲ့သည်။ ဦးမင်းဟန်မှာ အဒေါ်ကြီး နောက်တွင် ရပ်နေလေသည်။ မေရီမှာ ထမင်းစားခန်းထဲတွင် မရှိချေ။ ဘွိုင် ကုလားနှင့် အိမ်ပေါ်၌ ရှိနေ၏။ မေရီကို မတွေ့၍ အိမ်ဝသို့ထွက်ကာ မြင်းလှည်း ပေါ်သို့ တက်လေသည်။

"ကျွန်တော့်ကားက ပျက်ပြန်ပြီဒေါ်ဒေါ်၊ မနက်ကစည်းဝေးသွားတာ ဟိုဘက်အိမ်က ကားကြုံနဲ့ လိုက်ရတယ်"

ဦးမင်းဟန်မှာ ကားနှင့် ပို့ရမည့် ဝတ္တရားရှိ၍ မပို့နိုင်ခြင်းကို ရှင်းပြောလိုက်သည်။ "တစ်ပတ်ရစ် ကားတွေဟာ စိတ်မချရပါဘူးကွယ်"ဟု အဒေါ်ကြီးက ညည်းပြောသွားသည်။

မြင်းလှည်းထွက်သွားလျှင် ဦးမင်းဟန်သည် အိမ်ပေါ်သို့ တက်လာခဲ့သည်။ တစ်ဖက်ခန်းထဲ၌ မေရီ၏ အသံကို ကြားလိုက်၍ လှေကားထိပ်၌ ရပ်နားထောင်လိုက်သည်။

"ကျွန်မ ဆိတ်သားစွပ်ပြုတ်လုပ်ခိုင်းထားပါတယ်၊ ဆယ့်နှစ်နာရီ ထိုးရင် တင်လိုက်မယ်၊ ပူပူသောက်ပါ၊ ဒီနေ့ အဖျားမတက်ရင် ညကို ထမင်းစားတာပေါ့"

ဦးမင်းဟန်သည် မေရီ့အသံကို ရပ်နားထောင်ပြီးနောက် သူ့အခန်းကို ဖွင့်ဝင်သွားသည်။ တစ်ဖက်ခန်းထဲက မေရီနှင့် ဘွိုင်တို့ဆင်းသွားသံကို ကြားရမှ တစ်ဖက်ခန်းသို့ ကူးသွားသည်။

ကိုသန်းအေးမှာ အိပ်ရာပေါ်၌ ဆွယ်တာအင်္ကျီ အနီဝတ်လျက် သက္ကလတ်စောင်ကြီး ခြုံထားကာ မျက်လုံး မဖွင့်ချေ။ ကိုထွန်းသည် အခန်းထဲ ဝန်ကြီးလာ၍ ကုလားထိုင်မှ ထလိုက်ကာ "ခင်ဗျား-ယောက္ခမကြီး ကြွပါလား' ပြုံးမေးလိုက်သည်။

"သွားပြီဗျ၊ ကိုသန်းအေး အဖျားတက်သေးသလား၊ ဆရာဝန် ခေါ်မလား"

ကိုထွန်းကို ဖြေလျက် ကိုသန်းအေး၏ပခုံးကို သွားကိုင်ကာ ငုံ့ကြည့် မေးလိုက်သည်။ ကိုသန်းအေးသည် မျက်လုံးမဖွင့်ဘဲ "မခေါ်ပါနဲ့ဗျာ၊ ကိစ္စ မရှိပါဘူး၊ ခေါင်းကိုက်တာပါပဲ"ပြောလျက် မျက်လုံးတစ်ချက်ဖွင့်ပြီး ပြန်မှိတ်ထားလိုက်သည်။

Scanned by CamScanner

"ခုန မေရီကိုယ်တိုင် ဆေးတိုက်သွားတယ်ဗျ၊ သူ့ကြည့်တော့ ဘယ်သူ့နဲ့မှ အရောတဝင် မနေချင်သလို ခပ်တန်းတန်းနေနေပြီး နေမကောင်းတာ တွေ့တော့လည်း ဂရုစိုက်လိုက်တာဗျာ၊ ခင်ဗျား ကိုသန်းအေးတော့ တော်တော်နဲ့ ဒီတောင်က ကျော်နိုင်မယ် မထင်ဘူးဗျို့"

ကိုသန်းအေး၏ မျက်နှာမှာ မျက်လုံးမဖွင့်ဘဲ ပြုံးသယောင်ယောင် ဖြစ်နေလျက် ဦးမင်းဟန်မှာ ရယ်နေလေသည်။

"ဒါထက် ခင်ဗျား ယောက္ခမနဲ့ မေရီနဲ့တော့ စကားပြောသွားတယ်၊ အကဲခတ်လာတယ် ထင်တယ်"

ဝန်ကြီးသည် ကိုထွန်း၏ ခုတင်ပေါ် ထိုင်လိုက်ကာ "သူတို့စကား ပြောတော့ ခင်ဗျား အနားမှာ ရှိသလား" မေးလိုက်သည်။

"မရှိဘူး၊ ကျွန်တော် ဧည့်ခန်းထဲ ဝင်သွားမှ မေရီထွက်သွားတယ်"

"ကျွန်တော် သူတို့အိမ်မရောက်လို့ အဘွားကြီးစိတ်ပူပြီး လိုက်လာတာဗျ၊ သူ့သမီးနဲ့ စေ့စပ်ထားတာ မေရီကိုများ ပြောသွားသလား မသိဘူး"

ကိုထွန်းသည် ကုလားထိုင်ကို ဝန်ကြီးနားရွှေ့ထိုင်လျက် ပြုံးစိစိမျက်နှာဖြင့် "ပြောမှာစိုးသလားဗျ၊ ခင်ဗျားဟာက လွန်နေမှာပဲ၊ နတ်လို့ရနိုင်မလား"

ကိုထွန်းသည် နောက်သလိုလို မျက်နှာနှင့် အတည်ပေါက်ပြောလျက် ဦးမင်းဟန်၏ မျက်နှာကဲကိုခတ်ကာ မျက်တောင်တဖျပ်ဖျပ်ခတ်နေသည်။

ဦးမင်းဟန်မှာ ပြုံးနေလေသည်။

"ခင်ဗျား ကတိပေးခဲ့ပြီ ဆိုတုန်းက ကျွန်တော် ပြောခဲ့တာ ဘယ့်နှယ်လဲ၊ နိုင်ငံရေးလုပ်နေတဲ့နေရာမှာ ခင်ဗျားစိတ်ဓာတ်ဟာ သံမဏိဖြစ်သလောက် ဒီကိစ္စကျတော့ ခင်ဗျားစိတ်ဟာ ဖယောင်းပဲ။ မိန်းမယူတာ ကိုယ်ကြိုက် ကိုယ်ချစ်တာ မရွေးဘဲ လူကြီးတွေ သဘောကျ အားနာပြီး လက်ခံတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး၊ ဘာလဲဗျ"

ကိုသန်းအေးသည် ဦးမင်းဟန်တို့ဘက်သို့ စောင်းလိုက်သည်။ စောင်ကို ပခုံးဖုံးအောင် ဆွဲခြုံလိုက်ကာ ကိုထွန်းကို ခပ်ပြုံးပြုံး လှမ်း၍ ကြည့်နေသည်။

"ကျွန်တော်က မိန်းမယူရေးကို နိုင်ငံရေးလောက် အရေးကြီးတယ်လို့ သဘောမထားမိဘူးဗျာ၊ ဦးတို့၊ ဒေါ်ဒေါ်တို့ ဆိုတာက ခင်ဗျားတို့ သိကြတဲ့



အတိုင်း ကျွန်တော့်အပေါ်မှာ သားလိုအောက်မေ့တာ၊ ရီရီကလည်း ကျွန်တော့် လက်ပေါ်မှာကြီးလာတာ၊ ကျွန်တော် နိုင်ငံရေးလုပ်ခဲ့တဲ့ တစ်လျှောက်လုံး ကျွန်တော့်ဒဏ်ကို အတော်ခံကြတယ်။ အဘိုးကြီးမျက်နှာထောက်ပြီး ဒီကိစ္စကို သိပ်လေးလေးနက်နက် မစဉ်းစားဘူး။ ခပ်ပေါ့ပေါ့ပဲ၊ သူတို့ပြောတာ နားထောင် လိုက်တာပဲ။ ကျွန်တော်တစ်ချိန်လုံး နိုင်ငံရေးသာဖိပြီး သဲကြီးမဲကြီးလုပ်နေ တယ်၊ ကျွန်တော် လိုချင်တဲ့မိန်းမဟာ ဘယ်လိုမိန်းမမျိုးရယ်လို့ မရှိခဲ့ဘူး"

"အခုတော့ရော"

ကိုထွန်းသည် ပြောပြီး အားရပါးရ ရယ်လိုက်သည်။ ဦးမင်းဟန် သည် မျက်မှောင်ကုတ်လျက် တွေဝေနေလေသည်။ ကိုသန်းအေးသည် ပြုံးလျက် ညောင်နာနာအသံဖြင့် လှမ်းပြောလိုက်သည်။

"အခုတော့ ဘယ်လို မိန်းမမျိုးဆိုတာ စဉ်းစားလာပြီပေါ့ဗျာ"

ဦးမင်းဟန်သည် အားရပါးရ ပြုံးလိုက်သည်။ ထို့နောက် မျက်နှာကို နဂိုအတိုင်း ပြန်တည်ကာ-

'အေးဗျာ ဘဝတစ်လျှောက်မှာ ကိုယ်ယူရမယ့်မိန်းမကို ချစ်မှ မြတ်နိုးမှ ယူဖို့ကောင်းတယ်ဆိုတာတော့ စဉ်းစားလာမိတယ်"

ဝန်ခံသော လေသံနှင့်ပြောလိုက်သည်။

"ဖြစ်ရမယ် ဒီလိုသာ ဖြစ်ရမယ်၊ မဟုတ်ဘူးလားဗျို့ သဘော တရားရေး ဆရာကြီး"

ကိုသန်းအေးသည် စောင်ခြုံထဲမှ ပြုံးရယ်လျက် နေသည်။ ကိုထွန်း သည် ပြုံးစိပြုံးစိနှင့် သူ့နောက်ကျော၌ ထွက်နေသော ရုပ်အင်္ကျီစကို လုံချည် ထဲသို့ထိုးသွင်းရင်း ခေါင်းကို ဆတ်ခနဲ မော့လိုက်ကာ 'ဟော'ဟု ဆိုလိုက်သည်။

လေယာဉ်ပျံသံနှင့်တကွ ဥသြမှုတ်သံကြီး တစ်ပြိုင်နက်တည်း ထွက်ပေါ် စီညံလာသည်။

"ထဗျို့ ကိုသန်းအေး"

ဝန်ကြီးသည် အသံဗလံများကို နားစွင့်လိုက်ကာ ကိုသန်းအေးကို လှမ်းပြောလိုက်သည်။ လေယာဉ်ပျံများ အုပ်လိုက်ပျံသန်းလာလျက် တစ်ကောင်းကင်လုံး တုန်ဟည်းနေကာ အုန်းခနဲ အသံကြီးဖြင့် အိမ်ကြီးမှာ

သိမ့်ခါသွားသည်။ ပြတင်းပေါက်များမှ တံခါးရွက်များ ပစ်ရိုက်ဆောင့်ကန် ပွင့်ကုန်သောအသံဗလံများနှင့်အတူ တံခါးမှ မှန်များမှာ ပြန်းခနဲ ကွဲစဉ်ကျ သွားသည်။

ဦးမင်းဟန်မှာ ကိုသန်းအေးနှင့် ကိုထွန်းတို့နောက်မှ ဆင်းလာခဲ့ကာ မေရီ့ကိုရှာသော မျက်လုံးဖြင့် ဟိုသည်ကြည့်လျက် အိမ်ရှေ့သို့ ထွက်ခဲ့သည်။ လေယာဉ်ပျံသံတို့မှာ ခေါင်းပေါ်တွင်ရောက်နေသလိုလို ထင်ရ၏။ ဗုံးခိုကျင်းထဲသို့ ပြေးဝင်ကြသည်။ ကျင်းထဲ၌ ထမင်းချက် အဘိုးကြီးနှင့် ဘွိုင်သာ တွေ့ရလျက် မေရီကို မတွေ့ရချေ။

"ဘွိုင်၊ မင်းဆပ် မလာဘူးလား"

ဘွိုင်မှာ ပါးနှစ်ဖက်ကို ဒူးနှစ်လုံးနှင့် ကပ်လျက် ဝပ်ငုံ့နေရာမှ ခေါင်းကိုပင့်မော့လျက် "မင်းဆပ် ဒီကို မလာဘူးဆပ်၊ သူ့အခန်းထဲမှာ နေတယ်" ဖြေလိုက်သည်။

"တို့ ရုံးသွားနေရင်ရော ဥဩမှုတ်ရင် ဒီကို မလာဘူးလား"

ကိုထွန်းက မေးလိုက်ပြန်သည်။

ကျင်းထဲ၌ ယောကျ်ားများရှိ၍ မဝင်ချင်သဖြင့် မလာသလားဟု အောက်မေ့ကာ ကိုထွန်းက မေးကြည့်လိုက်သည်။

"ဘယ်တော့မှ မလာဘူးဆပ်၊ အိမ်ပေါ်မှာပဲ နေတယ်"

ကောင်းကင်၌ လေယာဉ်ပျံသံများ ဆူညံစွာ ကြားရဆဲ ရှိ၍ ဦးမင်းဟန်မှာ မေရီ့အတွက် စိတ်ပူလာကာ-

"ဘာဖြစ်လို့များ မဆင်းရတာလဲဗျာ"

စိုးရိမ်မကင်း ပြောလိုက်မိသည်။

"သေတစ်နေ့ မွေးတစ်နေ့လို့များ သဘောထားသလားမှ မသိဘဲ"

ကိုသန်းအေးက ပြောသည်။

"သတ္တိရှိသားပဲ"

ကိုထွန်းကဆို၍ သည်သတ္တိမျိုး မထောက်ခံနိုင်သော ဦးမင်းဟန်က "မဟုတ်တာဗျာ၊ ဆင်းမှပေါ့"ပြောလိုက်သည်။

အုန်းခနဲ ဗုံးကွဲသံကြီး ထပ်မံကြားရပြန်ကာ ကိုထွန်းနှင့် ကိုသန်းအေးမှာ ဗုံးကျသည့်နေရာ အနီးအဝေး ဝေဖန်ကာ ပြောဆိုနေကြသည်။



ဦးမင်းဟန်မှာ အိမ်ပေါ်က မေရီကိုသာလျှင် တစ်ချိန်လုံး စိတ်စောနေလျက် စကားမပြောဘဲ နှုတ်ဆိတ်နေသဖြင့် ကိုထွန်းက ကိုသန်းအေးနှင့် စကားပြောနေရင်း ဦးမင်းဟန်၏ အတွင်းစိတ်ကို ဝေဖန်လျက်နေသည်။

လေယာဉ်ပျံသံများ စဲသွားကာ ဘေးကင်းဥဩမှုတ်သံကြားမှ ကျင်းထဲက ထွက်ကြသည်။ ကိုဝင်းမောင်နှင့် ကိုဘစိုးမှာ တစ်ဖက်ခြံကျင်းထဲက ထွက်ခဲ့ကြလျက် ခြံဘေးပေါက်မှ ကူးလာခဲ့ကြသည်။

မေရီသည် ထမင်းစားခန်းထဲ၌ ရောက်နေသည်။ ဘွိုင်ဝင်လာ၍ ထမင်းပြင်ရန် ပြောလိုက်၏။ ဦးမင်းဟန်တို့ ဧည့်ခန်းထဲ၌ စုဝေးထိုင်ကြကာ စကားပြောနေကြစဉ် တစ်ဖက်အိမ်၌ ဗိုလ်သီဟနှင့်အတူနေသော နိုင်ငံရေး အတွင်းဝန်ကလေး သခင်လှမိုးသည် ဧည့်ခန်းဘေးပေါက်မှ တက်လာသည်။

"ဟော့လူ ခင်ဗျား ဖိနပ်ချွတ်ဦးဗျာ"

ဦးမင်းဟန်သည် သခင်လှမိုး၏ ပေရေနေသော ညှပ်ဖိနပ်ကြီးကို လက်ညှိုးထိုးပြလျက် အထဲမဝင်မီ ဆီးပြောလိုက်သည်။

ဦးမင်းဟန်နှင့်သခင်လှမိုးမှာ နိုင်ငံရေးလုပ်ဖက် ရင်းနှီးချစ်ခင်သော မိတ်ဆွေ အရင်းအချာများ ဖြစ်ကြသည်။ မေရီရောက်မှ ကိန်းကြီး ခန်းကြီး လုပ်နေသော ဦးမင်းဟန်ကို သခင်လှမိုးက ပြောင်ချော်ချော် ကြည့်လျက် တဟဲဟဲ ရယ်လိုက်သည်။

"မေ့သွားလို့ပါဗျာ"ပြောကာ ဖိနပ်ကို အပေါက်ဝ၌ ချွတ်ဝင်ခဲ့သည်။

ယခင် သဲရှပ်ရှပ်နှင့် ညစ်ပတ်စွာ နေစဉ်က ဘယ်သူဖိနပ်စီးလာလာ ဦးမင်းဟန်မှာ ကြည့်နေခဲ့၏။ အိမ်၌ စည်းကမ်းမရှိ၊ ကျွမ်းထိုးမှောက်ခုံလုပ်နေကြလည်း ဆိုသည် ပြောသည်မရှိ၊ ဖုန်သဲဆို၍ တစ်မှုန်မျှ မတင်ဘဲ ပြောင်လက်အောင် တိုက်ထားသော အခါ၌ကား ပေရေညစ်ပတ်သည့် ဖိနပ်ကြီးများနှင့် နင်းလိုက်ရန် ကြမ်းကို အားနာ၍ မပြောရဘဲ အလိုက်သိကာ ဖိနပ်ချွတ်ဝင်ကြသဖြင့် သန့်ရှင်းနေလျှင်၊ စည်းကမ်းရှိနေလျှင် ရှိသေတတ်သည့် လူ့သဘာဝကို စဉ်းစားမိသည်။ ဦးမင်းဟန်မှာ ရင်းနှီးသူဖြစ်က အလိုက်မသိလျှင် အားမနာတမ်း ပြောင်ပြောင်ပင် ပြောရလေသည်။

"ကြမ်းပေသွားမှာ စိုးလှလို့တော့ မဟုတ်ဘူးဗျို့၊ အိမ်ရှင်မ စိတ်ပျက်ပြီး ထွက်သွားမှာစိုးလို့"

Scanned by CamScanner

သခင်လှမိုးနား ကပ်၍ ကိုဘစိုးက ခပ်တိုးတိုး နောက်ပြောင်လိုက်သည်။

''ခင်ဗျားတော့ လူတွေက ဂိုက်ထုတ်နေတယ်လို့ သိပ်ပြောနေကြတယ်''

သခင်လှမိုးသည် သူ၏ ကောက်တွန့်နေသော ဆံပင်ကို သပ်လျက် ဝန့်ကြီးကို ပြုံးပြောလိုက်သည်။ သခင်လှမိုးမှာ ဆံပင်ကောက်ကောက်၊ အသားဖြူဖြူ ပြည့်ဝိုင်းသော မျက်နှာတွင် မျက်လုံး မျက်ဖန်လှလှ၊ နှာတံပေါ်ပေါ်နှင့် သန့်ပြန့်သော လူရတတ်တစ်ယောက်၏ ရုပ်သွင်မျိုး ဖြစ်သည်။

''မိန်းမ မရှိဘဲ ဒီလို နေတာထိုင်တာကို ဂိုက်ထုတ်တယ်ပြောတာ မဟုတ်လားဗျ''

ကိုထွန်းက ဝင်ပြောလိုက်သည်။

''မိန်းမရှိရင် မပြောဘူးလားဗျာ''

ဦးမင်းဟန်က မေးလိုက်သည်။

''မိန်းမရှိတော့ ဂိုက်ထုတ်တယ်လို့ ဘယ်ပြောမလဲဗျ၊ သူ့မိန်းမက သိပ်တော်တာပဲလို့ ပြောကြမယ်၊ ခင်ဗျားက လူပျိုဘဝနဲ့ ဒီလိုသားနားနေတာကိုတော့ စတိုင်ထုတ်တယ်လို့ ပြောကြတာပေါ့ဗျ''

ဦးမင်းဟန်သည် တွေငေးသွားသည်။

''ခုလို သန့်ရှင်းပြီး စည်းနဲ့ကမ်းနဲ့ စနစ်တကျရှိတာမျိုးတော့ မိန်းမတွေပဲ တတ်နိုင်တာဗျ''

ကိုဘစိုးက ဆိုလေသည်။

''မိန်းမတိုင်းလည်း မဟုတ်ပါဘူးဗျာ''

သခင်လှမိုးက ပြောလိုက်သည်။ သခင်လှမိုးသည် ဧည့်ခန်းထဲ၌ ပြင်ဆင်ထားသော အလှအပကို ရှုလျက်-

''သန့်ရှင်းတာ၊ စနစ်ကျတာဟာ စိတ်ကို ချမ်းသာကြည်လင်စေတာတော့ အမှန်ပဲဗျာ''ဆက်ပြောလိုက်သည်။

ဘွိုင်က စားစရာ အဆင်သင့်ရှိကြောင်း လာပြောလေသည်။

ဦးမင်းဟန်သည် သခင်လှမိုးအား ထမင်းစားခေါ်လိုက်သည်။ 'စာအုပ်လာယူတာဗျ မစားဘူး' ဟု ငြင်းဆန်နေသဖြင့် ထမင်းစားခန်းထဲသို့ အတင်းဆွဲခေါ်လာသည်။ သခင်လှမိုးမှာ အားနာပါးနာဖြင့် လိုက်လာသည်။



မေရီသည် ကိုသန်းအေး အိမ်ပေါ်တက်သွား၍ ကိုသန်းအေးနေရာ၌ သခင်လှမိုးထိုင်ရန် နေရာချပေးသည်။ ခေါင်းပတ်ဖြူ၊ အင်္ကျီဖြူ၊ ထဘီစိမ်းကလေး ဝတ်ဆင်ထားသော မေရီ၏ ဝတ်စုံမှာ သခင်လှမိုးမျက်စိထဲ၌ ထူးဆန်းနေသည်။ မေရီက ပြုံး၍ နေရာချပေးနေသဖြင့် သခင်လှမိုးစိတ်၌ မေရီ၏ အပြုံးမှာ နံနက်ဦးလို တောက်ပသည့်အပြုံးဟု စိတ်ဝမ်းကြည်စွာ ကဗျာဆန်ဆန်တွေးမိသည်။ ဧည့်သည်ရှိမှ မေရီ၏ အပြုံးကို တွေ့ကြရသည်။ သူပြုံးလိုက်လျှင် ခါတိုင်းထက် ပို၍ ချစ်စရာကောင်းသည်ဟု ဦးမင်းဟန်က ထင်မိသည်။

''ဘာဖြစ်လို့ ကျင်းထဲကို မဆင်းသလဲ''

ဦးမင်းဟန်၏ ဖန်ခွက်ထဲ၌ ရေခဲရေ ငှဲ့လောင်းပေးရင်း မေရီသည် သွယ်တန်းသော မျက်ခုံးနှစ်ဖက်ကို အသာလေး ချီလျက်''ကျင်းထဲ ကျွန်မ မဆင်းချင်ဘူး''ဖြေလိုက်သည်။

''ဆင်းမှပေါ့၊ ဒီဗုံးကြဲပုံဟာ အတော်ကြီးကြဲတာ၊ ဘယ်နေရာတွေ ချသွားတယ် မသိဘူး၊ စစ်ကာလမှာ ဗုံးကျင်းဟာ အကာကွယ်ကောင်းတစ်ခုပဲ၊ ဗုံးကြဲနေတုန်း ကျင်းထဲမှာ နေရမယ်၊ အတင့်မရဲသင့်ဘူး''

မေရီသည် လှကို သတိရလိုက်သည်။ မိမိအား အတင့်မရဲရန် လှကိုယ်စား ပြောမည့်ဆိုမည့်သူ ရှိနေသဖြင့် လှထံသို့ စာရေးလျှင် ဦးမင်းဟန် ပြောပုံကို ထည့်ရေးရန် မှတ်ထားလိုက်သည်။

ကိုထွန်းသည် ဇွန်းကို ပါးစပ်ထဲထည့်ရန် ရွယ်ထားရာမှ မေရီကို ကြည့်လိုက်သည်။ 'မေရီက သတ္တိကောင်းသားဘဲ'ဟု ပြောလိုက်ချင်သည့် စကားလုံးတွေမှာ နှုတ်ဖျားပေါ်တွင် သီးနေလေသည်။ မေရီ၏ တည်နေသော မျက်နှာနှင့် ဦးမင်းဟန်အား စကားမပြန်ဘဲ ငြိမ်နေပုံမြင်၍ အရောတဝင် ပြောရန် ခက်ခက်ဖြင့် မပြောဘဲ နေလိုက်ရသည်။

မေရီသည် စကားကို ဆုံးအောင် ရပ်နားထောင်နေသည်။ ဘာမျှ ပြန်မပြောဘဲ ရေပုလင်းကို ရေခဲသေတ္တာထဲ၌ သွားထည့်ကာ ရေခဲသေတ္တာနား၌ ရပ်လျက် ထမင်းပွဲကို စောင့်ကြည့်နေသည်။

မေရီမှာ အလုပ်အကိုင်နှင့် ပတ်သက်စပ်လျဉ်းလာလျှင်သာ စကားပြောတတ်လျက် ကိုယ်ရေး ကိုယ်တာနှင့် ပတ်သက်သည့် စကားမျိုးကို လုံးဝ မပြောဘဲ အလျှင်း ရှောင်ထားသဖြင့် ပြောရသူမှာ ကျောက်ရုပ်နှင့်ဖက်ပြောရသကဲ့သို့ စကားပြန်မရကာ ကြားရင် ပြီးရောဟု သဘောထားရတော့သည်။

Scanned by CamScanner

ဦးမင်းဟန်သည် မေရီကို ပြောလိုက်ပြီး သခင်လှမိုးကို လှမ်းကြည့်ကာ 'ခင်ဗျားက ဟင်းလည်း မနှိုက်ဘူး စားပါဗျ'ဟု သခင်လှမိုးဘက်သို့ ဟင်းခွက်များကို ရွှေ့တိုးပေးသည်။

"အုန်းထမင်းနဲ့ ငါးပိကြော်နဲ့ ကျွန်တော့်ပါးစပ်ထဲ တွေ့နေလို့ပါဗျ"

တခမ်းတနား ပြင်ဆင်ထားသော ထမင်းစားပွဲကြီးမှာ သူစိမ်းတစ်ရံဆံ့ ညှိသည်အဖြစ်နှင့် စားရသလို တူနေကာ ခပ်စိမ်းစိမ်းဖြစ်နေသည်။ သခင်လှမိုးမှာ မေရီရောက်မှ သည်ဘက်အိမ်၌ ပထမအကြိမ် ထမင်းစားခြင်း ဖြစ်သည်။ မေရီ မရောက်ခင်က ကြုံတိုင်း ဝင်စားလေ့ရှိသည်။ ထမင်းစားပွဲပေါ်၌ ခုံခင်းမခင်းဘဲ ပေပေရေရေစားခဲ့ကြသည်။ ဆူညံစွာလည်း စကားပြောကြသည်။ ကုလားထိုင်၌ ခြေချစားရသည်ကို အားမရ၍ ဆောင့်ကြောင့်တက်ထိုင် စားတတ်သော ကိုဘစိုးမှာ ဟန်နှင့် ဣန္ဒြေနှင့် ဖွန်း၊ ခက်ရင်းကိုင်ကာ စတိုင်ကျကျ စားနေ၍ ရယ်ချင်မိသည်။ ထမင်းစားပြီး လက်သုတ်ပဝါကို ရှာသုတ်ရသော အိမ်တစ်အိမ်၌ လူစေ့တက်စေ့ပေါင်ပေါ်တွင် ဖြူဖွေးကော်တောင့်နေသော လက်သုတ်ပဝါများ တစ်ထည်စီ ရောက်ရှိနေခြင်းမှာ သခင်လှမိုး မျက်စိထဲ၌ ထူးခြားပေါ်လွင်သော ပြောင်းလဲမှုကြီး ဖြစ်နေသည်။

စားပွဲခင်းဖြူဖြူ၊ ဇွန်းခက်ရင်းလက်လက်၊ လှပသစ်လွင်သည့် တိုက်ပန်းကန်စုံများဖြင့် ကျကျနနပြင်ထားသော စားပွဲကြီးသည် ဘွိုင်နှင့် မေရီတို့၏ အစောင့်အကြပ်အရှိန်ဖြင့် မောက်မော်ကြွားဝါနေသယောင်ပင် မှတ်ထင်ရသည်။ သခင်လှမိုးမှာ မေရီ ရပ်စောင့်ကြည့်နေ၍ ကျဉ်းကျပ်နေ၏။

"ခင်ဗျားက ဟန်လုပ်စားမနေပါနဲ့"

ကိုဝင်းမောင်က ဆို၍ "နှစ်ခါ ရှိပြီ ထည့်ရတာ၊ ရှက်တယ်ဗျာ"ဟု သခင်လှမိုးက ရယ်ပြောလိုက်သည်။

ဘွိုင်ကုလားသည် မီးဖိုထဲသို့ဝင်သွားကာ ဇန်းကို လက်ဝါးပေါ်တင်လျက် ယူထုတ်လာသည်။ မေရီသည် ဗီရိုထဲမှ ဆားပုလင်း၊ ငရုတ်ကောင်း ပုလင်းကလေးများ ထုတ်ယူလျက် ဇန်းထဲ ထည့်ပေးလိုက်သည်။ ဘွိုင်သည် ဇန်းကို မြှောက်လျက် ထမင်းစားခန်းထဲမှ ထွက်သွားသည်။

"ကိုသန်းအေးအတွက်လား"

ဦးမင်းဟန်သည် မေရီကို လှမ်းမေးသည်။



"ဟုတ်ကဲ့၊ စွပ်ပြုတ်ပို့ပါတယ်"

ဦးမင်းဟန်က စိုက်ကြည့်နေရာ မေရီသည် ပြောပြီး မျက်လုံးလွှဲလိုက်သည်။

"ကိုသန်းအေးက ထမင်းစားချင်နေတယ်၊ ဒီနေ့ ဟင်းကောင်းကောင်း လွတ်သွားတာ သူ့ခမျာ နာတာပဲ"

ကိုဘစိုးက သခင်လှမိုးကို ပြောပြ၍ "ဘယ်မှာနာရမလဲဗျ၊ ပေါင်မုန့်နဲ့၊ ကြက်ဥနဲ့၊ စွပ်နဲ့ဟာ ကျွန်တော်တောင် ဖျားချင်လာတယ်"ဟု ကိုဝင်းမောင်က ပြောနေသည်။

ထမင်းပွဲတွင် သူတို့အချင်းချင်း ပြောချင်ရာ ပြောမဖြစ်၍ မေရီရှေ့တွင် အတော်ထိန်းလျက် နောက်ပြောင် ပြောဆို စားနေကြရသည်။

ဘွိုင် အပေါ်တက်နေ၍ မေရီမှာ ဘွိုင်ကိုယ်စား သူကိုယ်တိုင် ထမင်း ဟင်း လိုက်လျက်၊ ဧည့်သည်ကို ပိုဂရုစိုက်သည်။

ထမင်းစားပြီး ထမင်းပွဲများကို ခုံပေါ်မှဖယ်လိုက်ကာ ပန်းကန်နှင့် ဇွန်းကလေးများ လိုက်ချလျက် ပူပူနွေးနွေး ဖုတ်ထားသောပူတင်းမုန့်ခွက်ကြီး ဖြင့်ကြိုက်သလောက် ခပ်ထည့်ကြရန် တစ်ဦးစီ လိုက်စားပွဲထိုးနေသည်။

သခင်လှမိုးမှာ တစ်ချိန်လုံး မေရီကို တစေ့တစောင်း အကဲခတ်နေသည်။ လျင်မြန်ဖျတ်လတ်လျက် နိုင်နင်းကျွမ်းကျင်စွာ လုပ်ပုံကိုင်ပုံကို ကြည့်၍ စိတ်ထဲ၌'တော်တယ်'ဟု သဘောကျမိသည်။

မေရီသည် နှစ်ချက်ထိုးမှ နံနက်စာစားရသည်။ မေရီမှာ သူ့အခန်းထဲ၌ စားသဖြင့် ဘွိုင်က ပြင်၍ အခန်းထဲသို့ ပို့ပေးရသည်။ ထမင်းစားပြီး တစ်နာရီခန့် အားလပ်ခွင့်ရှိ၍ လှထံသို့ စာရေးရန် စားပွဲ၌ ထိုင်ကာ လူသံသူသံများကို နားစွင့်လိုက်ရာ တိတ်ဆိတ်နေသည်။

အောက်ထပ်၌ လူမရှိဘဲ တိတ်နေသည်၊ သခင်လှမိုးမှာ ဝန်ကြီးနှင့် အပေါ်ထပ်သို့ တက်သွားသည်။ အပေါ်ထပ်ကိုသန်းအေးတို့အခန်းမှ ရယ်မောသံများ ကြားရသည်။

'လှရေ…

အခု စာရေးတဲ့နေ့ဟာ တစ်လပြည့်ဖို့ မနက်ဖြန်တစ်ရက်ပဲလိုတော့တယ်။ သန်ဘက်ခါဆိုရင် သက်သက်အတွက် လခ နှစ်ရာရတော့မယ်။ စနေ

Scanned by CamScanner

အတွက် ငွေ နှစ်ရာဝင်မှာကြောင့် ဝမ်းသာမိတယ်။ လှက ငွေစုပြီး ငွေပွား အောင် နေ့ပြန်ပေး ချေးမယ်လို့ ရေးလိုက်တာ သက်သက်တော့ သဘောမကျဘူး၊ အတိုးမရဘဲ အရင်းပါ ဆုံးနေပါဦးမယ် လှရယ်။

ရှိစီက အိမ် တစ်ခါမှ မလာသေးဘူး၊ မလာနဲ့လို့လည်း သက်သက်က ပြောထားတယ်။ လှစာကို ဘွိုင်နဲ့ယူခိုင်းရတယ်။ သက်သက်လေ ဇာတိ ပေါ်သွားမှာ သိပ်စိုးလွန်းလို့ အိမ်ကို ဧည့်သည်လာတိုင်း ထိတ်နေရတာပဲ၊ သက်သက်အတွက် လှ မစိုးရိမ်ပါနဲ့၊ သူတို့စည်းကမ်းနဲ့ သူတို့နေပါတယ်၊ သက်သက်ကလည်း သက်သက်စည်းကမ်းနဲ့နေတာ စိုးရိမ်စရာ ဘာမှ မရှိဘူး။ အလကား စိတ်ပူမနေပါနဲ့ လှရယ်။

နေရေးထိုင်ရေး စားရေး သောက်ရေးလည်း ကောင်းပါတယ်ကွယ်။ လှအတွက်ပဲ သက်သက် စိတ်မကောင်း ဖြစ်နေတာပဲ၊ လှ အစားဆင်းရဲမှာ၊ အနေဆင်းရဲမှာ တွေးမိပြီဆိုရင် ထမင်းတောင်စားလို့ မဝင်တော့ဘူး၊ သက်သက်ကို လာကြည့်ချင်တယ်ဆိုတာများ မကြည့်ချင်ပါနဲ့ လှရယ်။ သက်သက်အဖြစ် သက်သက်ဘဝကို သက်သက်မေ့ထားလိုက်တယ်။ မေရီလေ၊ ဝန်ကြီးအိမ်မှာ ခဏ လာနေတဲ့ မေရီပေါ့ လှရဲ့။

သက်သက်ရန်ကုန်ကိုရောက်ပြီး ဝန်ကြီးအိမ် လာတဲ့ညနေက သန်းသန်းတို့ကို ကားပေါ်မှာ ရိပ်ခနဲ တွေ့လိုက်တယ်၊ သူကတော့ မမြင်ဘူး၊ မြင်ရင် သူ့ဆီကို မလာလို့ စိတ်ဆိုးမှာပဲ၊ သက်သက် ဘယ်မှ မသွားဘူး၊ ဘယ်မှလည်း မသွားချင်ဘူး။

အလုပ်က မပင်ပန်းပါဘူး လှ။ သက်သက်အတွက် စိတ်မောမနေနဲ့၊ လှပျင်းနေသလို သက်သက်လည်း ပျင်းတာပဲ၊ ခွဲနေရတာ ခဏပါပဲ လှရယ်။ ငွေပြည့်ရင် သက်သက်တို့ အတူတူ ပြန်နေကြရမှာပေါ့။

သက်သက်ကို ဗုံးကျင်းထဲ မဆင်းလို့ အတင့်မရဲပါနဲ့လို့ စာရေးတိုင်း ထည့်ရေးတာ နောက်တစ်ခါ မရေးနဲ့တော့။ အခု ဒီမှာ လှလိုပဲ အတင့်မရဲပါနဲ့လို့ ပြောမယ့်ဆိုမယ့်သူတွေ ပေါ်နေတယ် လှ။

လှအတွက် အစစအရာရာ သက်သက်စိတ်ချပါရစေကွယ်။ ဒီနေ့လေ အိမ်ကို အဒေါ်ကြီးတစ်ယောက် လာတယ်'

မေရီသည် စာကို ဆုံးအောင် မရေးဘဲ ဖောင်တိန်ကို ချလိုက်ကာ အိပ်ရာပေါ်၌ သွားလှဲလိုက်သည်။ မနက်က အဒေါ်ကြီးပြောသွားသော စကားကို လှထံသို့ လုံးစေ့ ပတ်စေ့ ရေးရန် သင့်၊ မသင့်စဉ်းစားကြည့်သည်။ သူ့သမီး ဝန်ကြီးနှင့် စေ့စပ်ထားတာ တမင်သိအောင် လာပြောလေသလားဟု ပြန်တွေး မိသည်နှင့် မေရီသည် မျက်မှောင်ကလေးကြုတ်သွားလျက် ရင်ထဲမှ ပူနွေး သောလေကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

❐

## ၉

ဂီတသံသည် တစ်ခန်းလုံး ပျံ့လွင့်လျက် ရှိသည်။

ဦးမင်းဟန်သည် မှန်ပေါက်မှ ချောင်း၍ ကြည့်နေ၏။ မျက်မှန်ချွတ်ထားသော မေရီ၏ မျက်နှာကလေးမှာ ချစ်စရာ ကောင်းနေလေသည်။ ခေါင်းပတ် မရှိ။ ခေါင်းနောက်၌ တစ်ပတ်လျှို ဆံထုံးကလေးထုံးထားလျက် ဖွာနေသော ဆံမြိတ် ဆံနွယ်တို့မှာ ပခုံးတစ်ဖက်သို့ ဝဲကျနေသည်။ အဝါနုနုရုံသားအင်္ကျီနှင့် အဝါရင့်ရင့် တိုဘရက်ကိုး ထဘီကို ဝတ်ထားကာ စန္ဒရားတီးနေသော ကိုယ်ဟန်မှာ ကျက်သရေရှိလှသည်။ လက်ချောင်းဖြူဖြူသွယ်သွယ်ကလေးများသည် စန္ဒရားခလုတ်တွေပေါ်၌ ကြွခုန်ပြေးလွှားလျက်နေသည်။

ဦးမင်းဟန်၏ မျက်လုံးများသည် ခွာ၍ မရနိုင်လောက်အောင် စူးစိုက်လျက် နှုတ်ခမ်းကို ကိုက်ကာ ငေးကြည့်နေမိသည်။

သုံးလလုံးလုံး မေရီကို ခေါင်းအုပ်ဖြူ ထဘီအစိမ်းကလေးနှင့် နေ့စဉ်နေ့တိုင်း တွေ့မြင်နေကျ ဖြစ်ခဲ့သည်။ မမျှော်လင့်ဘဲ အမှတ်မထင် အသွင်အပြင်ပြောင်းနေသော သဏ္ဌာန်သည် မေရီမှ ဟုတ်ရဲ့လားဟု ရုတ်တရက် ထင်မှတ်မိသည်။

ဦးမင်းဟန်မှာ ကိုယ်လက်ကိုက်ခဲကာ ဖျားချင်ချင်ဖြစ်လာ၍ နေ့လယ်တစ်နာရီ၌ ဗိုလ်သီဟ ကားကြုံနှင့် အိမ်သို့ ပြန်လာခဲ့သည်။ ဗိုလ်သီဟအိမ်၌ဆင်းလျက် အိမ်ဘေး ခြံဝင်ပေါက်ကလေးမှ ကူးလာခဲ့သည်။ စန္ဒရားသံ



ကြား၍ ကိုသန်းအေးများ ရောက်နေသလားဟု ဧည့်ခန်းဘေး ဝရန်တာအပေါက်မှ တက်လိုက်သည်။ ခန်းဆီးကြား မှန်ပေါက်မှ စန္ဒရားထိုင်တီးနေသော မေရီကို ပက်ပင်း သွားတွေ့ရသည်။

မေရီသည် နေ့လယ်အလုပ်အားလပ်ချိန်၌ ဘွိုင်နှင့် ထမင်းချက်အတိုးကြီးအပြင်ထွက်သွားကြ၍ အိမ်တွင် မည်သူမျှ မရှိဘဲ တစ်ယောက်တည်းရှိနေသဖြင့် အိမ်တံခါးများကို အလုံပိတ်ထားလိုက်သည်။ အားလပ်ခိုက် ခေါင်းလျှော်လိုက်ပြီး ပျင်းပျင်းရှိသည်နှင့် စန္ဒရားခုံနားသို့ လာလျက် ခလုတ်ကလေးများတို့ရင်း စမ်းရင်း တီးချင်စိတ်ပေါ်လာကာ သီချင်းတစ်ပုဒ်မှ တစ်ပုဒ် စိတ်တိုင်းကျ ထိုင်တီးနေမိသည်။

စန္ဒရားသံထဲမှာ သာယာသော တေးသံကလေးသဲ့သဲ့သည် ပျံ့နှံ့လာသည်။ မေရီ၏ အသံကား တိုးတိုးမျှဉ်းမျှဉ်းကလေးမျှသာ ဖြစ်သည်။ ခပ်နွဲ့နွဲ့ဆွဲငင်လျက် တိုးရှိုက်သွားသံလေးသည် ဦးမင်းဟန်အား တစ်ကိုယ်လုံးကိုင်၍ လှုပ်ဘိသကဲ့သို့ တသိမ့်သိမ့် ခါလှုပ်သွားသည်။

ဦးမင်းဟန်မှာ မရောင့်ရဲနိုင်သော အကြည့်ဖြင့်၊ မရောင့်ရဲနိုင်သော နားအာရုံဖြင့် ငြိမ့်ညောင်းလှသော တေးသံတိုးတိုးကလေးကို နားထောင်ရင်း အတွေးစိတ်ကူးထဲဝယ် မျောပါလျက် ရှိနေသည်။

မေရီမှာ မိမိအိမ်တွင် အိမ်အလုပ်လာလုပ်ကိုင်နေရသော အလုပ်သမားတစ်ဦးမဟုတ်တော့ချေ။ မှန်နန်းမကြီး၏ အဆောင်တော်အတွင်း၌ ငြိမ့်ညောင်းသာယာစွာ တီးဆိုနေသော မင်းသမီးကလေးတစ်ပါးကဲ့သို့ ခမ်းနားထည်ဝါသော ဧည့်ခန်းဆောင်ကြီး အလယ်တွင် ငြိမ့်ညောင်းသာယာစွာ တီးဆိုနေသော ဝန်ကြီးကတော်လေးဖြစ်၍ နေပေသည်။

အစိမ်းရင့်ရောင် ဇာခန်းဆီးအရှည်ကြီးများမှာ ကြမ်းသို့ ထိလုခမန်းတစ်ခန်းလုံး ပတ်ရံနေသည်။ ဇာတစ်ထပ် မှန်တစ်ထပ် ကာရံပိတ်ဆီးထားသောအတွင်းမှ ပြိုးပြက်ဖိတ်လက်နေသော စန္ဒရားကြီးနှင့် ခြေထောက်အောက်ကသားမွေးကော်ဇောကြီး၏ သားနားလှသော အသရေတို့သည် မေရီ၏ အဆင်းအလှနှင့် ကူးဟပ်လျက်ရှိ၍ ကြည့်ရသည်မှာ ရှုမငြီးနိုင်စရာ ခံ့ညားလှပနေသည်။

ဦးမင်းဟန်မှာ သူ့တွင် ရှိသမျှ ဂုဏ်စည်းစိမ်ကို မေရီအား ပုံအပ်လိုက်ကာ သူ့ဇနီးသည်ကလေးအဖြစ် အဆုံးအစမရှိ စိတ်ကူးယဉ်မိလေသည်။

Scanned by CamScanner

သီချင်းဆိုရပ်လျက် တစ်ပိုဒ်ကျော့ကာ ပြန်တီးနေစဉ် မျက်တောင်များစင်းကာ မပြုံးတပြုံးကလေးဖြစ်နေသော မေရီ၏မျက်နှာကလေးသည် ဦးမင်းဟန်ရပ်နေသော မှန်တံခါးပေါက်ဘက်သို့ တရွေ့ရွေ့ကလေး ရောက်သွားသည်။

အပြင်ဘက်မှ တစိမ့်စိမ့်ကြည့်လျက် ကြည်နူးနေသော ဦးမင်းဟန်မျက်နှာကို မြင်သည်နှင့် တစ်ချက်တည်း မေရီ၏ ခုန်ပျံကျော်လွှားနေသော လက်ချောင်းကလေးများမှာ ချက်ချင်း ရပ်သွားကြလျက် ကြက်သေကြီးသေသွားသည်။ မေရီသည် သူ့ခေါင်းကို ငိုက်စိုက်ချလိုက်ကာ ဦးမင်းဟန်ရှေ့၌ သူကိုယ်သူ ပျောက်ကွယ်ရကောင်းလျှင် သူ့အောက်က ပထဝီမြေကြီးသည် ပြန်းခနဲ ထက်ခြမ်းခွဲ၍ သူ့အား မျိုပစ်လိုက်စေချင်တော့သည်။

ခြံဝင်းကြီးမှာ လမ်းမနှင့် အလှမ်းအတန်ဝေးလျက် အိမ်ထဲ၌ မိမိကလွဲ၍ မည်သူမျှ မရှိသဖြင့် လုံလုံခြုံခြုံအထင်နှင့် တီးမိ ဆိုမိသည်။ မမျှော်လင့်ဘဲ ဦးမင်းဟန်ပေါက်လာကာ သူ့ကို မိသွားသည့်အတွက် ခိုးကြောင်ခိုးဝှက် လူမသိအောင် တီးမိခြင်းကြောင့် ရှက်၍မဆုံး တစ်ကိုယ်လုံး အန်းထူသွားသည်။

အိမ်ရှင်ကို တံခါးဖွင့်ပေးရန် တာဝန်ရှိ၏။ ထိုတာဝန်ကို ခေါင်းပတ်ဖြူ၊ ထဘီအစိမ်းကလေးနှင့်သာ သွား၍ ဖွင့်ပေးလိုက်ချင်သည်။ သည်အဝတ်သည်အစား သည်အဖြစ်မျိုးနှင့် မိသွားပြီးမှ တံခါးထဖွင့်ပေးရန်မှု ရှက်အန်းအန်းဖြစ်နေသော မေရီ၏ အမူအရာကလေးကိုပင် ကြည့်ကောင်းကောင်းရှိ၍ ဦးမင်းဟန်က သဲသဲမဲမဲ ကြည့်နေသည်။

မေရီသည် ခေါင်းမဖော်ဘဲပင် စန္ဒရားဖုံးကို အသာဆွဲဖုံးလိုက် သည်။ နေရာမှ ဖြည်းဖြည်းထလိုက်လျက် တံခါးဆီသို့ လျှောက်လာခဲ့သည်။ မျက်နှာကလေးသည် ရှက်သွေးဖြန်းလျက် ရှိကာ မျက်မှောင်ကလေးတွန့်လျက် မျက်လုံးကလေးအောက်စိုက် လျှောက်လာနေဟန်ကလေးကိုပင် ဦးမင်းဟန်မှာ သဘောကျနေမိသည်။

နေ့စဉ် ထားနေကျ မေရီ၏မျက်နှာမှာ ခေါင်းကို ခပ်မော့မော့ထားပြီး မျက်တောင်ကိုစင်း၍ ခပ်မှေးမှေးဖြင့် မည်သူနှင့်မျှ အရောဝင် မလုပ်ချင်သည့်ဟန်ပန်ဖြင့် တည်တည်ကြီး နေသောအသွင် ဖြစ်၏။ ယခုလို ရှက်စနိုးအမူရာကလေးမှာ တမျိုးကြည့်ကောင်းကာ ဒီတစ်ခါပင် ကြုံရဖူးသည်။

မေရီသည် တံခါးချက်ကိုချ၍ တံခါးရွက်နှစ်ဖက်ကို ဆွဲဖွင့်ပေးလိုက်သည်။ ပွင့်သွားသော မှန်တံခါးမှ တံခါးရွက် တစ်ဖက်မှာ ဘေးဖယ်



လိုက်ကာ မေရီ၏ ကိုယ်လုံးကို လာကွယ်သည်။ လာကွယ်ခြင်းသည် မလုံသော စိတ်နှင့် ကိုယ်ကို အကာကွယ်ပေးသကဲ့သို့ပင် သက်သာသလိုလို ရှိမိသည်။

ဦးမင်းဟန်သည် ပြုံးလျက်၊ သူ့အကြည့်မှာ ရွှန်းရွှန်းစားစား ရှိလျက် အထဲဝင်လာကာ မေရီနား၌ ရပ်လိုက်သည်။ မေရီမှာ ဦးမင်းဟန် မိမိနား၌ ရပ်နေစရာအကြောင်းမရှိ။ သူ့ဟာသူသွားလိမ့်မည်ဟု ထင်မိသည်။ အနား၌ ရပ်နေတော့မှ ရင်တခုန်ခုန်ဖြင့် ကွယ်ထားသော တံခါးရွက်ကို အသာတွန်းလျက် ပြန်ပိတ်လိုက်သည်။ ပိတ်ပြီး ဦးမင်းဟန်ဘက်သို့ လှည့်လိုက်ရသည်။

"ကျွန်တော် ဖျားလို့ ပြန်လာတာ"

ဦးမင်းဟန်သည် ကျုပ်နှင့် ပြောရန် သတိရလျက် တမင်ပင် ကျွန်တော်နှင့် ပြောလိုက်သည်။ သူ့အသံမှာ ပျော့ပျောင်းနူးညံ့လျက်နေသည်။

မေရီသည် ဦးမင်းဟန်ကို မျက်တောင်စင်းကာ မှုန်ငေးငေးကြည့်ရင်း တိုးတိတ်သော အသံလေးဖြင့် 'သြော်…ဟုတ်လား' ဟု ပြောလိုက်သည်။

ဦးမင်းဟန်မှာ စောစောက စန္ဒရားအသံကလေးနှင့် သီချင်းသံကလေးကို နားထောင်ကောင်းလွန်း၍ ရပ်နေမိကြောင်းကို ပြောပြလိုက်ချင်သည်။ သို့သော် ပြောချင်လှသော စကားလုံးများမှာ လည်ချောင်းထဲ၌ တစ်ဆို့လျက်ရှိကာ မထွက်နိုင်သဖြင့် ဝမ်းထဲသို့ ပြန်မျိုချလိုက်ရသည်။

မေရီမှာ ခေါင်းပတ်ဖြူ၊ ထဘီအစိမ်းကလေး ဝတ်ထားသည့်အခါကလို စိတ်မရဲတော့ချေ။ ရဲစိတ်တို့သည် ဘယ်ဆီသို့ လွင့်စဉ်ပျောက်ကွယ်နေမှန်းပင် မသိတော့ကာ ရှက်ဖို့နေသော စိတ်တို့သာ ရင်ထဲတွင် လွှမ်းကဲနေသည်။

"ကျွန်တော့်အတွက် ရေနွေး ရနိုင်မလား၊ အက်စပရိုသောက်ပြီး ချွေးထုတ်လိုက်ချင်တယ်"

ဦးမင်းဟန်သည် ပြောပြီး ရွှန်းရွှန်းစားစားကြီး ကြည့်နေပြန်သည်။ ဦးမင်းဟန်ထံမှ ထိုအကြည့်မျိုး တစ်ခါဖူးမျှ အကြည့်မခံဖူးခဲ့၍ မဖော်ပြတတ်သော ဝေဒနာမျိုးသည် မေရီရင်ထဲ၌ ရောက်လာပြန်ကာ ဦးမင်းဟန်နှင့် မျက်လုံးချင်း မဆိုင်ဝံ့တော့ဘဲ 'ဟုတ်ကဲ့' ဟု ပြောပြောဆိုဆို လှည့်လျှောက်သွားသည်။ ဦးမင်းဟန်သည် မေရီနောက်မှ လိုက်သွားလျက် အိမ်ပေါ်သို့ တက်သွားသည်။

မေရီသည် ထမင်းစားခန်းထဲသို့ ဝင်သွားကာ ဓာတ်ဘူးကို လှုပ်ကြည့်လိုက်သည်။ ဓာတ်ဘူးထဲ၌ ရေနွေး မရှိချေ။ ထမင်းချက် အဘိုးကြီးနှင့် ဘွိုင်တို့ မလာကြသေး၍ ကိုယ်တိုင်ပင် ရေနွေးကျိုပေးရမလိုဖြစ်နေသည်။

မေရီသည် မီးဖိုထဲသို့ ဝင်သွားကာ မီးမွှေးလျက် ရေနွေးအိုးတည်လိုက်သည်။ ညနေ သုံးနာရီထိုးမှ ဘွိုင် အလုပ်ဝင်ရန် ပြန်လာမှာကြောင့် ဘွိုင်မရှိသည်ကို စိတ်အိုက်အိုက်ဖြင့် မီးဖိုထဲမှ ထွက်ခဲ့ကာ အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲရောက်မှ သက်ပြင်းချလျက် စားပွဲပေါ်၌ လက်ထောက်ကာ မျက်နှာကို လက်ဝါးဖြင့် အကြာကြီး ကွယ်အုပ်ထားမိသည်။

ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မဆုံးဖြစ်မိသည်။ ကိုယ်စိုးပိုင်သည့်နေရာ၊ ကိုယ့်အိမ်ကဲ့သို့ အိမ်သူပမာ တီးမိ၊ ဆိုမိသည့်အတွက် ဦးမင်းဟန်အား ပြန်၍ ရှက်မိသည်။ နေ့စဉ် အလုပ်ဝတ္တရားနှင့် ဆက်ဆံပုံ ပြောဆိုပုံ ကြည့်ပုံနှင့်မတူဘဲ မိမိအား ဦးမင်းဟန်က တစ်မျိုးတစ်ဖုံကြည့်ကာ အသံတစ်မျိုး၊ အပြောတစ်မျိုး ပြောင်းသွားခြင်းကို နည်းနည်းမျှ မကြိုက်ချေ။ သုံးလလုံးလုံး အခန်းအပြင်သို့ ရိုးရိုးအဝတ်အစားနှင့် ဘယ်တော့မှ မထွက်ခဲ့၊ ယနေ့မှ ပေါ့ပေါ့ဆဆ ထွက်သွားမိကာ စန္ဒရားတွင် လက်ဆော့မိမှုကြောင့် မေရီမှာ သူ့ကိုယ်သူ အပြစ်တင်လို့ မဆုံးနိုင်အောင် ရှက်နေလေသည်။

ရေနွေး ဆူသလောက် ရှိတော့မှပင် အုပ်ကွယ်ထားသော လက်များကို ခွာလိုက်လေကာ မျက်မှောင်ကြုတ်လျက် နေရာမှ ထလိုက်၏။ အင်္ကျီဖြူနှင့် ထဘီစိမ်းကို လဲဝတ်လိုက်သည်။ မှန်ခုံ၌ ပြန်ထိုင်ကာ ရှက်နေသော စိတ်ကြောင့် အိမ်ပေါ် တစ်ယောက်တည်း ရေနွေးသွားပို့ရန် စိတ်ညစ်နေပြန်သည်။ စိတ်ညစ်နေ၍လည်း ကိစ္စပြီးမည် မဟုတ်ပေ။ သူ့ဆန်စား ရဲမှ ဟု စိတ်အားကို တင်းလိုက်သည်။ မေရီသည် မှန်ခုံပေါ်က ခေါင်းပတ်ကို ကောက်၍ ပတ်လိုက်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။ ထမင်းစားခန်းထဲရောက်မှ မျက်မှန်ကို သတိရ၍ တစ်ခေါက် ပြန်တပ်ရပြန်သည်။

အိမ်ပေါ်သို့ တစ်ယောက်တည်း မတက်ဖူးချေ။ အိမ်ပေါ်တက်တိုင်း ဘယ်အခါမဆို ဘွိုင်ပါသည်ချည်း ဖြစ်၏။ ဘွိုင်မပါဘဲ ယနေ့ အရဲစွန့်လျက် တက်လာရခြင်းကြောင့် ခပ်တုန်တုန် ဖြစ်နေသည်။ လက်တုန်နေခြင်းကြောင့် ကိုင်လာသော ဗန်းကလေးပေါ်မှ ရေနွေးပန်းကန်မဖိတ်ရန် သတိထားရသည်။



မေရီသည် အခန်းတံခါးဘုကို လှည့်ဖွင့်ခင် နှစ်ချက်၊ သုံးချက် ခေါက်လိုက်သည်။ 'ဝင်ခဲ့ပါ'ဟု အထဲမှ ဦးမင်းဟန်၏အသံကြားမှ တံခါးဘုကို လှည့်ကာ တွန်းဖွင့်လိုက်သည်။

ခုတင်ပေါ်၌ ခေါင်းအုံးများကို ခေါင်းရင်း၌ ထပ်ထောင်ကာမှီလျက် ခြေဆင်းထိုင်နေသော ဦးမင်းဟန်သည် ကိုယ်တစ်ပိုင်းစောင်ခြုံထားသည်။ ခေါင်းပတ်ဖြူ၊ ထဘီအစိမ်းနှင့် ဝင်လာသော မေရီကို လှမ်းကြည့်လိုက်သည်။ ဦးမင်းဟန်၏ မျက်လုံးမှာ စင်းနေလျက် မျက်နှာညိုသွားသည်။ အိမ်အလုပ်လုပ်သော အလုပ်သမားအသွင်ပြောင်းလဲလာခဲ့ပုံအား စိတ်မကောင်းဖြစ်မိသည်။

စောစောက အင်္ကျီဝါဝါ၊ ထဘီဝါဝါကလေးဝတ်လျက် ပခုံးပေါ်သို့ ဝဲဖွာကျနေသော ဆံမြိတ်ရှည်နှင့် ကိုယ်ဟန်လှလှ စန္ဒရားထိုင်တီးနေသော သဏ္ဌာန်သည် ဖျောက်ဖျက် မရနိုင်အောင် ရှိသည်။

ယမင်းရုပ်ကလေးလို လှပသော မေရီရုပ်ရုံကို ဧည့်ခန်းအလယ်၌ တွေ့ခဲ့ရပုံသည် ဦးမင်းဟန်၏ မျက်လုံးထဲ၌ မထွက်နိုင်အောင် ကျက်သရေရှိရှိ လှပတင့်တယ်နေသည်။

မေရီကို တင့်တယ်သည့် ဘဝအသွင်မျိုးဖြင့်သာ မြင်လိုပေ၏။ သူများအိမ်တွင် အိမ်အလုပ်လုပ်သော အလုပ်သမားဘဝအသွင်မျိုးကို ဦးမင်းဟန်မျက်စိ၌ မမြင်လို မတွေ့လိုတော့ပေ။

မေရီ၏ ဓာတ်မြစ်ကို ရုတ်ခြည်း သိချင်လာသည်။ ဘာကြောင့် သည်အလုပ်မျိုး လာလုပ်ပါလိမ့်ဟု တွေးမရဖြစ်သည်။ ပတ်ပျိုးတစ်ပုဒ်တီးနေသော လက်သံဖြင့် ဂုဏ်သရေရှိ အထက်တန်းစားထဲကများလားဟု တွေးမိပြန်သည်။

မေရီသည် နေ့စဉ်အလုပ်ချိန် မျက်နှာထားအတိုင်း တတ်နိုင်သလောက် ဆည်ထားလျက် ဗန်းကလေးကို ခုံပေါ်၌ ချလိုက်သည်။ ခေါင်းကို ခပ်မော့မော့ထားပြီး မျက်တောင် စင်းစင်းဖြင့် "အက်စပရိုက ဘယ်မှာ ရှိပါသလဲ"ဟု ခပ်တည်တည် မေးလိုက်သည်။

ဦးမင်းဟန်မှာ မေရီကို မျက်တောင်မခတ်ဘဲ တွေ၍ ကြည့်လျက်ပင် "အဲဒီကုလားထိုင်မှာချိတ်ထားတဲ့ ကျွန်တော့်အင်္ကျီ ညာဘက်အိတ်ထဲမှာ'ဟု ပြောလိုက်သည်။

မေရီသည် ကုလားထိုင်အမှီတွင် ချိတ်ထားသော အပေါ်အင်္ကျီအိတ်ကို နှိုက်လိုက်သည်။ ဦးမင်းဟန်ရှေ့၌ အင်္ကျီကိုနှိုက်လျက် ဆေးထုတ်ယူနေပုံ

Scanned by CamScanner

ကိုကြည့်ရင်း ဘာကြောင့်မသိ ဦးမင်းဟန်မှာ ရင်ထဲ၌ တလှပ်လှပ် ဖြစ်နေသည်။

မေရီမှာ အင်္ကျီအိတ်နှိုက်ရ၍ စိတ်တွင်ကား မထူးခြား၊ ရှက်စရာ ဖိုစရာကိစ္စဟူ၍လည်း သဘောမထား၊ ခေါင်းပတ်ဖြူနှင့် ထဘီစိမ်းကလေးသည် မေရီအား ရှက်စိတ် ဖိုစိတ်တွေ မဖြစ်ပေါ်အောင် ဖုံးလွှမ်းပေးထားနိုင်သော သံချပ်အင်္ကျီကဲ့သို့ ဖြစ်နေပြန်သည်။

ဆေးထုပ်ကလေးကို ဗန်းထဲထည့်ကာ ဦးမင်းဟန်နားသို့ယူလာသည်။

ဦးမင်းဟန်သည် ဗန်းထဲမှ ဆေးထုပ်ကို ကောက်ယူလိုက်ကာ လက်ဝါးထဲ၌ သွန်ထည့်လျက် ရေနွေးကို သောက်နိုင်အောင် ပန်းကန်ပြားထဲ လောင်းထည့်လိုက်သည်။ မေရီမှာ ဗန်းကို ကိုင်ပေးထားကာ လုပ်သမျှ စောင့်ရပ်လျက် ကြည့်နေရသည်။

ဦးမင်းဟန်သည် ရေနွေးပူလွန်း၍ ခဏစောင့်နေသည့် အနေဖြင့် မေရီ့ မျက်နှာကို မော့ကြည့်လိုက်သည်။

"ကျွန်တော့်ကိုတော့ စိတ်မရှိပါနဲ့၊ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တာ မပြောပါနဲ့လို့ မေရီ ပြောထားတာ ကျွန်တော် အမှတ်ထားပါတယ်။ ကျွန်တော်နဲ့ မပြောဘဲ ကျုပ်နဲ့ပြောပါဆိုတာလည်း အမှတ်ထားပါတယ်၊ ဒါပေမဲ့ ဒီနေ့ ကျွန်တော့်စိတ်ထဲမှာ မေရီကို ကျုပ်နဲ့လည်း မပြောချင်ဘူး၊ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တာလည်း မပြောဘဲ မနေနိုင်ဘူး"

မေရီ၏ မျက်လုံးများသည် ဗန်းပေါ်က ပန်းကန်လုံးပေါ်သို့ စိုက်သွားကာ အရှိန်ပြင်းစွာနှင့် တိုက်ခတ်တော့မိမတတ် မလွှဲဖယ်ဘဲ စိုက်ကြည့်လျက်နေသည်။

ဦးမင်းဟန်သည် ဆုံးအောင် မပြောသေးမီ စိုက်နေသော မေရီ၏ အမူအရာလေးကို အကဲခတ်လျက် မျိုသိပ်ခြင်းငှာ မတတ်နိုင်၍ ပြောလက်စဖြင့် ဆက်ပြောလိုက်သည်။

"မေရီကို ကျွန်တော် ပြောချင်၊ မေးချင်တာတွေကတော့ အများကြီးပဲ၊ ဒါပေမဲ့ မေရီပြောမှာလောက်ပဲ ကျွန်တော် မေးမှာပါ စန္ဒရားနဲ့ သီချင်းကြီးတွေ တော်တော်တီးခဲ့ဖူးတယ်ထင်တယ်၊ ဘယ်ဆရာနဲ့ ဘယ်မှာသင်သလဲ"

မေရီမှာ အကြီးအကျယ် စိတ်ပျက်သွားသည်။ မိမိလုပ်ပုံ မဟုတ်၍ ယနေ့ အမေးအမြန်းရှိလာခြင်း ဖြစ်သည်။ သုံးလအတွင်း ကိုယ့်စည်းနဲ့ ကိုယ်



နေလာစဉ်တွင် ကိုယ်ရေးကိုယ်တာတွေနှင့် စပ်လျဉ်း၍ ခွန်းတုံ့ ခွန်းပြန် ပြောစရာ အကြောင်း ဘာမျှ မပေါ်ခဲ့ပေ။ ယနေ့မှ မိမိက စည်းဖောက်လိုက်၍ မလုံသော စည်းဝိုင်းအတွင်း ဝင်လာလေပြီ။ အလုပ်ဝင်စက တင်းထားသော စည်းကမ်း များသည် လျော့ရဲလာလေပြီဟု တွေးတော စဉ်းစားမိလျက် မေရီမှာ စိတ်ပျက် သွားသည်။

မေရီသည် လက်ပူးလက်ကြပ်မိပြီးမှ မပြောဘဲနေရန် မကောင်းတတ်လွန်း၍ မပြောချင် ပြောချင်နှင့် တိုတိုတောင်းတောင်း ပြန်ပြောသည်။

"ငယ်ငယ်က သင်ခဲ့ပါတယ်၊ ကျွန်မဆရာ သေပါပြီ"

ဦးမင်းဟန်မှာ မေရီထံမှ စကားပြန်ဖော်ရ၍ အားရှိသွားကာ မျက်လုံးများ တောက်လက်လာသည်။

"မေရီ့ ဇာတိက ဘယ်ကလဲ၊ မိဘတွေက ဘာလုပ်ကြသလဲ"

မေရီမှာ အဖြေခက်သထက် ခက်လာသည်။ နှလုံးမှာ လျင်မြန်စွာ ခုန်လာသည်။ ဦးမင်းဟန်အား ဇာတိကို ဖုံးကွယ်လိမ်ညာပြောရန်လည်း ခက်နေ၏။ အမှန်ကိုလည်း မပြောနိုင်၊ အရောတဝင် ပြောနေတာလည်း မကြိုက်၊ ပြောရဲဆိုရဲ ဖြစ်သွားကြကာ တစ်စ တစ်စ ရင်းနှီးလာမှာလည်း အလိုမရှိ။

မေရီသည် အားရှိသမျှကြိုးပမ်း၍ စွမ်းအားထုတ်လျက် ကျိုးပေါက်သွားသော စည်းရိုးကြီးကို လုံအောင် ပြန်၍ ဖို့ရန် စိုင်းပြင်းလိုက်သည်။ အောက်စိုက်နေသော မျက်နှာကို အားတင်း၍ မော့လိုက်သည်။ ဦးမင်းဟန်အား စေ့စေ့ကြည့်လျက် ခပ်ဖြည်းဖြည်း အသံခပ်အေးအေး ပြောလိုက်သည်။

"ကျွန်မ ဒီမေးခွန်းကို မဖြေပါရစေနဲ့၊ ဝန်ကြီးက အလုပ်နဲ့ ပတ်သက်တာပဲ ကျွန်မကို ပြောစေလိုပါတယ်၊ ကျွန်မကလည်း အလုပ်နဲ့ပတ်သက်တာကိုပဲ ဝန်ကြီးကို ပြောပါရစေ"

မေရီသည် ပြောပြီး သူ့မျက်နှာကို ထုထားသော အရုပ်ကဲ့သို့ ပုံပြောင်းကာ မလှုပ်မယှက် ဇက်ခိုင်ခိုင်၊ ခေါင်းခိုင်ခိုင်ဖြင့် မျက်တောင်မခတ်ဘဲရှိ၍ ဦးမင်းဟန်သည် မျက်လုံးကို လွှဲလိုက်ရကာ ပန်းကန်ကို ကောက်ယူလိုက်သည်။

ဦးမင်းဟန်သည် ပြုံးသွားလေသည်။ သူ့အပြုံးမှာ သူ့ရင်ထဲ၌ မသက်သာသော အဖြစ်ကို ဖော်ပြနေသော အပြုံးယဲ့ယဲ့ ဖြစ်သည်။

Scanned by CamScanner

“ပြောမှာလောက်ပဲ ကျွန်တော် မေးပါ့မယ်လို့ စကားခံပြီး မေးတာပါပဲ ကျွန်တော့်ကို မပြောလိုတာတွေ ကျွန်တော်ကလည်း မမေးတော့ပါဘူး၊ ဘို့င် ဘယ်အချိန်လောက် လာမလဲ”

ဦးမင်းဟန်သည် အသံတိမ်တိမ်ဖြင့် ပြောကာ လက်ဝါးကို နှုတ်ခမ်းနားတော့လျက် ဆေးပြားများ ပါးစပ်ထဲထည့်ကာ ရေနွေးကျိုက်ချလိုက်သည်။

မေရီသည် မျက်တောင်တစ်ချက်နှစ်ချက် ခတ်လိုက်ကာ ရှုတည်တည်ဖြင့် ပြောလိုက်သည်။

“သုံးနာရီလောက် လာပါလိမ့်မယ်၊ လေးနာရီမှာ လက်ဖက်ရည်ပို့ပါမယ်၊ ဒီညတော့ ထမင်းမစားရင် ကောင်းမယ်ထင်ပါတယ်၊ ထမင်းအစား တစ်ခုခု လုပ်ပေးပါ့မယ်”

ဦးမင်းဟန်သည် အဖြေထွက်လာသော မေရီအား ပြုံးတုံးတုံးကြည့်လျက် ခေါင်းကို ညင်ညင်သာသာ ညိတ်ပြလိုက်သည်။ မေရီသည် အခန်းထဲမှ ထွက်ခဲ့လျက် တံခါးကို ဆွဲပိတ်ခဲ့သည်။ လှေကားထစ်များကို ခပ်သုတ်သုတ် ဆင်းနင်းလာခဲ့ကာ အောက်ရောက်မှ ရွက်ထားသော ဝန်ထုပ်ကြီး ပြုတ်ကျသွားသကဲ့သို့ပင် အတိုင်းမသိ ပေါ့ပါးသွားသည်။

ဦးမင်းဟန်မှာ စောင်ကြီးကို ခေါင်းမြီးခြုံလိုက်သည်။ စောင်ခြုံထဲ၌ မျက်လုံးများစုံမှိတ်လျက် တွေးလေ၏။ တွေးလေ စဉ်းစားလေဖြင့် ရှိစဉ် မေရီ၏ သာယာသော စောစောက တေးသံ တိုးတိုးလေးသည် လွင့်မြူးလာသည်။ တညင်းညင်း တနွဲ့နွဲ့ တိုးရှိုက်သွားသော တေးသံတိုးတိုးကလေးကြောင့် ရင်တွင်း၌ တလှိုက်လှိုက်ဖြစ်ခဲ့ရသည်မှာ အိပ်မက်ပမာမျှသာ ဖြစ်သည်။ ဖျောက်ဖျက်၍ မရနိုင်အောင်ရှိသော မေရီပုံသဏ္ဌာန်မှာလည်း လူသားစင်စစ် မဟုတ်တော့ဘဲ ဧည့်ခန်းထဲတွင် အလှထားသော ယမင်းရုပ်ကလေးနှင့်သာ တူနေတော့၏။

ဦးမင်းဟန်သည် ချွေးပြန်လာသည်။

အိမ်ကြီးမှာ တိတ်ဆိတ်နေလေ၏။ ဦးမင်းဟန်၏ အတွေးတို့သည် ပျံ့လွင့်လျက်၊ အိမ်အောက်သို့ ပျံသန်းလူးလာကြကာ ယောက်ယက်ခတ်နေတော့သည်။

မေရီသည် ခုတင်ပေါ်တွင် ခြေဆင်းမိုထိုင်ကာ နဖူးပေါ်တွင် လက်တင်လျက် ငေးငိုင်နေသည်။ စိတ်သည် မငြိမ်နိုင်အောင် ဖြစ်နေသည်။



တိတ်ဆိတ်နေခြင်းသည် စိတ်ကို မငြိမ်အောင် ဆွနေကြသည်။ စန္ဒရားဆီသို့ ရောက်လိုက်၊ အိမ်ပေါ်သွားလိုက်ဖြင့် စိတ်များနေသည်။ အလုံပိတ်ထားသော အိမ်ကြီးထဲတွင် နှစ်ယောက်တည်းဆိုသော အသိကလည်း တစ်ဖက်က နှောင့်ယှက်နေသည်။

မေရီမှာ ဘာမျှ မတွေးမိအောင်၊ စိတ်ငြိမ်အောင် ခေါင်းအုံးအောက်က စာအိတ်ကလေးကို ဆွဲယူလိုက်သည်။ လှထံမှ စာကို ပြန်ကာ ဖတ်နေသည်။

လှထံမှ စာကို ပြန်ဖတ်နေရလျှင် အနားတွင် လှ ရှိသကဲ့သို့ ထင်ရသည်။ စာထဲတွင် လွမ်းနေပုံ၊ စိတ်ပူနေပုံကို ဖတ်ရင်း လှသည် စာရေးရင်း မျက်ရည်ကျပြီး ရေးနေမှာကို မြင်ယောင်မိလေသည်။

‘သက်သက် နေဖို့ နောက်ထပ် ငါးလပဲ လိုတော့တယ်၊ နောက်ထပ် ငါးလဆိုရင် ဒေါင်းရုပ်ကလေးကို ရွေးနိုင်ကြပြီ၊ အခါလွန်ရင် လှတောင်းတဲ့ ငွေ တစ်ရာကို ချေးလိမ့်မယ်။ စာသင်ခထဲက တစ်လ နှစ်ဆယ့်ငါးကျပ် နှိမ်သွားမယ်။ ဝမ်းသာလိုက်တာ သက်သက်ရယ်၊ လှက ကိုးရာ ဆိုတော့ သက်သက်လွတ်ဖို့ ကျွတ်ဖို့ ငါးလပဲ လိုတော့တယ်’

လွတ်ဖို့ ကျွတ်ဖို့ စာလုံးအောက်၌ မျဉ်းသားထားသောကြောင့် သက်သက်မှာ ထိုစာလုံးတွေကို စိုက်ကြည့်နေရင်း မျက်ရည်များဝဲလာသည်။ မလွတ်မကျွတ် ဖြစ်နေသော ဘဝမှ လွတ်စေ ကျွတ်စေရန် အားပေးရှာသော အားပေးချက်သည် နှလုံးသားကို ထိပွတ်နာကျင်သွားသည်။

သက်သက်မှာ သည်ဘဝမှ မြန်မြန်လွတ်ချင်၊ ကျွတ်ချင်လိုလှသည်။ ဖြစ်နိုင်လျှင် ယနေ့ပင် နောက်ဆုံး ဖြစ်လိုက်ချင်သည်။ ယနေ့ အဖြစ်အပျက်၊ ယနေ့ ကြုံရပုံမျိုးမှာ နောက်တစ်နေ့သို့ မကူးချင်သလောက်၊ နောက်တစ်နေ့ အတွက် ဆက်၍ မနေချင်သလောက်ပင် စိတ်ကုန်ခန်းသွားမိသည်။

‘သက်သက်ကို ဝန်ကြီးက မျက်စိကျသွားမှာတော့ စိုးသား’

လှစာကို ဆုံးအောင်ပင် မဖတ်ရဲတော့ချေ။ မြန်မြန်စာအိတ်ထဲသို့ စာခေါက်ကို ပြန်သွင်းလိုက်သည်။ မှန်တံခါးမှ ရဲတင်းစွာ ရွှန်းရွှန်းစားစား ချောင်းကြည့်နေသော ဝန်ကြီး၏ မျက်လုံးများသည် ကြည့်နေတုန်း ကြည့်နေဆဲ ကဲ့သို့ပင် ထင်မြင်နေကာ တစ်ကိုယ်လုံး ရှက်သွေးဖြန်းသွားတော့သည်။

ခြံဝင်းထဲသို့ ကားဝင်လာသံကြားရသည်။ ကားသံကိုနားစွင့်လိုက်ကာ အိပ်ရာပေါ်၌ ဖြုတ်ချထားသော ခေါင်းပတ်ကို ကပျာကယာ ကောက်ပတ်

Scanned by CamScanner

လိုက်သည်။ မျက်မှန်တပ်လျက် တံခါးဖွင့်ပေးရန် ထွက်လာသည်။ ကားမှာ အိမ်ရှေ့ ထိုးဆိုက်ပြီးမှ တံခါးဖွင့်ပေးလိုက်သည်။

အတွင်းဝန်ဦးဘချောသည် ကားပေါ်မှ ခပ်ပြုံးပြုံးဆင်းလာသည်။

"ဝန်ကြီး ရှိသလား"

ဦးဘချောသည် အသံဝင်ဝင်ဖြင့် မေးကာ ပြုံးရယ်နေသည်။

မေရီရောက်စက ဦးဘချော အိမ်သို့ တစ်ခေါက် ရောက်လာ၏။ မေရီအား စားမတတ် ဝါးမတတ်ကြည့်ကာ 'ကျွန်တော် သူ့အတွင်းဝန်ပါ'ဟု ပြောသော သူ့အသံ သူ့ကိုယ့်ဟန်မှာ ယောက်ျား မပီသသလို ကန့်ကလျ နိုင်လှသည်။

ဦးဘချောသည် သူ့ပခုံးကို ရှေ့သို့ စိုက်ငိုက်၍ သူ့ခေါင်းကိုပါ ဆန့်ထုတ်ထားကာ ပြုံးရယ်လျက် ကြည့်နေသည်။ ပြုံးရယ်ထားသော နှုတ်ခမ်းများသည် နားရွက်နားသို့ ရောက်လုနီးနေသည်။

မေရီသည် သူ့ပုံစံအတိုင်း ခါးဆန့်လျက် ခေါင်းမော့မော့ဖြင့် မျက်တောင်များစင်းကာ ခပ်တည်တည် ပြောသည်။

"ရှိပါတယ်၊ အိမ်ပေါ် ချွေးထုတ်နေပါတယ်"

"ကျွန်တော် တက်ပါရစေ၊ ကိစ္စ နည်းနည်း အရေးကြီးလို့ပါ"

"တက်ပါရှင်"

မေရီသည် ပြောပြီး သူ့အခန်းထဲသို့ တန်းဝင်သွားသည်။

ဦးဘချောသည် ဖိုင်တွဲကို ချိုင်းညှပ်ကာ ကုပ်ချောင်းချောင်းဖြင့် အိမ်ပေါ်သို့ ပြေးတက်သွားသည်။

ဦးမင်းဟန်သည် တံခါးခေါက်သံကြား၍ ဝင်ခဲ့ပါဟု အတွင်းမှ လှမ်းပြောလိုက်သည်။ ဦးဘချောသည် ပြုံးရယ်လျက် ဝင်လာကာ ခုတင်ပေါ်၌ လှဲနေသော ဦးမင်းဟန်နား၌ ကုန်းလျက် 'အိမ်ရှင်မကို ခွင့်တောင်းတက်ခဲ့ရတယ်'ဟု လေသံလောက်ဖြင့် ရယ်ဖြဲဖြဲ ပြောလိုက်သည်။

ဦးမင်းဟန်က ပြုံးလျက် 'ဘယ့်နှယ် ဘာကိစ္စ' ဟု မေးမှ ဦးဘချောသည် မျက်နှာပိုးသတ်လိုက်သည်။

"အမိန့်စာ ဝန်ကြီး လက်မှတ်ထိုးမသွားလို့ ကျွန်တော် ယူလာတယ်၊ သိပ်များ နေမကောင်းသလားလို့၊ ပြန်သွားတာ ကျွန်တော် မသိဘူး မောင်ဘစိုး ပြောမှ သိတယ်"



ဦးဘချောသည် ဖောင်တိန်ကို ဖွင့်ပေးကာ ဖိုင်တွဲကို ကမ်းပေးလိုက်သည်။

"တစ်ကိုယ်လုံး ကိုက်ခဲလာတယ်ဗျာ၊ ချမ်းစိမ့်စိမ့်ရှိတာနဲ့ ပြန်ခဲ့တာ အခု ချွေးထွက်တော့လည်း ပူစပ်ပူလောင်ကြီး"

ဦးမင်းဟန်သည် စာရွက်ပေါ်၌ လက်မှတ်ထိုးနေရင်း ပြောနေသည်။ ဦးဘချောသည် စာရေးစားပွဲမှ ကုလားထိုင်ကို ခုတင်နား သယ်ရွှေ့လာလျက် ထိုင်လိုက်သည်။ လက်မှတ်ထိုးပြီး ဦးမင်းဟန်မှာ စာရွက်ကို တစ်ခေါက် ပြန်ဖတ်လျက်နေသည်။

ဦးဘချောမှာ မေရီရောက်မှ အိမ်ပေါ်သို့ ဒီတစ်ခေါက်သာ ရောက်သေးသည်။ အိပ်ခန်းထဲ၌ ကျနသပ်ရပ်နေသော အပြင်အဆင်များကို နှစ်သက်သဘောကျလျက် ကြည့်ရှုနေသည်။

"ဘယ့်နှယ် ဦးဘချော၊ နေရာကျရဲ့လား"

ဦးဘချောသည် အခန်းကို ဟိုကြည့် သည်ကြည့် ကြည့်နေ၍ ဦးမင်းဟန်က လှမ်းမေးလိုက်သည်။

"နေရာကျတာတော့ မပြောနဲ့တော့ ပထမတန်းပဲ၊ လူပါ အပိုင် သိမ်းလိုက်ဖို့ပဲ ကောင်းတော့တယ်"

ဦးဘချောမှာ ခပ်ညက်ညက် ရယ်ပြောလိုက်သည်။

"စည်းကမ်းတော့ အတော်ကြီးတယ်ဗျ၊ သူ့စည်းကမ်းကို ဘယ်သူမှ မဖောက်ရဲဘူး၊ ကျွန်တော်က အစပဲ၊ ကျွန်တော့် လူတွေတော့ဗျာ သူရောက်လာမှပဲ အပိုးကျိုးသွားကြတယ်၊ သူ့လခ နှစ်ရာကလည်း တကယ်ဆိုတော့ ကျွန်တော်တို့ချည်းနေတုန်းက အလဟဿ ကုန်နေတာလောက်တောင် မရှိပါဘူးဗျာ"

ဝန်ကြီး ကျေနပ်လေလေ ဤအစီအစဉ်ကို စီစဉ်ပေးသော အတွင်းဝန်မှာ မျက်နှာရလေလေဖြစ်သည်။ ဦးဘချောမှာ သူ့အကြံပေးချက်ဖြင့် မေရီ ရောက်လာရခြင်းကြောင့် ဝန်ကြီးပေါ်၌ မျက်နှာပွင့်လန်းနေသည်။ မေရီ အလုပ်ကို ဝန်ကြီးက အလိုက် သည်းလိုက် သဘောကျနေမှန်း သိသဖြင့် ဦးဘချောသည် ဝန်ကြီးအကြိုက်လိုက်လျက် မေရီ၏လက်ရာများကို ချီးကျူး အမွှမ်းတင်နေသည်မှာ မပြီးနိုင်အောင် ဖြစ်သည်။ ထင်မြင်ချက် အမျိုးမျိုး

Scanned by CamScanner

ပေး၏။ အထက်တန်းကျသော မျက်နှာဖြူအိမ်ကြီးတွေမှာ လုပ်ဖူးကိုင်ဖူးရမည်ဟု နောက်ဆုံး မှတ်ချက်ချသွားသည်။

"ကျွန်တော်တော့ ဗိုလ်အိမ်တွေမှာ လုပ်ခဲ့တယ်လို့ မထင်ဘူး၊ သူ့ကိုယ်တိုင် အထက်တန်းကျကျ နေဖူးထိုင်ဖူးရလိမ့်မယ်လို့ ထင်တယ်။ သူ့ရုပ်လက္ခဏာနဲ့ ဣန္ဒြေကိုကြည့်ဗျ၊ ဘယ်နည်းနဲ့မှ အောက်တန်းစားထဲကတော့ မဟုတ်ဘူး။ ဘာလုပ်လုပ် သိပ်သေချာတယ်၊ မြန်လည်းမြန်တယ်၊ ပါးတာတော့ လွှစ်နေတာပဲဗျာ ကျွန်တော်တို့နဲ့ ခုထက်ထိ အပိုစကားဆိုလို့ တစ်ခွန်းမှ မပြောဘူး၊ အရောလည်း မဝင်ဘူး"

ဦးမင်းဟန်မှာ မေရီ့အကြောင်း စကားလှိုင်လှိုင် ပြောလျက် နေမကောင်းတာပင် မေ့ပျောက်နေသည်။ စောစောက ခေါင်းကြီးအုံလျက် ကိုက်ခဲနေ၏။ ချွေးထုတ်ပြီး ပူစပ်ပူလောင်ကြီးဖြစ်လျက် မအီမသာဖြစ်နေ၏။ စကားကောင်းနေရင်း ဝေဒနာနှင့် ဆေးနှင့်တွေ့သွားသကဲ့သို့ ချွေးပြန်စို့လာကာ ပေါ့ပါးလာသည်။

ဘွိုင်ဝင်လာ၍ စကားရပ်သွားကြသည်။ ဘွိုင်သည် လက်ဖက်ရည်ပွဲ ပြင်ယူလာသည်။ အတွင်းဝန်မှာ နာရီကို ကြည့်လိုက်ရာ လေးနာရီ ထိုးနေသည်။

"စကားကောင်းနေလိုက်တာ၊ ကျွန်တော်ပြန်ဦးမှ၊ ဒီစာအမီ ပို့ရမယ်"

ဝန်ကြီးက ဦးဘချော အတွက်ပါ ပြင်ယူလာသော လက်ဖက်ရည်ပွဲကို ကြည့်လျက် သောက်သွားရန် အတင်းတိုက်၍ စကားတပြောပြောဖြင့် သောက်နေကြသည်။

အတွင်းဝန် ဆင်းသွားလျှင် အခန်းထဲသို့ ကိုထွန်း ဝင်လာသည်။ ကိုထွန်းမှာ အိပ်ရာပေါ်၌ မှိန်းနေသော ဝန်ကြီးကို ကြည့်လျက် 'ဟင်-ခင်ဗျား နေမကောင်းဘူးလား' ဟု အံ့အားသင့်ဟန်ဖြင့် ပြောလျက် ဝင်လာသည်။

"နေမကောင်းလို့ဗျာ၊ နေ့လယ် တစ်ချက်လောက်က ပြန်လာတယ်"

ကိုထွန်းသည် ဦးဘချောထိုင်သွားသော နေရာ၌ ဝင်ထိုင်ကာ 'ဆေးရုံ တက်ပါလား' တိုက်တွန်းလိုက်သည်။

"ဆေးရုံတက်ရလောက်အောင် မဟုတ်ပါဘူးဗျာ၊ နေ့လယ်က ဆေးသောက်ပြီး ချွေးထုတ်တယ်"

"မေရီ ဆေးတိုက်တယ် မှတ်တယ်"



ကိုထွန်းက ပြုံးစိစိဖြင့် ပြော၍ ဦးမင်းဟန်မှာ မလုံသယောင် ပြုံးနေသည်။

"နေ့လယ်က ကျွန်တော် ပြန်လာတော့ ဘွိုင် မရှိဘူးဗျ၊ အိမ်မှာ သူ တစ်ယောက်တည်း ရှိတယ်၊ သူပဲ ရေနွေးတည်တယ်နဲ့ တူပါတယ်၊ ရေနွေး ဆူတော့ ဆေးလာတိုက်တယ်"

"အိမ်ပေါ် သူတစ်ယောက်တည်း တက်လာသလား"

ကိုထွန်းက မျက်လုံး မျက်ဆန်ပြူးလျက် မေးလိုက်သည်။ ဦးမင်းဟန်သည် ကိုထွန်းကို အတော်ကြာညောင်းအောင် စိုက်ကြည့်လျက် ပြီးမှ ခေါင်းကို ညိတ်လိုက်သည်။

ကိုထွန်းသည် မျက်မှောင်တွန့်သွားကာ ဦးမင်းဟန်၏ အကြည့်ကို နားမလည်သလို ထူးဆန်းနေသည်။

"ကိုသန်းအေးဖျားတုန်းကလည်း အတော်ဂရုစိုက်ပါတယ်၊ ဒါပေမဲ့ သူတစ်ယောက်တည်းတော့ အိမ်ပေါ်ကို ဘယ်တော့မှ မလာဘူး၊ ဘွိုင်ပါမှ လာတယ်၊ ခင်ဗျားမို့လို့ မနေသာဘဲ တစ်ယောက်တည်း တက်လာရတာပဲ"

ဦးမင်းဟန်၏ မျက်နှာသည် ညှိုမည်းသွားသည်။ ရီဝေသော မျက်လုံးတို့ဖြင့် ကိုထွန်းအား ခပ်ငေးငေးကြည့်လျက်နေလေရာ ကိုထွန်းမှာ ထူးခြားနေသော ဦးမင်းဟန်၏ မျက်နှာရိပ် မျက်နှာကဲကို စိတ်အားထက်သန်စွာ စိုက်ကြည့်လိုက်သည်။

"ကျွန်တော် နေ့လယ်က ပြန်လာတော့ ဒီမှာ သူ ဖုံးနေသမျှ ပေါ်ကုန်တာပဲဗျို့"

ကိုထွန်းသည် 'ဘာဗျ' ဟု ပြောပြောဆိုဆို သူ့ကုလားထိုင်ကို ဝန်ကြီး ခုတင်အနီးသို့ ကပ်အောင် ဆွဲလိုက်သည်။

"ကျွန်တော် ဗိုလ်သီဟကားနဲ့လိုက်လာပြီး အိမ်ဘေးက တက်တယ်၊ တံခါးတွေ ပိတ်ထားတယ်၊ မှန်ပေါက်ထဲက သူစန္ဒရားတီးနေတာ သွားမြင်တယ်။ ဘယ်သူမှ မရှိဘူးဆိုပြီး တီးနေတာ၊ တီးရုံမဟုတ်ဘူး ဆိုလည်းဆိုတယ်၊ သူဆိုတာ သဲ့သဲ့တိုးတိုးကလေး နားထောင်လို့ကောင်းလိုက်တာဗျာ၊ ကျွန်တော် အကြာကြီး ရပ်ကြည့်နေတယ်၊ အလုပ်အဝတ်စားနဲ့ မဟုတ်ဘူးဗျ၊ အင်္ကျီ၊ လုံချည်ဆင်တူ အဝါရောင်လေး ဝတ်လို့၊ မျက်မှန်လည်း မတပ်ဘူး။ တစ်ပတ်

Scanned by CamScanner

လျှို့ဝှက်သံထုံးကလေးနဲ့ ကျွန်တော့်မျက်စိထဲ ကြည့်လို့ကောင်းလွန်းလို့ ကျွန်တော် ငေးကြည့်နေတာ သူ မြင်သွားပါရော''

ကိုထွန်းမှာ များစွာ စိတ်ဝင်စားလျက် ရှိ၏။ နားထောင်နေရင်း သူ့ မျက်နှာမှာ လှုပ်ရှားနေသည်။ ဝန်ကြီး မျက်ခုံးပင့်လျှင် သူ့မျက်ခုံးပါ ပင့်သွား သည်။ ဝန်ကြီး မျက်လုံးမှေးသွားလျှင် သူ့မျက်လုံးပါ မှေးသွားသည်။ နှုတ်ခမ်း များမှာ ဝန်ကြီးကဲ့သို့ ပွင့်လိုက်၊ စေ့လိုက်၊ ရွဲ့လိုက် ဖြစ်နေသည်။

''ကျွန်တော့်ကိုမြင်တော့ ကြက်သေသေပြီး ရှက်သွားလိုက်တာဗျာ၊ မျက်နှာကလေးကို နီရဲသွားတာပဲ၊ ရှက်ကိုးရှက်ကန်း မျက်နှာလေးနဲ့ တံခါး ထဖွင့်ပေးတယ်၊ ကျွန်တော်တို့ နေ့စဉ် တွေ့နေရတဲ့ မျက်နှာပေးနဲ့ တခြားစီ တစ်ရုပ်စီပဲဗျ''

ဦးမင်းဟန်မှာ သူ့ရင်ထဲရှိသမျှ ဖွင့်အန်လေ၏။

''သူ့သဏ္ဌာန်ဟာ ကျွန်တော့် မျက်စိထဲမှာ ဘယ်တော့မှ ပျောက်လို့ရမှာ မဟုတ်ဘူးဗျာ''ဟု ပြောလိုက်မိသည်။ ကိုထွန်းသည် လက်ခုပ်တီးကာ အားရပါးရ အော်ရယ်လိုက်သည်။

ဦးမင်းဟန်မှာ အပြောရပ်သွားလျက် ကိုထွန်းအား ပြူးပြူးကြီး ကြည့် နေသည်။

ကိုထွန်းမှာ အားရအောင် ရယ်ပြီးမှ အစအဆုံး ကြားသိချင်ကာ 'ဆက်ပါဦးဗျ'ဟု ပြောလိုက်သည်။

ဦးမင်းဟန်က ဆက်ပြောပြန်သည်။ မေရီအား ဇာစ်မြစ်ကို ဖွတ်မေး ကြည့်သည့် နေရာသို့ ရောက်လျှင် ကိုထွန်းမှာ သူ့ခေါင်းကို တဆတ်ဆတ်ညိတ် လျက် သူ့ပေါင်ကို လက်ဝါးနှင့် တွင်တွင်ပွတ်နေသည်။ သူ့စိတ်ထဲ၌ ဦးမင်းဟန် က မေရီကို အလျှော့ပေးရပုံမှာ အားမလို အားမရ ရှိလှသည်။ မေရီက အလုပ် အဝတ်အစားနှင့် တက်လာခြင်း၊ ဦးမင်းဟန်အား သူ့ကို ဇာစ်မြစ် မမေး ရန် ပိတ်ပင်တားမြစ်ခြင်းများကို တစ်ခုစီ ဆက်စပ်တွေးတော စဉ်းစားလျက် လျှို့ဝှက်ချက်တစ်ခု၊ အကြောင်းတစ်ခုဟု ထင်မြင်လာသည်။

''ကျွန်တော်တို့ သဘောတရားရေးဆရာကြီး ကိုသန်းအေးရဲ့ တွက် ကိန်းဟာ မှန်ချင်မှန်လိမ့်မယ်ဗျ၊ အလုပ်စည်းကမ်းက စည်းကမ်းပဲ၊ သူ့ကိုယ် သူ မိန်းကလေးတစ်ဦးရယ်လို့ စည်းကမ်းကြီးကြီးထားတာဟာ သူ့ဇစ်မြစ်မပေါ် အောင် ကာကွယ်နေတာလည်း ဖြစ်ချင် ဖြစ်မယ်၊ ဒီအလုပ်ကို အကြောင်းတစ်ခုခု



ကြောင့် အရဲ့စွန့် လာလုပ်နေတာပဲလို့ ယူဆရမယ်။ ဒီအတိုင်း မှန်ရင်တော့ သနားစရာပဲဗျာ''

နှစ်ဦးစလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြသည်။ ဦးမင်းဟန် မှာ ပျောက်၍ မရနိုင်သော စန္ဒရားတီးနေသော သဏ္ဌာန်လေးကို တဝဲလည် လည် မြင်နေလျက် သူ့မျက်လုံးမှာ မတောက်မပ မှုန်မှိုင်းနေသည်။

''စန္ဒရားအတီး တော်တော်ဖြောင့်သလား၊ ကိုသန်းအေး လက်မျိုး လား''

ကိုထွန်းက စပြောလိုက်သည်။

''ညက ကိုသန်းအေးတီးတဲ့ပတ်ပျိုးပဲဗျ၊ ညက တီးတာ သူကြားတယ် ထင်တယ်၊ ဒီပတ်ပျိုးကိုပဲ ပြန်တီးနေတယ်၊ သူ့လက်လည်း မဆိုးပါဘူး၊ ကျွန်တော့်ဗျာ သူ တီးဆိုနေတာ မြင်လိုက် ကြားလိုက်ရတာ အိပ်မက်နဲ့ တူနေတယ်။ ချက်ချင်း အဝတ်လဲပစ်တော့ စောစောက သူ့ကို မြင်ခဲ့ရပုံဟာ အိပ်မက်လိုပဲ ဖြစ်သွားတယ်''

''အင်း-ခင်ဗျားတော့''

ကိုထွန်းသည် စကားကို မဆက်ဘဲ ဖြတ်ထား၏။ လက်ပိုက်လိုက် ကာ ခြေကိုဆန့်လျက် ဦးမင်းဟန်အား အဓိပ္ပာယ်လေးနက်စွာ ကြည့်၍ နေလေသည်။

ဦးမင်းဟန်က စိတ်အားလျှော့သံဖြင့် ပြန်ပြောလိုက်ရာ သူ့စကားမှာ ပြတ်တောင်းနေသည်။

''ကျွန်တော်တော့''

ကိုထွန်းက မှိထားသော ခါးကို ခွာလျက် ပြူးကြည့်လိုက်သည်။

''ကျွန်တော်တော့ ဘာဖြစ်သလဲ ပြောပါဦးဗျ၊ ခင်ဗျား မေရီကို အစွဲကြီး စွဲနေပြီထင်တယ်၊ ဟုတ်လား ဟင်''

ဦးမင်းဟန်က တစ်စုံတစ်ရာ အဖြေ မပေးချေ။

ကိုထွန်းမှာ ဦးမင်းဟန်၏ တင်းမာနေသော မျက်နှာကိုကြည့်လျက် သက်ပြင်းချလိုက်သည်။

''ခင်ဗျား အမယ်ကြီးက လက်ထပ်ဖို့ နားပူနေပြီလား၊ ရိရိကရော''ဟု မေးပြန်သည်။

Scanned by CamScanner

ဦးမင်းဟန်သည် နဖူးပေါ်သို့ လက်တင်လိုက်ကာ ကိုထွန်းနှင့် မျက်နှာချင်း မဆိုင်နိုင်သော နေရာသို့ ကြည့်လျက် ပြန်ပြောသည်။

''နားပူနားဆာတော့ မလုပ်သေးဘူး၊ စကားထဲတော့ မြန်မြန် ကိစ္စပြီးချင်တာတွေ ထည့်ပြောလာပြီ၊ သူ့သမီးကိုလည်း တစ်ခါတည်း အပျိုကြီး လုပ်ခိုင်းထားတယ်''

ဦးမင်းဟန်သည် ရီရီ့မိခင် လိုက်လာပြီးနောက် ရီရီဆီသို့သွားနေရသည်။ ရီရီမှာ ယခင်ကနှင့် လုံးဝ မတူဘဲ ပြောင်းလဲနေသည်။ တစ်ခေါက်နှင့် တစ်ခေါက် မတူအောင် ခြားနားပြောင်းလဲနေသည်။ အနေအထိုင် အပြောအဆို အစခပ်သိမ်း ကလေးနှင့် မတူရအောင်ပြင်ကာ သူ့ကိုယ်သူ ဇရာမ အပျိုကြီးလိုလုပ်၍ နေသည်။

ဦးမင်းဟန် လာမည့်နေ့၌ ကြော့နေအောင် ဖြီးလိမ်းဝတ်စားထားသည်။ နားက နားဆွဲလည်း ဖြုတ်လိုက်သည်။ ကျစ်ဆံမြီးလည်း မကျစ်တော့ချေ။ ဆံပင်ကို ရွှေဘီးလေးဖြင့် နောက်ပြန်ပတ်ထားလျက် မျက်ခုံးမွေးကို နက်နက်ဆွဲကာ နှုတ်ခမ်းကို ရဲရဲဆိုးထားသည်။ ပြင်သထားပုံမှာ အသက်နှင့် လူနှင့် မလိုက်အောင် ရင့်ရော်ရော် ဖြစ်နေသည်။ သူ့အမေအနားတွင် လာထိုင်ကာ ခါတိုင်းကဲ့သို့ ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း မရှိဘဲ မျက်လွှာကလေးချလျက် ရှက်သလို ကြောက်သလို ဟန်လုပ်နေတတ်သည်။ ကလေးဂိုက်မှ အပျိုကြီး ဂိုက်သို့ နေ့ချင်းညချင်းပင် ပြောင်းသွားခြင်းကြောင့် ဦးမင်းဟန်မှာ အံ့ဩနေရသည်။

''ငယ်ပါသေးတယ်လို့ စကားလွှန်ထားတော့ မငယ်ကြောင်း ပြရတာ ထင်ပါရဲ့၊ အိမ်မှာ မေရီရှိနေတော့လည်း အဘွားကြီး စိုးရိမ်ချင်လည်း စိုးရိမ်စရာပေါ့ဗျာ''

ဦးမင်းဟန်မှာ သူ့အခြေအနေကို သုံးသပ်လျက် ခပ်မဆိတ်နေလေသည်။ ကိုထွန်းမှာ ဦးမင်းဟန်၏ အခက်အခဲကို စဉ်းစားလျက် စိတ်မကောင်းဖြစ်နေကာ တုတ်တုတ်မျှ မလှုပ်ချေ။ သူသည် စကားစလို၏။ သို့သော် ဘယ် စကားစရမည် မသိပေ။

ဦးမင်းဟန်က 'ကျွန်တော့် အကြောင်းပဲဗျာ'ဟု စကားဆုံးလိုက်သည်။



သူ့အသံမှာ ညည်းညူသံနှင့် ယိုးမားလောက်အောင် မှုပျက်နေသော အသံမဟုတ်၊ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလျက် လှစ်ဟလိုက်သော စကားသံ ဖြစ်သည်။

ကိုထွန်းက 'ဘယ်လိုဗျ'ဟု မေးမိသည်။ ဦးမင်းဟန်၏ ဆုံးဖြတ်ချက်မှာ သန်းလာသော စကားရိပ်ကို ရှင်းရှင်းသိချင်သဖြင့် မေးမိသည်။ သည်ထက်ပို၍ ကောင်းသော စကားကို သူ ရှာ၍ မတွေးတတ်တော့ ပေ။

''ရီရီကို ကျွန်တော် ယူရတော့မှာပေါ့''

ဦးမင်းဟန်သည် အသံဩဇာ ကင်းမဲ့သော လေသံပျော့ပျော့နှင့် ယတိပြတ် ပြောလိုက်သည်။

❐

## ၁၀

မိုးပေါက်တို့သည် မရပ်မနားဘဲ တဖြောက်ဖြောက် ကျနေသည်။ တဖြောက်ဖြောက်သံမှာ သာယာညင်းပျောင်းရှိ၍ ရင်တွင်းရှိ အဆွေးမှာ ကြွလာသည်။ လေသည် မီးဖိုတံခါးပေါက်တွင်းသို့ ဝင်နေသည်။ တံခါးချိတ်မရှိ၍ တံခါးမှာ ပွင့်လိုက်၊ ပိတ်လိုက်ဖြင့် တဖြည်းဖြည်း မြည်ရိုက်နေသည်။ မိုးသံကား တံခါးပုတ်သံနှင့် အဖော်ပြု၍ နေသည်။ မိုးသံလေသံတို့သည် သကြိ်န် အခါကိုဖွဲ့၍ အလွမ်းသယ်နေကြသည်။

မေရီမှာ ထမင်းအိုးကို ငှဲ့နေရင်း မီးဖိုတံခါးပေါက်သို့ မကြာခဏ လှည့်ကြည့်သည်။

ထမင်းချက်အဘိုးကြီးမှာ ခြေထောက်အနာကြီး ပေါက်ကာ မထောက်နိုင်အောင် ရှိနေ၍ ဆေးရုံတက်နေ၏။ မေရီမှာ မီးဖိုထဲတွင် ခန္တမာ ဖြစ်နေပြန်သည်။ ဘွိုင်ကလည်း ဟုတ်တိ ပတ်တိ မချက်တတ်၊ အိမ်ရှေ့အလုပ်များ တစ်ဖက်ရှိ၍ ကိုယ်တိုင် မီးဖိုထဲ ဝင်ချက်ပေးရသည်။

တစ်အိမ်လုံးပင် မေရီကို အားနာနေကြသည်။ ဟင်းလျာဝယ်ရန် ကိုဘစိုးနှင့် ကိုဝင်းမောင်က ဈေးသွားပေးကြသည်။ ဦးမင်းဟန်မှာ မေရီ ချက်ပြုတ်ကျွေးနေသော ထမင်းဟင်းများကို အားနာနာဖြင့် စားနေရသည်။ ဟင်းများမှာ ထမင်းချက် အဘိုးကြီးထက် အချက်ကောင်းသဖြင့် ပါးစပ်ထဲတွင် အရသာရှိရှိဖြင့် အားရတင်းတိမ်ကြသည်။



ကိုဘစိုးနှင့် ကိုဝင်းမောင်မှာ အိပ်ရာမှ အစောကြီးထကြရကာ မေရီ ရေးပေးလိုက်သော စာရင်းအတိုင်း လွယ်အိတ်တစ်လုံးနှင့် ဈေးဝယ်ထွက်ကြသည်။ မေရီမှာ ဈေးဝယ်သွားသူတို့ မိုးမိနေ၍ ဈေးပြန်နောက်ကျလျှင် ရုံးမမီမှာ စိုးရိမ်ပူပန်နေသည်။ ထမင်းအိုး ငှဲ့နေရင်း တဖြောက်ဖြောက်ကျနေသော မိုးသံကို နားစွင့်လျက် စစ်ဖြစ်တာ နှစ်နှစ်ပြည့်ပေါ့ဟု တွေးမိသည်။ လှကို သတိတရရ လွမ်းဆွတ်လာသည်။ သကြိ်န်ရေ ကြောက်တတ်သော လှကို သက်သက်က တစ်နှစ်တစ်ခါ ရေလောင်းစမြဲ ဖြစ်သည်။

ထမင်းအိုးကို မီးဖိုပေါ်သို့ ပြန်တင်လိုက်ကာ မီးခဲဖြင့် နပ်ထားလိုက်သည်။ အင်္ကျီလက်မောင်းပင့်လျက် ငရုတ်သီးတောင့်များကို ရေထဲမှ ဆယ်လိုက်ကာ ကျောက်ပြားပေါ်၌ ပုံ၍ ကြိတ်ရလေ၏။ နဂိုက ဗမာအိမ် မဟုတ်၍ ငရုတ်ဆုံ မရှိချေ၊ ကျောက်ပြားပေါ်၌ ကျောက်တုံးနှင့် ကြိတ်နေမကျ၍ မေရီမှာ အတော်ပင်ပန်းသည်။ ဈေးက လာကြလျှင် တစ်အိုးပြီး တစ်အိုး ကောက်တည်သွားရန် အဆင်သင့်ဖြစ်အောင် လုပ်ရသည်။

ကိုဝင်းမောင်နှင့် ကိုဘစိုးတို့ နောက်ဖေးပေါက်မှ လှည့်ဝင်လာကြသည်။ သူတို့တစ်ကိုယ်လုံး စိုရွှဲလာကြသည်။ ဈေးလွယ်အိတ်ကြီးကို ချလျက် ကပျာကယာ အဝတ်သွားလဲကြကာ မီးဖိုထဲသို့ ပြန်ဝင်လာကြသည်။ မေရီ ကြိတ်နေသော အနား၌ ကိုဝင်းမောင် လာရပ်ကာ 'ပေးပါ ကျွန်တော် ကြိတ်ပေးပါ့မယ်'ဟု ပြောလိုက်သည်။ မေရီက 'နေပါစေ'ဟု အတန်တန် ပြော၏။ ကိုဝင်းမောင်မှာ ဇွတ်ကပ်တောင်းနေ၍ နောက်ဆုံး ကျောက်တုံးကို ပေးလိုက်ရသည်။ ကိုဝင်းမောင်သည် ဗလကောင်းကောင်းဖြင့် ငရုတ်သီးများ ညက်နေအောင် တအားဖိလို့မ့်ကြိတ်လေ၏။

မေရီသည် လွယ်အိတ်ထဲမှ ပစ္စည်းများကို တစ်ခုစီ ဆွဲထုတ်ကာ စားပွဲခုံကြီးပေါ်သို့ တင်လိုက်သည်။ လွယ်အိတ်ထဲမှ ထွက်လာသော ပဲပင်ပေါက်များမှာ မကုန်နိုင် မခန်းနိုင်အောင် တစ်ပုံတစ်ပင်ကြီး ဖြစ်နေသည်။

"မမ မှာတဲ့အတိုင်းပဲ အားလုံး ရတယ်၊ ဗိုလ်စားပဲ မရလို့ ဟိုလူက ပဲပင်ပေါက် ဝယ်တယ်"

ကိုဘစိုးမှာ မိမိနှင့် ရွယ်တူ တန်းတူလောက်ရှိသော မေရီကို မိန်းမပျိုမိန်းမရွယ်တစ်ယောက်ဖြစ်၍ ခေါ်ရဲပြောရဲ ရှိအောင် တမင်ပင် အရိုအသေပေး၍ မမဟု ခေါ်သည်။

Scanned by CamScanner

"ပဲပင်ပေါက်က အများကြီးပဲကို အမြီးဆိတ်ရတော့ အချိန်သိပ်ကြာတယ်။ အမြီးမဖြတ်ရင်လည်း ဟင်းပွဲထဲမှာ အမျှင်တွေ ရှုပ်ထွေးနေမယ်"

"ကျွန်တော် ခြွေပေးပါ့မယ်၊ ကြက်ကတော့ တစ်ပိဿာမကဘူး၊ သူများ ဦးသွားလို့ အကောင်ကြီးပဲ ရခဲ့တယ်"

မေရီမှာ ကြက်ကြီးကိုကြည့်ကာ စိတ်ပျက်မိသည်၊ ကြက်မှာ အတော်ရင့်နေသည်။ ရုံးချိန်မီ နူးလွယ်နပ်လွယ်ရန် အကောင်ငယ်ငယ် မှာလိုက်ခါမှ အကြီးကြီး ဝယ်လာကြသည်။

သခွားသီး၊ အာလူး၊ ကြက်ဥ၊ ပုစွန်ထုပ်၊ သံပရာသီး၊ ဆန်ကြာဆံ၊ ကရဝေး၊ သစ်ကြံပိုး။

မေရီသည် ပစ္စည်းများကို စားပွဲပေါ်၌ချကာ ဈေးဖိုးတွက်လျက် ဈေးစာရင်းစာအုပ်ထဲ၌ ရေးမှတ်သည်။ ကိုဘစိုးမှာ အလေးချိန်နှင့် အဘိုးကို တစ်မည်စီ လျှောက်ပြောပြပြီး လက်ကျန်ပိုက်ဆံကို အပ်လိုက်သည်။ မေရီသည် ဈေးစာရင်း ရေးမှတ်ပြီး ဟင်းမည်များကို မနက်အတွက်၊ ညအတွက် ခွဲလိုက်သည်။

ကိုဘစိုးသည် ခွေးခြေကို ဆွဲထိုင်လျက် ဇလုံထဲမှ ပဲပင်ပေါက်များကို တစ်ပင်စီကောက်ကာ အမြီးဆိတ်ခြွေပေးနေသည်။ ကိုဝင်းမောင်မှာ ငရုတ်သီးညက်သွား၍ ကြက်သွန်ဖြူ၊ နီ၊ ချင်းနှင့် မဆလာပစ္စည်းများ ကြိတ်ရန် ပေါင်းပုံထားသမျှ ယူကြိတ်လေ၏။ မေရီမှာ ကြက်ကိုင်ရန် ပြင်ဆင်လိုက်သည်။

မီးဖိုထဲ၌ မတ်တတ် မီးဖိုချက်ကာ စားပွဲခုံဖြင့် မတ်တတ်လုပ်ရ၍ အဝတ်အစားမကြေ၊ ခေါင်းပတ်ဖြူ ပိုးထဘီစိမ်းနှင့် သပ်သပ်ရပ်ရပ် ဝတ်ထားသော မေရီမှာ အလှမပျက်၊ အိပ်ရာခင်းပိတ်ရိုရိုတစ်ခုကို အသားကောင်းဆုတ်ကာ အဝတ်ပိုင်းကို ဒူးဆစ်နားအထိ ရှေ့မှ အစချပတ်လျက် ခါးနောက်၌ ချည်ထားသည်။

မေရီသည် မီးဖိုအလုပ်ကို မကြောက်၊ ဝန်မလေးသလို အမှုမထားပုံပေါက်၏။ မီးဖိုအလုပ်ကို သူ့လက်ကလေးနှစ်ဖက်သာ အပေအရေခံကာ ကောက်လုပ်သွားလျက် သူ့ကိုယ်မှာ ရှုရှုကလေးနေသည်။ သူ့ကိုယ်နှင့် မီးဖိုအလုပ်ကို ခွာ၍ ထားသည်။

ကိုဘစိုးသည် စားပွဲပေါ်၌ မေရီ ကြက်ကိုင်နေပုံကို ပဲပင်ပေါက် အဖျားခြွေရင်းမှ လှမ်းကြည့်နေသည်။



ရေစင်စင် ဆေးထားသော စဉ်းတီတုံးတစ်တုံး၊ ဓားတစ်လက်၊ ဇလုံတစ်လုံး စားပွဲပေါ်၌ တင်လိုက်ကာ ကြက်ကို အကောင်လိုက်ဖျက်လိုက်၏။ တောင်ပံနှစ်ဖက်နှင့် ပေါင်နှစ်ဖက်ကို ဖြုတ်လျက် လည်ချောင်းရိုးဖြတ်ကာ ရင်ပုံကိုခွဲချလိုက်ပုံမှာ တစ်ချက်ခုတ်တစ်ချက်ဖြတ်နှင့် ကြက်ဖျက်ပုံ မြန်ဆန်လှသည်။ ကြက်ကြီးမှာ ကြည့်နေရင်း ဖြုတ်ဖြုတ်နှင့် အကောင်ပျက်သွားကာ ဝမ်းဗိုက်ထဲမှ အူများ ပြုတ်ထွက်လာကြသည်။

စားပွဲခုံကြီးဘေးရှိ ရေတိုင်ကီခွက်အောက်၌ အပိုင်းများကို ရေနှင့် သွက်သွက်ဆေးပြီးမှ စဉ်းတီတုံးကလေးပေါ်တင်လျက် အလိုရှိသလို အရိုးတခြား၊ အသားတခြား ခုတ်ပိုင်းသည်။ ဓားကိုင်ပုံမှာ အလွန်ကျင်လည်လေသည်။ အလုပ်ရည်ဝနေသော လက်နေလက်ထားမှာ ဝင့်နေလျက် ဆုပ်ကိုင်ထားသည့် ဓားမှာ ဟန်ပါပါဖြင့် ပြနေပေသည်။

ခုတ်ပြီးသား အရိုးနှင့်အသားမှာ ဒန်အိုးနှစ်လုံးထဲသို့ ရောက်သွားသည်။ ကြက်ကိုင်ပြီး ပုစွန်ထုပ်နှင့် ဝက်သားကို ဆက်ကိုင်သွားကာ တစ်ခဏအတွင်း သားခုတ်ဓားရော၊ စဉ်းတီတုံးရော ဆေးပြီး သိမ်းပြီးဖြစ်သွားသည်။

ကိုဝင်းမောင်မှာ ငရုတ်သီး မဆလာကြိတ်ပြီးသွား၍ ကိုဘစိုးအနားတွင် ခွေးခြေတစ်ခုဆွဲထိုင်ကာ ပဲပင်ပေါက်ကို ဝိုင်းခြွေပေးရသည်။

မိမိအား ဘွိုင်နှင့် ထမင်းချက်နှင့် တစ်တန်းတည်း မထားကြဘဲ မိမိနှင့်အတူတကွ မီးဖိုထဲသို့ဝင်ကြကာ ဝိုင်းဝန်းကူညီလုပ်ပေးကြသော အိမ်သားများ၏ စေတနာကို လေးစားလျက် ကျေးဇူးတင်မိသည်။

မေရီမှာ တစ်အိမ်သားလုံး သူ့ကို မေတ္တာထားကြမှန်းသိသည်၊ နေရာထားကာ လေးစားကြမှန်းလည်း သိသည်။ သူတို့နှင့် ပလူးပလဲ အရောတဝင် မနေသည့်တိုင် သူတို့ပေါ်၌ အလုပ်ဝတ္တရားအနေသာမက မေတ္တာရှေ့ထားလျက် စိတ်ချမ်းသာကြစေရန် အမြဲမပြတ် စိတ်စောလျက်ရှိရသော မေရီ၏ မေတ္တာစေတနာမှာ လေးနက်ထိရောက်နေသည်။

အိမ်ကို အုပ်ချုပ်စီမံခန့်ခွဲသည့် အလုပ်မှတစ်ဆင့် ရာထူးလျှော့လျက် မီးဖိုထဲဝင်ချက်နေရပုံကို မကြည့်ရက်ကြသကဲ့သို့ အနေသာကြီး မနေသာဘဲ ဝင်ကူပေးနေသော သူတို့၏ မေတ္တာကို ခံစားရသည်။ ရင်ထဲ၌ တစိမ့်စိမ့် ခံစားမိလျက် သူ့မေတ္တာမှာလည်း အိမ်သားများအပေါ်တွင် တဖွားဖွား ပြန်သွန်လျက် ရှိသည်။

စိတ်နေစိတ်ထား ဖြူဖြောင့်စွာ ကိုယ့်စည်းနှင့်ကိုယ်ရှိကာ ဣန္ဒြေသိက္ခာနှင့် အနေကောင်း၊ အကျင့်ကောင်းလျက် မေတ္တာနှင့်စေတနာပါ ထပ်လောင်းထားလေ၍ မေရီမှာ ယောကျ်ားတွေကြားထဲ၌ နေ၍ ထိုင်၍ ဖြစ်ကာ ယောကျ်ားများ၏ ချစ်ကြည်လေးစား ငဲ့ညှာမှုကို ခံယူရသည်။

မေရီသည် မီးဖိုပေါ်၌ ဖိုနှစ်ဖို မီးခွဲလိုက်သည်။ ကြက်သားထဲသို့ ဆားများဝင်အောင် ပယ်ပယ်နယ်နယ်ကြီး နယ်လျက် ကိုဝင်းမောင် ကြိတ်ထားသော ငရုတ်၊ ကြက်သွန်၊ မဆလာတို့ဖြင့် လူးနယ်ပြန်ကာ ဆီသတ်၍ ချက်လိုက်သည်။

ဟင်းချိုတစ်အိုး၊ ကြက်သားဟင်းအိုး တစ်အိုး တည်လိုက်ပြီးနောက် ညစာအတွက် ကြက်ရိုးစွပ်ပြုတ်အိုး၊ ဝက်သားအိုး၊ ပုစွန်အိုးများကို နောက်မှ ချက်ရန် ဖယ်ထားလိုက်သည်။

"ပဲပင်ပေါက်တွေကလည်းဗျာ များလိုက်တာ"

ကိုဘစိုးက ညည်းလိုက်သည်။ မေရီသည် သခွားသီးကို အခွေလိုက် ခွေရစ်လှီးနေရင်း ပြုံးနေသည်။

"ဒီလောက်များလိမ့်မယ်လို့ ဘယ်သိမလဲဗျ၊ ငါးမူးဖိုးပေးပါဆိုတော့ ဆန်ခါခြင်းနဲ့ တစ်လုံး မောက်မောက်ကြီး မှောက်ပေးလိုက်တာပဲ"

ကိုဝင်းမောင်သည် ပြောရင်း မေရီကို ခပ်ရွှံ့ရွှံ့ မျက်လုံးဖြင့် ခိုးကြည့်လိုက်သည်။ မေရီ၏ ပြုံးစစ မျက်နှာလေးကို မြင်၍ စိတ်ရဲလာကာ အားရပါးရ ပြုံးရယ်လိုက်သည်။

"ဒီနေ့မနက်အတွက် တစ်ဝက်လောက်ပဲ ကြော်ပါ့မယ်၊ တစ်ဝက်လောက်ရရင် တော်ပါပြီ၊ ပိုတာတော့ ညအတွက် ကျွန်မလုပ်ပါ့မယ် နေပါစေ"

ကိုဘစိုးသည် မျက်နှာပိုးသတ်ထားသော မျက်နှာဖြင့် စကားကို လျှာလေးလေးဖြင့် ပြောနေသည်။ တစ်လုံးနှင့် တစ်လုံး စကားဆက်ကို စောင့်ပြီး နားထောင်ရသည်။

"ကိစ္စ မရှိပါဘူး၊ ဒီလူဝယ်လာတာ သူ့ကို အကုန်ခြွေခိုင်း၊ ဒါမှ မှတ်မယ်။ ဒါနဲ့ မမှတ်သေးရင် နက်ဖြန် ကျွန်တော်တို့ အခါအတွက် ရုံးပိတ်တယ်၊ ဆန်ခါနှစ်လုံးလောက် မောက်မောက်ကြီး ထပ်ဝယ်ခဲ့ဦးမယ်"

ကိုဝင်းမောင်မှာ ဟားတိုက်လျက် ရယ်လေသည်။ မေရီက ပြုံးလျက်



သာ နေကာ ဘာမျှမပြောချေ။ သူ့အလုပ်ကို ဇယ်စက်သလို တစ်ခုပြီးတစ်ခု ကောက်လုပ်နေသည်။

မီးဖိုထဲသို့ ဘွိုင်ဝင်လာ၍ ချက်ရင်းပြုတ်ရင်းမှ အိမ်ရှေ့အလုပ်များ ပြီး၊ မပြီး စစ်ဆေးလိုက်သည်။ ဘာပြီး ဘာလုပ်ရန် ထပ်၍ ညွှန်ကြားလိုက်သေးသည်။

ကိုဘစိုးသည် ပဲပင်ပေါက်ကို တစ်ပင်စီ အမြစ်သင်နေရာမှ ညောင်းလာ၍ ခါးကြီးဆန့်လိုက်ကာ 'ဒီလူ့ကိုပဲ အကုန်ကြော်ကျွေးလိုက်စမ်းပါ' ဟု မေရီအား လှမ်းပြောလျက် ကုန်း၍ သင်ခြွေပြန်သည်။

မေရီသည် ဟင်းချိုအိုးဆူခါနီး၍ နောက်ဖေး ခြံဝင်းထဲသို့ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ အပြင်၌ မိုးစဲသွားကာ မိုးဖွားကလေးများသာ ကျနေသည်။ နောက်ဖေးမီးဖိုဆောင်နှင့် မနီးမဝေးတွင် ပျိုးခင်း ငါးခုခင်းလျက် ရုံးပတီ၊ ချဉ်ပေါင်၊ ဂေါ်ဖီနှင့်ကြက်သွန်နီ၊ နံနံပင်စသည့် စားပင်သောက်ပင်များ စိုက်ပျိုးထားသည်။ စရိတ်အကုန်အကျ သက်သာလျက် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ စားကြရသည်။

ချဉ်ပေါင်ပင်မှ ချဉ်ပေါင်ရွက်များခူးခဲ့လျက် ကော်ဖီထုပ် ခပ်ရွယ်ရွယ် တစ်ထုပ်ပါ အလိုရှိ၍ မာလီက ဖြုတ်ပေးလိုက်သည်။ မေရီသည် တစ်ခြံလုံး ရှင်းလင်း ပြုပြင်စေလျက် ရာသီအလိုက် ပန်းမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံတို့ စိုက်ပျိုးစေသည်။ မာလီကုလားမှာ အလုပ်ချိန်တွင် အလုပ်နှင့်လက်မပြတ်အောင် မြေပေါက်၊ မြေဆွ၊ နွားချေးထည့်၊ ရေလောင်းဖြင့် မနားမနေ လုပ်နေလေသည်။ စိုက်ပျိုးသမျှ သစ်ပင်များကို မေရီက လိုက်လံကြည့်ရှုလျက် ဘယ်နေ့ ဘယ်အပင်က ပွင့်ဖူးသီးငုံကာ အရွက်အခက် ထွက်မည်၊ နုမည်ကို ကြည့်မှတ်၍သာ နေသည်။

ဟင်းချိုအိုးထဲသို့ ချဉ်ပေါင်ရွက်များ ခတ်လိုက်သည်။ ကြက်သားဟင်းအိုးမှ အနံ့တထောင်းထောင်း ထွက်လာကာ မဆလာနံ့မှာ သင်းကြိုင်နေသည်။

"ကြည့်မြင်တိုင်ဘက်မှာ စပါးနက်ဆန်အိတ်တစ်အိတ် ငါးဆယ့် ငါးကျပ် ဖြစ်သွားပြီ၊ ရွှေဂုံတိုင်မှာ ခြောက်ဆယ်ကျော်နေပြီ"

ကိုဝင်းမောင်နှင့် ကိုဘစိုးတို့ ဆန်ဈေးတက်ကြောင်း ပြောနေရာ မေရီမှာ အံ့အားသင့်သွားသည်။ လဆန်းလောက်က ဆန်တစ်အိတ် ၂၉ မျှသာ

Scanned by CamScanner

ပေးရသည်။ ယခုနှုန်းအတိုင်း တက်ပုံဆိုလျှင် ဆန်တစ်အိတ် နှစ်ရာ သုံးရာများ ပေးရမလားဟု တွေးပူမိသည်။

"ကမ်းနားမှာ ဝယ်ရင်ရော ဘယ်ဈေးလို့ ကြားခဲ့ပါသလဲ"

ကိုဘစိုးသည် မေရီ၏ ပူပန်ကြောင့်ကြသွားသော မျက်နှာကလေးကို ကြည့်လျက် လျှာလေးလေးဖြင့် ဈေးထဲက ကြားခဲ့သမျှ ကုန်ဈေးနှုန်းသတင်းကို တသီတတန်းကြီး ရွတ်ပြောပြသည်။

"ကမ်းနားမှာကိုပဲ ခြောက်ဆယ်၊ ခုနစ်ဆယ် ဖြစ်နေပြီ၊ ထင်းဈေးက ဒီနေ့ ငါးဆယ်အထိ တက်ပြီ၊ တောထင်း သုံးဆယ်၊ ဆီဈေးက လက်လီ နှစ်ဆယ့်ငါးကျပ်၊ ကြက်သွန် ဆယ့်နှစ်ကျပ်၊ ပဲပြုတ် တစ်ပိဿာ သုံးကျပ်"

မေရီမှာ စားစရိတ်တက်ကာ အကုန်အကျ ပိုများလာမှာကို ကျိတ်၍ ပူပင်သွားသည်။ တစ်အိမ်လုံး၏ အိမ်စရိတ်ကို ခန့်ခွဲကာ လောက်ငအောင် သုံးစွဲနေရသူဖြစ်၍ ခေါင်းခဲသွားသည်။ လှအတွက်လည်း လှမ်း၍ ပူပင်မိသည်။ ဘယ်လောက်များ အဆင်းရဲခံနေရလဲဟု တွေးလိုက်မိ၍ ရင်ထဲ၌ မသက်မသာ ဖြစ်သွားသည်။

"ပြည်တွင်းကုန်တွေကို ဈေးမတက်အောင် အစိုးရက ထိထိရောက်ရောက် လုပ်ပေးရင် ဒီလောက် မတက်ဘူးဗျာ၊ အခုတော့ ပြဿနာကို အခြေက မကိုင်ဘဲ တစ်ဝက်တစ်ပျက်နဲ့ ရစ်သီရစ်သီသာ လုပ်နေကြတယ်၊ ပြဿနာကို ဖြို့ခွင်းမပေးနိုင်ကြဘူး"

ကိုဝင်းမောင်က အစိုးရပေါ် ပုံချလိုက်သည်။ ဝန်ကြီး၏အပါးတော်မြဲ ကိုဘစိုးက အစိုးရပေါ် လုံးလုံးပုံမချရန် ပြောပြသည်။

"အစိုးရအပြစ်ချည်း မဟုတ်ဘူးဗျ တိုက်ရိုက်ကြီးလေးတဲ့အပြစ်ရှိသူက အစိုးရအမှုထမ်း အရာထမ်းတွေပဲဗျ၊ အစိုးရက အကောင်းဆုံး စေတနာနဲ့ လုပ်တဲ့ အလုပ်တစ်ခုကို သူတို့ကြောင့် အဆိုးဆုံးအဖြစ် ရောက်တာတွေလည်း အများကြီးပဲ၊ နောက်ပြီး ဈေးတက်တယ်လို့ ကောလာဟလ သတင်းကြားရင် ပိုက်ဆံရှိတဲ့လူတွေက အပြေးအလွှား ဝယ်လှောင်တာပဲ၊ စားသုံးဖို့ ဝယ်လှောင်တာ မဟုတ်ဘူးဗျ၊ ဈေးပိုတက်လာရင် အမြတ်ကောင်းကောင်းနဲ့ ရောင်းဖို့ လှောင်တာ"

အိမ်တစ်အိမ်တွင် မီးဖိုချောင် အရေးကြီး၍ ထမင်းချက်အဘိုးကြီး ပြန်လာလျှင် အစစ စစ်စီအောင် လုပ်ပေးဦးမှဟု မေရီက တွေးနေ၏။ ဈေး



တက်သည့် သတင်းများကို နားမဆံ့ကြားလိုက်ရ၍ နောက်တည်ရမည့် ဟင်းအိုးများအတွက် ဆီလောင်းရင်း လက်တွန့်လာသည်။

"ပဲပင်ပေါက်ပဲ များများချက်ပါဗျာ၊ အကုန်သက်သာပါတယ်"ဟု ကိုဝင်းမောင်က ပြောမိ၍ ကိုဘစိုးက "စိတ်ချ၊ နက်ဖြန် ထောင်ပုံရာပုံဝယ်လာမယ်၊ ခင်ဗျား ခြွေဖို့သာ ပြင်ပေတော့"ဟု ပြောလိုက်သည်။

ကြက်သားဟင်းအိုးဆူလာမှ ပဲပင်ပေါက် ခြွေပြီးသွားကြသည်။ ပဲပင်ပေါက်၊ ဂေါ်ဖီထုပ်နှင့် ကြက်အမြစ်၊ အသည်းများနှင့် အစိမ်းကြော်တစ်ပွဲ ကြော်လိုက်သည်။ သရက်သီးကို ကျားလျှာနှင့် ခြစ်လိုက်လျက် သရက်သီးလက်သုပ်တစ်ခွက်အတွက် ကြက်သွန်နီ ဆီသတ်ရပြန်၍ ဆီကုန်ခြင်းကြောင့် ရှေ့တွင် ဟင်းခွက်လျှော့လျက် စားကောင်းအောင် စီစဉ်ရန် တွေးတောစဉ်းစားနေမိသည်။

ကိုးနာရီမထိုးမီ မီးဖိုချောင်ကိစ္စ ပြီးသွားသည်။ မီးဖိုချောင်တစ်ခန်းလုံး ဆေးကြောသိမ်းဆည်းပြီး ဖြစ်သွားသည်။ မီးဖိုပေါ်၌ ညစာအတွက် လုံးထားသော ဟင်းအိုးများကို မီးငွေ့ငွေ့နှင့် ထားခဲ့ကာ ခါးဝတ်ဖြူကိုဖြုတ်လျက် ထမင်းစားခန်းထဲသို့ ကူးလာခဲ့သည်။

ဘို့ရှိင်မှာ ထမင်းစားပွဲပြင်နေသည်။ အိမ်ရှေ့ခြံဝင်းထဲတွင် ဆင်းလျှောက်နေသော ဦးမင်းဟန်ကို လှမ်းမြင်လိုက်သည်။ ဦးမင်းဟန်သည် နေကြာပန်းပွင့်ကြီးများကို ကိုင်တွယ်ကြည့်နေသည်။ ဝင်းဝင်းဝါဝါ အရောင်ကိုမြင်လေတိုင်း မြင်လေတိုင်း တစ်ကြိမ်တစ်ခါက မြင်ခဲ့ရသော မေရီ၏ သဏ္ဍာန်ကလေးကို အမှတ်တရ ဖြစ်နေသည်။

လှပနေသော ခြံဝင်း၏ ကျက်သရေကို ကြည့်ရင်း မိန်းမတစ်ဦး၏ ထူးခြားသည့် အရည်အချင်းတန်ဖိုးကို နှုန်းဖြတ်ကြည့်သည်။ ခြံထဲဆင်းလာလျှင် စိတ်ချမ်းသာရ၏။ စားရသည်လည်း ဖွယ်ဖွယ်ရာရာ၊ အရသာနှင့် ပြည့်စုံသည်။ ဝတ်ရသည်လည်း ဖြူဖြူစင်စင် အဆင်သင့် အရန်သင့်။

ဦးမင်းဟန်သည် မိန်းမများ၏ ဝိသေသ ထူးခြားသော စွမ်းအားကို ဆင်ခြင်လျက် ထိပ်တန်းကျအောင် နိုင်ငံကို ပြန်လည် ထူထောင်ကြလျှင် ယောကျ်ားမိန်းမ ကိုယ်စီ ကိုယ်စီ တာဝန် အရေးကြီးပုံသိကြမှ၊ ပူးပေါင်းနိုင်ကြမှ ထူထောင်မှု လုပ်ငန်းတွေမှာ လွယ်ကူမြန်ဆန်လိမ့်မည်ဟု သဘောပေါက်နေသည်။

မေရီသည် ဧည့်ခန်းထဲသို့ ကူးသွားကာ ဘွိုင်နှင့်ဂျာဒူးတို့ လုပ်ထားပုံ နေရာကျ မကျ လိုက်ကြည့်သည်။ အထားအသို ရွဲ့နေ ရွေ့နေက မသိမသာ လေး ရွဲ့ရွေ့နေသည်ပင် ဖြစ်စေ ဘွိုင်ကို ခေါ်ပြကာ ပြန်လုပ်ခိုင်းတတ်သဖြင့် ဘွိုင်မှာ နှစ်ခါပြန်မလုပ်ရအောင် သေသေချာချာ ဂရုတစိုက် လုပ်ရသည်။

ကိုးနာရီခွဲတွင် ထမင်းပြင်သည်။ ထမင်းပွဲကြီးတွင် ထိပ်မှထိုင်နေသော ဦးမင်းဟန်ကစ၍ မေရီအား အားနာစကား ပြောသည်။

"ကျုပ်တို့အတွက် ချက်ရပြုတ်ရနဲ့ ဒုက္ခများနေတာ အားနာပါတယ်"

ဦးမင်းဟန်မှာ မေရီကို စကားပြောလျှင် ပြောမည့် စကားကို မပြောမီ စဉ်းစားပြီးမှ ပြောသည်။ မေရီနှင့် မျက်နှာချင်းဆိုင်အကြည့်ကို ရှောင်နိုင်သမျှ ရှောင်နေသည်။ အမူအရာလည်း ပြောင်း၏။ ပြင်ပြောင်းသွားသော အမူအရာများမှာ အမူအရာပျက်နေသကဲ့သို့ ရှိ၍ မေရီမှာ ဦးမင်းဟန်အား တစ်စ တစ်စ အကဲခတ်လာသည်။

ထိုနေ့ကသာလျှင် မိမိပေါ်၌ ကြည့်ပုံ ပြောပုံတွေ ထူးခြားနေလျက် နောက်နေ့မှစ၍ ယနေ့သို့တိုင်လာအောင် ထိုကဲ့သို့အပြောမျိုး၊ ထိုကဲ့သို့ အကြည့်မျိုး မပေါ်ရုံမက မိမိက အလုပ်ကိစ္စနှင့် ပြောရဆိုရသည့်အခါ၌ ဦးမင်းဟန်ထံမှ တိုတိုပြတ်ပြတ် အဖြေသာထွက်လာသည်။ အခန်းထဲဝင်သွားလျှင် မျက်နှာကိုလွှဲကာ တစ်နေရာရာထသွားလျှင် ထသွားတတ်လျက် တစ်ခုခု ထလုပ်လျှင်လည်း လုပ်နေတတ်သည်။

မေရီအား ကျွန်တော်နှင့် မပြောကော့ဘဲ 'ကျုပ်'ချင်းထပ်အောင် ပြော၏။ သူ့အသံမှာ နဂိုသံမဟုတ်၊ လုပ်၍ ပြောနေသောအသံ၊ သူနေပုံမှာ နဂိုနေမနေ ပြင်၍ နေသောအနေ၊ သူ့အကြည့်မှာ နဂိုကြည့် မကြည့်၊ မကြည့်တကြည့် ကြည့်၏။ အထူးခြားဆုံး ပြောင်းသွားသောအချက်မှာ သူ့မျက်နှာထား ဖြစ်သည်။ မျက်နှာထားမှာ မှုန်မှုန်သုန်သုန်နှင့် တင်းမာနေသော မျက်နှာဟု ရုတ်တရက်ထင်ရသည်။ သတိထားကြည့်မှပင် အနှာတစ်ခုမှ နာကျင်ခြင်းဝေဒနာ ကို နာကျင်စွာ အောင့်ခံနေရသော မျက်နှာထားမျိုးနှင့် တူလှသည်။

မေရီသည် ဦးမင်းဟန်အား တစ်စတစ်စ အကဲခတ်လာကာ မသိချင်ယောင်ပြုလေသည်။ သူ့စိတ်ထဲ၌ ဦးမင်းဟန် မပြောင်းနေသည်ဟု ထင်သည့်



နေ့ကစ၍ ကိုယ့်ဘက်မှ ကိုယ့်ကိုယ်ကိုယ် မူမပျက်အနေမပျက်ရန် သတိကြပ်ကြပ်ထားသည်။ သူ့အနေအချိုးနှင့် သူ့ပုံမှန်အတိုင်းပင် တစ်ဖြောင့်တည်း၊ တစ်မတ်တည်း နေထိုင် လုပ်ကိုင်ပြောဆို ဆက်ဆံနေသည်။

မိမိဘက်မှ စိတ်နေစိတ်ထား ပုံမှန်ထားလျက် တစ်ဖြောင့်တည်းရှိသဖြင့် ဦးမင်းဟန်ပါ တဖြည်းဖြည်း နဂိုအနေအတိုင်း ပြန်ဖြောင့်လာလိမ့်မည်ဟုလည်း မျှော်လင့်ထားလေသည်။

ဦးမင်းဟန်အဖို့ ထိုနေ့ ထိုရက်က အဖြစ်အပျက်ကလေးမှာ အဖိုးထိုက်အဖိုးတန် ပန်းပုရုပ်ကလေး တစ်ရုပ်ကို မတော်တဆ ကောက်ရသကဲ့သို့ ဖြစ်သည်။ မင်းထိုက်စိုးတန်ဖြစ်သော ယမင်းရုပ်ကလေးကို လုံလုံခြုံခြုံ သိုဝှက်သိမ်းဆည်းထားလိုက်သည်။

သူ့ဟာသူ တစ်ကိုယ်တည်းရှိသည့် အချိန်အခါတွင် ယမင်းရုပ်ကို မျက်စိရှေ့၌ ချလျက် ပွန်းလျှိုးဝှက်လျှိုး စိုက်ငေးကာနေသည်။ သူ၏ အနှစ်သက်ဆုံး၊ အစွဲလမ်းဆုံး၊ အမက်မောဆုံး ဖြစ်သော ယမင်းရုပ်ကို လူမသိ၊ လူမမြင်အောင် သူ့ရင်ထဲ၌ သိမ်းဆည်း၍ ဝှက်ထားသည်။

သူ့ရှေ့တွင် လှုပ်ရှားသွားလာ လုပ်ကိုင်နေသော မေရီမှာ ယမင်းရုပ်နှင့် ဘဝခြားလျက်နေသည်။ တရေးရေး တစိုက်စိုက် တယုတယရှိရသော သူ့ယမင်းရုပ်ကလေးသာလျှင် သူနှင့် သက်ဆိုင် ပတ်သက်လေသည်။ မေရီမှာ သူနှင့် လုံးလုံးမသက်ဆိုင်၊ မေရီ့ကို မေရီ့အလိုကျအတိုင်း ဆက်ဆံတော့လျက် ယမင်းရုပ်ကလေးကိုမူ သူ့အလိုကျအတိုင်း အမြတ်တနိုး တသသ ဆက်ဆံလျက် ရှိသည်။

ဦးမင်းဟန်မှာ မေရီအား မကြည့်ဘဲ ရေခဲသေတ္တာကြီးကို ကြည့်လျက် အားနာစကားပြောဆိုသည်။

"ကိစ္စမရှိပါဘူး ကျွန်မ တာဝန်ပါပဲ၊ ဒီ အိမ်အလုပ်ဟာ ကျွန်မ အလုပ်တွေပါပဲ"

ဤအိမ်တွင် မေရီ့အောက်၌လုပ်နေသော အလုပ်သမားများအနက် ထမင်းချက် မလုပ်နိုင်လျှင် မေရီမှာ ထမင်းဝင်ချက်ရမည် ဖြစ်၏။ ဘွိုင်မလာလျှင် အိမ်အလုပ်လုပ်ရမည် ဖြစ်၏။ ဘွိုင်ရော၊ ဂျာဒူးရော မလာကြလျှင် တစ်အိမ်လုံး ကိုယ်တိုင်လုပ်လျက် ကိုယ်တိုင် ကြမ်းတိုက်၊ တံမြက်စည်းလှည်းကာ နောက်ဖေးခန်းပါ မကျန် ဆေးကြောရသည်အထိ အားလုံး သူ့တာဝန်ချည်း

Scanned by CamScanner

ကျမှန်း သူ့ကို အလုပ်က ညွှန်းပြီးသား ဖြစ်သည်။ မေရီမှာ ဝက်ဖြစ်မှ မစင်မကြောက်နှင့်တော့ဟု အိမ်ပြဿနာပေါ်လာတိုင်း ရဲရဲကြီး ရင်ဆိုင်လုပ်ကိုင်လေသည်။

ဦးမင်းဟာန်ကစပြောမှ ကိုထွန်းကလည်း ထမင်းစားကောင်းကြောင်း၊ အရသာရှိကြောင်း ရယ်ရွှန်းဖတ်ရွှန်း ဝင်ပြောသည်။

မေရီမှာ သူ့ကို ဘာပြောကြပြောကြ အသင့်အတင့်ပြောသလောက်သာ ပြန်ကြားသည်။ ပြုံးသည်ဆိုရုံလောက်သာ အသင့်အတင့် ပြုံးသည်။ တစ်ချိန်လုံး စားပွဲနား၌ ရပ်စောင့်ကာ လိုလေသေးမရှိ အဆင်သင့်ဖြစ်အောင် စီမံကွပ်ကဲ လုပ်ကိုင်နေသည်။

"အခါတွင်းမှာ မေရီ အနားယူချင်ယူပါ၊ တစ်ခါမှလည်း အပြင်မသွားဘူး၊ တစ်ခါမှလည်း အနားမယူသေးဘူး၊ လေးငါးရက်အနားယူလိုရင် ခွင့်ပေးချင်ပါတယ်၊ ကျုပ်တို့အတွက် သိပ်မကြောင့်ကြပါနဲ့၊ ရုံးပိတ်ထားတော့ လေးငါးရက် ဖြစ်သလို စားကြမယ်"

ထမင်းစားပြီး စားပွဲမှ မထခင် ဦးမင်းဟာန်က ပြောလိုက်သည်။ အားလုံး မေရီအား လှမ်း၍ ကြည့်ကြသည်။

မေရီသည် တွေနေကာ အကြောင်းမပြန်ဘဲ နေသည်။

"သွားပါ မမ၊ ကျွန်တော် ချက်တတ်ပါတယ် ကျွန်တော် ချက်မယ်"

ကိုဘစိုးက ဝင်ပြောသည်။

ကိုသန်းအေးမှာ မေရီကို အနားယူစေလိုသည်။ ရောက်ကတည်းက တစ်နေ့မှ အပြင်သို့မထွက်ဘဲ အိမ်ထဲတွင် တကုပ်ကုပ်နှင့် အလုပ်နဲ့ မပြတ်၊ စက်ကဲ့သို့ သံပတ်လည်နေသော ဘဝကို ညှာတာ စာနာမိသည်။

"ဟုတ်ပါတယ် မေရီ၊ လေးငါးရက်လောက်တော့ သွားပြီး အနားယူပါ၊ နေ့ရှိည၍ အိမ်ထဲက မထွက်ဘဲ လုပ်နေရတာ ငြီးငွေ့စရာကြီး၊ သွားပါဗျာ ကျွန်တော်တို့ ချက်ကြမှာပါ"

ကိုသန်းအေးသည် မိမိဖျားစဉ်က ပြုစုစောင့်ရှောက်သော မေရီအား ခပ်စိမ်းစိမ်းမနေဘဲ ခေါ်ပြောနှုတ်ဆက် လုပ်သည်။ မေရီကိုပြောပြီး ကရုဏာမျက်လုံးဖြင့် လှမ်းကြည့်နေသည်။

မေရီသည် မျက်လုံးကလေးအောက်ချလျက် ငြိမ်သက်စွာရပ်နေသည်။



"သွားရမှာ ကျွန်တော်တို့ကို အားနာနေတယ် မှတ်တယ်၊ အားမနာပါနဲ့၊ ခဏ အနားယူလိုက်ပါ"

မေရီထံမှ စကားပြန်မရ၍ ကိုထွန်းက အားနာနေလို့များလားဟု အားမနာရန် တိုက်တွန်းလိုက်သည်။

"အခါတွင်း အနားယူပြီး စိတ်အေးလက်အေး ဥပုသ်သွားစောင့်ပေါ့ ခင်ဗျာ၊ အဘိုးကြီး မလာခင် ကျွန်တော်တို့ ရှိတယ်"

ကိုဝင်းမောင်က ဆိုပြန်သည်။

ဦးမင်းဟာန်သည် တစ်ချိန်လုံး သူ့ခေါင်းကို စားပွဲခုံ၌ ငုံ့စိုက်ထားလျက် မေရီထံမှ အဖြေကို စောင့်ဆိုင်းနေသည်။

"ကျွန်မ မသွားလိုပါဘူးရှင်၊ ကျေးဇူးတင်ပါတယ်"

မေရီသည် တွေနေရာမှ လေအေးအေးနှင့် ပြောနေစဉ် တစ်ဖက်အိမ်မှ သခင်လှမိုးသည် ထမင်းစားခန်းထဲသို့ ခပ်သုတ်သုတ်ဝင်လာသည်။

သခင်လှမိုးသည် ဝန်ကြီးဘေး၌ ရပ်ကာ ကုန်းလျက် တိုးတိုးတိုးတိုးနှင့် ကပ်ပြောနေသည်။

"ဒီည ဗိုလ်ချုပ်အိမ်မှာ ဟိုကိစ္စ စည်းဝေးရှိတယ်"

သခင်လှမိုးမှာ တော်လှန်ရေးကိစ္စဖြစ်၍ လူမကြားအောင် နားနားသို့ ကပ်ပြောနေသည်။ မေရီသည် ဖျတ်ခနဲ လှမ်းကြည့်လျက် ဗီရိုပေါ်၌ ထပ်ပုံထားသော ပန်းကန်များကိုပင့်ကာ မီးဖိုဘက်သို့ လျင်မြန်စွာ ထွက်သွားသည်။

❐

## ၁၁

လှသည် သက်သက်ကို ဝမ်းသာအားရ ပြေးဖက်လိုက်သည်။

လှ၏ ရင်ငွေ့ဖြင့် သက်သက်မှာ နွေးသွားလေသည်။ လှကိုယ်မှ နွေးသော ကိုယ်ငွေ့တို့သည် ထွက်လျက် နေသည်။

လှသည် နူးညံ့သည့် ကရုဏာသံကလေးဖြင့် 'သက်သက်ရယ်'ဟု မြည်တမ်းကာ မျက်အိမ်မှ မျက်ရည်တို့သည် ဖြိုင်ဖြိုင် စီးကျလာကြသည်။

သက်သက်မှာ သူ့ပခုံးပေါ်၌ ကျနေသော လှမျက်နှာ မျက်ရည်ကို မမြင်ဘဲရှိကာ မျက်လုံး၌ ဝဲချင်လာသော မျက်ရည်ကို မစို့အောင် ထိန်းချုပ်လျက် အလိုက်သင့် လှကို ပြန်ဖက်ထားသည်။

ရိုစီမှာ သက်သက်တို့ကို ကြည့်လျက် ဝမ်းနည်းဝမ်းသာဖြင့် ရင်ထဲ၌ ဖိုနေလေသည်။

လှသည် ရင်ချင်းခွာလိုက်ကာ သက်သက်၏ ပခုံးနှစ်ဖက်ကို ဆုပ်ထားလျက် ပါးပေါ်၌ မျက်ရည်ကြောင်းဖြင့် သက်သက်၏ မျက်နှာကို ပြုံးကြည့်လိုက်သည်။

ကလေးမျက်နှာကလေးကဲ့သို့ မျက်ရည်စနှင့်ပြုံးနေသော လှမျက်နှာကို ကြည့်ရသည်မှာ ရင်ထဲအသည်းထဲ တလှပ်လှပ် တလျုလျု ဖြစ်သွားမိသည်။



"ညက တစ်ညလုံး အိပ်မရဘူး သက်သက်ရယ်၊ ရန်ကုန်ရောက်လာပြီး သက်သက်ကို ချက်ချင်းမတွေ့နိုင်တာ ငိုချင်တာပဲ၊ တစ်မနက်လုံး နာရီပဲ ကြည့်နေရတယ်။ ဆယ့်တစ်နာရီကလည်း ထိုးခဲလိုက်တာ"

လှမှာ သက်သက်ထံသို့ အကြောင်းမကြားဘဲ တိတ်တိတ်ကလေး လိုက်လာ၏။ လှရောက်နေကြောင်း ရိုစီက အကြောင်းကြားသည့်အချိန်မှာ ညနေပိုင်း ဖြစ်သည်။ သက်သက်မှာ အလုပ်ချိန်ဖြစ်၍ မလာနိုင်၊ မနက်ပိုင်း ရုံးသွားကြမှ အိမ်တွင် ဘွိုင်ကို အစောင့်ထားခဲ့ကာ သုတ်ခြေတင်လာခဲ့ရသည်။

လှ ဘာအကြောင်းများရှိလို့ လိုက်လာသလဲ၊ ဘာဖြစ်လို့လဲဟု တွေးလျက် တစ်ညလုံး ပူပင်သောက ရောက်ခဲ့ရသည်။

"လှ လာတယ်သိရတော့ ဘာများဖြစ်လို့ လိုက်လာသလဲဆိုတာ ညက ပူလိုက်ရတာ"

လှမှာ သက်သက်၏ မျက်နှာကို အားမလို အားမရကြည့်လျက် သနားစိတ် ပေါက်နေ၏။ လှစိတ်ထဲ၌ သက်သက်နှင့် တွေ့ရပုံမှာ ထောင်ဝင်စာခံ၍ တွေ့ရသည့်ပမာ အူထဲ အသည်းထဲကပင် နာမိသည်။ ခွဲခွာနေကြရသော ရက်များလည်း ကြာမြင့်ခဲ့ပြီ။ သက်သက်မှာ လေးငါးခြောက်လအတွင်း ပိန်ချုံးသွားသလိုလည်း ထင်မိသည်။ သက်သက်၏ မျက်လုံးသည်လည်း ခါတိုင်းလို တောက်ပ စိုလက်ခြင်း မရှိဟု ထင်မိသည်။ သက်သက်၏ အပြုံးသည်လည်း ခါတိုင်းလို ချိုချိုရွှင်ရွှင် မရှိဟု ထင်မိသည်။ အနေအထိုင် ကျဉ်းကျုတ်လျက် စိတ်ကျဉ်းကျုတ်၊ ကိုယ်ကျဉ်းကျုတ်ဒဏ်ကို ပေပေတေတေ ခံနေသူအလား၊ ကိုယ်နေ ကိုယ်ဟန်ပင် ခါတိုင်းလို ပျော့ပျော့ပျောင်းပျောင်း မရှိတော့ဟု ထင်မိကာ လှမှာ သက်သက် ကို ကြည့်ရင်း ကြည့်ရင်း စိတ်ဆင်းရဲလာသည်။ လှသည် တိုးတိုးကလေး ဟင်းချမိသည်။

"အောက်မေ့လို့ လိုက်လာတာတဲ့ကွယ်၊ ဟုတ်တာပေါ့ ကွဲနေတာ ဘာလိုလိုနဲ့ ခြောက်လတောင်ရှိပြီ၊ ကြာပြီပေါ့၊ ရိုစီတောင် သက်သက်နဲ့ လူချင်း မတွေ့ဘဲ စာနဲ့သာ ဆက်နေရတာ၊ ခုမှပဲ လူချင်းတွေ့ရတော့တယ်ဟယ်"

သက်သက်က လှကိုကြည့်လျက် ပြုံးလေသည်။ လှမှာ သက်သက်ကိုကြည့်ကာ မချိမဆံ့ဖြစ်သွားသည်။ သက်သက်မျက်နှာလေးမှာ အေးချမ်းစွာ ပြုံးနေလျက် မျက်လုံးတွင် မျက်ရည်များ ဝဲနေခြင်းကြောင့် လှရင်ထဲ၌ ယောက်ယက်ခတ်သွားသည်။

Scanned by CamScanner

"ထိုင်ပါဦး သက်သက်ရယ်"

လှသည် သက်သက်နောက်၌ ရှိသော ပက်လက်ကုလားထိုင်ပေါ်၌ သက်သက်ထိုင်ရန် ပခုံးကို နှိမ့်ချပေးလိုက်သည်။ သက်သက်မှာ လှပခုံးကလေးကို ထောက်ကိုင်လျက် အသာ ထိုင်ချလိုက်သည်။

လှသည် ပက်လက်ကုလားထိုင်ဘေးကြမ်းပြင်ပေါ်၌ ဒူးထောက်ချလိုက်ကာ လက်တင်ပေါ်၌ လက်ထောက်လျက် သက်သက်၏ မျက်နှာကို မော့ကြည့်လေသည်။

"ပင်ပန်းခံပြီး အလကား လိုက်လာတယ် လှရယ်၊ သက်သက်ဆီ လှလာဖို့ နှစ်လပဲ လိုတော့တာပဲဟာ"

သက်သက်က တိုးတိတ်ညင်သာသော စိတ်မကောင်းသံကလေးဖြင့် ခပ်ဖြည်းဖြည်း ပြောသည်။

"တွေ့ချင်လို့ လာတာပေါ့၊ အခါတွင်းကလည်း လာချင်လိုက်တာ၊ သက်သက်က မလာပါနဲ့ဆိုလို့နေရတာ၊ အခု ကဆုန်လပြည့်နေ့အတွက် နှစ်ရက်အားတော့ လာချင်ချင်ရှိတုန်း ဦးမြကြီးက ရန်ကုန်သွားမယ်ပြောတော့ လူကြုံကောင်းတာနဲ့ လိုက်လာတာ"

"ဦးမြကြီးက ဘာပြောသေးသလဲ လှ"

"သက်သက် ဘယ်မှာ အလုပ်လုပ်သလဲမေးလို့ ကြည့်ပြောရတာပေါ့၊ ရုံးမှာလုပ်တယ်၊ စန္ဒရားလည်းသင်တယ်၊ လခ သုံးရာလောက်ရပါတယ်၊ မကြာပါဘူး ရွှေးလိမ့်မယ်လို့ ပြောလိုက်တယ်၊ သူ ဈေးလာဝယ်တာ နက်ဖြန် လှနဲ့ပဲ အတူပြန်ကြမယ်၊ သူနဲ့ ကားဆိပ်မှာ ချိန်းခဲ့တယ်"

ရိုစီသည် အခန်းတွင်းမှ ကောက်ညှင်းကျည်တောက်ချောင်းများ ထုတ်လာကာ "ကြည့်ပါဦးဟယ် သက်သက်ရယ်၊ သက်သက်စားဖို့ ဝယ်လာသတဲ့"ဟု ဝမ်းသာအယ်လဲ ထောင်ပြ၏။

လှသည် နေရာမှ ထလျက် ရိုစီလက်ထဲမှ ကောက်ညှင်းကျည်တောက်များကို ယူကာ အုတ်နံရံနှင့် ရိုက်ခွဲလိုက်သည်။

"သက်သက် ကြိုက်တဲ့ဟာလေး စားစမ်းနော်၊ ငါးကြော်လည်း ပါတယ်" ပြောလျက် အခန်းထဲသို့ ပြေးဝင်သွားပြန်ကာ ငါးကြော်များ ထုတ်လာသည်။



လှမှာ ပျာနေလေသည်။ ခြေမကိုင်မိ လက်မကိုင်မိ ပျာနေလေသည်။ သက်သက်နှင့်တွေ့၍ ဝမ်းသာလုံး ဆို့နေကာ တုန်တုန်ရီရီ ဖြစ်နေလေသည်။

"ဝန်ကြီးနဲ့ တစ်လောက ဆေးရုံမှာ တွေ့တယ်။ စစ်ဗိုလ်တစ်ယောက်ဆီကို သတင်းမေးလာတယ်၊ တွေ့တော့လေ မေရီက သိပ်တော်တာပဲ၊ အလုပ်ကောင်းတဲ့အကြောင်း ချီးမွမ်းလိုက်တာ မပြောနဲ့တော့၊ ရိုစီကိုလည်း လာလည်ဖို့ခေါ်တယ်၊ သင်္ကြန်တုန်းကတောင် သက်သက်လာမလားလို့ ရိုစီမျှော်နေသေးတယ်"

သက်သက်က ပြုံးလေသည်။ သူ့အပြုံးမှာ ဖျတ်ခနဲ ပေါ်လာပြီး ပျောက်ကွယ်သွားသည်။

"သင်္ကြန်တုန်းက လေးငါးရက် ခွင့်ပေးသားပဲ၊ သက်သက် ခွင့်မယူဘူး၊ ဒီအိမ်က အပြီးထွက်ရမယ့် နေ့ကျမှ တစ်ခါတည်း အပြီးထွက်လာချင်တယ်၊ လာလိုက်၊ သွားလိုက် လုပ်မနေချင်ဘူး ရိုစီရယ်၊ အိမ်ပြင်ကို ထွက်လည်း မထွက်ရဲဘူး"

"အိမ်ထဲမှာ ဘယ်မှမသွားဘဲ ဒီလောက်ကြာအောင် အောင်းနေတာများ အံ့ပါရဲ့ဟယ်၊ နေနိုင်လိုက်တာ"ဟု ရိုစီက ပြောသည်။

"ဒီအိမ်ထဲမှာ သက်သက် ထွက်ချည်ဝင်ချည် လမ်းသလားနေရင် သက်သက်ကို လူမြင်သွားမှာ စိုးလွန်းလို့အောင်းနေရတာ၊ အိမ်ထဲမှာတော့ သက်သက်အဝတ်အစားနဲ့ ဟုတ်နေတာ၊ ဘယ်သူမှ သက်သက်ကို မှတ်မိမှာ မဟုတ်ဘူး"

လှမှာ ငါးကြော်ဖွဲ့ပေးရင်းက မျက်ရည်လေးလည်လည်နှင့် နားထောင်နေသည်။ လူရုပ်ဖျောက်လျက် ဆင်မြန်းထားသော ဝတ်စုံဖြင့် သက်သက်လုပ်ကိုင်နေပုံကို တွေး၍မျှပင် မကြည့်ဝံ့၊ မမြင်ဝံ့ချေ။ ခေါင်းပတ်ဖြူ၊ ထဘီစိမ်းနှင့် မျက်မှန်တပ်ထားသော သက်သက်၏ ရုပ်ပုံလွှာမှာ စိတ်ကူးထဲတွင် ပေါ်လာတိုင်း လှမှာ ရင်နာလေသည်။

"စားလေ သက်သက် ရော့ရော့"

သက်သက်မှာ ရင်ထဲ၌ တလှပ်လှပ်ဖြစ်နေသည်။ လှနှင့်တွေ့ရခြင်း၊ လှ၏ အယုအယကို ခံရခြင်းတို့မှာ သူ့ဟာသူ သူ့အဖြစ်ကို ပိုမို၍ စိတ်မကောင်းဖြစ်စေသည်။ လွတ်မည့် ကျွတ်မည့် ရက်ကို တစ်မျှော်တည်း မျှော်နေရသော

Scanned by CamScanner

အချုပ်ထဲက အကျဉ်းသမားကို သွားတွေးမိသည်။ မိမိမှာ အလုပ်ကို မနားမနေ လုပ်ခြင်းဖြင့်သာ မှောင်ဝေနေသော ဉာဏ်ကို မေ့ဖျောက်ထားရသည်။

တစ်ချိန်လုံး ရင်ထဲတွင် ပြည့်ဆို့နေလျက် လှ စိတ်ကောင်းအောင် ကောက်ညှင်းကင်ကို ဖဲ့ရွဲ့ဝါးကာ မိတ်မျိုပစ်သည်။

"သက်သက်ဖို့ ပေါင်ဒါ တစ်ဘူးနဲ့ လုံချည်စိမ်း တစ်ထည်လည်း ပါတယ်"

"ဝယ်လာသလား လှရယ်"

သက်သက်က ပလုတ်ပလောင်းဝါးရင်း မျက်လုံးကလေးပြူး၍ မေးသည်။

"ဝယ်လာတာ မဟုတ်ဘူး၊ လှစာသင်ပေးတဲ့ကလေးမက ကန်တော့တာ၊ ပိုးတွန့်လုံချည်ကလေး စိမ်းနေတာပဲ သက်သက်ရယ်၊ သက်သက်အလုပ် အတွက် အတော်ပဲဆိုပြီး ယူလာရတာ"

လှသည် အခန်းထဲသို့ ပြေးဝင်သွားကာ လုံချည်အိတ်ကို ယူထုတ်လာသည်။ ရီစီက ဆွဲထုတ်လျက် ဖြန့်ပြလိုက်သည်။ သက်သက်မှာ လုံချည်ကို မကြည့်ချင်သလောက်ပင် ဖြစ်ရသည်။ ရက်ပေါင်းများစွာ တစိမ်းတည်း စိမ်းနေရသဖြင့် အစိမ်းရောင်ကို မုန်းနေလေသည်။ လှမှာ သက်သက်အတွက် အသုံးကျ၍သာ ယူခဲ့ရသည်၊ သူသည်လည်း အစိမ်းကို စိတ်နာနာပင်။

"ဒေါ်ထားကြီးရော နေကောင်းရဲ့လား လှ"

သက်သက်က လုံချည်ကို ကြည့်ကာ စိတ်မပါသော အပြုံးနှင့် ဝတ်ကျေတမ်းကျေ ခေါင်းညိတ်ပြလိုက်ပြီး မျက်လုံးလွှဲလိုက်သည်။

"နေကောင်းပါတယ်၊ နေ့ပြန်ပေး ဈေးထဲမှာ သူပဲဈေးပေးတာ အခု အတိုးချည်းရတာ ငါးဆယ် ရှိသွားပြီ"

"လှ တစ်လ ဘယ်လောက် သုံးသလဲ၊ မှန်မှန်ပြောစမ်း"

လှသည် မျက်လုံးကလေး ပေကလတ် ပေကလတ် လုပ်နေလျက် ရုတ်တရက် မဖြေ။

"လောက်ပါတယ် သက်သက်ရဲ့၊ သုံးလေးဆယ် အေးလေ လေး ငါးဆယ်နဲ့ လောက်ပါတယ်"

ထစ်ထစ်ငေါ့ငေါ့ ဖြေသည်။



"ပဲခူးမှာ ရန်ကုန်လောက် မရှားဘူးကွဲ့"

ရီစီက ဝင်ပြောသည်။ သက်သက်မှာ မသက်မသာ မျက်နှာဖြင့် မျက်မှောင်ကြုတ်လျက် နေသည်။

"ဒေါ်ဒေါ်နဲ့ ပေါင်းစားတော့ မကုန်ပါဘူးသက်သက်ရယ်၊ တော်ရုံ တန်ရုံ သူက အကုန်ခံတော့ လှက သက်သာပါတယ်၊ အခု လှစုတာလေ အတိုးနဲ့ ဘာနဲ့ဆိုလျှင် ခြောက်ရာခုနစ်ဆယ် ရပြီ"

"သက်သက်ကော"

ရီစီက ဖြတ်မေးလိုက်သည်။

သက်သက်သည် အောက်နှုတ်ခမ်းကို လျက်လျက် ရှက်အန်းအန်း ဖြစ်သွားသော မျက်နှာထားကို ဣန္ဒြေပြန်ဆည်ကာ မျက်လုံးအောက်စိုက်၍ ခက်ရှက်ရှက် ပြန်ပြောသည်။

"သက်သက်မှာ ကုန်စရာ မရှိပါဘူး။ လခထဲက ပရုတ်ဆီဘူး တစ်ဘူးပဲ ဝယ်ဖူးသေးတယ်"

ရီစီမှာ ရယ်သာရယ်လိုက်ရသည်။ မေးမိတာ စိတ်မကောင်းဖြစ်သွား သလို မျက်နှာမထားတတ်အောင် ရှိလျက် သူ့လက်က နာရီကို ငုံ့ကြည့်လိုက် သည်။

"ဟယ်-ဆယ့်နှစ် နာရီခွဲပြီ၊ သွားမှပဲ နေ့ပိုင်း ဂျူတီကျနေတယ် သက်သက်ရော ဘယ်အချိန်ပြန်ရမှာလဲ၊ ညနေ ရီစီ ပြန်လာမှ ပြန်နော်"

"မဖြစ်ဘူး ရီစီ၊ လေးနာရီလောက်ပြန်ရမယ်"

လှ မျက်နှာကလေးငယ်သွားကာ ငိုင်နေလေသည်။

"အိမ်မှာ ကုလားတွေရှိတယ် မဟုတ်လား သက်သက်ရဲ့၊ သက်သက် က ကြည့်ရှုခိုင်းရတာ မဟုတ်ဘူးလား၊ သက်သက်တာဝန်က ဘာတွေ ဘာတွေ လုပ်ရသေးသလဲ"

သက်သက်မှာ လှရှေ့တွင် သူ့အလုပ်အကြောင်းကို စကားထဲ ထည့်ပြောရမှာ ခက်လှ၏။ ထမင်းချက်အဘိုးကြီး ဆေးရုံက ဆင်းလာပြီး တစ်နေ့ကပင် အလုပ်ထွက်သွား၍ တစ်ရက်၊ နှစ်ရက်အတွင်း ပြန်နိုးခံ လူစားမရသေးသဖြင့် သက်သက်မှာ ထမင်းချက် ဖြစ်နေပြန်သည်။ သက်သက်မှာ အပြောရခက်လွန်း၍ လှီးလွှဲပြောရသည်။

Scanned by CamScanner

"သူတို့ ရုံးက မဆင်းခင် ပြန်မှ ကောင်းမယ်၊ ဒီအဝတ်နဲ့ သူတို့ရှေ့မှာ အိမ်ထဲကို ဝင်မသွားချင်ဘူး၊ ဝန်ကြီးက တစ်ခါတလေ လေးနာရီလောက်မှာ ပြန်ချင် ပြန်တာ၊ သူတို့ မလာခင် အဝတ်လဲထားမှ"

သက်သက်သည် သူ့ခါးတွင် ဝတ်လာသော ကြက်သွေးရောင် ပိုးတွန့်ပွင့်ရိုက် ထဘီကလေးကို ငုံ့ကြည့်လျက် ခေါင်းယမ်းကာ ပြောဆိုနေသည်။

လှမှာ မကြည်မသာဖြစ်နေသော မျက်နှာဖြင့် အထက်နှုတ်ခမ်းကို ကိုက်လျက် သက်သက်အား တစိမ့်စိမ့် စိုက်ကြည့်လျက် ရှိသည်။

ရိုစီမှာ အချိန်နီးကပ်နေ၍ နှုတ်ဆက်ပြီး ထွက်သွားသည်။ သက်သက်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ခါးကို ပစ်ဆန့်လိုက်ကာ လက်များကို ပတ္တာချိတ်လျက် လှအား သက်ပြင်းချ၍ ကြည့်လေသည်။

သက်သက်သည် သူ့ကိုယ်ကိုယ်ရော လှကိုပါ သနားမိသည်။ အတိတ်မှ ကားချပ်တို့သည် တစ်လွှာပြီးတစ်လွှာ ပေါ်လာကြကာ သက်သက်မှာ မျက်ရည်မကျစေရန် အနိုင်နိုင် ချုပ်တည်းထားရသည်။

"သက်သက်ရယ် တစ်ခါတည်းများ ရွေးနိုင်ပြီး ပြန်ကြရရင် သိပ်ကောင်းမှာပဲနော်"

လှအသံသည် ကြေကွဲဆွေးမြည့်သံပေါက်လျက် ရှိပေသည်။ သက်သက်မှာ ပြုံးလိုက်၏။ ဖြေသိမ့်၍ ပြုံးလိုက်၏။

"ဒါကြောင့် လှကို သက်သက် တစ်ပါတည်း လိုက်နိုင်မယ့် အခါကျမှ လာပါလို့ပြောတာ၊ အဲဒီတော့မှ လာရင် လှ ဝမ်းသာရမယ်၊ ဟော-ခုတော့ သက်သက်ကလည်း မလိုက်နိုင်နဲ့ စိတ်မကောင်းဖြစ်ရတယ် မဟုတ်လား"

သက်သက်သည် ကိုယ်ကိုထူလျက် ကုလားထိုင်ဘေး၌ ထိုင်နေသည့် လှ၏ ပခုံးကလေးကို ကိုင်ကာ 'မငိုပါနဲ့ လှရယ်၊ မကြာတော့ပါဘူး၊ နှစ်လဆိုတာ ခဏလေးပါ' ဟု လှကို ချော့သည်။ လှမှာ မျက်ရည်သွယ်သွယ်ကျလျက် ငိုနေသည်။

"လာတာက တွေ့ချင်တာရော၊ နောက်ပြီး လှ စုထားတဲ့ ပိုက်ဆံကို စာသင်သွားရင်း အိမ်မှာထားခဲ့ရတာ နည်းနည်းမှ စိတ်မချဘူး။ ပိုက်ဆံကများလာတော့ ပျောက်သွားမှာ ပူလိုက်ရတာ သက်သက်ရယ်၊ ညဆိုလည်း အိမ်က မလုံတော့ တထင့်ထင့်နဲ့ အိပ်မရဘူး၊ ဒီကြားထဲ လေယာဉ်ပျံတွေကလည်း



တဝဲဝဲ တဗုန်းဗုန်းနဲ့၊ ဒီပိုက်ဆံအတွက် စိတ်မဖြောင့်လို့ သက်သက်ဆီပို့ထားဖို့ လိုက်လာတာပါ၊ လှ ငါးရာ့ခုနစ်ဆယ် ယူလာတယ်၊ နောက် လှလာတော့ သုံးရာ့ငါးဆယ်ပါမယ်"

သက်သက်၏ ရင်တွင်း၌ ကြေကွဲကာ တလိပ်လိပ်ထလာသော လှိုင်းဂယက်တို့သည် တလွန့်လွန့် တလိမ့်လိမ့် ဖြစ်လာသည်။ သက်သက်၏ မျက်စိရှေ့တွင် လှမှာ သက်သက်၏ ကြေကွဲသော လှိုင်းလုံးကြီးထဲတွင် နစ်မျော၍ သွားလေသည်။ လှသာမက အရာဝတ္ထုအားလုံး နစ်မြုပ်သွားကြသည်။

နစ်မျောနေလိုက်သည်မှာ 'သက်သက်' ဟု လှက ခေါ်တော့မှ ခေါင်းထောင်၍ မော်ကြည့်နိုင်သည်။ သက်သက်၏ မျက်လုံးထဲမှ မျက်ရည်တို့သည် တဖြိုင်ဖြိုင်စီးရန် ထွက်ပေါက်ရှာနေကြရာ သက်သက်မှာ မျက်ရည်တစ်စက်မျှ မကျရန် တတ်နိုင်သမျှ တားဆီးထားသည်။

"သက်သက်ဆီမှာ လုံခြုံတယ်၊ ယူသွားနော်"

လှသည် ကျူးထလျက် အခန်းထဲသို့ ဝင်သွားသည်။ သက်သက်သည် နောက်ခိုင်းသွားသော လှကိုယ်ကလေးကိုကြည့်ရင်း မျက်ရည်များကို ကပျာကယာ သုတ်ပစ်လိုက်သည်။

လှမှာ ငွေအပ်ပြီးနောက် စကားတတ်စ ကြက်တူရွေးကလေးကဲ့သို့ တတွတ်တွတ် စကားပြောနေသည်။ သက်သက်မှာ နာရီကို လှမ်းကြည့်ကာ စိတ်လေးနေသည်။ လှနှင့် ခွဲရမည့် အချိန်မှာ တရွေ့ရွေ့ နီးကပ်လာသည်။

"ဒီဝန်ကြီးက ဘာဖြစ်လို့ မိန်းမ မယူတာလဲဟင်"

"သူ့မှာ စေ့စပ်ပြီးသား မိန်းမရှိတယ်၊ မိန်းကလေးက ငယ်သေးလို့ ဆိုင်းထားသတဲ့"

"ဟုတ်လား၊ ဟင်-ဒါဖြင့် သူယူမယ့် မိန်းမက အိမ်ကို လာသလား၊ သက်သက်နဲ့ တွေ့သလား"

"လာတာ မမြင်ဘူး၊ မလာဘူး"

"တော်ပါသေးရဲ့ သက်သက်ရယ်၊ သက်သက်ကိုတွေ့ရင် သူ့စိတ်ထဲ ကြိုက်ချင်မှ ကြိုက်မှာ"

"ဘာဖြစ်လို့လဲ"

Scanned by CamScanner

"သက်သက်က လှတယ်"

သက်သက်သည် လှပခုံးကလေးကိုပုတ်လျက် ရှက်ပြုံး ပြုံးနေသည်။ ဤအကြောင်း ဤမျှဖြင့်သာ ပြီးကာ တခြားအကြောင်းရောက်သွားသဖြင့် စိတ်သက်သာရာရသွားသည်။ သက်သက်မှာ အဒေါ်ကြီးလာသည့်ကိစ္စ၊ ဝန်ကြီးက စန္ဒရားတီးတာ မိသွားသည့်ကိစ္စများ လှကို အသိမပေးဘဲ ထားလေသည်။

လှူချင်းခွဲခါနီး၌ 'နှစ်လ'ဆိုသော မျှော်လင့်ချက်ဖြင့် ဖြေသိမ့်ကာ လှူချင်းခွဲခွာကြသည်။ ပင်ပန်းနွမ်းနယ်သောစိတ်ဖြင့် လေးကန်ဖင့်နွဲ့စွာ လမ်းပေါ်သို့ လျှောက်သွားလေသောအခါတွင် သက်သက်မှာ မျက်ရည်တွေ ဝဲလာသည်။ ပိန်ချုံးလျက် ဖြူဖျော့နေသော လှကိုသာ တသသ တသက်သက် ဖြစ်လာသည်။

လှမပြည့်၍မြင်းလှည်းပေါ်၌ ထိုင်စောင့်နေရစဉ် အရှိန်နှင့် မောင်းလာသော ကားတစ်စီးသည် မြင်းလှည်း အလွန်ကလေးတွင် တုံ့ရပ်သွားကာ နောက်ပြန်ဆုတ်လာသည်။ သက်သက်မှာ တစ်ဖက်သို့ ငေးနေကာ ကျောနောက်မှ ကားကို မမြင်မိ၊ မြင်းလှည်းနားသို့ ကားထိုးရပ်လိုက်မှ လှည့်ကြည့်လိုက်သည်။

ဝန်ကြီးဘေးမှ ထိုင်နေသော ကိုဘစိုးသည် ကားတံခါးကို ဖွင့်ကာ ဆင်းလာသည်။ သက်သက်မှာ မိမိအား ရွှန်းရွှန်းစားစား ကြည့်နေသော ဦးမင်းဟန်၏ မျက်လုံးကို ကားရှေ့မှန်ကာ နောက်မှ တွေ့လိုက်၍ ပူထူသွားသည်။

"မြန်းခနဲ မမကို မမှတ်မိဘူး၊ မမြင်ဘူး၊ ဟိုက မြင်လို့သာ၊ မမ ဘယ်က လာတာလဲ ပြန်မလို့ မဟုတ်လား ဆင်းလေ"

သက်သက်သည် ကားထဲသို့လည်း မကြည့်ဝံ့ချေ။ မြင်းလှည်းပေါ်မှ ဆင်းပြီး ကားနှင့်လည်း မလိုက်ချင်။ ရပ်ခေါ်နေလျက် မဆင်းလျှင်လည်း မကောင်း၊ ဘာ ဘယ်လိုလုပ်ရမှန်း မသိဘဲ ခေါင်းအငြိမ်မရှိ၊ ကိုယ်အငြိမ်မရှိ၊ မွန်ထူနေသည်။

ဦးမင်းဟန်မှာ နှုတ်ခမ်းကိုကိုက်လျက် ငေးစိုက်လျက် ကြည့်နေသည်။ ရှက်မွန်နေသော အသွင်ကလေးကို မျက်လုံးနှင့် မခွာနိုင်အောင် အကြည့်တွင် ယစ်မူးလျက် ရှိလေသည်။

သက်သက်မှာ မြင်းလှည်းပေါ်မှ အောက်သို့ ဆင်းလိုက်ရ၏။ ကားနား ကပ်လာမှ ငိုထားသော မျက်နှာလေးကို မြင်မိလေရာ ဦးမင်းဟန်မှာ ဘယ်လို ဖြစ်မှန်းမသိ လန့်ဖျပ်သွားသည်။ သက်သက် ကားထဲဝင်လာ၍ ထိုင်လိုက်သည့်အချိန်အထိ ခေါင်းကို သမင်လည်ပြန်လှည့်ထားကာ မျက်တောင်မခတ်ကြည့်နေသည်။



"မေရီ၊ ဘယ်ကို လာတာလဲ"

ဦးမင်းဟန်သည် ကားမထွက်သေးဘဲ ခေါင်းကို လိမ်လျက်ပင် မေးနေသည်။

"ကျွန်မ ရိုစီဆီက ပြန်လာပါတယ်၊ ကျွန်မအမျိုးတစ်ယောက် လာတယ်လို့ မနက်က အကြောင်းကြားလို့ နေ့လယ်က ထွက်လာပါတယ်"

ဦးမင်းဟန်၏ နောက်လှည့်ကြည့်နေသော မျက်လုံးကြီးမှာ ရင်ဆိုင်မကြည့်ရဲသလောက်ပင် ဖြစ်သည်။

တစ်စုံတစ်ခုပြုလုပ်ရန် ညှို့နေသကဲ့သို့ပင် ညှို့စိုက်နေ၏။

သက်သက်မှာ ဝန်ကြီးကို ကြည့်သည်လည်း မဟုတ်၊ မကြည့်ဘဲနေသည်လည်း မဟုတ်၊ မျက်နှာခပ်စောင်းစောင်းဖြင့် မျက်လုံးကလေးတစ်ဖက်သာ ပင့်ကာ ပင့်ကာ ကြည့်၍ ပြန်ပြောသည်။

"တွေ့ခဲ့ပြီလား"

"ဟုတ်ကဲ့"

ကားသည် ထွက်သွားလေ၏။

□

# ၁၂

နေလုံးသည် တဖြည်းဖြည်းကျသည်နှင့်အမျှ ခြံထဲမှ ကျေးငှက် သာရကာတို့သည် အိပ်တန်းဝင်ရန် တစ်ပင်တစ်ပင်သို့ ပျံကူးကြလျက် စီစီ ညံနေကြတော့သည်။ ညနေစောင်း သုတ်ဖြူးနေသောလေဖြင့် ဧည့်ခန်းဆောင် ပတ်လည်၌ တလွင့်လွင့် ရှိနေကြသော ဇာခန်းဆီးရှည်ကြီးများသည် လေအလိုက် လွင့်ချင်တိုင်းလွင့်လျက် လှပသော အပွင့်တို့နှင့် စိမ်းစိုနေသည်။ ကြမ်းခင်းမှ ဖိတ်ဖိတ်တောက်နေသော ပေါလစ်ရောင်သည် ခန်းဆီးမှ အရောင်တို့နှင့် ရောင်ပြန်ဟပ်လက်ကာ ရှိသည်။ ဆိုဖာကုလားထိုင်များနှင့် အောက်က သားမွေးကော်ဇောကြီးသည် အပြင်အဆင်သစ်များဖြင့် နေရာ ပြောင်းလဲနေသည်။

ခါတိုင်းနေ့များနှင့်မတူ ထူးခြားစွာ ဧည့်ခန်းကြီးကို မွမ်းမံထားပုံ မှာ သားနားထည်ဝါလှသည်။

ထမင်းစားခန်းထဲ၌ ဧည့်သည်များ ညစာကျွေးမွေးရန် စားပွဲကြီးကို အထူးပြင်ဆင်ထားသည်။

အနောက်နိုင်ငံ ထမင်းစားပွဲဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးမည် ဖြစ်၍ စားပွဲကြီးပေါ်၌ ဟင်းပွဲအစီအစဉ်အတိုင်း အစုံအညီ ချထားသော ဇွန်း၊ ခက်ရင်း၊ ဓားတို့မှာ ဖိတ်ဖိတ်လက်နေသည်။ မေရီသည် စားပွဲအလယ်၌





ချမည့် ပန်းအိုးကြီးထဲသို့ ပန်းစိုက်ထိုးနေသည်။ ကြက်သွေးရင့်ရင့်ရောင်ရှိ နှင်းဆီပွင့်များကို ခက်လက်ညီညီဖြတ်ကာ ပုံပန်းကျအောင် စိုက်ထိုးလျက် အရိပ်တကြည့်ကြည့်ဖြင့် ရှိလေသည်။

ဦးမင်းဟန်သည် ရှပ်ဖြူလက်ရှည်၊ ဘောင်းဘီနက်ပြာ ဝတ်လျက် အောက်ထပ်သို့ ဆင်းလာသည်။ ဧည့်ခန်းမှ ဇာခန်းဆီးရှည်ကြီးကို လှပ်လျက် အတွင်းသို့ လှမ်းကြည့်လိုက်သည်။ ဧည့်ခန်းမှာ အပြင်အဆင်သစ်များဖြင့် ပြောင်းလဲကာ ထည်ဝါလှသည်။ နံရံပေါ်မှ ပန်းချီကားများသည် အခန်း၏ ကျက်သရေဆောင်များပေတည်း။ ဝင်လုဆဲနေမင်း၏ နီရဲသော ရောင်ခြည် သည် အခန်းထဲသို့ ဖြာကျနေသည်။ ပန်းချီကားများသည် နီကြင့်ကြင့်အဆင်း ကို ဆောင်နေကြသည်။ ဧည့်ခန်း၏ ကျက်သရေကား သူ့စိတ်ကို ချမ်းမြေ့ ကြည်နူးစေသည်။ အိမ်၏ ကျက်သရေကို အာရုံခံစားကာ မိမိအိမ်မှာ အလွန် အထက်တန်းကျသော အိမ်ကြီးတစ်အိမ်ဟု ဘဝင်များပင် မြင့်မိလေသည်။

ယနေ့ည လာကြမည့် ဧည့်သည်များကား ဂျပန်စစ်ဘက်မှ အရာရှိများ၊ ဝန်ကြီးများ၊ အတွင်းဝန်များ ဖြစ်ကြသည်။ ဧည့်သည်များကို အထက်တန်း ကျကျ ဧည့်ခံနိုင်ခြင်းကြောင့် အားရကျေနပ်သွားသည်။

ဦးမင်းဟန်မှာ ညစာစားပွဲကြီးပြင်ထားရာ ထမင်းစားခန်းဘက်သို့ လှည့်လိုက်သည်။ ဇာခန်းဆီးကြီး၏ အတွင်းတွင် မိမိဘက်သို့ ကျောပေးရပ် လျက် ပန်းအိုးချနေသော မေရီကို တွေ့ရသည်။

ခေါင်းပတ်ဖြူကလေးမှာ နေ့တိုင်း ပေါင်းနေကျထက် ပို၍ ကြည့် ကောင်းနေသည်။ လုံချည်မှာလည်း နေ့တိုင်း စိမ်းနေကျထက် စိမ်း၏။ မြရည် ရင့်ရင့်ကဲ့သို့ တလက်လက် စိမ်းမြနေသည်။

ကော်တောင့်နေကြသော လက်သုတ်ပဝါဖြူများကို ကြာဖူးသဏ္ဍာန် ချိုးလျက် ဖန်ခွက်ထဲ၌ လိုက်ထည့်နေစဉ် အခန်းဝနှင့် မျက်နှာချင်းဆိုင် ကျနေသည့် နေရာ၌ မေရီသည် မိမိအား ရပ်ကြည့်နေသော ဝန်ကြီးကို မြင် လိုက်သည်။ မေရီမှာ ခေါင်းကို အောက်ချလိုက်ကာ လက်သုတ်ပဝါခေါက် ကိုဖြန့်လျက် ကြာဖူးပုံသဏ္ဍာန် လုပ်နေလေသည်။ ဦးမင်းဟန်သည် ခန်းဆီး ကိုဆွဲလိုက်ကာ ထမင်းစားခန်းထဲသို့ ဝင်လာသည်။

"ဘွိုင် ဘယ်သွားသလဲ"

"ဧည့်သည်တွေအတွက် ကုလားထိုင်တစ်လုံးလိုနေလို့ သခင်လှမိုးတို့ အိမ်မှာ သွားယူနေပါတယ်၊ ဝန်ကြီး ဘာလိုချင်ပါသလဲ"

ဝန်ကြီးသည် ရုတ်တရက် မပြောသေးဘဲ မေရီကို စိုက်ကြည့်လျက် နေ၏။ အိမ်၏ ကျက်သရေကို ဆောင်နေသော မေရီ၏ မျက်နှာကလေးမှာ ကျက်သရေအရှိဆုံးဖြစ်နေသည်။ ကော့ရွန်းသော မျက်တောင်ကော့ကြီးအောက်မှ မျက်လုံးများမှာ စိုပြောင်လျက် ရွှဲနေသည်။ မျက်မှန်ချွတ်ထားမှ မေရီ၏ မျက်လုံးလှလှကို တွေ့နိုင်၍ ဝန်ကြီးမှာ မေရီ၏ မျက်လုံးကို စိုက်ကြည့်မိ၏။

"အရက်ပုလင်းနဲ့ ဘီလပ်ရည်ကို အဆင်သင့် လုပ်ခိုင်းထားဖို့ပဲ၊ ဧည့်သည်တွေက ခြောက်နာရီလောက် လာကြမယ်"

"ဧည့်သည်တွေက သိပ်ညဉ့်နက်မှာပါလား"

"ညဉ့်မနက်ပါဘူး ဆယ်နာရီလောက် ပြန်ကြမှာပါပဲ"

"ဒီလိုဆိုရင် ဧည့်သည်တွေ ပြန်သွားတော့ အိမ်ပေါ်မတက်ပါနဲ့ဦး၊ ကျွန်မ ပြောစရာရှိလို့ပါ"

မေရီသည် ချိုအေးသော မျက်နှာကလေးဖြင့် ပြုံးပြုံးကလေး ပြောလိုက်သည်။

"ဘာပြောစရာများလဲ မေရီ"

ဝန်ကြီးက ထိတ်ထိတ်ပျာပျာ မေးသည်။

"ဧည့်သည်တွေ ပြန်သွားမှပဲ ကျွန်မ ပြောပါရစေ"

ဦးမင်းဟန်မှာ ဘာမှန်းမသိ စိတ်လေးသွားသည်။ မပြောစဖူး စကားပြောပုံထူးသဖြင့် ပြောမည့်ကိစ္စကို သိချင်စိတ်ပြင်းပြသွားသည်။ မေရီက ဧည့်သည်ပြန်မှ ပြောပါရစေ ဆို၍ ဖွင့်မမေးသာဘဲ ရှိကာ စိတ်လေးလေးနှင့် 'ကောင်းပြီ မတက်ပါဘူး' ပြောလျက် ထမင်းစားခန်းထဲမှ ထွက်လာခဲ့သည်။

ဧည့်သည်များ၏ ကားများသည် ခြံထဲသို့ အလျှိုလျှိုရောက်လာကြသည်။ မီးရောင်တို့ဖြင့် ထိန်လင်းသွားသော ဧည့်ခန်းကြီးမှာ ရယ်မောသံများဖြင့် စိုပြည်စီညံလာသည်။

မေရီမှာ မီးဖိုသို့ကူးလိုက်၊ ထမင်းစားခန်းကူးလိုက်ဖြင့် အလုပ်ရှုပ်နေသည်။ ကိုဝင်းမောင်၊ ကိုဘစိုးနှင့် ကိုသန်းအေးတို့သည် ဧည့်သည်များရှိ၍



အိမ်ပေါ်သို့ တက်နေကြသည်။ ကိုထွန်းမှာ ဧည့်ခန်းထဲတွင် ဧည့်သည်များနှင့် အတူ ရှိသည်။

ဦးမင်းဟန်မှာ ဧည့်သည်များနှင့် စကားပြောနေရင်း ဖန်ခွက်ကို ကိုင်ကာ တစ်ချက် တစ်ချက် ငိုင်နေသည်။ ဂျပန်စစ်ဗိုလ်နှစ်ယောက်မှာ တစ်ခွက်ပြီး တစ်ခွက်သောက်လျက် မျက်နှာကြီးရဲတွတ်နေ၏။ သူတို့ မျက်လုံးများသည် ကြောင်စီစီဖြင့် အရက်ခိုးထွက်နေသည်။ ဗိုလ်သီဟသာ အရက်သောက်နေလျက် သခင်လှမိုးမှာ ဦးမင်းဟန်ကဲ့သို့ပင် အရက်အစား ဘီလပ်ရည် သောက်နေသည်။

"နည်းနည်းလုပ်ဗျာ"ဟု ဗိုလ်သီဟကဆို၍ ဦးမင်းဟန်က လက်ရိပ်ပြလျက် ခေါင်းခါလိုက်သည်။ ဂျပန်စစ်ဗိုလ်က နေရာမှ ထလျက် ဖန်ခွက်ထဲသို့ အရက်လောင်းငှဲ့ကာ ဦးမင်းဟန်အား အတင်းတိုက်သည်။ ဘွိုင်ကုလားမှာ လက်စွပ်အိတ်ဖြူများ သူ့လက်တွင် စွပ်ထားလျက် ဖန်ခွက်ထဲသို့ ရေခဲတုံးကလေးများ လိုက်ထည့်ပေးနေသည်။

ကျန်းမာရေးဝန်ကြီး သခင်စံမြင့်က ခပ်ထွေထွေဖြင့် 'ကျုပ်တို့ ဝန်ကြီးရဲ့အိမ်ရှင်မက ဘယ်မလဲဗျ'ဟု ဆို၍ ကိုထွန်းက ထမင်းခန်းဘက်သို့ လက်ညှိုးထိုးလျက် 'တိုးတိုးဗျ'ပြောလိုက်သည်။

သခင်စံမြင့်မှာ ရယ်မောနေသည်။

ဧည့်ခန်းကြီး၏ လှပသော အပြင်အဆင်များကို ကြည့်ရှုလျက် တစ်ယောက် တစ်ပေါက် မေရီ့ကို ဝိုင်း၍ ချီးကျူးနေကြသည်။

ဧည့်ခန်းထဲ၌ အုန်းအုန်းကျွက်ကျွက် ညံလာလေသည်။ ပုလင်းဖောက်သံ၊ ဖန်ခွက်နှင့် ရေခဲရိုက်သံ၊ စကားပြောကြသံ၊ ထို့နောက် တဟားဟားရယ်ကြသံ။

ဧည့်သည်စုံညီရောက်လာကြပြီးနောက် ရှစ်နာရီ၌ ဘွိုင်ကို စားစရာ အဆင်သင့်ရှိကြောင်း အပြောလွှတ်လိုက်သည်။ မေရီသည် အခန်းဝ၌ ရပ်နေ၏။ ဧည့်သည်များ အခန်းထဲသို့ အားလုံးရောက်မှ ဆွဲပင့်ပေးထားသော ခန်းဆီးကို လွှတ်ချကာ ဧည့်သည်များ နောက်ပါးမှ ဝင်ခဲ့သည်။

ဧည့်သည်တိုင်း မေရီကို အကဲခတ်ကြည့်လျက် ရှိနေကြ၏။ မေရီ ဝတ်စားထားပုံဖြင့် ဝန်ကြီး၏ ဟိတ်ဟန်အရှိန်အဝါမှာ ပိုမို၍ ကြီးမားနေသည်။ မေရီ လုပ်ပုံကိုင်ပုံကို သဘောကျနေကြသည်။

Scanned by CamScanner

မေရီမှာ ဘွိုင်နှင့်အတူ စားပွဲကြီးကို ပတ်ကာ ဟင်းပွဲများ တစ်ပွဲပြီးတစ်ပွဲ စားပွဲလိုက်ထိုးနေသည်။ စားသောက်နေကြစဉ်၌ အခန်းထောင့်၌ ရပ်လျက် မျက်ရိပ် မျက်ကဲလေးဖြင့် ဘွိုင်ကို စီမံခန့်ခွဲနေသည်။ ကိုယ်တိုင်လုပ်သည့် အလှည့်၌ သူ့ကိုယ်မှ သင်းနေသော အနံ့မှာ ပျံ့ထုံ၍ ကျန်ရစ်လေသည်။

မေရီကို မမြင်ဖူးသေးသော ဧည့်သည်များမှာ မေရီအား ထူးဆန်းနေကြ၏။ သခင်စံမြင့်မှာ မေရီ၏ အလှကိုသာ တစိမ့်စိမ့်ကြည့်လျက် ကြည်နူးနေသည်။

ဦးမင်းဟန်မှာ မေရီ အနားရောက်လာလျှင် မျက်နှာတစ်မျိုးပြောင်းသွားသည်။ ညကျရင် ဘာများပြောမလို့ပါလိမ့်ဟု စဉ်းစားတွေးတောကာ စောစောက စကားကို စိတ်ပူပန်နေသည်။ စားရင်း၊ သောက်ရင်းမှ မေရီပတ်လှည့်လုပ်နေပုံကို တစေ့တစောင်းကြည့်သည်။ မီးရောင်အောက်တွင် ချိုအေးသော မျက်နှာလေးနှင့် ကြော့ရှင်းသော ကိုယ်ဟန်ကလေးကို ကွက်ခနဲ ဖျတ်ခနဲ ကြည့်ကာ ရင်ထဲ၌ တလှပ်လှပ် ဖြစ်နေသည်။

ဟင်းလျာများမှာ အမွှေးနံ့ သင်းကြိုင်လျက် အရသာထူးသည်။ တစ်ပန်းကန် သိမ်းသွားလျှင် နောက်တစ်ပွဲကို ခေါင်းမဖော်ဘဲ စားကြသည်။ ဘွိုင်က အသားပန်းကန် လိုက်နေချိန်တွင် မေရီမှာ ဘွိုင်နောက်မှ ဟင်းရွက်ဟင်းသီးပွဲကို ကိုင်ကာ လိုက်နေသည်။

ဂျပန်များက အရသာ အထူးရှိကြောင်း ပြောကာ မြိန်ရှက်စွာ စားကြသည်။ ဘိလပ်ပြန် ဝတ်လုံတစ်ဦးမှာ ဦးမင်းဟန်အား ကျိတ်၍ အထင်ကြီးသွားသည်။ ဦးမင်းဟန်မှာ အင်္ဂလိပ်ခေတ်က ပင်နီအင်္ကျီနှင့် ခုံဖိနပ်စွပ်လျက် ရွှေတိဂုံဘုရားစောင်းတန်းဇရပ်တစ်ခုတွင် နေသည်။ ထိုဇရပ်၌ မြင်ဖူးတွေ့ဖူးသော သခင်မင်းဟန်အနေဖြင့် နှိုင်းယှဉ်ကာ အထက်တန်းကျကျလည်း နေတတ်ပါကလားဟု ဦးမင်းဟန်ပေါ်၌ အထင်ကြီးသွားသည်။

ဧည့်ခန်းထဲ၌လောက် စကားကို ဆူဆူညံညံ မပြောကြချေ၊ မေရီ့အရှိန်ဖြင့် ဣန္ဒြေရရစားသောက်နေကြသည်။ စွပ်ပြုတ်၊ ငါးကြော်၊ ကြက်သားရိုစ်၊ ပြီးသည့်နောက် ထမင်းနှင့်ဟင်းလာသည်။ ထမင်းဟင်းလာပြီး အိုင်စကရင်ခွက်များ လိုက်ချသည်။ ပန်းရောင်ရင့်ရင့်ဆိုးထားသော အိုင်စကရင်၏ အနံ့သည် တသင်းသင်းနှင့် မွှေးကြိုင်နေပေသည်။



ဘွိုင်သည် စားသောက်ပြီးသွားကြသော စားပွဲပေါ်မှ ပန်းကန်များကို သိမ်းဆည်းနေသည်။

"ကဲ-ဧည့်ခန်း သွားကြရအောင်"

ဦးမင်းဟန်သည် ဧည့်သည်များကို ဧည့်ခန်းထဲသို့ ပြန်ခေါ်သွားသည်။

"သူ့ကို လခ ဘယ်လောက်ပေးရသလဲ"

သခင်စံမြင့်က ဦးမင်းဟန်ကို ကပ်မေးလိုက်သည်။

"နှစ်ရာ"

"အောင်မယ် အများကြီးပါပဲလား"

ဦးစံမြင့်က အော်လိုက်၍ အစိုးရရှေ့နေချုပ် ဘိလပ်ပြန် ဝတ်လုံတော်ရမင်းက 'အိမ်ကိုလည်း ကြည့်ဦးလေ ပထမတန်းပဲ' ဟု ဝင်၍ ပြောသည်။

"ခင်ဗျား သိပ်ဟန်ကျတာပဲ၊ မိန်းမ မရှိဘဲနဲ့ မိန်းမနဲ့ နေရတယ် ကျုပ်လည်း ဒီအချိုးအတိုင်းသာ နေရရင် ပေးမယ်ဗျာ၊ သူ့လို တစ်ယောက်လောက် ရှာပေးစမ်းပါ"

ဦးမင်းဟန်က ပြုံး၍ နေသည်။

ဧည့်သည်များသည် မေရီအကြောင်းကို ထင်မြင်ချက်ပေးကြသည်၊ တစ်ယောက်တစ်ခွန်း သြဘာပေး၍ နေကြ၏။ ဦးမင်းဟန်မှာ မေရီကို ထားရှိသည့်အတွက် အထူး မျက်နှာပွင့်လန်းနေပေသည်။ သခင်လှမိုးက 'လူပါအပိုင်သိမ်းဖို့ ကောင်းသဗျာ' ဟုနောက်လိုက်ရာ အားလုံးသဘောတူကာ ဝိုင်းဝန်းတိုက်တွန်း နောက်ပြောင်နေကြသည်။

ထမင်းစားခန်းထဲ၌ ကိုဝင်းမောင်၊ ကိုဘစိုးနှင့် ကိုသန်းအေးတို့ စားနေကြသည်။ မေရီမှာ အနားတွင် ရပ်စောင့်ကာ လုပ်ကိုင်ပေးနေသည်။

"စားလိုက်ပါဗျာ တစ်ခါတည်းပဲ"

ကိုသန်းအေးက ခေါ်၍ မေရီက ပြုံးကာ ခေါင်းယမ်းလိုက်သည်။

"ကျွန်တော်တို့နဲ့ အတူတူ စားဖူးအောင် စားပါ မမရယ်"

ကိုဘစိုးက မရဲတရဲဖြင့် အတင်းခေါ်သည်။ ဝင်ထိုင်ရန် အတင်းတောင်းပန်သည်။ ကိုဝင်းမောင်က ဘွိုင်ကို ပန်းကန်တစ်ချပ်ယူခဲ့ရန် မေရီမမြင်အောင် အချက်ပြလျက် 'ညဥ့်ပဲနက်ပြီ ဆယ်နာရီထိုးတော့မယ်၊ ဝင်ပါ၊ ကျွန်တော်တို့နဲ့ စားပါ၊ နောက်မစားချင်နေပါ၊ အခုတော့လေ နောက်ဆုံးအနေနဲ့ ဖြစ်ဖြစ် စားပါ' ဟု တောင်းပန်တိုးလျှိုးလျက် ခေါ်နေလေသည်။

Scanned by CamScanner

မေရီမှာ ယနေ့နောက်ဆုံးဟု သူတို့အား ပြောလိုက်ချင်၏။ သို့ရာတွင် မပြောရက်နိုင်အောင် ဖြစ်ရသည်။ သူသွားသည်ဆိုလျှင် စိတ်မကောင်းဖြစ်ကြလိမ့်မည်ကို သိနေလေသည်။ သုံးယောက်စလုံးက တစာစာဝိုင်းခေါ်နေကြ၍ မေရီမှာ ဤအိမ်မှ နံနက်လင်းလျှင် သွားတော့မည်ဖြစ်သည်တစ်ကြောင်း၊ နောက်ဆုံးအနေနဲ့စားပါဟု ကိုဝင်းမောင် လွှတ်ခနဲ ပြောလိုက်သည့်အတွက် စိတ်မကောင်း ဖြစ်သွားသည်က တစ်ကြောင်း၊ နောက်ဆုံးညအထိမ်းအမှတ်ဖြင့်လည်းကောင်း ကိုသန်းအေးဘေး၌ စားရန် ဝင်ထိုင်လိုက်သည်။

သုံးယောက်သားမှာ ပျော်နေကြသည်။ ရှစ်လလုံးလုံး တစ်ကြိမ်တစ်ခါမျှ စားပွဲ၌ ထိုင်စားတာ မမြင်ဖူး၊ စားပွဲ၌ ထိုင်နေသော ချစ်စရာဟန်အမူအရာကလေးကို ကြည့်ကြကာ သူတို့ ဖိတ်ခေါ်ချက်ကို မေရီက လိုက်လျောလက်ခံလိုက်သောကြောင့် ဝမ်းသာလုံးဆို့နေကြသည်။

စားပွဲထိုးရန် ထုတ်ယူလာသော ဘွိုင်လက်ထဲမှ ပန်းကန်များကို ကိုဘစိုးက ထယူကာ သူကိုယ်တိုင် စားပွဲထိုးလေ၏။ ဘွိုင်လုပ်မှာကို လက်မခံကြဘဲ သူတို့ကိုယ်တိုင် တစ်ယောက်တစ်လဲ ထလျက် မေရီပန်းကန်ထဲသို့ ထည့်ပေးကြသည်။

မေရီမှာ ပြုံးနေလေသည်။ သူ့အပြုံးမှာ သဘောထားကြီးလှသော နှလုံးမှ နူးညံ့ချိုသာသောအပြုံး ဖြစ်သည်။ သူတို့နှင့် အတူတူစားရန် သူ့စိတ်နှင့် ခဲခေါင်ခဲယဉ်းလှလျက် အားလုံး စိတ်ချမ်းသာကြစေရန် နောက်ဆုံးအလိုဖြည့်ခြင်းဖြင့် ချိုသာစွာ ပြုံးထားသော အပြုံး ဖြစ်သည်။

သူတို့ ထမင်းစားနေကြစဉ် ဧည့်သည်များ အလျှိုလျှို ထပြန်ကြသည်။ ကိုထွန်းမှာ ထမင်းစားခန်းထဲသို့ ကူးလာကာ အံ့အားကြီးသင့်နေ၏။ တစ်မိသားတည်းလို လေးယောက်သား ပျော်ပျော်ပါးပါး စားနေကြပုံမှာ သူ့မျက်လုံးကိုပင် သူမယုံကြည်နိုင်အောင် ဖြစ်မိသည်။ မေရီနှင့်အတူ စားနေသော သူတို့အား ကံကောင်းကြသလို သူ့စိတ်ထဲတွင် ထင်မှတ်မိသည်။

"တယ်ဟုတ်ပါလား၊ ခင်ဗျားတို့ ဒီနေ့ည အထူးဧည့်သည်နဲ့ ထမင်းစားရတယ်"

မေရီမှာ ရင်းရင်းနှီးနှီးသဘောဖြင့် ဝင်စား၍ ကိုထွန်းက ရဲရဲတင်းတင်း ပြောဝံ့သည်။

မေရီမှာ ကိုထွန်းကို မော်ကြည့်ကာ ပြုံးလိုက်သည်။



ကိုဘစိုးသည် မောက်ကြွားသော မျက်နှာဖြင့်'စောစောက ထမင်းပွဲထက် ဂုဏ်ရှိတယ်ဗျ'ဟု နောက်လိုက်သည်။

"ဟော့လူ ကိုသန်းအေး၊ ခင်ဗျားအလှည့်"

ကိုသန်းအေးသည် မေရီဘေး၌ရပ်လျက် ပန်းကန်ထဲသို့ အာလူးပြုတ်များ ထည့်ပေးနေစဉ် ဦးမင်းဟန်မှာ ခန်းဆီးကြားမှ ပေါ်လာသည်။ သူ့ရင်ထဲ၌ ဖိုလှိုက်၍ သွားလေသည်။ သူ့မျက်လုံးမှာ ပြုံးကာ ထူးခြားစွာ တောက်လာသည်။ မေရီမှာ ဝန်ကြီးဝင်လာ၍ ဘာမျှ အခြေမပျက်သော နဂိုမျက်နှာအတိုင်း ထားကာ ကိုသန်းအေး ထည့်ပေးသမျှ ပြုံးငုံ့ကြည့်နေသည်။

"အထူးဧည့်သည်ကို ဒီမှာထမင်းကျွေးနေကြတယ်၊ ကျွန်တော်စောစောကသာ သိရင် ခင်ဗျားတို့ဝိုင်း မဝင်ပါဘူးဗျာ၊ ဒီဝိုင်းမှာ စားတယ်၊ ပျော်စရာကြီး"

ကိုထွန်းက ဆီး၍ ဦးမင်းဟန်အား ဝမ်းသာအားရ ပြောလိုက်သည်။ ဦးမင်းဟန်မှာ အားရနှစ်သိမ့်လျက် ရွှင်ပြုံးနေသည်။ မေရီဘေး၌ ထိုင်လိုက်သော ကိုသန်းအေးနေရာတွင် သူသာ ဝင်ထိုင်စားလိုက်ချင်မိတော့သည်။

"အတူတူစားဖို့ မနည်းတောင်းပန်ရတာ၊ ကျွန်တော်တို့ကို ဒီတစ်ခါ နောက်ဆုံး လိုက်လျောခြင်းပဲ ထင်တယ်"

ကိုသန်းအေးက ပြုံးလျက် ဝန်ကြီးကို လှမ်းပြောလိုက်သည်။ ကိုသန်းအေးမှာ 'နောက်တစ်ခါခေါ်ရမှာ မဟုတ်ဘူး၊ သည်တစ်ခါသာ ခေါ်ရသည်'ဟူသော အဓိပ္ပာယ်ဖြင့် ပြောဆိုခြင်း ဖြစ်သည်။

ဝန်ကြီးမှာ အခြေအနေအရ ရင်းရင်းနှီးနှီး ဝင်ပြောလိုက်ချင်လျက် ဣန္ဒြေဆည်ကာ မပြောရဲဘဲရှိနေသည်။ သူသည် တိုက်ရိုက်မပြောရဲသဖြင့် သွယ်ဝိုက်လျက် မေရီကြားအောင် ပြောလေသည်။

"ဧည့်သည်တွေကတော့ဗျာ သိပ်ကျေနပ်သွားကြတယ်၊ သိပ်ချီးမွမ်းတာပဲ၊ စားကြတာလည်း အားရပါးရပဲ၊ ဒီနေ့ည ဟင်းတွေက သိပ်ကောင်းတာပဲ၊ အိုင်စကရင်လည်း ကောင်းလိုက်တာ၊ ကျွန်တော်ဖြင့် ဧည့်ခံနေရတာနဲ့ ဝတောင် မဝပါဘူး"

"ရေခဲမုန့် ကုန်ပြီဗျ၊ မရှိဘူးတဲ့"

မေရီမှာ ဦးမင်းဟန် မဝဘူးဆို၍ ထပ်ကျွေးလိုက်ချင်လေသည်။ အိုင်စကရင်ကုန်သွား၍ စိတ်မကောင်းဖြစ်မိသည်။ ဦးမင်းဟန်မှာ ထမင်းစားခန်း

ထဲက မထွက်ချင်ပေ။ မေရီထိုင်စားနေသည်ကို အနားကရပ်လျက် တစိမ့်စိမ့်သာ ရပ်ကြည့်နေချင်သည်။ မစားဘဲနှင့် စားပွဲနားရပ်ကြည့်နေသည်မှာ ရိုင်းရာကျလှ၍ မထွက်ချင်ဘဲ အခန်းထဲမှ ပြန်ထွက်ခဲ့ရသည်။

"ခင်ဗျားတို့က အထူးဧည့်သည်တော်နဲ့ စားရတာ စားကြဗျာ"

ဦးမင်းဟန်က ပြောဆိုပြီး မေရီကို ပြုံးကြည့်လျက် ကိုထွန်းနှင့် ပြန်ထွက်သွားကြသည်။

ကိုသန်းအေးတို့မှာ ပြုံးနေကြသည်။ ပျော်ပျော်ပါးပါး ဆက်စားကြသည်။ မေရီပေါ်၌ ခင်မင်လေးစားစွာ ဖြူစင်သန့်ရှင်းသော နှလုံးသားမှ ယိုကျနေသော မေတ္တာအဟုန်ဖြင့် လွှမ်းခြုံရစ်ပတ်ကြလျက် ပျော်ရွှင်နေကြပုံမှာ ချစ်ခင်စရာ ကောင်းပေသည်။ မေရီမှာ သွေးသားရင်းချာများကဲ့သို့ ရင်းနှီး ခံစားနေရသည်။

ထမင်းစားပြီး အားလုံး အိမ်ပေါ်သို့ တက်သွားကြ၏။

ဦးမင်းဟန်မှာ မေရီမှာထားသည့်အတိုင်း ဧည့်ခန်းထဲ၌ ထိုင်နေရကာ စိတ်မှာ လေးလံလျက်နေသည်။ ဆိုဖာပေါ်၌ ပစ်ထိုင်လိုက်ကာ မျက်လုံးများ မှိတ်လျက် ယမင်းရုပ်ကလေးနှင့် နှစ်ပါးသွားနေပြန်သည်။ အနားရှိ စန္ဒရားတွင် ယမင်းရုပ်ကလေးက ထိုင်ဆိုတီးနေကာ တလိမ့်လိမ့် နွဲ့ပျံ့လာသော တေးသံလေး တိုးတိုးကလေးကို နားသောတခံလျက် ချိုမြိန်သော စိတ်ကူးဖြင့် ဘဝတွင် ကြည်နူးနေသည်။

"ကျွန်မ ပြောနိုင်ပါပြီလား"

ဝန်ကြီးသည် မျက်လုံးကို ဆတ်ခနဲ ဖွင့်ကြည့်လိုက်သည်။ ဧည့်ခန်းထဲသို့ အသံမကြားဝင်လာကာ မနီးမဝေး ဆိုဖာတစ်လုံးဘေး၌ ရပ်နေသော မေရီကို တွေ့ရသည်။ သူ့လက်ထဲ၌ စာရင်းစာအုပ်များ ကိုင်လာသည်။

"ပြောပါ၊ ဒီနေ့ လကုန်လို့ ငွေရှင်းတမ်းအပ်ဖို့လား၊ ကျုပ်က ဘာများလဲလို့"

"ဟုတ်ကဲ့၊ ငွေရှင်းတမ်းလည်း အပ်ချင်လို့၊ ပြောစရာလည်း ပြောချင်လို့ပါ"

"ပြောပါ ပြောပါ"

"ဒီလစာရင်း ကျွန်မပိတ်လိုက်ပါပြီ၊ ဧည့်သည်တွေ ကျွေးရတဲ့အတွက် ဒီလတော့ လက်ကျန်ငွေ မရှိပါဘူး"



မေရီသည် စာရင်းစာအုပ်ကြီးကို ဖွင့်ပြလိုက်သည်။ ဦးမင်းဟန်မှာ စာရင်းကို စိတ်မဝင်စားလှဘဲ ဝတ္တရားအတိုင်း ယူကြည့်လိုက်ကာ၊ 'ဟုတ်ပြီ လက်မှတ်ထိုးမယ်' ပြောပြောဆိုဆို စာရင်းစာအုပ်ထဲတွင် ထိုးနေကျနေရာ၌ လက်မှတ်ရေးထိုးပေးလိုက်သည်။

"ပြောစရာဆိုတာကတော့ ကျွန်မကို အလုပ်ထွက်ခွင့်ပြုပါ"

ဦးမင်းဟန်သည် သူ့ခေါင်းကို မော့လိုက်ကာ မေရီအား စားမတတ် ဝါးမတတ် ပြူးစိုက်၍ ကြည့်လိုက်သည်။

"ဘာဖြစ်လို့ ထွက်ချင်တာလဲ မေရီ၊ ကျုပ်တို့ကိုများ မကျေနပ်လို့လား"

သူ့နှုတ်မှ ထွက်လာသော သူ့အသံမှာ သူ့အသံနှင့် မတူအောင် ပျက်နေလေသည်။ သူ့နှလုံးမှာ တဒိတ်ဒိတ် ခုန်နေသည်။

"ကိုယ်ရေးကိစ္စတစ်ခု လုပ်စရာရှိလို့၊ ကိုယ်ရေးကိစ္စကြောင့် ကျွန်မ ထွက်ရပါတယ်။ ဒီ့ပြင် ဘာအကြောင်းမှ မရှိပါဘူး၊ အားလုံး ကျေနပ်ပါတယ်၊ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"

မေရီမှာ ညင်သာသောအသံဖြင့် ဖြည်းဆေးစွာ ပြောသည်။ ပြောပြီး မျက်လွှာကို အောက်ချကာ မျက်နှာညှိုးညှိုးဖြင့် ငြိမ်သက်စွာ ရပ်နေသည်။

ဦးမင်းဟန်မှာ ခေါင်းကြီး ငိုက်စိုက်ချလျက် ကော်ဇောကိုသာ မဲစိုက်လျက် ကြည့်နေသည်။

"ကျွန်မ ဆက်ပြီး မလုပ်နိုင်တာကို အများကြီး ဝမ်းနည်းပါတယ်၊ ကျွန်မနေတဲ့အခါမှာ ကျွန်မစိတ်တိုင်းကျဖြစ်ရလို့ အထူးကျေးဇူးတင်ပါတယ်၊ ဒီအလုပ်ကို လုပ်ကိုင်ခွင့်ရတဲ့အတွက် ဝန်ကြီးကျေးဇူး ကျွန်မအပေါ်မှာ ကြီးလှပါတယ်၊ ဘွိုင်ကုလားကို ကျွန်မလက်ထပ်သင်ထားပါပြီ၊ ကျွန်မ မရှိတဲ့အတွက် အိမ်မှာ ကိုးရိုးကားရား ဖြစ်စရာလည်း မရှိတော့ပါဘူး၊ သူ့ကိုလည်း ခုနက သေသေချာချာ ပြောလိုက်ပါပြီ၊ ကျွန်မကို ခွင့်ပြုပါ"

ဝန်ကြီးမှာ တစ်ချိန်လုံး သူ့ခေါင်းသူ မထူနိုင်ဘဲရှိကာ ငုံ့လျက်သာ နေ၍ စိတ်မကောင်းဖြစ်ကာ ပြန်၍ ငြိမ်သက်နေသည်။

အတန်ကြာမှ ဦးမင်းဟန်သည် သူ့ခေါင်းကိုထူကာ မေရီအား ဆွေးမြည့် ကြေကွဲသော မျက်လုံးဖြင့် အားယူ၍ ကြည့်လေသည်။

Scanned by CamScanner

"ကျုပ်တောင်းပန်လို့ မရဘူးထင်တယ်၊ ခွင့်ပြုပါဆိုတာကိုတော့ ခွင့်ပြုပါတယ်၊ ဒါပေမဲ့ ဘယ်မှာ နေတယ်ထိုင်တယ်တော့ သိပါရစေ၊ ကျုပ် သိခွင့်ရမလား မေရီ"

မေရီသည် အလွန်အားနာလျက် အခက်ကြုံသွားလေသည်။ မိမိ နေရပ်ကို မပြောနိုင်ခြင်းကြောင့် ဝမ်းနည်းမိသည်။ မေရီမှာ မိမိဘဝကို မြှုပ်နှံ ပျောက်ဖျက်ဖို့ရန်သာ ရှိသဖြင့် ငြင်းဆန်ရတော့မည်ဖြစ်ရာ ရိုင်းပြရာ ကျမှာ သိရက်ဖြင့် ဖွတ်ငြင်းရသည်။

"ကျွန်မကို ခွင့်ပြုရတဲ့အထဲမှာ ကျွန်မ မဖြေတာကိုပါ ခွင့်လွှတ်ပါရှင်"

ဝန်ကြီးမှာ မျက်နှာပျက်သွားသည်။ မေရီမှာ ပူထူလျက် စာရင်းစာအုပ်များကို စားပွဲလေးပေါ်၌ပင် ထားခဲ့ကာ အခန်းထဲမှ ထွက်ခဲ့လေသည်။

စောစောက ဦးမင်းဟန်၏ ရင်ထဲတွင် ကျေနပ်ရွှင်ပျလျက် အားအင်ပြည့်တင်းနေသလောက် ဟာတာတာကြီး ဖြစ်သွားသည်။ အိမ်ကျက်သရေကို အထင်ကြီး၍ ဘဝင်လည်းမြင့်ခဲ့၏။ မေရီသွားပြီးလျှင်ကား မည်သို့ နေမည်မသိ၊ သွားတော့မည်ဟု ပြောလိုက်သည့်တစ်ခဏပင် ဖိတ်ဖိတ်တောက်နေသော ကျက်သရေတို့မှာ တစ်ပြိုင်နက်တည်း ဖျော့လျော့ ညှိုးသွားကြသည်။

ဦးမင်းဟန်မှာ ဣန္ဒြေဆည်၍ မရချေ။ သူ့ရင်ထဲတွင် ပေါက်ကွဲသွားလေသည်။ မေရီ၏ အလုပ်အကိုင်ကို နှစ်သက်သဘောကျသည်။ မေရီ၏ ရုပ်ဆင်းအလှနှင့် သိက္ခာဣန္ဒြေကို မြတ်နိုးလေးစားလျက် တွယ်တာစွဲလမ်း ချစ်မိနေသည်။ အကျိတ်အခဲကြီးဖြစ်နေသည့် နှလုံးသည်းပွတ်သည် ပေါက်ကွဲကြေမွသွားတော့မလောက်ပင် ထင်မှတ်မိသည်။ ဦးမင်းဟန်မှာ ဆိုဖာပေါ်၌ မလှုပ်နိုင် မရှားနိုင် အငိုင်ကြီးငိုင်လျက် ရှိနေသည်။

မေရီကို အချစ်ကြီးချစ်သည်၊ မေရီကို အမြဲ တွေ့ချင်မြင်ချင်နေသည်။ မတွေ့မမြင်ရလျှင် မနေနိုင်သလောက် မေရီကို သူချစ်နေမှန်း သူ့ကိုယ်သူ သိလေသည်။ သူ့မှာ ရီရီကို စကားလွန်ပြီး ဖြစ်သည့်အတွက် သူ့အချစ်ကို အရိပ်အယောင်မျှ မသန်းအောင် တတ်နိုင်သမျှဖုံးလျက် ချုပ်တည်းနေခဲ့ရသည်။ မျိုသိပ်ရသော ဒုက္ခ၊ အောင့်အည်းကြိတ်မှိတ်ထားရသော ဒုက္ခတို့ကို နေ့နှင့်အမျှ ခံစားနေရလျက် တအုံနွေးနွေးကြီးရှိနေခဲ့ရာတွင် မေရီ သွားတော့မည်



ဆို၍ နောက်ထပ်ဝေဒနာသစ်တစ်ခု တိုးလာကာ ထပ်မံ၍ မချိမဆံ့ ခံစားရပြန်သည်။

အိမ်ပေါ်သို့ မတက်ချင်တက်ချင် တက်ခဲ့ရ၏။ သူ့ခြေလှမ်းမှာ လေးလံစွာ နင်းတက်နေသည်။ မေရီသည် အခန်းထဲမှ ဝန်ကြီးခြေသံကို နားစွင့်လျက် သက်ပြင်းကိုပင့်၍ ချလိုက်မိသည်။ တော်တော်နှင့် မစဲနိုင်သော ခြေနင်းသံကို တဒိတ်ဒိတ်ဖြင့် စောင့်ဆိုင်း၍ နားထောင်လိုက်သည်။

တစ်ဖက်ခန်း၌ စုဝေးထိုင်နေကြသော အဖော်များကိုမြင်၍ ဦးမင်းဟန်မှာ မျက်နှာပျက်ပျက်ဖြင့် သူတို့အခန်းထဲ ဝင်သွားသည်။

"ခင်ဗျားတို့ကို ဝမ်းနည်းနည်းနဲ့ပဲ ပြောရတော့မယ်၊ မေရီ အလုပ်ထွက်ပြီ"

"အို-ဟာ-ဟင်"ဟူသော အသံများသည် တစ်ပြိုင်တည်း ထွက်ပေါ် ဆူညံသွားသည်။

"ဘာပြုလို့ ထွက်တာတဲ့လဲဗျာ"

ကိုထွန်းက ဝမ်းနည်းပန်းနည်း မေးသည်။

ဦးမင်းဟန်သည် တိတ်ဆိတ်လျက်ပင် ရပ်မြဲ ရပ်နေသည်။

"စောစောက မျက်နှာကလေး ရွှင်လို့ပဲ၊ အလုပ်ထွက်မယ့်အကြောင်း ဘာမှ မပြောဘူး၊ မထွက်ပါစေနဲ့ဗျာ"

ကိုသန်းအေးက ပြော၏။ ကိုဝင်းမောင် နှင့်ကိုဘစိုးက 'ခွင့်ပေးလိုက်သလား၊ တားလို့မရဘူးလား' စသည်ဖြင့် ဝိုင်းအုံ၍ တစ်ယောက် တစ်ပေါက် ပြောနေကြသည်။

"ဧည့်သည်တွေ မလာခင်ကပဲ ကျွန်တော့်ကို ဧည့်သည်တွေ ပြန်သွားရင် ဒီည စကားပြောပါရစေလို့ ခွင့်တောင်းထားတယ်၊ ကျွန်တော်က အလုပ်ထွက်လိမ့်မယ် မထင်ဘူး၊ ပြောတော့မှပဲ သိတော့တယ်၊ တားလို့ မရနိုင်ပါဘူးဗျာ၊ သူ့ကိုယ်ရေးကိစ္စကမထွက်လို့ မဖြစ်ဘူးတဲ့၊ သူ့နေရပ်ကို သိချင်လို့ မေးတော့လည်း သူပြောဖို့ ငြင်းတယ်၊ သူတော့ မနက် သွားတော့မယ်"

တစ်အိမ်လုံး တုတ်တုတ်မျှ အသံမကြားဘဲ တိတ်သွားကြသည်။

ဦးမင်းဟန်သည် သူ့အခန်းထဲတွင် ခုတင်ပေါ်၌ လှဲလျက် နဖူးပေါ်လက်တင်ကာ အပြင်ဘက်သို့ ငေးကြည့်နေသည်။ အပြင်ဘက်တွင် မှုန်ပြာ

Scanned by CamScanner

သော ကောင်းကင်ကြီး၌ လမင်းမှာ တစ်ခြမ်းသာလျက် ရှိသည်။ လရောင်သည် သူ့ကို ဖမ်းစားထားသည်။ သူ့ဝိညာဉ် သူ့အာရုံတို့သည် လမျက်နှာမှ မခွာနိုင်ဘဲ လရောင်ထဲတွင် လွှမ်းဆွေးလိမ့်လူးလျက် ရှိသည်။

ကိုထွန်းတို့လူသိုက်သည် အိပ်ရာထဲ ရောက်နေကြ၏။ စကားမပြောဘဲ တိတ်နေကြသည်။ တစ်ချီ တစ်ချီတွင် လေသံဖြင့် တစ်ဦးကို တစ်ဦး လှမ်းပြောလိုက်ကြသည်။

"လက်စသတ်တော့ နောက်ဆုံးနေ့မို့ ကျွန်တော်တို့နဲ့စားတာဗျ"

ကိုသန်းအေးက တိုးတိတ်သော အသံဖြင့် ခပ်သဲ့သဲ့ပြောလိုက်သည်။

"ကျွန်တော်တို့လည်း မသိပါဘူးဗျာ၊ နောက်ဆုံးစားပါလို့ ပြောလိုက်မိတယ်"

ကိုဝင်းမောင်အသံ ပေါ်လာပြီး အသံပျောက်သွားလျက် တိတ်သွားပြန်သည်။ အချိန်သည်တရွေ့ရွေ့ တွားသွားနေသော သတ္တဝါကြီးနှင့် တူနေလေသည်။

လူခြေတိတ် အချိန်ကြီးတွင် စူးရှသော ဥသြသံကြီးပေါ်လာလေသည်။ မြေအောက်မှ ပစ်ဖောက်လိုက်သော အမြောက်သံကြီးမှာ တဖြောင်းဖြောင်း တဒိန်းဒိန်း ဟိန်း၍ နေသည်။ ကောင်းကင်၌ လေယာဉ်ပျံသံများ တအုန်းအုန်း ကြားရသည်။ မိုးပေါ်မှ တဒိုင်းဒိုင်း တဗြုန်းဗြုန်း ချနေ၏။ ဗုံးချလိုက်သော တဗြုန်းဗြုန်း အသံကြီးမှာ အိမ်နှင့် နီးကပ်နေလေသည်။ အိမ်ကြီးမှာ ပြိုကျသွားမလားပင် ထင်ရအောင် သွက်သွက်ခါသွားသည်။

အားလုံး အိမ်ပေါ်မှ ပြေးဆင်းကြသည်။ ဆင်းလာကြသော လှေကားမှာ ပုခက်ကဲ့သို့ ယိမ်းထိုးနေသည်။ အောက်ရောက်ကြလျှင် ခြံထဲသို့ ပြေးသွားကြသည်။ ဦးမင်းဟန်မှာ အိမ်ပြင်သို့ မပြေးဘဲ မေရီအခန်းဘက်သို့ ကွေ့ချိုးသွားကာ တံခါးကို လက်နှင့် သွားပုတ်လိုက်သည်။

"ဘယ်သူလဲ"

အခန်းထဲမှ မေရီ၏ အသံကလေးကို သဲ့သဲ့ပြန်ကြားရသည်။

"ကျွန်တော်ပါ၊ ထွက်ခဲ့ပါ"

မေရီသည် ခုတင်ကို ဆုပ်ကိုင်လျက် ရပ်နေ၏။ တံခါးပုတ်သံမှာ ထပ်မံ၍ ပြင်းထန်လာသည်။

"မေရီ ထွက်ခဲ့ပါ၊ သိပ်နီးတယ်၊ ထွက်လေ၊ ထွက်ခဲ့ပါ"



ဦးမင်းဟန်၏ အလန့်တကြား အသံကြီးမှာ ကြောက်စရာပင် ကောင်းနေသည်။ ထိုအတွင်း နောက်တစ်ချီချလိုက်သော ဗုံးသံကို ပြင်းပြင်းထန်ထန်ကြီး ကြားလိုက်ရသည်။ မေရီမှာ ယိမ်းယိုင်နေလျက် ကြမ်းပေါ်သို့ လဲလုလုဖြစ်နေကာ ခုတင်တိုင်ကို မြဲမြဲဆုပ်ထားရသည်။ အိမ်ကြီးမှာ ဂျိန်းဂျိန်းဂျိုင်းဂျိုင်းနှင့် အသံမျိုးစုံထွက်ကာ အော်မြည်ညည်းတွားလျက် ခါယမ်းနေလေသည်။

မီးမှောင်ထားသော မေရီ့အခန်းထဲ၌ စောစောက လရောင်ကလေးသာ ရှိခဲ့သည်။ မိုးပေါ်မှ မီးကျည်များ အခိုင်လိုက် အတွဲလိုက်ချသော အရောင်တို့ဖြင့် အခန်းထဲတွင် ပြိုးပြိုးပြက်ပြက် ဝင်းလင်းနေသည်။ အရာဝတ္ထုအားလုံး ယမ်းခါလျက်နေသည်။ မေရီမှာ ရပ်တည် မရနိုင်ဘဲ လှိုင်းထဲတွင် လူးနေသကဲ့သို့ နိမ့်လိုက် မြင့်လိုက် ရှေ့တိုးနောက်ငင်ယိမ်းထိုးလျက်ရှိနေစဉ်တွင် အပြင်မှ တကြော်ကြော် ပုတ်ခေါ်နေသော ဦးမင်းဟန်၏ အသံမှာလည်း သေမင်းခေါ်သံကဲ့သို့ပင် မသဲမကွဲ မပီမသသော ကြောက်မက်ဖွယ်ရာ အသံကြီးကြောင့် မေရီမှာ တုန်ရီနေသည်။

"မေရီ…မေရီ၊ ကျွန်တော် ခေါ်နေတာ ထွက်ခဲ့စမ်းပါ၊ သိပ်ကြမ်းတယ်၊ သိပ်နီးတယ်၊ ဖွင့်လိုက်စမ်းပါ တံခါး၊ ထွက်ခဲ့စမ်းပါ"

"ကျွန်မ မထွက်ပါရစေနဲ့တော့၊ နေပါစေ၊ ဝန်ကြီးသာ သွားပါ၊ ဝန်ကြီးသာ ပြေးပါ"

တစ်ဦးကိုတစ်ဦး အပြန်အလှန်ပြောနေကြသော အသံများသည် ဗုံးသံ၊ အမြောက်သံ၊ စက်သေနတ်သံတွေ ဆူဆူညံညံ အကြားမှာ ဗလုံးဗထွေးသာလျှင် ကြားရ၏။

အိမ်ကြီးမှာ ဝရုန်းသုန်းကားသံများဖြင့် အော်ဟစ်ညည်းငိုလျက် ရှိနေသည်။ ဦးမင်းဟန်မှာ အသံနက်ကြီးဖြင့် အော်ဟစ် ညည်းတွားလျက် တကြော်ကြော် အော်၍ ခေါ်နေဆဲပင်။

မေရီမှာ နားကွဲမတတ် ဆူညံပစ်ခတ်လျက် ရှိသော အသံဗလံများထက် ဦးမင်းဟန်၏ ရင်ကွဲမတတ် ခေါ်သံကို နားမခံနိုင်အောင် ရှိလာသည်။

ထိုအတွင်း အပေါ်မှ သည်းသည်းထန်ထန်ကြီး ကြဲချနေလျက် အောက်မှ အကြိတ်အနယ် ပစ်ခတ်နေကြသော အသံဗလံတွေမှာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။ ကြောက်ခမန်းလိလိ မကောင်းဆိုးဝါးသံများ

Scanned by CamScanner

ကို ကြောက်လန့်လာသည်နှင့်အမျှ ဝန်ကြီးကို အချိန်မတော်ကြီး တံခါးဖွင့်ပေးလိုက်ရန် ရှက်ကြောက်လှသောစိတ်မှာ လွန်ဆွဲလျက်နေသည်။

ဦးမင်းဟန်မှာ အသေခံ၍ပင် ခေါ်နေသည်။ စိတ်လိုက်မာန်ပါ တံခါးကို တအားထုကာ ထုကာဖြင့် မထွက်မချင်း မလျှော့သောဇွဲဖြင့် မေရီ…မေရီ ဟု စိုးရိမ်ခြင်း ပြင်းစွာ ဟစ်ခေါ်နေသည်။

မေရီမှာ ဗိုးကျ၍ တိုက်ပိသွားလည်း သူ့အတွက် သေလိုက်ရန် ဝန်မလေးပေ။ သူ့အတွက်နှင့် တစ်ဖက်သား အသက်သေဆုံးသွားခဲ့သော် သူ့ပယောဂဖြစ်၍ ဖွတ်ပေတေနေရန် အားတင်းထားသော စိတ်များမှာ လျော့ပြယ်သွားရတော့ကာ အရဲစွန့်လျက် တံခါးကို ဖွင့်ပေးလိုက်ရသည်။

ဦးမင်းဟန်သည် ဘာမပြော ညာမပြော ဆတ်ခနဲ မေရီ၏ လက်ကလေးကို ဆွဲလိုက်သည်။

“လာပါ မေရီရယ် လာ…လာ…အိမ်ပေါ်မှာ လေယာဉ်ပျံတွေ”

မောဟိုက်တုန်ချည့်လျက် ရေးကြီးသုတ်ပျာပြောရင်း မေရီကို ဆွဲခေါ်သွားသည်။ မေရီမှာ သူ့လက်ကို ဆွဲလိုက်၍ ဓာတ်လိုက်သွားသကဲ့သို့ပင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ ကျဉ်သွားကာ ကယောင်ချောက်ချားစိတ်ဖြင့် တရွတ်တိုက် ပါသွားသည်။

သူတို့သည် အိမ်အောက်သို့ ဆင်းလိုက်ကြသည်။ အိမ်ပြင်၌ မီးကျည်ရောင်များဖြင့် လင်းထိန်၍ နေသည်။ မြေပြင်ရှိ မီးမောင်းမှ အားကောင်းလှသော ဆလိုက်မီးကျည်ကြီးသည် ကွေ့ယမ်းလာကာ သူတို့နှစ်ဦးအား ကွင်းထိုး၍ ထားသကဲ့သို့ပင် သူတို့သည် အလင်းရောင်စက်ဝိုင်းကြီးထဲတွင် မိနေကြသည်။ သူတို့မှာ ထိန်လင်းနေသော မီးရောင်အတွင်းသို့ တိုးဝင်ကာ ဖြတ်ပြေးနိုင်မှသာ ဗုံးခိုကျင်းသို့ ရောက်ပေလိမ့်မည်။

အိမ်ဝရောက်မှ မီးရောင်စက်ကွင်းထဲ ရောက်နေ၍ ဦးမင်းဟန်မှာ တအားပြေးရန် အရှိန်သတ်သွားသည်။ မေရီလက်ကို ဆွဲကိုင်လျက် တစ်စက္ကန့်တွေရပ်လျက်ရှိကာ ဘယ်ပုံဘယ်နည်း ဖြတ်ပြေးရန် အကြံယူနေစဉ် အိမ်ခေါင်မိုးပေါ်၌ ဝဲနေကြသောလေယာဉ်ပျံများ၏ ကြောက်မက်ဖွယ်ရာ အသံတို့ကြောင့် တွေးဆရန် အချိန်မရတော့ဘဲ မေရီ့ လက်ကလေးကို မြဲမြဲကြီး ဆုပ်လျက် မီးရောင်ထဲသို့ တိုးဝင် စွတ်ပြေးသွားသည်။



မေရီမှာ မျက်လုံးများ ပြာနေသည်။ ပြေးနေရခိုက် အိပ်မက်မက်သကဲ့သို့ ဖြစ်နေသည်။ ဦးမင်းဟန်မှာ သူ့လက်ကို ဆွဲထားသလိုလို၊ သူ့ပခုံးကို ဖက်ထားသလိုလို ကယောင်ကတမ်းသိတော့လျက် သူ့ခြေထောက်မှာ မြေကြီးနှင့် ထိသည်၊ မထိသည်ပင် သတိမရပေ။ ရင်ထဲ၌ တဆတ်ဆတ် ခုန်နေသော နှလုံးသည် ပွင့်ထွက်သွားတော့မလောက် ခုန်နေသည်ကို သိနေသည်။

မီးစိမ်း၊ မီးနီ၊ မီးဝါတို့ဖြင့် လင်းလိုက်၊ မှောင်လိုက် မှုန်ခြယ်လျက်ရှိသော မီးရောင်စက်ကွင်းထဲဝယ် သူတို့နှစ်ယောက်သည် ဗုံးခိုကျင်းဆီသို့ ပြေးကြသည်။

ဦးမင်းဟန်မှာ ပူပင်သောကကြီးရောက်လျက်ရှိ၏။ ဆွဲပြေးနေရသည်ကိုပင် စိတ်မချနိုင်အောင်ဖြစ်ကာ မေရီကို ပွေ့၍သာ ပြေးလိုက်ချင်သည်။ မေရီ ပါမှ ပါရဲ့လားဟု မွန်နေသော စိတ်သောကသာ များနေလျက် သူ့ကိုယ်သူ ဘယ်ပုံပြေးနေမှန်းပင် သတိမရတော့ပေ၊ ဗုံးခိုကျင်းနားသို့ မရောက်ကြမီ ရှီခနဲ အသံကြီးဖြင့် တစ်ဆက်တည်း နားထဲ၌ ဆောင့်ကန်သွားသော အုန်းခနဲ အသံကြီးဖုံးသွားသည် မဟာပထဝီမြေကြီးသည် သွက်သွက်ခါသွားလေသည်။ ဦးမင်းဟန်၏ နှုတ်မှ ‘ဝပ်လိုက်၊ ဝပ်လိုက်’ဟု ပြောပြောဆိုဆို မေရီ၏ ပခုံးကို တွန်းလှဲပေးလိုက်ကာ ထိုးဝပ်လိုက်ကြသည်။ ဦးမင်းဟန်မှာ မေရီ၏ ပခုံးကို သိုင်းဖက်လျက် ရှိသည်။

မေရီသည် ဝပ်လိုက်သည်ကိုသာသိလျက် မြေကြီးနှင့် ရင်နှင့်ထိပြီးမှ သူ့အား ဦးမင်းဟန်ကတွဲထူပြန်ကာ တွဲပြေးသွားသည်ကို သိသလို မသိသလိုဖြင့်ပင် ဗုံးခိုကျင်းထိပ်ဝသို့ ရောက်သွားကြသည်။ မေရီမှာ မောဟိုက်လျက်နေ၏။ ဦးမင်းဟန်သည် မေရီ၏ပခုံးလေးကို သိမ်းဖက်၍ ငုံ့လျက် မြေအထစ်ကို စမ်းဝင်ကာ ကျင်းထဲရောက်မှ လက်ချလိုက်သည်။

“ထိုင်…မေရီ…ထိုင်…ထိုင်”

ကိုထွန်းတို့က မှောင်ထဲမှ လှမ်းခေါ်ကြသည်။ မေရီမှာ ဘယ်သူ့အသံမှန်းပင် မကျက်မိချေ။ ဘာမျှလည်း မမြင်ရပဲ ထိုင်ချလိုက်ရသည်။ ရင်ညွန့်သို့ တက်နေသော အလုံးကြီးမှာ အသက်မရှူမရအောင်ပင် ဆောင့်ခုန်နေလေသည်။

“ခုနက အလုံးဟာ သိပ်ကြမ်းတာပဲဗျို့၊ ကျွန်တော်တို့တော့ ကီစွချောပြီ အောက်မေ့တာ၊ မြေကြီးဟာ…”

ကိုဘစိုးစကားမဆုံးမီ စက်သေနတ်ပစ်သံများ တရစပ်မြည်လာ၍ ကိုဘစိုး၏ အသံမှာ ပြောရင်း ပြောရင်း ပြာဝင်နေလျက် ပျောက်သွားသည်။

ဦးမင်းဟန်မှာ မေရီဘေး၌ ကပ်လျက် ဆောင့်ကြောင့်ထိုင်သည်၊ မောပန်းစွာ အသက်ရှူနေ၏။ အသက်ရှူသံမှာ အင်္ဂရိတ်ဖိုဆွဲနေသကဲ့သို့ပင် ရှူးရှဲရှူးရှဲဖြစ်နေသည်။ မေရီသည် ဒူးပေါ်၌ ခေါင်းမှောက်ချကာ ပွေ့ဖက်ခေါ် လာသော ဦးမင်းဟန်၏ မျက်နှာကို မကြည့်ရဲသလောက်အောင် ရှက်မိလျက် သူ့မျက်နှာကို မဖော်ဝံ့အောင် ဖြစ်နေသည်။ ပစ်ကြခတ်ကြ တရစပ်ဆူညံနေသော အသံများမှာ သူ့နားနှင့်ကင်းဝေးနေသည်၊ ယောကျ်ားတစ်ဦးအပွေ့အဖက်ကို မခံရဖူး၍ သူ့ရင်တွင်း၌ တုန်လှုပ်ချောက်ချားလျက် ရှက်အားပိုနေလေသည်။ ပွေ့ဖက်၍ သူ့ကို ပြေးလာခဲ့သောအဖြစ်ကို ပြန်တွေးရင်း တွေးရင်း ကြက်သီး တဖြန်းဖြန်း ထနေလျက် တစ်ကိုယ်လုံး နတ်ဝင်သည်လို တဆတ်ဆတ် တုန်၍ နေသည်။

မည်မျှလောက် အချိန်ကြာမြင့်သည်မသိ၊ ဘေးကင်းဥသြမှုတ်သည့် အခါတွင် မေရီမှာ ခြေထောက်ကို ရှာမရသကဲ့သို့ပင် ထုံကျဉ်နေသည်။ ဦးမင်းဟန်သည် ကျင်းထဲမှ မေရီကို အရင်ရှေ့က ထွက်စေ၏။ မေရီသည် ရှေ့က ထွက်ခဲ့ပြီး ကျင်းဝမှ အိမ်ကြီးကို လှမ်းကြည့်လိုက်သည်။ လရောင်ထဲ၌ အိမ်ကြီးမှာ အုတ်ကြွပ်မိုးများ ပြုတ်ကျနေကာ ဒဏ်ရာဒဏ်ချက်များဖြင့် ဝပ်တွား ဆိတ်သုဉ်းနေသည်။

မေရီသည် ဖြစ်နိုင်လျှင် အိမ်ထဲသို့ မဝင်ဘဲ ခြံဝင်းထဲမှ ပြေးထွက်သွားချင်သည်။ ဦးမင်းဟန်နှင့် မျက်နှာချင်း မဆိုင်နိုင်သော အိမ်ပြင်ဘက်သို့သာ စွတ်ပြေးသွားချင်မိတော့သည်။

မေရီမှာ သူ့ကိုယ်နှင့် သူ့ခြေကို မသယ်နိုင်သလောက် ဖြစ်ကာ ခြေလှမ်းမှာ တုံ့နှေးနေသဖြင့် ဦးမင်းဟန်က စောင့်ခေါ်လေသည်။ လရောင်ထဲတွင် ဆံပင်များဖွာနေလျက် ကပိုကရို အမူအရာကလေးဖြင့် လျှောက်နေသော မေရီကို ကြည့်ကာ ဦးမင်းဟန်မှာ အိမ်ထဲသို့ ပွေ့၍သာ ခေါ်သွားချင်တော့သည်။ ဦးမင်းဟန် စောင့်ခေါ်နေမှန်း သိသိချင်း မေရီသည် အားထုတ်လျက် သုတ်ခြေတင်ကာ လျှောက်လေသည်။ စိတ်က ရှေ့နားရောက်နေလျက် ခြေထောက်များမှာ နောက်ကျနေရစ်ခဲ့သည်။ မေရီမှာ အံကြိတ်လျက် ရှေ့သို့



ထိုးလဲသွားမလောက်ပင် သူ့ခြေထောက်ကို တအားဆွဲသယ်လျက် အိမ်ထဲသို့ ဝင်ခဲ့လေသည်။

ဘွိုင်က ရှေ့က ပြေးကာ အိမ်ထဲမှ မီးဖွင့်လိုက်သည်။ မေရီသည် သူ့အခန်းထဲသို့ တန်းဝင်သွားကာ တံခါးကို ဆွဲပိတ်လိုက်သည်။ ဒူးများ တုန်နေလျက် သူ့ကိုယ်ကို ခုတင်နားသို့ အနိုင်နိုင်သယ်သွားရသည်။ ခုတင်ပေါ်၌ ထိုင်ချလိုက်သည်။ သူသည် ခေါင်းအုံးပေါ်၌ မျက်နှာကို မှောက်ချလိုက်၏။ ခေါင်းအုံးနှင့် သူ့မျက်နှာကို ဖိကပ်လျက် တရှိုက်ရှိုက် ရှိုက်နေလေသည်။ ပြတင်းပေါက် အပြင်ဘက်တွင် ပြာမှိုင်းမှိုင်း ကောင်းကင်ကြီးမှ တစ်ခြမ်းလကလေးသည် မျက်နှာကလေး ညှိုတိုတိုဖြင့် တဖြည်းဖြည်း တိမ်အုပ်ထဲသို့ ပုန်းကွယ်သွားလေသည်။

❐

## ၁၃

အရုဏ်ကျင်းလာသည်နှင့် ခြေပစ်လက်ပစ် လဲလျောင်းနေသော ဦးမင်းဟန်သည် ခုတင်မှ ထလိုက်ကာ အိမ်ရှေ့ဘက် အခန်းပြတင်းပေါက်ကို ဖွင့်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်လျက် ရှိလေသည်။ အရုဏ်ကျင်း၍ အလင်းရောင် ရောက်တော့မည့် အချိန်ကို စောင့်လင့်နေသည်။

ညသန်းခေါင်လောက်က လောကမြေအပြင်တွင် ရုန်းရင်းဆန်ခတ် ရုတ်ရုတ်သဲသဲ စိတ်နှလုံးချောက်ချားဖွယ်ရာ ဖြစ်ပျက်ခဲ့လျက် ယခုတော့လည်း တစ်လောကလုံး အိပ်မောကျနေလေရာ စောစောက ပွက်လောရိုက်သွားပုံမှာ ဟုတ်မှ ဟုတ်ပါလေစဟု သံသယဖြစ်လောက်ပေသည်။

ဦးမင်းဟန်သည် တံခါးဘောင်ကို လက်နှစ်ဖက်ဖြင့် ထောက်လျက် အိမ်အောက်သို့ ငုံ့ကြည့်လိုက်သည်။ မီးရောင်ထဲဝယ် သူတို့ နှစ်ယောက် ပြေးသွားကြသော လမ်းကြောင်းကလေးကို အစဉ်တစိုက် ပြန်၍ ကြည့်လေသည်။ မေရီ၏ နုနုထွေးထွေးလက်ကလေးကို ဆုပ်ကိုင်လျက် ဘဝသစ်တစ်ခုသို့ ရောက်သွားရသည်။ စိမ်းမြသော မြက်ခင်းပေါ်၌ အတူ ယှဉ်ကပ် သိုင်းဖက်လျက် ဝပ်မှောက်ကြပုံကို မြင်ရသည်မှာ ရင်ဖိုမိသည်။ ရင်ဖိုလာသည်



ဆိုလျှင်ပင် ဦးမင်းဟန်သည် မေရီကို ပြန်လည်၍ သိုင်းဖက်ထားရန် သူ့စိတ်ကို လွှတ်ပေးလိုက်ကာ မျက်လုံးတွေကို စုံမှိတ်ထားသည်။

အရှေ့မှ နေဝန်းသည် တဖြည်းဖြည်း ပြူလာကာ ရွှေတောင်ကြား ရပ်ကွက်၏ စိမ်းစိုသော ရှုခင်းရှုကွက်များကို နေရောင်ဖြင့် ပက်ဖြူးလိုက်သည်။ အိပ်မောကျနေသော ရွှေတောင်ကြားသည် လှုပ်ရှားလူးလွန့်စ ပြုလာသည်။ နေရောင်ခြည်တွင် မိုးရိပ် မြူရိပ်တို့သည် လွင့်စဉ်သွားကြလေသည်။ တိုက်တာ ခြံဝင်းတို့၏ သဏ္ဌာန်သည် ထင်းထင်းကြီး ပေါ်လာကြသည်။ ဦးမင်းဟန်သည် မျက်လုံးများကို ဖွင့်ကာ ထွက်ပြူစ နေဝန်းဆီသို့ မျက်နှာမူလိုက်သည်။

ဥသြငှက်တို့ကား သာယာသော အသံကို အော်မြည်ကာ အိပ်တန်းမှ ထကြလေပြီ။ ချိုးငှက်တို့ကား တကူကူးဖြင့် ပျံကူးလျက် နေသည်။ ခြံဝင်းထဲတွင် ဟိုနေရာ သည်နေရာမှ စိုးစီအော်မြည်ရင့်ကြွေးနေသော ကျေးငှက်တို့ဖြင့် နံနက်ခင်းသည် သာယာစွာ လင်းလာပြန်၏။

ဦးမင်းဟန်သည် အရုဏ်ကျင်းမှ လင်းသည်အထိ တစ်ချိန်လုံး ပြတင်းတံခါးမှ မခွာနိုင်။ နေဝန်းတက်လေလေ သူ့ရင်တွင်း၌ တမြိုက်မြိုက်ပူဆွေးဝမ်းနည်းလာလေလေဖြင့် သက်သာရာ သက်သာကြောင်းကို ရှာကြံ၍ မတွေ့ဖြစ်နေသည်။ တံခါးခေါက်ကာ ချောက်ခနဲ မြည်သံကြား၍ လှည့်ကြည့်လိုက်သည်။

ဘွိုင်ကုလားသည် လက်ဖက်ရည်ဗန်းကို လက်ဝါးပေါ်တင်လျက် ရှေ့က ဝင်လာ၏။ ဘွိုင်နောက်တွင် ခေါင်းပတ်ဖြူ၊ ထဘီစိမ်းကလေးနှင့် မဟုတ်ဘဲ အင်္ကျီအဝါ၊ လုံချည်အဝါလေးဝတ်ကာ လိုက်ပါလာသော မေရီကို မြင်လိုက်လျှင် ဦးမင်းဟန်မှာ မချိတင်ကဲ ဖြစ်သွားသည်။

ယမင်းရုပ်ကလေးကို ပြန်၍ မြင်လိုက်ရသည်မှာ အားရနိုင်ဖွယ် မရှိ၊ ကြည့်ရှု၍ ငြီးနိုင်ဖွယ်ပင် မရှိ၊ ပင်ပန်းနွမ်းလျကာ ဖျော့နေသော မျက်နှာတွင် သူ့အကြည့်သာလျှင် အသက်ဝင်လျက် သူ့ရင်မှာ ဟာသွားလေသည်။

သက်သက်သည် အခန်းထဲသို့ လှမ်းမဝင်ဘဲ အခန်းဝ၌ ရပ်နေ၏။ ဝန်ကြီးနှင့် မျက်နှာချင်း မဆိုင်ဝံ့ဘဲ သူ့ခေါင်းကို ငုံ့ထားသည်။

ဦးမင်းဟန်သည် ပြတင်းပေါက် တံခါးမှ ခွာလျက် သက်သက်နားသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။

Scanned by CamScanner

''သွားတော့မယ်လား''

သက်သက်မှာ အသံ လုံးလုံး မထွက်တော့ချေ။ သူ့ခေါင်းကိုသာ ညိတ်၍ ပြလိုက်နိုင်၏။ ဦးမင်းဟန်၏ အသံသည် အက်ကွဲနေလျက် နာကြည်းနေရာ သက်သက်မှာ အလွန်စိတ်ဆင်းရဲရလျက် ရင်ထဲတွင် နောက်လာသည်။

''ကျွန်တော် ကားနဲ့ လိုက်ပို့ရမလား''

''ရိုစီက မြင်းလှည်းပို့လိုက်ပါတယ်၊ အိမ်ရှေ့က ခြံနားမှာ စောင့်နေပါပြီ''

သက်သက်သည် မျက်နှာကို မဝံ့တဝံ့ဖြင့် မော့လျက် အသံတိမ်တိမ်နှင့် ပြန်ကြားလိုက်သည်။

ဦးမင်းဟန်သည် မျက်တောင်များစင်းလျက် မချိပြုံးပြုံးလိုက်သည်။ တစ်အောင့်မျှ ငေးစိုက်ကြည့်လိုက်ပြီးနောက် စားပွဲအံဆွဲထဲမှ စာအိတ်ကြီး တစ်အိတ် သွားထုတ်ယူလာသည်။ အိတ်ထဲ၌ မေရီ၏ နောက်ဆုံးလခငွေ ၂၀၀ိ ထည့်ထားသည်။

''ဒီမှာ…မေရီ''

သက်သက်သည် မျက်တောင်ကို ပင့်ကြည့်လျက် လစာအိတ်ကို လှမ်းယူလိုက်ကာ ''ကျေးဇူးတင်ပါတယ်၊ ကျွန်မ သွားတော့မယ်နော်''ဟု နှုတ်ဆက်လိုက်သည်။ နှုတ်ဆက်ပြီး ချာခနဲ လှည့်ကာ လှေကားမှ ပြေးဆင်းခဲ့သည်။

ဦးမင်းဟန်သည် တံခါးကို ဆွဲစေ့လိုက်ကာ စားပွဲခုံ၌ ထိုင်လိုက်သည်။ စားပွဲပေါ်၌ နဖူးကို လက်နှင့် ထောက်လျက် မျက်လုံးများမှိတ်ထားလိုက်သည်။ ခြံဝင်းထဲသို့ ဝင်လာသော မြင်းလှည်းမှ ချူသံ ခွာသံများနှင့် ခြံဝင်းထဲမှ ပြန်ထွက်သွားသော ချူသံ၊ ခွာသံကို နားစွင့်ရင်း သူ့အသည်းမှာ ထောင်းထောင်းညက်ညက် ကြေသွားလေသည်။

သက်သက်သည် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာသည်။ ခြံဝင်းမှ အထွက် အိမ်ကြီးကို တစ်ချက် ပြန်၍ ကြည့်ခဲ့၏။ သူ့ကို စွန့်ခွာသွား၍ အိမ်ကြီးမှာ ငေးမျှော်လျက် ထီးထီးကြီး မှိုင်ကျန်ရစ်ခဲ့သည်။ ပြန်၍ လွမ်းမိ၊ ဆွေးမိပြန်၏။ သက်သက်မှာ အိမ်ကြီးကို တွယ်တာခင်မင်နေသည်။ တစ်အိမ်လုံး သူ့လက်သူ့ခြေသာ ဖြစ်၏။ သူ ပြုပြင်ခဲ့၍ ကြီးပြင်းအောင် ကျွေးမွေးခဲ့



ရသော သားငယ်ကို စွန့်ခွာခဲ့ရသည့် မိခင်ပမာ သူ့ရင်ထဲ၌ မီးကဲ့သို့ ပူပြင်းလာခဲ့သည်။

ပန်းခြံထဲ၌ နေရောင်နှင့် ပန်းပွင့်တို့ ဝေဆာလျက်ရှိသော ပတ်ဝန်းကျင်တစ်ခုလုံးသည် မြင်းလှည်းကလေး ထွက်ခွာသွားလျှင် ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိနေကြသည်။

ဤတစ်ကြိမ်တွင် သက်သက်က လှကို ပြေးဖက်လိုက်သည်။ သက်သက်၏ မျက်လုံးမှ မျက်ရည်များ စီးကျလာလေသည်။ လှမှာ ဝမ်းသာလုံးကြီးဆို့သွားလျက် 'လွတ်ပြီ၊ ကျွတ်ပြီ' ဟု အော်ဟစ်မြည်ကြွေး၍ နေလေသည်။

''ဘယ်မလဲ လှ၊ ငွေပေး၊ သက်သက် သွားမယ်၊ ဒီနေ့ပဲ ပြန်ချင်တယ်''

''လှရော မလိုက်ရဘူးလားဟင်''

လှမှာ ရက်ချိန်းအတိုင်း မနေ့က ညနေဘက်၌ ရိုစီအိမ်သို့ ရောက်နေ၏။ သက်သက်ထံသို့ ရောက်လာကြောင်း လူလွှတ်၍ အကြောင်းကြားလိုက်သည်။ သက်သက်က နံနက်စောစော မြင်းလှည်းတစ်စီးလွှတ်ရန် စာပြန်လိုက်၍ အစောကြီးထလျက် မြင်းလှည်းငှားပြီး လွှတ်လိုက်သည်။

''မလိုက်ပါနဲ့တော့ လှရယ်၊ သက်သက်ရွှေးပြီး ပြန်လာမှာပဲ၊ လှသာ ဈေးဝယ်ချင်ရင် သက်သက်သွားတုန်း သွားဝယ်ထားနှင့်ပါ၊ ဒီနေ့ အမီပြန်မယ်''

လှက ငွေများ ထုတ်ပေးသည်။ သက်သက်သည် သူစုထားသော လစာငွေများနှင့် လှပေးသော ငွေစက္ကူများကို စုထုတ်ကာ ဦးမင်းဟန် ပေးလိုက်သော စာအိတ်ဝါကြီးထဲ၌ ငွေ နှစ်ရာကျပ် နှင့် ပေါင်းထည့်လိုက်သည်။

''ညက သက်သက်ရယ် လှဖြင့် ကြောက်လိုက်တာ၊ ကျင်းထဲမှာ ရိုစီနဲ့ ဝပ်နေရတယ်၊ သက်သက်ရော ကျင်းထဲ ဆင်းရဲ့လား''

သက်သက်သည် စက္ကူအိတ်ကြီးကို ချိုင်းတွင် ညှပ်လိုက်သည်။ မျက်နှာပျက်ပျက်ဖြင့် 'ညက အဖြစ်တော့ မပြောပါနဲ့တော့ လှရယ်'ဟုသာ ဆိုသွားနိုင်လျက် ကမန်းကတန်း အိမ်ပြင်သို့ ပြန်ထွက်သွားကာ မြင်းလှည်းပေါ်သို့ တက်လေ၏။

'ကုက္ကိုင်း၊ ခြံနံပါတ် ၅၀၊ ဒေါ်သီ'ဟု မှတ်ထားသော လိပ်စာအတိုင်း မြင်းလှည်းကို ကုက္ကိုင်းဘက်သို့ မောင်းခိုင်းလိုက်သည်။

မိုးတိမ်များ အုံ့ဆိုင်း၍ နေသည်။ စိုစွတ် ထိုင်းမှိုင်းသောလေသည် လမ်းမတစ်လျှောက်တွင် တိုက်ခတ်လျက် ရှိသည်။ သက်သက်သည် စီးကျလုရှိသော မျက်ရည်ကို သုတ်လိုက်ရင်း 'ဖြည်းဖြည်းရှင်၊ ခြံနံပါတ်ရှာရမှာ'ဟု ပြောလိုက်သည်။ မြင်းလှည်းသည် ကုက္ကိုင်းလမ်းမကြီးပေါ်သို့ ရောက်လာခဲ့သည်။ ချိုင့်ထဲသို့ ဘီးဆင်းသွား၍ သက်သက်မှာ မြောက်ခုန်သွားသည်။ အဝေးရှိ ရွှေတိဂုံစေတီကြီး၏ ငှက်မြတ်နားသည် နေခြည်ထဲတွင် ဝင်းလျက်ရှိသည်။

သက်သက်သည် ခြံနံပါတ် ၅၀ ရှေ့၌ မြင်းလှည်းကိုရပ်ကာ မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။ ခြံထဲ၌ တိတ်နေ၏။ တိုက်ခံအိမ် ဆင်ဝင်အောက်သို့ လျှောက်လာခဲ့သည်။

သံဆွဲတံခါးကို လက်နှင့်ဆုပ်လျက် မိမိအား လှမ်းရပ်ကြည့်နေသော မိန်းမပျို တစ်ယောက်ကို တွေ့ရသည်။

''အို-မမသက်ကြီးပါလား''

သက်သက်မှာ အံ့အားသင့်၍ သွားသည်။ အပျိုကြီးဖြစ်နေသော ရီရီကို ရုတ်တရက် မမှတ်မိပေ။ တံခါးနားကပ်လာမှ ငယ်ရုပ်ပေါ်လျက် အသံကို ကျက်မိကာ ရီရီမှန်း သိတော့သည်။

''ရီရီတို့ ဒီပြောင်းနေတာ သန်းသန်းပြောလိုက်သလား ဟုတ်လား''

ရီရီသည် သံတံခါးကို ဆွဲတွန်း ဖွင့်ပေးလိုက်ရင်း ဝမ်းသာအားရ မေးလိုက်သည်။

''ဒီအိမ်မှာ ကိစ္စရှိလို့ မမသက် လာတာ၊ ရီရီ ဒီမှာရှိမှန်း မမသက် မသိဘူး''

''ဟင်-ဟုတ်လား၊ ဘာကိစ္စလဲ မမသက်၊ လာ လာ ဝင်ပါ''

ရီရီသည် သက်သက်၏လက်ကို ဆွဲခေါ်ကာ အိမ်ထဲသို့ ဝင်ခဲ့သည်။

''ထွားလာလိုက်တာ ရီရီရယ်၊ မမသက်ဖြင့် ရီရီကို ဂါဝန်လေးနဲ့ပဲ မြင်နေတယ်၊ အပျိုကြီးတောင် ဖြစ်နေပါရောလား''

သက်သက်သည် ဆိုဖာ၌ ထိုင်လျက် ရီရီအား ပြုံးပြောလိုက်သည်။



''အပျိုကြီးတောင် ဘယ်ကမလဲ သက်သက်ရဲ့၊ လင်ပဲ ယူရတော့မယ်''

ရီရီက ရယ်မောပြောလိုက်ကာ-

''ကဲ-ပြောပါဦး မမသက်၊ ဘာကိစ္စလဲ''ဟု မေးလိုက်သည်။

''ဒါ ဒေါ်သီ့အိမ် ဟုတ်ရဲ့လား''

''ဟုတ်တယ်လေ မမသက်ရဲ့၊ ဒေါ်သီက ရီရီ့မေမေပဲ၊ ဘာဖြစ်လို့လဲ''

''ရီရီ့အမေလား၊ မမသက်မှ မသိပဲ''

သက်သက်မှာ မိမိအဒေါ်နှင့် ပတ်သက်၍ ရီရီ့အစ်မဝမ်းကွဲ သန်းသန်းနှင့်သိခဲ့ရသည်။ သက်သက် မိခင်၏ ညီမအငယ်မှာ ဝတ်လုံတော်ရ မစ္စတာဂျူးနှင့် အိမ်ထောင်ကျလေသည်။ ရီရီ့အစ်မဝမ်းကွဲ သန်းသန်း၏ မိဘများမှာ အရေးပိုင်ဖြစ်၍ သက်သက်မှာ အဒေါ်အိမ်၌ လာနေစဉ် အရေးပိုင်သမီး သန်းသန်းနှင့် တွေ့ကြသည်။ စစ်မဖြစ်မီက ရီရီကို သန်းသန်းတို့ အိမ်၌ ရံဖန်ရံခါ တွေ့ဖူး၏။ ကျောင်းပိတ်ချိန်၌ ရီရီသည် သန်းသန်းတို့ထံ အလည်လာနေခိုက် သက်သက်မှာ သန်းသန်းနှင့် ပတ်သက်၍ ရီရီကို သိကျွမ်းရသည်။ ရီရီ၏ မိဘများမှာ ရန်ကုန် အနောက်ပိုင်းတွင် နေမှန်းသာသိလျက် အမည်များကို သေချာဂဃနဏ မှတ်မထားချေ။ မြင်လည်း မမြင်ဖူးချေ။

''ရီရီ့ မေမေပေါ့၊ မမသန်း ဖေဖေက မေမေ့ အစ်ကိုအကြီး၊ တောင်ငူမှာရှိတဲ့ အဒေါ်တစ်ယောက်က အလတ်''

''ဩော်-ဒါဖြင့် မမသက် ခေါင်းရပ်ကလေး အပေါင်ခံထားတာ ရီရီ့အမေလားဟင်''

ရီရီမှာ အံ့အားသင့်သော မျက်နှာလေးဖြင့် 'အို' ဟု အော်လိုက်သည်။ ထို့နောက် သူ့ရင်ကို လက်နှင့်ဖိလျက် 'ဦးမြကြီး လာပို့တာ မမသက်အရုပ်လား'ဟု ကမူးရှူးထိုး မေးလေသည်။ သက်သက်မှာ ခေါင်းကိုသာ ညိတ် နိုင်တော့လျက် ကြက်သေသေနေသည်။

''ဖြစ်မှ ဖြစ်ရလေ မမသက်ရယ်၊ ဦးကြီးက ပွဲစားမိန်းမသာပြောတာ၊ ဘယ်သူ ဘယ်ဝါ မပြောဘူး၊ ဒါဖြင့် ကားဝယ်ဖို့ ပိုက်ဆံကျပျောက်တာ မမသက်လားဟင်''

Scanned by CamScanner

ရီရီသည် သူနေရာမှ ထလာလျက် သက်သက်၏ ဆိုဖာဘေးတွင် ဒူးထောက်လိုက်ကာ သက်သက်ပခုံးကလေးကို လှုပ်ကိုင်၍ မေးနေသည်။

"မမသက် သူငယ်ချင်းတစ်ယောက်၊ လှလေ လှ ရီရီတော့ သိမှာမဟုတ်ဘူး၊ သန်းသန်းတော့ သိတယ်၊ သူနဲ့အတူ မမသက်နေတယ်၊ ငွေကို သူ ဖျောက်ပစ်လို့ မမသက် ဒီအရပ်နဲ့လျော်လိုက်ရတာ"

"မမသက် ဖေဖေနဲ့ မေမေရော မသိဘူးလား"

သက်သက်မှာ ရီရီ၏ မျက်နှာကလေးကို ဝမ်းနည်းပက်လက် စိုက်၍ ကြည့်မိသည်။ ရီရီ၏ မျက်နှာကလေးမှာ မျက်လုံးလေးဝိုင်းနေလျက် သက်သက်၏ မျက်နှာကို စိုက်ကြည့်နေသည်။

"ဖေဖေတို့ ဆုံးကုန်ကြပြီ"

"ဟင်-ဘယ်တုံးကလဲ"

သက်သက်မှာ မိဘများပျက်စီးသွားပုံကို အကျဉ်းရုံးလျက် ပြန်ပြောရင်း တစ်ပါတည်း လှ ငွေကျပျောက်ပုံပါ ရှင်းလင်းပြောပြလိုက်သည်။

ရီရီမှာ ဝမ်းနည်းစွာဖြင့် ငေးစိုက်နားထောင်လျက် ရှိကာ ကရုဏာကြီးစွာ ဖြစ်နေသည်။

"နို့-မမသက် အန်တီမာမီကော"

"သူတို့ ကုလားပြည်ပြေးကြတယ်၊ ဒီမှာ မရှိကြဘူး၊ ရှိရင် မမသက် ခုလို ဒုက္ခ မရောက်ပါဘူးကွယ်"

"မမသက်ရယ်၊ ရီရီ စိတ်မကောင်းလိုက်တာ၊ မမသန်းလာလည်း မမသက်အကြောင်းကို တစ်ခါမှ မစပ်မိဘူး၊ မမသန်းတို့လည်း အခု ရန်ကုန်မှာပဲ။ သူ့ယောကျ်ားက အလုပ်လုပ်နေတယ်။ သူသိရင် သိပ်ဝမ်းနည်းမှာပဲ၊ မေမေလည်းသိရင် စိတ်ကောင်းမှာ မဟုတ်ပါဘူး၊ မေမေ လာပါလိမ့်မယ်၊ နေဦးနော်"

ရီရီသည် နေရာမှထလျက် အိမ်ထဲသို့ပြေးဝင်သွားသည်။ သက်သက်မှာ စိတ်ရောကိုယ်ရော မောပန်းလာသည်။ ဆိုဖာနောက်တွင် မှီထိုင်လိုက်ကာ ဧည့်ခန်း၏ အပြင်အဆင်များကိုကြည့်လျက် ရွှေတောင်ကြားအိမ်ကြီးကို သတိတရရ ဖြစ်နေသည်။

သက်သက်သည် ဧည့်ခန်းထဲသို့ ဝင်လာသော သားအမိနှစ်ယောက်ကို မြင်မြင်ချင်း ကိုယ့်မျက်စိ ကိုယ်မယုံနိုင်အောင် ဖြစ်ကာ ခေါင်းမှာ ပုတ်လောက်ကြီးလျက် ပူထူသွားလေသည်။ ရီရီ၏ မိခင်ကို ဦးမင်းဟန်အိမ်၌ တွေ့စဉ်က မြင်ဖူးပါသည်ဟု တွေးမိသည်။ ယခုမှ သန်းသန်းတို့အိမ်တွင် ဓာတ်ပုံအယ်လ်ဘန်စာအုပ်ထဲ၌ ရီရီ၏မိခင်ပုံကို တစ်ခါက မြင်ဖူးခဲ့မှန်း အမှတ်ရတော့သည်။

အဒေါ်ကြီးမှာ စိပ်ပုတီးကြီး လည်တွင်ဆွဲလျက် ပြုံးချိုသော မျက်နှာဖြင့် ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ ဖြုန်းခနဲ သက်သက်ကို မှတ်မိပုံ မရ၊ သက်သက်ကို ခေါင်းပတ်ဖြူ၊ မျက်မှန်ကလေးနဲ့ တွေ့ခဲ့ရ၍၊ မေရီမှန်း မရိပ်မိဘဲ ရှိသည်။

သက်သက်မှာ ရင်ထဲ၌ တထိတ်ထိတ်ဖြင့် မမှတ်မိပါစေနှင့်သာ အောက်မေ့ ဆုတောင်းရသည်။ ဝန်ကြီးနှင့် စေ့စပ်ထားသူမှာ ရီရီဖြစ်မှန်း ခုမှပင် သိတော့သည်။

"မေမေ့ကို ရီရီပြောပြဖူးတဲ့ မမသက်လေ၊ ဒေါင်းရုပ်က မမသက် အရုပ် မေမေရဲ့၊ မမသက်တို့မိဘတွေ ဖုံးထဲပါသွားကြလို့ မမသက် အခု ဆင်းရဲနေတာ၊ အရင်တုန်းက မမသက်တို့ သိပ်ချမ်းသာတာ၊ မမသက်အဒေါ် ဝတ်လုံတော်ရကတော်ကလည်း ကုလားပြည်ပြေးသတဲ့ မေမေ"

ရီရီက သက်သက်နှင့် သူ့အမေကို မိတ်ဆက်ပေးရင်း ရေပက်မဝင် ပြောပြသည်။ သက်သက်မှာ အဒေါ်ကြီး၏ မျက်နှာကိုမကြည့်ရဲဘဲ ခေါင်းကို ခပ်ငိုက်ငိုက် ခပ်စိုက်စိုက်ဖြင့် ဖုံးကွယ်နိုင်သမျှ ဖုံးကွယ်၍ နေသည်။

"ဖြစ်ရလေ တူမကြီးရယ်၊ အကြီးတို့လည်း ကိုမြကြီးကို ဘယ်သူ့ ပစ္စည်းလဲ ဆိုတာကို သေသေချာချာ မမေးမိဘူး၊ တူမကြီးအကြောင်းတော့ သမီးက ခဏခဏပြောတတ်လို့ ဝတ်လုံတော်ရ တူမလေးဆိုတာ အကြီးသိနေပါတယ်၊ တူမကြီး ဦးလေး ဝတ်လုံတော်ရမင်းဟာ လူမျိုးကွဲ မျက်နှာဖြူ ဖြစ်ပေမယ့် တူမကြီးအဒေါ်ကို ဘယ်လို ချစ်မြတ်နိုးတယ်ဆိုတာ သန်းသန်းဖြင့် အမှတ်ရတိုင်း ပြောနေတာပဲ၊ နို့-တူမကြီးကို သူတို့ မွေးစားတယ်ဆို"

သက်သက်မှာ သူ့အသံကို မှတ်မိမှာ တစ်ချိန်လုံး စိတ်ပူနေသည်။ လူမမှတ်မိသော်လည်း အသံမှတ်မိမှာကို စိုးရိမ်နေ၏။ သက်သက်သည် မူမမှန်သော အသံနှင့် ခပ်လေးလေး ပြန်ပြောလိုက်သည်။

"အန်ကယ်က သူတို့မှာ သားသမီးမရှိတော့ သက်သက်ကို မွေးစား



Scanned by CamScanner

ချင်တယ်၊ ဒါပေမဲ့ ဖေဖေက တစ်ယောက်တည်း သမီးမို့ မပေးပါဘူး၊ သက်သက် ဟိုတုန်းကတော့ သူတို့ဆီ နေလိုက်၊ အိမ်နေလိုက်ပါပဲ''

အဒေါ်ကြီးမှာ သက်သက်ကို မျက်မှောင်ကလေး တွန့်လျက် ကြည့်နေလေသည်။ မျက်နှာမှာလည်း ခပ်ငိုင်ငိုင်ဖြစ်နေသည်။ သက်သက်မှာ စကားပြောရင်း တစ်ချက် တစ်ချက်သာ ကြည့်ရဲသည်။ စိတ်မလုံလွန်းသဖြင့် မြန်မြန်သာ ကိစ္စပြီးချင်တော့သည်၊ သက်သက်မှာ ခေါင်းငုံ့လျက်နေသည်။ သူ့မျက်နှာမှာ တစ်ချိန်ထက်တစ်ချိန် ပျက်လာသည်။ ရီရီမှာ စိတ်မကောင်းနေ၍ မျက်နှာပျက်နေသည်ဟုပင် ထင်မိသည်။

''မေမေ၊ မမသက်ကလေ ဝတ်လုံတော်ရ ကတော်ကြီးကို မာမီလို့ ခေါ်တယ်၊ မမသက်ကို သိပ်ချစ်တာ၊ မမသက် မာမီက သိပ်ဗမာဆန်တာ၊ ဓာတ်ပုံရိုက်တာ မဟာနဖူးနဲ့၊ ဇာပါဆံနဲ့၊ ထိုင်မသိမ်းနဲ့ လေဒီရှူးနဲ့ သိပ်ကျက်သရေရှိတာပဲ မေမေရယ်၊ မမသက်လိုပါပဲ၊ သိပ်လှတယ်''

အဒေါ်ကြီးမှာ သူ့သမီးဘက်သို့လှည့်၍ နားထောင်နေကာ စကားဆုံးမှ သက်သက်ကို လှမ်း၍ ပြုံးလိုက်သည်။ သက်သက်မှာ မျက်လုံးချင်းဆိုင်သွား၍ ကြောက်အားလန့်အားဖြင့် မျက်လုံးလွှဲလိုက်သည်။

''တွေ့ရတာ ဝမ်းသာပါတယ် တူမကြီးရယ်၊ တူမကြီး ဆေးရေးပေးလိုက်တဲ့ လုံချည်ကို ခုထက်ထိ တရိုတသေ သိမ်းထားတုန်းပဲ။ တူမကြီးတော်ကြောင်းတော့ သမီးက ပါးစပ်ဖျားတင်ပါပဲ၊ အကြီးလည်း သမီးလေး တစ်ယောက်တည်းမို့ သားသမီးချင်းစာပါတယ်။ တူမကြီးတို့ မိဘတွေကို မမြင်ဖူးပေမယ့်၊ နာမည်တော့ ကြားဖူးပါတယ်။ တယ်ပြီး ဘုရား၊ တရား ကြည်ညိုတယ်ဆို၊ ပဲခူးမှာ ဆောက်ခဲ့တဲ့ တန်ဆောင်းကြီးတော့ အကြီးတို့ ရောက်ဖူးပါတယ်၊ လက်စသတ်တော့ ဒီဒေါင်းရုပ်က ဌာပနာတိုက်ထဲ ထည့်ဖို့ လုပ်တာကို ဘုရားနဲ့ပဲ ထိုက်တန်ပါတယ်။ အကြီးလည်း တရိုတသေပဲ သိမ်းထားပါတယ်။ ကိုမြကြီးပေးလိုက်တဲ့ငွေက အကြီးတို့ငွေ မဟုတ်ဘူး တူမရဲ့''

ရီရီက ပြုံးသည်၊ သက်သက်မှာ ကိုယ်ကိုပြင်ထိုင်ကာ ကော်ဇောပေါ်သို့ မျက်လုံးစိုက်ထားလျက် တစ်ချက်တစ်ချက်မှ အဒေါ်ကြီး၏မျက်နှာကို လှမ်းကြည့်ဝံ့သည်။

''ငွေရှင်က တစ်ဦး၊ ငွေပျောက်သွားတယ်ဆိုတော့ သူ့ကို အကျိုး



အကြောင်း ပြောပြပြီး အရုပ်တော့ အကြီးပဲ သိမ်းထားမယ်။ ပျောက်တဲ့ငွေကို အကြီးက စိုက်ပေးတာ၊ အရုပ်လည်းအကြီးပဲ သိမ်းထားပါ၊ ငွေလည်း ကြားက စိုက်မပေးပါနဲ့၊ ဥစ္စာရှင်လာရွေးမှပဲ ပြန်ပေးပါဆိုပြီး မယူဘူး''

''ဟုတ်တယ် မမသက်ရယ် ရီရီတို့လည်း အတင်းပေးတာဘဲ၊ အဲဒါ ဥစ္စာရှင်ကိုယ်တိုင်ပေးတဲ့ငွေမှ ယူမယ်တဲ့လေ၊ ဘွားကို ခေါ်ပေးမှပဲ ထင်တယ်''

''ငွေရှင်က ဘယ်သူလဲ''

သက်သက်က မေးလိုက်သည်။

ရီရီက မပြောမီ အဒေါ်ကြီးက ဝင်ပြောလိုက်သည်။ ရီရီသည် ဧည့်ခန်းထဲမှ ပြေးထွက်သွားလေသည်။

''ပညာရေးဝန်ကြီး ဦးမင်းဟန်လေ''

သက်သက်မှာ ဘယ်လိုဖြစ်သွားမှန်းမသိ၊ သူ့ဝိညာဉ်မှာ သူ့ကိုယ်မှ လွင့်စဉ်ထွက်သွားလေသည်။ သက်သက်သည် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးထဲသို့ ကျသွားသကဲ့သို့ မိုက်ခနဲ ဖြစ်သွားသည်။ သူသည် ချောက်ကမ်းပါးကြီးထဲ၌ ကျောက်စွန်းတစ်ဖက်ဖြင့် ချိတ်ဆွဲထားသလို ထောက်မိရာ မရအောင် ဖြစ်လေသည်။

''ဝန်ကြီးတွေဆိုတော့ ကားလိုတယ် မဟုတ်လား တူမကြီးရဲ့၊ အဲ - ကားက မရှိတော့ ကားလိုချင်တယ် ပြောထားလို့ အကြီးတို့က ရှာပေးရတာ၊ အကြီးစိုက်ပေးတဲ့ငွေလည်း မယူဘူး၊ အင်မတန်သဘောကောင်းတဲ့သူငယ်ပါ၊ အကြီးတို့နဲ့က တူလို သားလိုပဲ''

ရီရီသည် ပြေးဝင်လာသည်။

''မေမေ၊ ကိုခွေးနဲ့ ခေါ်လွှတ်လိုက်ပြီ၊ အရေးအင်မတန် ကြီးတယ်၊ မေမေက အခုချက်ချင်း လာခဲ့ပါလို့ ပြောလိုက်တယ်''

ရီရီမှာ မောကြီးပန်းကြီး ပြောဆိုနေသည်။ သက်သက်မှာ ရင်ထဲ၌ အူအသည်းတွေပြောင်းပြန်လန်လျက်ရှိသည်။ ရင်ထဲ၌ မခံမရပ်နိုင်အောင် တင်းကျပ်နာကျင်လျက် ဟန်မဆောင်နိုင်ဘဲ ထသာ ပြေးချင်တော့သည်။

''အကြီးရယ်၊ ဒီမှာ ငွေ နှစ်ထောင့်ငါးရာပါ၊ သက်သက် အရုပ်ကို ပေးပါ၊ သက်သက် ပြန်ဦးမယ်''

''အို-မမသက်ကလည်း နေပါဦးလေ၊ ဟိုက လာအောင် စောင့်ပါဦး၊ အခု လာမှာပါ''

Scanned by CamScanner

"မတွေ့ပါရစေနဲ့တော့ ရီရီရယ်"

သက်သက်၏အသံမှာ ငိုသံပါလေသည်။ အဒေါ်ကြီးမှာ မျက်မှောင်ကုတ်သွားလျက် အမူအရာ ပျက်သွားသော သက်သက်အား တွေတွေကြီး စိုက်ကြည့်လျက် နေသည်။

"တွေ့သွားပါ မသက်သက်ရယ် တခြားလူ မဟုတ်ဘူး"

ရီရီသည် သူနှင့် စေ့စပ်ထားကြောင်းကို အင်္ဂလိပ်လို ဆက်ပြောလိုက်ကာ 'မမသက်နဲ့ မိတ်ဖွဲ့ပေးရဦးမယ် နေပါဦး'ဟု ဖွတ်ပြောနေသည်။ ရီရီက သက်သက်ကို မပြန်နိုင်အောင် ဆွဲထားမည့်ပုံ ဟန်ပြလျက် ပြောဆိုနေသည်။

"မဖြစ်ဘူး ရီရီရယ်၊ တွေ့လို့ မဖြစ်ပါဘူး"

"ဘာဖြစ်လို့ မဖြစ်တာလဲ တူမရယ်"

အဒေါ်ကြီးက မျက်မှောင် ကုတ်ထားပြီး မျက်လုံးမှေးမှေးဖြင့် မေးထိုး၍ မေးလိုက်သည်။

"မဖြစ်လို့ပါ အကြီးရယ်၊ သက်သက် သူနဲ့ မတွေ့ပါရစေနဲ့"

သားအမိနှစ်ယောက်က 'ဘာဖြစ်လို့ သူနဲ့ မတွေ့ချင်တာလဲ'ဟု ပြိုင်တူ ဝိုင်းမေးလိုက်ကြသည်။

သက်သက်မှာ ငိုင်နေလေ၏။ သူ့တစ်သက်တွင် သည်လောက် အကျပ်အတည်းမျိုးကို တစ်ခါဖူးမျှ မကြုံဖူးချေ။

"မမသက်ရယ် ပြောပါ၊ မမသက် အစ်ကိုကြီးနဲ့ သိသလား၊ ဟုတ်လား၊ သူက ဘာလုပ်လို့လဲ၊ ဘာဖြစ်လို့ သူနဲ့ မတွေ့ချင်တာလဲဟင်၊ မမသက် မပြောဘဲနဲ့တော့ မသွားရဘူး၊ အစ်ကိုကြီး လာတဲ့အထိ ဆွဲကိုထားမယ်"

အပြောရခက်လှချည့်။ သက်သက်မှာ မပြောလျှင်လည်း အခက်၊ သူတို့အချင်းချင်း တောင်ထင် မြောက်ထင် ဖြစ်တော့မည်။ ပြောရမှာလည်း အခက်။ တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ်တော့မည်။ အပြောရကျပ်လွန်း၍ ရင်ထု၍သာ ငိုလိုက်ချင်သည်။

သက်သက်သည် အကျပ်အတည်းကလွတ်အောင် ပြေးပေါက်ရှာသည်။ ကြာကြာနေလျှင် ဦးမင်းဟန်ရောက်လာက အခြေအနေဆိုး၍ ပို၍ ခက်တော့မည်။ ဤအခက်မှာ ယခုမပြောဘဲနေတာထက် ဆထက်ထမ်းပိုး တိုး၍ ခက်ပေလိမ့်မည်။ ပြောလိုက်လျှင် ထွက်ပေါက်ရကာ ဦးမင်းဟန်နှင့် မျက်နှာချင်း မဆိုင်ရဘဲ ပြေးနိုင်သေး၏ဟု အကြံရမိ၏။



"သူ့အိမ်မှာ မေရီဆိုတဲ့ မိန်းမဟာ တခြားလူမဟုတ်ဘူး၊ သက်သက်ပါပဲ၊ သက်သက် ဒီမနက်ပဲ အလုပ်ထွက်လာပြီး သူ့ဆီက လခနဲ့ ဒီအရုပ်လာရွေးတာပါ"

"အမယ်လေးလေး"

ရီရီက အသံကုန် အော်ဟစ်လိုက်သည်။

အဒေါ်ကြီးသည် မျက်နှာကြီး မည်းသွားကာ

'ဩော်-ဖြစ်ရလေ တူမရယ် တူမကိုမြင်တော့ အကြီးနဲ့ စကားပြောခဲ့ဖူးလို့ တူသလိုလို ဥပဒ်မိသား၊ တူမကြီး အခြေအနေနဲ့ မထင်ကောင်းလို့သာ၊ မြင်လိုက်တော့ စိတ်ထဲ သိသလိုလို ဘာလိုလိုနဲ့''ဟု ကတုန်ကယင်ချည်း ပြောပြနေသည်။

"ကဲပါ ရီရီ၊ သက်သက် သွားပါရစေတော့၊ သက်သက် နောက်မှ တွေ့ပါ့မယ်၊ သက်သက်အရုပ်ကလေးသာ ပေးပါ"

အဒေါ်ကြီးသည် 'အေးကွယ် တူမရယ်'ဟု ပြောပြောဆိုဆို နေရာမှထလျက် ခပ်သုတ်သုတ်ထွက်သွားသည်။ အဒေါ်ကြီးမှာ သက်သက်နှင့် ဦးမင်းဟန်တွေ့သွားဖို့ရာ မလိုလားချေ။ ဦးမင်းဟန်မရောက်မီ ပေးလိုက်မှဟု ကတိုက်ကရိုက် အိမ်ပေါ်သို့ ပြေးတက်ယူလာ၏။

ရီရီမှာ ဝမ်းနည်းပက်လက် မျက်ရည်စက်လက်နှင့် စကားမပြောနိုင်အောင် ဖြစ်နေသည်။ သက်သက်မှာ မျက်နှာမထားတတ်တော့ဘဲ ခေါင်းမဖော်နိုင်အောင် ဖြစ်နေသည်။

"ရော့-တူမကြီး၊ တူမကြီးထုပ်ထားတဲ့ ဘူးအတိုင်းပဲ"

သက်သက်သည် အထုပ်ကလေးကို ထယူလိုက်ကာ 'အကြီးရယ် ခွင့်ပြုပါ၊ ရီရီသွားမယ်နော်'ဟု ကပျာကယာ နှုတ်ဆက်ကာ ဧည့်ခန်းထဲမှ ထွက်လာခဲ့သည်။

သားအမိနှစ်ယောက်မှာ မှိုင်၍ ကျန်ရစ်ခဲ့ကြသည်။ နှစ်ယောက်စလုံး မျက်စိ၊ မျက်နှာ ပျက်ပျက်နှင့် မှိုင်နေကြသည်မှာ ဦးမင်းဟန် ဧည့်ခန်းထဲသို့ ဝင်လာသည့်အချိန်သို့ တိုင်အောင်ပင် ဖြစ်သည်။

ဦးမင်းဟန်မှာ မျက်နှာမသာလှဘဲ 'ဘာကိစ္စလဲ ဒေါ်ဒေါ် သိပ်အရေးကြီးတယ်ဆိုလို့'ဟု မထိုင်ခင် မေးကာ အခြေပျက်နေကြသော သားအမိနှစ်ယောက်၏ မျက်နှာကို အံ့အားသင့်ကြည့်မိသည်။

"ထိုင်ပါဦးကွယ်"

ရီရီသည် သူ့မျက်နှာကို အောက်ချလျက် ကျလာသော မျက်ရည်ပေါက်ကို လက်ဖဝါးနှင့် သုတ်ပစ်လေသည်။ ဦးမင်းဟန်မှာ ရီရီ့ကိုကြည့်ကာ မျက်မှောင်ကုတ်လျက် ထိုင်လိုက်သည်။

"ရီရီ ပြောပြလေ"

အဒေါ်ကြီးက ပြောလိုက်သည်။

"မေမေပဲပြောပါ"

ရီရီက ဦးမင်းဟန်ကို မရဲတရဲ ကြည့်လျက် သူ့ခေါင်းကို ငုံ့ထားလိုက်သည်။

"ဖြစ်ပုံတော့ ပြောတောင် မပြောချင်ဘူး၊ ဒေါ်ဒေါ် စိတ်မကောင်းလိုက်တာကွယ်၊ ခုနက မင်းအိမ်မှာနေတဲ့ မေရီ လာတယ်"

"ခင်ဗျာ"

ဦးမင်းဟန်မှာ မေရီဆိုလိုက်၍ ကျဉ်စက်နှင့် တို့လိုက်သကဲ့သို့ပင် ကျဉ်တက်သွားကာ မျက်တောင်မှ မခတ်နိုင်ဘဲ ပြူးစိုက်နေသည်။

"မေရီ ဆိုတာက သူ့နာမည်ကို ပြောင်းထားတာ၊ သူ့နာမည်က သက်သက်ကွဲ့၊ ဝတ်လုံတော်ရ မစ္စတာဂျုံးရဲ့ တူမ၊ သူ့မိဘတွေကတော့ ပဲခူးက မြေပိုင်ရှင်သူဌေးတွေပဲ၊ သန်းသန်းနဲ့ ပတ်သက်ပြီး ရီရီနဲ့ သူနဲ့ သိတယ်၊ ခင်ကြတယ်၊ အဲဒါကို တိုတိုပြောရရင် သူ့ဒေါင်းရုပ်ကို လာရွေးတယ်ကွယ်။ သူ့မိဘတွေ မနှစ်က ပဲခူး ဖုံးကျပြီး သေကုန်တော့ သူ့သူငယ်ချင်းတစ်ယောက်နဲ့ အတူနေကြသတဲ့၊ ကားဝယ်ဖို့ ပိုက်ဆံကို ဖျောက်ပစ်တဲ့ သူက သူနဲ့အတူ နေကြတဲ့ သူ့သူငယ်ချင်း 'လှ' ဆိုတဲ့ ကလေးမလေး။

အဲ-သူတို့မှာလည်း စိုက်စရာ လျော်စရာ မရှိတော့ သက်သက်က သူ့အဖေ ဘုရားဌာပနာဖို့ လှူခဲ့တဲ့ အရုပ်နဲ့ စိုက်လျော်ပြီး ဒီအရုပ်ကို မြန်မြန်ပြန်ရွေးနိုင်အောင် မင်းဆီမှာ အလုပ်လာလုပ်တာပဲ၊ ကြံကြံဖန်ဖန်ကွယ် ဟောဒီမှာ သူ့ငွေအိတ်"

ဦးမင်းဟန်မှာ အထက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားကာ သူ့မျက်နှာမှာ ညှိုမည်းသွားသည်။ သူ့အကြည့်မှာ နာကြည်းလျက် တစ်စုံတစ်ခုကို ထ၍ ပစ်ရိုက်ခွဲလိုက်ရန် တကဲကဲ ရှိနေသော မျက်နှာမျိုးနှင့် တူနေသည်။



သူ့ရင်မှာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ သူ့မျက်လုံးများမှာ တဖြည်းဖြည်း မှေးသွားကာ ဘာမျှ မမြင်တော့သကဲ့သို့ ပြာနှမ်းသွားသည်။

"အစ်ကိုကြီးကိုခေါ်ပြီး ငွေပေးဖို့ သူ့ကို ဆွဲထားကြတော့ သူမတွေ့ချင်ဘူးဆိုပြီး ငြင်းတော့မှ ရီရီတို့ မေးကြလို့ မေရီဆိုတာပေါ်တာ၊ နို့မို့ရင် သူမှန်းတောင် သိမှာ မဟုတ်ဘူး၊ တားလို့ မရဘူး၊ ပြေးတာပဲ"

ရီရီသည် ပြောပြီးရှိုက်လိုက်သည်။ ဦးမင်းဟန်သည် နေရာမှ ဆတ်ခနဲထကာ ခုံပေါ်တွင် တင်ထားသော ငွေထုပ်ကို ကောက်ယူလိုက်သည်။ ငွေ ၂၅၀၀ ထည့်ထားသော စာအိတ်ကြီးမှာ ညက သူရှာပြီးထည့်ပေးသော စာအိတ်ဖြစ်၍ သူ့ရင်ထဲ၌ ကြိတ်မနိုင်ခဲမရ ဖြစ်လိုက်သည်မှာ ပြောစရာ မရှိပေ။

"ဒေါ်ဒေါ်၊ ကျွန်တော် ပြန်ဦးမယ်၊ ဒီငွေကို သူ့ကို လိုက်ပေးလိုက်ဦးမယ်"

ဦးမင်းဟန်သည် တစ်ဟုန်တည်း ထွက်လာခဲ့သည်။ ကားတံခါးကို ဂျိုင်းခနဲပိတ်လိုက်ကာ စက်ကုန်ဖွင့်၍ မောင်းထွက်သွားသည်။ ဦးမင်းဟန်သည် ဆေးရုံဘက်သို့ မောင်းလာသည်။ ရိစီထံတွင် မတွေ့လျှင် ဘယ့်နှယ်ရှိရှိ ပဲခူးသို့ တစ်ဆက်တည်း တန်းလိုက်မည်ဟု သန္နိဋ္ဌာန် ချလာသည်။

သက်သက်မှာ ပြန်ရောက်ခါစ ရှိသေး၏။ လှ ဈေးက ပြန်မလာသေး၍ စိတ်ပျက်သွားသည်။ မတော်တဆ ဦးမင်းဟန် လိုက်လာမှာကို စိုးပူနေသည်။ စိတ်ပူနေသော အမူအရာများမှာ နေမထိ ထိုင်မထိဖြစ်ကာ နေစရာရှာမရအောင် ပူပန်စိုးရိမ်နေသည်။

ရိစီမှာ အိမ်တွင် မရှိဘဲ အလုပ်ဆင်းသွား၍ ကရင်မကြီးတစ်ယောက်သာ ရှိသည်။ သက်သက်သည် အိမ်ခန်းတံခါးကို သေသေချာချာ ချက်ထိုးလိုက်သည်။

"အဒေါ်၊ တံခါး လာခေါက်ရင် ကျွန်မကို ပြောနော်"

ကရင်မကြီးမှာ ဘုမသိဘမသိဖြင့် ခေါင်းညိတ်လိုက်သည်။ လှ ပြန်လာလျှင် မြန်မြန်သွားနိုင်အောင် အခန်းထဲတွင် လှ့ပစ္စည်းများကို ဝင်သိမ်းလေ၏။ အိပ်ရာလိပ် လိပ်နေစဉ် တံခါးခေါက်သံ ကြားရသည်။

သက်သက်သည် အခန်းထဲမှ အိပ်ရာလိပ်ကို ကျော်လွှားထွက်လာကာ 'မေးဦး၊ မေးဦး၊ ဘယ်သူလဲလို့ မေးဦး' ဟု ကရင်မကြီးအနားသို့ တိုးတိုး

ကပ်ပြောလိုက်သည်။ ကရင်မကြီးသည် အပေါက်ကလေးမှ ချောင်းကြည့်လိုက်၏။

“ဘယ်သူလဲ”

“ရိစီလေ၊ ဖွင့်ပါ”

အပြင်ဘက်မှ ရိစီအသံ ကြားရမှ သက်မကြီး ချလိုက်မိသည်။ တံခါးဖွင့်လိုက်လျှင် သက်သက်မှာ အိမ်ကြီး ချာချာလည်သွားသကဲ့သို့ပင် မူးဝေ၍ သွားသည်။ ရိစီနောက်မှ မျက်နှာပျက်နေသော ဦးမင်းဟန်နှင့် တံခါးဝတွင် ရင်ဆိုင်တိုးကြလေ၏။ ဦးမင်းဟန်မှာ ဆေးရုံသို့လိုက်ကာ ရိစီကို အကျိုးအကြောင်းပြောပြလျက် အတင်းခေါ်လာလေ၏။ ရိစီမှာ အားနာနာဖြင့် အိမ်လိုက်ပြရသည်။

ရိစီက ‘ဝင်ပါ’ဟု ပြောလိုက်သည်။

ဦးမင်းဟန်သည် သက်သက်နှင့် ရင်ဆိုင်ရှေ့တည့်တည့်၌ ရပ်ကာ သက်သက်အား စိုက်ကြည့်နေသည်။

“သက်သက်ရေ ထိုင်ကွယ်”

ရိစီက ပြောသော်လည်း သက်သက်မှာ မကြားသလိုပင် ခေါင်းကို မထူတော့ဘဲ စုံရပ်လျက် ငုံ့နေ၏။

သက်သက် အိမ်မှ ထွက်ခွာသွား၍ လှိုက်လှိုက်လှဲလှဲ မချိတင်ကဲဖြစ်ရသော စိတ်လှုပ်ရှားမှုကြောင့် လည်းကောင်း၊ သူ့အိမ်တွင် ဝတ်ကြီးဝတ်ငယ်ကို ထမ်းရွက်ပေးသည့် လခနှင့် သူ့ငွေကို သူ့ပြန်ပေးခဲ့သည့်အဖြစ်ကြောင့် လည်းကောင်း ဦးမင်းဟန်၏ အသည်းနှလုံးမှာ ပြုတ်ကြွေထွက်သွားတော့ မလောက် ထင်မှတ်ရသည်။

“သက်သက်”

မိမိအား မခေါ်စဘူး ပိုင်စိုးပိုင်နင်း ခေါ်လိုက်သောအသံ ဖြစ်၏။ သက်သက်မှာ ပိုမို၍ ခေါင်းငုံ့သွားသည်။

“သက်သက်ရယ် မော့ပါဦး၊ ကျွန်တော့်ကို ကြည့်ပါဦး”

သူ့အသံမှာ လွမ်းဆွတ်ဖွယ်ရာ ကောင်းလှသော အသံနှင့် တူ၏။ သက်သက်သည် ထိုအသံဖြင့် တစ်ကိုယ်လုံး ကျဉ်ထုံလာကာ သူ့ခေါင်းကို ဆွဲထူ၍ ပင့်လိုက်သကဲ့သို့ပင် မော့လာသည်။



သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ တစ်ယောက်ကို တစ်ယောက် ကြည့်ကြပြီး တဒင်္ဂ တစ်ခဏ လောကကြီးကို အမေ့ကြီးမေ့လျက် ရှိနေကြသည်။

“ထိုင်ကြပါဦးလေ၊ သက်သက်ရယ် ထိုင်ပါဟယ်”

ရိစီမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသော သူတို့နှစ်ယောက်ကို အထိုင်ခိုင်းနေသည်။

ဦးမင်းဟန်၏ မျက်လုံးမှ ချစ်မေတ္တာ ထွက်ဖြာနေသော အခိုးအငွေ့များမှာ သက်သက်ကို သွား၍ ဟပ်ပူနေသည်။ သက်သက်သည် ဦးမင်းဟန်ပေါ်၌ သနားစိတ်၊ ချစ်စိတ်တွေဝင်မိကာ ဦးမင်းဟန်အား မေတ္တာတုံ့ပြန်မိခြင်း တစ်ဖက်ဖြင့် သူ့စိတ်ကို မထိန်းနိုင် မသိမ်းနိုင်အောင် ဖြစ်နေမိသည်။ ထိုအခိုက် ‘မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး၊ စေ့စပ်ပြီးသား’ဟု သူ့ကိုယ်သူ အသိတရားကြပ်ကြပ်ဝင်စားထားလိုက်မှပင် သူ၏ ရီညို့နေသော မျက်လုံးတို့သည် မျက်တောင်များ တဖြည်းဖြည်း စင်းကျသွားတော့ကာ သူ့အကြည့်မှာ တစ်စတစ်စ တင်းမာလာသည်။ ပြန်လည်၍ ထိန်းသိမ်းရယူသွားသည့် သူ့စိတ်ကို ဖော်ပြလိုက်သော သူ့မျက်နှာမှာ တည်ငြိမ်၍ သွားသည်။

“ထိုင်ပါ ရှင်”

သက်သက်သည် ကုလားထိုင်တွန်းပေးလိုက်သည်။ ဦးမင်းဟန်သည် တစိမ့်စိမ့်သာ ကြည့်နေလျက် ရုတ်တရက် မထိုင်နိုင်ပေ။ သက်သက်ဘက်က မဖြစ်နိုင်ဘူးဟု တင်းမာသွားသော အဓိပ္ပာယ်ကို စကားနှင့် ဖွင့်ပြောစရာမလိုဘဲ အရိပ်နိမိတ်များဖြင့် သူ့စိတ်တွင် အလိုလို နားလည်သွားလျက် ဦးမင်းဟန်မှာ သူ့ဖြစ်အင်ကို ဆွေးမြည့်ကြေကွဲသွားသည်။

“ကျွန်တော် ငွေလာပို့တယ်”

သက်သက်သည် သူ့ကို ကမ်းပေးနေသော ငွေအိတ်ကို မယူနိုင်ဘဲ မျက်နှာပျက်ပျက်ဖြင့် ‘ကျွန်မ မယူပါရစေနဲ့’ဟု အသံတုန်တုန်နှင့် ပြောလိုက်သည်။

“လက်ခံပါ သက်သက်ရယ်၊ ကျွန်တော့်ရင်ထဲမှာ မချိတော့ပါဘူး၊ ကျွန်တော့်ကို သက်ညှာရင် ဒါကိုတော့ လက်ခံပါ”

သက်သက်မှာ ငေးငိုင်၍ သွားသည်။ မျက်လုံးတွင် မျက်ရည်ရောင်

Scanned by CamScanner

သန်းလျက် ရှိသည်။ သည်ငွေကို လက်ခံဖို့ရန် မဖြစ်နိုင်သဖြင့် စိတ်ဆင်းရဲသွားပြန်သည်။

''ကဲပါကွယ် သက်သက်ရယ်၊ ဝန်ကြီးပေးတာ ယူလိုက်ပါ၊ စိတ်မကောင်းစရာဟယ်၊ ဆေးရုံမှာ ပြောပြတော့ ရိုစီလည်း ဝမ်းနည်းသွားတယ်၊ စိတ်ကောင်းအောင် ယူလိုက်ပါကွယ်''

''ယူပါ သက်သက်ရယ်၊ ကျွန်တော့်ငွေကို သက်သက်မသုံးချင်ရင် အရုပ်ကို ဥာပနာတော့ အလှူထဲမှာ ထည့်လှူပါ၊ အလှူထဲမှာ ကျွန်တော့်ကိုပါ ကုသိုလ်ပါဝင်ခွင့်ပေးပါ''

ဦးမင်းဟန်သည် ငွေထုပ်ကို ရိုစီဘက်သို့ လှည့်၍ ကမ်းပေးလိုက်သည်။ ရိုစီက လှမ်းယူလိုက်သည်။

''ဟုတ်ပါတယ်၊ ဒီငွေနဲ့ အလှူလုပ်ပေါ့၊ ယူပါကွယ်'' ရိုစီကကြားက ဝင်၍ တောင်းပန်ဖျန်ဖြေနေသည်။ သက်သက်မှာ မယူချင်လျက်ဖွတ်နှစ်၍ မငြင်းချင်သဖြင့် ဦးမင်းဟန် စိတ်သက်သာသွားစေရန် တစ်စုံတစ်ရာ မပြောဘဲ ငြိမ်နေလိုက်ရသည်။

''ပဲခူးကို ဘယ်တော့ ပြန်မလဲ''

''ကျွန်မတို့ ဒီနေ့ ပြန်မယ်''

သက်သက်က ပြောလိုက်ရာ ဦးမင်းဟန် မှာ မျက်နှာအကြီးအကျယ် ပျက်သွားသည်။

''အလှူလုပ်တော့ ကျွန်တော့်ကိုလည်း ဖိတ်ပါနော်''

သက်သက်သည် မျက်နှာအောက်ချလျက် စိတ်မောသွားသော လေသံကလေးဖြင့် 'ဟုတ်ကဲ့'ဟု ပြောဆိုလိုက်သည်။

❐

## ၁၄

ရွှေမော်ဓော ဘုရားခြေရင်းမှ ဇရပ်ပေါ်တွင် သက်သက်တို့ အလှူအတွက် ပြင်ဆင်လျက်ရှိကြ၏။ သံဃာတော်များအား နေ့ဆွမ်းကပ်ရန် ဆွမ်းပွဲများ ပြင်နေကြသည်။

ကိုဘစိုး၊ ကိုဝင်းမောင်၊ ကိုထွန်းနှင့် ကိုသန်းအေးတို့မှာ နံနက်စောစောကြီး ရောက်လာကြကာ ဝိုင်းဝန်းလုပ်ကိုင်ပေးနေကြသည်။

သက်သက်မှာ သူ့အလှူအတွက် ဦးမင်းဟန်တို့ တစ်အိမ်သားလုံး၊ ရီရီတို့သားအမိနှင့် စန္ဒာရိုစီပါ ဖိတ်လိုက်သည်။

ဦးမင်းဟန်မှာ ကိုးနာရီထိုးလောက်မှ ရီရီတို့သားအမိနှင့် ရိုစီပါခေါ်ကာ ရောက်လာကြသည်။

သက်သက်က ဇရပ်ဝမှ ဆီး၍ကြိုသည်။ ဇရပ်ထဲ၌ ဦးမြကြီးတို့လင်မယားနှင့်ဧည့်သည်အချို့ ရောက်နေကြသည်။ ဦးမင်းဟန်သည် ရင့်ကျက်လွန်းသော ဣန္ဒြေကြီးဆည်လျက်ထားရာ သူ့မျက်နှာမှာ အိမ်တွင် မေရီကိုမေရီအလိုကျအတိုင်း ဆက်ဆံခဲ့တုန်းက မျက်နှာမျိုးအတိုင်း တစ်ဖုံတည်းဖြစ်နေသည်။ ရီရီတို့သားအမိကို သူခေါ်ခဲ့ရ၍လည်း သူ့စိတ်နှင့် မတွေ့သကဲ့သို့ ရွှင်ပျကြည်လင်ခြင်းမရှိ၊ ချစ်သူရှေ့တွင် ဣန္ဒြေဆည်လျက် မျိုသိပ်ရသည်။ မျိုသိပ်ရသော သူ့ဒုက္ခကို မခံချိအောင် ဖြစ်မိသည်။

ကိုထွန်းတို့ လူသိုက်ကား ရွှင်ရွှင်ပျပျနှင့် ပျော်နေကြသည်။ ရီရီသည် သက်သက်ပခုံးကို ဖက်ကာ ဇရပ်ထဲသို့ ဝင်ခဲ့သည်။ ကိုထွန်းမှာ ဦးမင်းဟန်အား အဓိပ္ပာယ်ပါပါ ပြုံးပြလိုက်သည်။

"မမ ငြိမ်ငြိမ်ထိုင်နေစမ်းပါ၊ ကျွန်တော်တို့တစ်တွေ လုပ်စမ်းပါရစေ"

ကိုဘစိုးကဆို၍ ကိုထွန်းက "လက်ကိုင်ပဝါလေး ခေါင်းချည်လုပ်ဗျို့" ဟု သက်သက် မကြားတကြား နောက်လိုက်သည်။

ဦးမင်းဟန်၊ အဒေါ်ကြီးနှင့်ရီရီ၊ ရီစီတို့ဝိုင်းတွင် လှမှာ ထိုင်၍ ဧည့်ခံနေရ၏။ သက်သက်မှာ ကိုဘစိုးတို့ လူအုပ်နှင့် ဆွမ်းဟင်းပွဲများ ခုံပေါ်တွင် လိုက်ချနေသည်။

"မမသက်ကလေ သိပ်လုပ်နိုင်တာ၊ ဝတ်လုံတော်ရ ကတော်ကြီး ဘုန်းကြီးကျောင်းမှာ ဆွမ်းထွက်ကျွေးရင် အကုန်လုံး သူစီမံတာပဲ၊ သူလုပ်တာပဲ"

ရီရီက သက်သက်ကို လှမ်းကြည့်လျက် ရီစီကို ပြောပြနေသည်။ လှမှာ ဝန်ကြီးဦးမင်းဟန်မျက်နှာကို တစ်ခါ တစ်ခါ စိုက်ကြည့်လိုက်လျက်၊ သက်သက်ကို ချစ်နေမှာပဲဟု ကြားကပင် သနားနေသည်။

ဦးမင်းဟန်မှာ ပထမတော့ ဣန္ဒြေဆည်လျက် တစ်အောင့်လောက် ထိုင်နေသေးသည်။ ထို့နောက် အပေါ်အင်္ကျီကို ချွတ်လိုက်ကာ ပုံချထားခဲ့လျက် သက်သက်တို့ ရှိရာသို့ ထသွားလေသည်။

"သူတို့ချည်းခိုင်းနေ၊ ကျွန်တော့်တော့ မခိုင်းနဲ့၊ ကျွန်တော်ရော မလုပ်ရဘူးလား"

ပင့်သက်ကို ဖြည်းလေးစွာ မှုတ်လိုက်ပြီးနောက် သက်သက်သည် ဦးမင်းဟန်ကို ပြုံးလျက် ကြည့်နေသည်။ သူပြုံးလိုက်လျှင် သူ့နှုတ်ခမ်းပေါ်၌ တင်နေသော အပြုံးကလေးမှာ ချစ်စရာကောင်းလွန်း၍ ဦးမင်းဟန်မှာ မချင့်မရဲ ဖြစ်ဖြစ်ဖြင့် စိုက်ကြည့်လျက် နေသည်။

"ခင်ဗျား ရေချိုင့်တွေ လိုက်ချဗျာ"

ကိုထွန်းက ဦးမင်းဟန် စိတ်ကျေနပ်အောင် ဝင်ပြောလိုက်သည်။

သက်သက်က ရေချိုင့်တွေကို ရေလောင်း ထည့်ပေးနေသည်။ ဦးမင်းဟန်နှင့် ကိုသန်းအေး၊ ကိုထွန်းတို့မှာ စားပွဲခုံစေ့ ရေချိုင့်များ လိုက်ချပေးနေသည်။



"ရေစက်ဆိုတာ တစ်ဘဝ မဆုံပေမဲ့ နောက်ဘဝ ဆုံတတ်တာ"

ကိုထွန်းက မထိတထိစလျက် ပြုံးစိ ပြုံးစိဖြင့် ပြောလိုက်သည်။ ကိုသန်းအေးမှာ ပြုံး၍ နေသည်။

"ရေလှူတဲ့ အကျိုးက ဆယ်ပါးဗျို့"

ကိုသန်းအေး ပြောလိုက်၍ -"ကိုင်း-သဘောတရားရေးဆရာကြီး၊ ရွတ်ပြစမ်းပါဗျာ"

ဦးမင်းဟန်က ဆိုလိုက်သည်။

ဦးမင်းဟန်မှာ ကိုသန်းအေး ပြောနေခိုက် သက်သက်နား၌ ကြာရှည်စွာ ရပ်စောင့်နေနိုင်သည်ကို ကျေနပ်ရလေသည်။

"အာယု၊ ဝဏ္ဏံ၊ သုခံ၊ ဗလံ နောက်ပြီး"

"ဆက်ပါဦးဗျ"

"နေပါဦးဗျ"

ဦးမင်းဟန်၏ မျက်နှာမှာ ချိုသာလာလေသည်။ ဦးမင်းဟန်သည် ပြုံးလျက် 'ဒီလူမဆက်နိုင်ပါဘူး၊ ကဲ-သက်သက်က ဆက်တတ်ရင် ဆက်စမ်းပါ' ဟု ပြောလိုက်သည်။

ကိုဝင်းမောင်နှင့် ကိုဘစိုးမှာ ထမင်းအိုးကြီးငှဲ့ရန် ဝါးညှပ်ကို တစ်ယောက်တစ်ဖက်စီ ကိုင်လျက်ရှိရာမှ ဦးမင်းဟန်တို့အား လှမ်းကြည့်ကြလျက် ဦးမင်းဟန်အတွက် စိတ်မကောင်း ဖြစ်ကြသည်။

ဦးမင်းဟန်မှာ သက်သက်အား ငွေပေးခဲ့ကာ လူချင်းခွဲလာခဲ့ပြီးနောက် ဘဝ၌ နေချင်စရာ၊ တွယ်တာချင်စရာ မရှိတော့သူကဲ့သို့ တမှိုင်မှိုင်ဖြစ်နေခဲ့သည်။ သူ၏ စိတ်ဆန္ဒကို ခွင့်မပြု မလိုက်လျောသည့် ပူပြင်းသော သူ့ဘဝသည် ဘယ်တော့မှ စိုပြည်နိုင်မှု မရှိဟု အားလျော့၍ စိတ်ကုန်ခန်းနေသည်။

သက်သက်နှင့် ခွဲခဲ့ပြီး ရီစီ့အိမ်မှ အပြန် ကိုထွန်းတို့အား အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြနေစဉ် စကားပြောရသည်ပင် အားကုန်ခန်းလျက် ပျော့နေလေသည်။

ကိုသန်းအေးက 'ကျွန်တော် အစက မပြောဘူးလား၊ တစ်ခုခုကြောင့် လာလုပ်တာပါလို့ ကျွန်တော် မပြောဘူးလား' ဟုသာ ပြောနိုင်လျက် ငိုင်နေ၏။ ကိုထွန်းမှာ ဝန်ကြီးအတွက် ပိုမို၍သာ စိတ်မချမ်းမသာဖြစ်ရသည်။ သူ့ရင်ထဲ

Scanned by CamScanner

၌ ယိုဖိတ်နေသော ကရုဏာစိတ်များမှာ ထွက်ပေါက်ရှာမရ၍ ရင်ထဲ၌ ပိတ်နေသည်။

ကိုဘစိုးနှင့် ကိုဝင်းမောင်မှာ သက်သက်ကို အရယူရန် အတင်း တိုက်တွန်းကြ၏။ ရီရီနှင့် စေ့စပ်ထားခြင်း ကိစ္စကို ဖျက်ပစ်ရန် ဝိုင်းပြောကြ၏။ ဦးမင်းဟန်မှာ လေးတွဲ့ဖြည်းညင်းစွာ သူ့ခေါင်းကြီးကို ယမ်းခါ၍ နေသည်။

ရီရီနှင့် စေ့စပ်ပြီးသားကိစ္စကို သူ့ဘက်ကစ၍ ဖျက်ရန် မဖြစ်နိုင်၊ လူ့လောကတွင် စောင့်စည်းအပ်သည့် ကတိသစ္စာကြီးသည် သူချိုးဖောက်၍ မဖြစ်နိုင်အောင် တံတိုင်းအရံ ရံကာ၍ ထားလေသည်။ သူ့ဆန္ဒကို ဘယ်နည်းနှင့်မျှ မလိုက်လျောမည့် ခိုင်မာသော သက်သက်၏ စိတ်ဓာတ်ကိုလည်း ပိုင်ပိုင်ကြီး ကြိုတင်၍ သိနေနှင့်သည်။

“ကိုယ့်ဆရာတော့ ဗျာများနေပြီ”ဟု ကိုဘစိုးက ခပ်တိုးတိုး ပြောလိုက်ကာ မသက်မသာ ရယ်လိုက်ကြသည်။

မီးဖိုချောင်နောက်ခန်းမှ ဦးမင်းဟန် ထွက်မလာ၍ အဒေါ်ကြီးက “ရီရီ ညည်းကိုကြီး ထလုပ်နေတယ်၊ ညည်းလည်း ကူလုပ်ဦးလေ”ဟု မျက်ရိပ်ပြလျက် ပြောလိုက်သည်။

ရီရီသည် ဇရပ်နောက်ဆောင်သို့ ကူးလာခဲ့သည်။

သက်သက်မှာ မျက်တောင်ကလေး တဖျပ်ဖျပ်ခတ်လျက်-

‘သက်သက်လည်း ကျန်တဲ့အကျိုးခြောက်ပါးကို မေ့နေပါပြီ၊ ဘာပါလိမ့်၊ ဝိသုဒ္ဓိ၊ ကိတ္တိ၊ ယသဥ္စ”ဟု ရွတ်ပြ၍ မပြီးဆုံးမီ ရီရီသည် သူတို့အနားသို့ ရောက်လာသည်။

“မမသက် ဘာတွေရွတ်ပြနေတာလဲ၊ အစ်ကိုကြီးက ဒီပါဠိတွေ အဓိပ္ပာယ် နားလည်မှာလား”

ရီရီက ပြောပြီး ရယ်မောနေသည်။

ဦးမင်းဟန်မှာ မချိပြုံးသာ ပြုံးတော့လျက် ရေချိုင့်ကို မသွားကာ သက်သက်နားမှ ထွက်သွားသည်။

သံဃာတော်များကို ဆွမ်းကပ်ကြပြီး အမျှဝေ ရေစက်ချနေစဉ် သက်သက်၏ မျက်လုံး၌ မျက်ရည်များ ရစ်ဝိုင်း၍ နေသည်။ မိဘများကို



လွမ်းဆွတ် သတိရခြင်းသည် လည်းကောင်း၊ သည်ခေါင်းရပ်ကို သူပြန်၍ ရွေးခဲ့ရပုံတို့သည် လည်းကောင်း သူ့စိတ်သည် ထိခိုက်လှလျက် သူ့ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ကြေကွဲ၍ နေသည်။

ဦးမင်းဟန်မှာ သူ့သွားများကို ကြိတ်လျက် သူ၏ မျက်လုံးများမှာ ငွေကလပ်ကလေးပေါ်မှ ရွှေခေါင်းရပ်ကလေးကို သဲသဲမဲမဲ စိုက်ကြည့်ကာ မှုန်ငေးငေးရှိနေသည်။ သူ့ရင်ထဲ၌ တငွေ့ငွေ့လောင်မြိုက်လျက်ရှိသည်။ ရေစက်ချပြီး ရွှေခေါင်းရပ်ကလေးကို လှည်းကူးဆရာတော် လက်ဝယ်သို့ အပ်လှူလိုက်ကြ၏။

ဘုန်းကြီးများ ကြွသွားပြီးနောက် ဇရပ်ထဲတွင် မိန်းမ တစ်ဝိုင်း၊ ယောကျ်ား တစ်ဝိုင်းပြင်လျက် ထမင်းစားကြသည်။ သက်သက်သည် မစားဘဲ နှစ်ဝိုင်းစလုံး လိုလေသေး မရှိအောင် ကြည့်လုပ်ပေးသည်။ လှမှာ ရီရီတို့ကို ဧည့်ခံရင်း ဝင်စားနေရသည်။

သက်သက်သည် ဦးမင်းဟန်နှင့်ကိုဘစိုးအကြား နောက်နားတွင် ဒူးထောက်လျက် ကိုဘစိုးပွဲထဲသို့ ထမင်းထည့်ပေးသည်။ ရီရီက ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

“ဘွိုင်က မမ မရှိမှ သိပ်ခိုတာပဲ၊ ကိုမင်းဟန်ကလည်း ဘာမှ မပြောဘူး ကြည့်နေတာပဲ”

ကိုဘစိုးက ဆို၍ သက်သက်သည် မျက်နှာမကောင်း ဖြစ်သွားသည်။ ဦးမင်းဟန်ဘက်သို့ မျက်လုံးကလေးပင့်ကြည့်၍ ပြောလိုက်သည်။

“ပြောမှပေါ့ရှင်၊ မပြောဘဲ ကြည့်နေရင် သိပ်ပေါ့သထက် ပေါ့ပြီး ခိုနေလိမ့်မယ်”

ဦးမင်းဟန်သည် ပြုံးမဲ့သွားသည်။ သက်သက်ကို ပြောလိုက်ချင်သည့် စကားများမှာ နှုတ်ဖျားတွင် ရှိနေလျက် ပြောမကောင်း၍ မျိုသိပ်လိုက် ရသည်။ မျိုသိပ်လိုက်ပြီး မျိုချလိုက်သော ထမင်းလုတ်မှာ လည်ချောင်းထဲ၌ နင်သွားသည်။

ထမင်းစားကြပြီး ဝိုင်းကြီးဖွဲ့လျက် စကားထိုင်ပြောနေကြသည်။ ဦးမင်းဟန်မှာ သက်သက်တို့အိမ်သို့ ရောက်ဖူးအောင် သွားလိုက်ချင်သည်။ သွားချင်၍ စကားခေါ်သည်။

“သက်သက်တို့ နေတာက ဘယ်နားမှာလဲ”

Scanned by CamScanner

သက်သက်က ပြုံးလျက်‘ဘုရားနဲ့ဝေးပါတယ်’ဟု နေရာအတည်တကျ မပြောဘဲ နေလိုက်သည်။

‘‘အခန်းငှားနေသလား’’ဟု အဒေါ်ကြီးက ဝင်မေး၍ အခန်းငှားနေကြောင်း သက်သက်က ပြောပြသည်။

‘‘ပစ္စည်းသခ်ါရ၊ လူသခ်ါရပဲ’ဟု အဒေါ်ကြီးက တရားနှင့် ဖြေပြောပြနေသည်။

‘‘အလုပ်အကိုင် ဘယ်လို စိတ်ကူးသလဲ’’

အဒေါ်ကြီးသည် ပူပူပင်ပင်မေးနေသော ဦးမင်းဟန်၏ မျက်နှာကို လှမ်းကြည့်ကာ ‘‘ဟုတ်ပါရဲ့၊ မင်းက အလုပ်ရှာပေးဖို့ ကောင်းတယ်ကွယ်’’ဟု လိုက်လိုက်လျောလျော ဝင်ပြောသည်။ အဒေါ်ကြီးမှာ ဦးမင်းဟန်ကို အလိုလိုက်မှ သူ့အလိုပြည့်မည်ကို သိနားလည်သူ ဖြစ်သည်။

‘‘ကိစ္စ မရှိပါဘူး၊ သက်သက်အတွက် ဘာမှဒုက္ခမရှာပါနဲ့’’

သက်သက်သည် သူ့ခေါင်းကို ညင်သာစွာ ခါပြကာ လေအေးနှင့် ပြောလိုက်သည်။ ရိုစီက ‘‘ဝန်ကြီး ပရိုက်ဗိတ် စက္ကတေရီခန့်ရင်ရော မကောင်းဘူးလား’’ဟု ရယ်လျက် သဘောရိုးဖြင့် ပြောဆိုသည်။

ယခုတစ်ကြိမ်တွင်မူ ရီရီသည် မျက်နှာမပျက်ရန် ပါးနပ်လိမ္မာစွာဖြင့် သူ့မျက်နှာကလေး ပြုံးလျက် ‘မမသက်လုပ်ရင် ကောင်းသားပဲ၊ အစ်ကိုကြီးရယ် ခန့်လိုက်ပါ’’ဟု လှမ်းရယ်ပြောလိုက်သည်။

လှမှာ သူ့စိတ်ထဲ၌ မခံချင်မိကာ ‘‘သက်သက်က ဘယ်မှာ လုပ်လုပ် အလုပ်ရပါတယ်’’ဟု စကားမဆက်ကြရန် ပိတ်ပြောလိုက်သည်။

ဦးမင်းဟန်မှာ သံယောဇဉ်ကြီးလျက် မိန်းကလေးနှစ်ယောက်တည်း နေသည်ကို စိတ်မချနိုင်အောင်ရှိသည်။ အလုပ်အကိုင်အတွက်လည်း စိတ်ပူ၏။ သက်သက်တို့အတွက် အစခပ်သိမ်းတာဝန်ယူချင်သည်။ သူ ဘယ်လိုပြောပြော သက်သက်က လက်ခံမည် မဟုတ်မှန်း သက်သက်စိတ်ကိုသိ၍ အခက်ကြီး ခက်နေသည်။ သားအမိနှစ်ယောက်ရှေ့တွင် ရှေ့ဆက်၍ မပြောတာပဲ ကောင်းသည်ဟု ပြင်းထန်သော စေတနာတွေကို ပြန်၍ ချုပ်တည်းထားရသည်။

ပြန်ချိန်မှာ နီးကပ်၍ လာလေ၏။ ကိုထွန်းတို့ လူသိုက်မှာ ဘတ်စ်ကား



မီရန် အရင်ပြန်နှင့်ကြသည်။ အဒေါ်ကြီးက ဘုရားကို ဝတ်ချပြီးနောက် ‘မောင်မင်းဟန် သွားကြစို့’ပြောလိုက်သည်။ ရိုစီကလည်း လှနှင့်တတွတ်တွတ် စကားပြောနေရာမှ ‘ဟုတ်တယ် ပြန်မှ၊ ညနေအလုပ်ဝင်ရမှာ’ဆိုလိုက်သည်။

သက်သက်နှင့်လှသည် ဇရပ်ပေါ်မှ ဆင်းလိုက်သွားကြလျက် ကားနားအထိ လိုက်ပို့လိုက်သည်။

ရီရီသည် ဦးမင်းဟန်နှင့်အတူယှဉ်လျက် ကားရှေ့၌ ဝင်ထိုင်လိုက်သည်။ အဒေါ်ကြီးနှင့် ရိုစီက ကားနောက်တွင် ထိုင်ကြသည်။

‘‘မမသက်၊ ရီရီတို့ လက်ထပ်ဖိတ်စာပို့ရင် ဆက်ဆက်လာရမယ်နော်၊ မမလှလည်း လိုက်ခဲ့နော်၊ ရီရီတို့လက်ထပ်ပွဲကို မမသက် အားလုံး ပြင်ဆင်လုပ်ကိုင်ပေးမယ် မဟုတ်လားဟင်’’

သက်သက်သည် ပြုံးလိုက်သည်။ ပြီးမှ ခေါင်းကလေးကို ညိတ်ကာ ပြန်၍ ပြောသည်။

‘‘မမသက် ပြင်ပေးတာကို အလိုရှိရင် လာလုပ်ပေးပါ့မယ် ရီရီ’’

သက်သက်၏ အသံမှာ ညင်ညင်သာသာကလေး ဖြစ်သည်။ ထိုစကားဖြင့် ဦးမင်းဟန်၏ နားသည် ကျဉ်၍ အေးသွားသည်။ ဦးမင်းဟန်၏ ရင်ပြင်တစ်ခုလုံးမှာ ချုပ်တည်း၍ မရ၊ ပေါက်ကွဲထွက်သွားမတတ် သိမ့်သိမ့်ခါသွားလေသည်။

သက်သက်သည် ပြောပြီး ဦးမင်းဟန်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ သက်သက်က ဦးမင်းဟန်ကို ကားမထွက်ခင် နောက်ဆုံးအားဖြင့် စကားတစ်ခွန်းသာ ပြောလိုက်နိုင်၏။

‘‘ကျေးဇူးတင်ပါတယ် ဝန်ကြီး’’

တသိမ့်သိမ့်ခါနေသော ဦးမင်းဟန်၏ရင်မှာ အရှိန်ပြင်း၍ ပြင်း၍သာ ခါနေသည်။

ကျေးဇူးတင်ခြင်းတင်လျှင် သူကသာ သက်သက်ကို တင်ရမည်ဟု တွေးကာ ဦးမင်းဟန်၏ ရင်မှ တသိမ့်သိမ့်ခါနေခြင်းတို့သည် မငြိမ်သက်နိုင်တော့ပေ။ ပြင်းထန်စွာ စိတ်ထိခိုက်ကြေကွဲခြင်းဖြင့် ကားစက်ကို တအားဆွဲနှိုးလိုက်သည်။

ကားသည် ဝါးရုံရိပ်အောက်မှ ပြေးထွက်လာသည်။

Scanned by CamScanner

သူ့အသည်း၌ ထာဝရစွဲထင်လျက်ရှိနေသော ချစ်စရာကောင်းလှသည့် ယမင်းရုပ်ကလေးကို ပြန်လည်၍ တွေ့ဆုံရကာ သူ၏ ညှော့ခန်းဆောင်ထဲ၌ ရာသက်ပန် အလှထားချင်သည့် တောင့်တစိတ်တို့သည် သူ့ရင်ထဲတွင် ဖိမနိုင်၊ နှိမ်မရအောင် အလိပ်လိုက် တက်နေလေသည်။

**ဂျာနယ်ကျော်မမလေး**

KKTT